# ရန်လိုသော
# ဆန့်ကျင်သက်သေ

မောင်ကိုယု

(တရားရုံးချုပ်ရှေ့နေ)

**HOSTILE WITNESS**

Jack Rod Fill

(ဒုတိယအကြိမ်)

## ဝန်ခံချက်

ဤစာအုပ်မှာ လန်ဒန်မြို့ အဲရိုးစာအုပ် လီမိတက်က ၁၉၆၈ ခုနှစ်တွင် ထုတ်ဝေသော ဂျက်ရှော့ဖေး ရေးသည့် Hostile witness ""ရန်လိုသော ဆန့်ကျင်သက်သေ" ဝတ္ထုကို ဘာသာပြန်ထားခြင်း ဖြစ်ပါသည်။

တရားခွင် ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါသည်။ ယခုအခါ နာမည်ကြီး မင်းသား မင်းသမီးများ ပါဝင်သရုပ်ဆောင်ကြ၍ ယူနိုက်တက်အတ်တစ်(စ်) ကုမ္ပဏီမှ ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးနေပါသည်။ ပြီးစီးပြီဟု ယူဆရပါသည်။

ဤစာအုပ်သည် စာဖတ်ပရိသတ်အား ဗဟုသုတပြည့်ဝစေသည့် သုတစာပေ အမျိုးအစားဝင်အဖြစ် ဆိုင်းဘုတ် မတင်ဝံ့သော်လည်း အတော်အတန် ဗဟုသုတရနိုင်ကောင်းစရာရှိသော၊ အဆိပ်အတောက် ကင်းစင်သည့် အပျော်ဖတ် စာအုပ်တစ်အုပ် ဖြစ်ပါကြောင်းကိုမူ ရဲရဲဝန်ခံလိုပါသည်။

ယခုအခါ ပြည်သူ့တရား စီရင်ရေးစနစ်ကြောင့် ပြည်သူများသည် ဥပဒေနှင့်လည်းကောင်း၊ တရားရုံးလောကနှင့်လည်းကောင်း ပို၍ ရင်းနှီးကျွမ်းဝင်လာခဲ့ကြပါသည်။ ဥပဒေပညာသည်လည်း ပို၍ ကျယ်ပြန့်လာခဲ့ပါသည်။

အကြောင်းကြောင်းကြောင့် မှုခင်းဖြစ်ရပ် တရားခွင်ဇာတ်လမ်းများသည်လည်း ပြည်သူများအား စိတ်ဝင်စားလာစေပါသည်။

ဤစာအုပ်မှာ အင်္ဂလန်ပြည်ရှိ အင်္ဂလိပ်တရားစီရင်ရေးစနစ်အရ စစ်ဆေးသော တရားခွင်ဇာတ်လမ်းကို အခြေပြုထားသည်ဖြစ်ပေရာ မြန်မာ့ရှေ့နေလောက၊ တရားခွင်လောက၊ မှုခင်းလောကတို့နှင့် ခြားနားမှုရှိသော်လည်း အခြေခံ တော်တော်များများမှာ တူညီတိုက်ဆိုင်မှုများ တွေ့နိုင်ပါသည်။

**မောင်ကိုယု**
**(တရားရုံးချုပ်ရှေ့နေ)**

# အခန်း(၁)

"ဂျူရီလူကြီးများခင်ဗျာ၊ အားလုံး သဘောတူဆုံးဖြတ်ပြီးကြပါပြီလား"

ရှေ့ဖတ်စာရေးကြီးသည် လေးတွဲ့တွဲ့ အသံကြီးဖြင့် ခပ်ကျယ်ကျယ် အော်လိုက်သည်။

လန်ဒန်မြို့မှ နာမည်ကျော် အိုး(လ်)ဘေလီ တရားရုံး အဆောက်အအုံကြီး၌ဖြစ်သည်။ ရုံးခန်းမှာ အမှတ် (၁) ရုံးခန်း၊ စစ်နေသောအမှုမှာ မပြီးသေး၊ ရာသီဥတုက အတော်ပင်ပူသည်။

လူတိုင်းသည် ချွေးတလုံးလုံးဖြင့် နွမ်းနေကြပြီဖြစ်သည်။ ဖွဲချက်တရွက်ကိုကိုင်ထားသော စာရေးကြီး၏ လက်ချောင်းကလေးသည် ချွေးဖြင့်ရွှဲနေသဖြင့် စာလုံးများပင် ချွေးစွန်း၍ မှိန်ကုန်ကြသည်။

"အင်း မျှော်နေရကို ဆယ့်ငါးမိနစ်လောက် ရှိပါပကော၊ တကတဲဗျာ၊ ဂျူရီလူကြီးတွေဆိုပြီး အခုအထိ ဆုံးဖြတ်ချက် မချနိုင်ကြသေးဘူး၊ စောင့်လိုက်ရတာ ဒီလောက်ပူတဲ့ ရာသီကြီးမှာ"

စာရေးကြီးမှာ ညည်းညူမိသည်။

အပူဒဏ်ကို ခံနေရသည်မှာ စာရေးကြီးတစ်ဦးတည်း မဟုတ်ပါ။ အစိုးရရှေ့နေကြီး မစ္စတာ 'နေလာ'လည်း သူ့လိုပင် အပူဒဏ်ကို အလူးအလိမ့် ခံနေရ၏။

ခါတိုင်းအချိန်တွေမှာ သွေးမရှိတဲ့ ရေခဲစိမ်ငါးတစ်ကောင်လို အေးစက်မာတောင့်ပြီး ရှတင်းတင်းနေတတ်တဲ့ အစိုးရရှေ့နေကြီးသည် အခုတော့ ပုံပျက်ပန်းပျက်၊ တစို့ထိုးပြီး မီးကျိုးခဲပေါ်တင်ထားတဲ့ ဆိတ်သားကင်လို ရှုံ့တွပြီး ချွေးပြိုက်ပြိုက် ကျနေပါသည်။

ကြက်လျှာပုံ ထောင်နေတတ်တဲ့လည်းပင်က ရှေ့နေကော်လာဖြူမှာ အခုတော့ ချွေးဖြင့်နစ်နေ၍ မထောင်နိုင်ဘဲ ပျော့ဖတ်ဖတ်ဖြစ်နေလေပြီ။

ဘုရင်မ၏ ဂုဏ်ထူးဆောင် အတိုင်ပင်ခံ ဘွဲ့ရထားသော တရားခံရှေ့နေကြီး မစ္စတာ ကရောဖို့ကတော့ အခြေအနေ ထူးထူးခြားခြား မပျက်လှပေ။

အမှန်မှာ သူသည် ခါတိုင်းအချိန်၌လည်း ဤကဲ့သို့ ပုံစံမျိုးပင် ဖြစ်ပါသည်။

အရပ်က ခပ်မြင့်မြင့်၊ မျက်နှာက လေးထောင့် စပ်စပ်၊ နီညိုရောင် အသား၊ ဆံပင်တိုတိုညှပ်ထားလို့ လူငယ်ကလေးဂိုက် ဖမ်းနေပုံနှင့်။

ခပ်ပျင်းပျင်း လေးတွဲ့တွဲ့၊ အိပ်ချင်နေသည့် ပုံဟန်ကို တမင်လုပ်ပြီး ဂျူရီအဖွဲ့က ချမှတ်မည့် ဆုံးဖြတ်ချက်ကိုရော၊ အပူဒဏ်ကိုပါ ဂရုမထားသည့် သဏ္ဌာန်နှင့် မျက်နှာ အမူအရာကလည်း အမြင်ကပ်စရာ ကောင်းလောက်အောင် ခပ်တင်းတင်းဖြင့် ထိုင်နေပါသည်။

ဟုတ်ပါသည်။ သူသည် ဟန်အလွန်ကောင်းပါသည်။ စိတ်ထဲ၌ ရှိသော ခံစားချက်ကို မျက်နှာမှာ ပေါ်လွင်စေတတ်သူမျိုး မဟုတ်ပါ။

ဤကဲ့သို့ အမြင်ကပ်စရာကောင်းသည့် သူ့ပုံကိုကြည့်ပြီး ရှေ့ဖတ်စာရေးကြီးက မဆီမဆိုင် လက်ပံသား ဓားနှင့်ချိုင်သည့်နှယ် သူ၏ လက်ထောက်ရှေ့နေ အမျိုးသမီးကလေး 'ရှီလာ'ကို သနားမိသည်။

"ဒီရှေ့နေမလေးဟာ ရုပ်ကလေးကလဲချော၊ အပြောကလေးကလဲကျ၊ တော်လဲတော်၊ ဒါတောင်မှ ကရောဖို့ဆိုတဲ့ လူကြီးက ရှီလာကလေးကို တစ်ခါမှ မျက်နှာသာပေးတာ မတွေ့ရသေးဘူး၊ အခုလို အပူကြီးပူ၊ အအိုက်ကြီးအိုက်တဲ့ အချိန်မှာ ကလေးမလေးဟာ အဝတ်ကို ရေဆွတ်ပြီး ညှစ်ထားသလို တွန့်လိမ်နေတာပဲ"





စသည်ဖြင့် ရောက်တတ်ရာရာ စိတ်ကူးနေရင်းက ဂျူရီလူကြီးများဘက်သို့လှည့်ပြီး အော်ရပြန်သည်။

"ဂျူရီအဖွဲ့ ဥက္ကဋ္ဌခင်ဗျာ၊ ကျေးဇူးပြု၍ မတ်တတ်ထစေလိုပါတယ်"

ရှေ့တန်းအစွန်းမှ လူဝဝကြီးက သူ၏ ဂေ့(စ်)ကုတ်အင်္ကျီကို ငုံ့ကြည့်နေရာမှ မလုံမလဲမျက်နှာဖြင့် ထ၍ပြောသည်။

"ဝမ်းနည်းပါတယ်ခင်ဗျာ"

ခေတ္တမျှ ဘာမျှဆက်၍မပြောသေး၊ နောက်မှ ပြောဖို့ သတိရသည့် အသွင်ဖြင့် ထပ်ပြောသည်။

"အားလုံး သဘောတူကြပါပြီ"

"တရားခံမ ဂျူလီယာဟာ ပြည့်တန်ဆာခန်းဖွင့်ပြီး အသက်မွေးဝမ်းကျောင်းနေကြောင်း စွဲချက်ကို အပြစ်ရှိတယ်လို့ ဆုံးဖြတ်ပါသလား"

လူဝကြီးက သူ့လက်ညှိုး တုတ်တုတ်ကြီးကို လည်ပင်းနှင့် ကော်လာကြားသို့ ထိုးသွင်းပြီး လေးလေးကြီး ဖြေလိုက်သည်။

"အပြစ်မရှိပါ"

ဂျူရီအဖွဲ့၏ ဆုံးဖြတ်ချက်သည် တစ်ခန်းလုံးကို လှုပ်ရှားသွားစေသည်။ အပေါ်ထပ်က ပရိသတ်ကမူကာ သွေးဆာနေကြသူများပီပီ တရားခံအပြစ်ရသည်ကိုသာ ကြားချင်သည်။ လွတ်သည်ဆိုလျှင်မကြိုက်၊ ထို့ကြောင့် စကားပြောသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

တရားသူကြီးနှင့် အစိုးရရှေ့နေကြီးတို့ပင် ဂျူရီအဖွဲ့၏ ဆုံးဖြတ်ချက်ကို အံ့သြမိကြသည်။

သူတို့နှစ်ဦးမှာ တိုင်ပင်မထားဘဲနှင့် ဂျူရီအဖွဲ့ဘက်သို့ ပြိုင်တူ လှည့်ကြည့်မိကြသည်။

တရားခံရှေ့နေ ကရောဖို့သည် တရားသူကြီးနှင့် အစိုးရရှေ့နေကြီးတို့၏ အံ့သြနေပုံကို သတိပြုမိသဖြင့် ပြုံးလိုက်၏။

အမှန်အားဖြင့်မူ ဤမျှလောက် သက်သေပြနိုင်ရုံကလေးနှင့် အမှုနိုင်ရသည်မှာ အလွန်ကံကောင်းပေသည်။ တကယ့်ကို ကံကောင်း

သည်ဟု ဆိုရမလောက်ပင်။

ဘာပြောပြော၊ ရတဲ့ ရွှေနေခနှင့်တန်အောင် ဆောင်ရွက်ပေးပြီးပြီ မဟုတ်ပါလား။ သူ့အမှုသည် မိန်းမကြီးမှာ အလွန်ပျော်နေသဖြင့် သူက သတိပေးသည့် မျက်နှာထားဖြင့် စိုက်ကြည့်နေသည်ကိုတောင် သတိမထားနိုင်ပေ။ သူ့ ကောင်မလေးများနှင့် ကျယ်ကျယ်လောင်လောင် ရယ်မောပြောဆိုနေပေသည်။

ရှေ့ဖတ်စာရေးကြီးက ဂျူရီအဖွဲ့သို့ ထပ်၍မေးရပြန်သည်။

"ဒုတိယ စွဲချက် အပေါ်မှာကော အပြစ်ရှိပါသလား"

"အပြစ်မရှိပါဘူး"

ဂျူရီအဖွဲ့ ဥက္ကဋ္ဌသည် ထိုစကားလုံးများကို ကြေအသံဖြင့်ပြောဖို့ ကြိုးစားသော်လည်း သူ့စိတ်က မလုံသဖြင့် လိုသလို မဖြစ်လာပေ။

သူ၏ မျက်လုံးပြူးကြီးများဖြင့် တရားသူကြီးနှင့် အစိုးရရှေ့နေ ကြီးတို့ကို တစ်လှည့်စီ ကြည့်နေမိသည်။

"အပြစ်မရှိပါလို့ ဆုံးဖြတ်တာဟာ ဂျူရီအဖွဲ့တစ်ဖွဲ့လုံးရဲ့ ဆန္ဒပဲ လား"

"ဟုတ်ပါတယ်"

တရားသူကြီး၏ အမေးကို ဂျူရီဥက္ကဋ္ဌက မျက်နှာကြက်သို့ကြည့်၍ ဖြေသည်။ စိတ်ကမူ မနည်း အားတင်းထားရသည်။

"ဘာဖြစ်လဲ၊ ဒါဟာ ငါတို့ ဂျူရီအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ပဲ၊ သူတို့ တရားရုံးက ကြိုက်တာ မကြိုက်တာ မတတ်နိုင်ဘူး"

ဤသို့ သတ္တိကလေး မွေးလို့ရတော့မှသာ ဥက္ကဋ္ဌကြီးလည်း ရှေ့တည့်တည့်ကို ကြည့်နိုင်ပေတော့သည်။

ဓိမ်မယ်ကလေးများသည် ဆူညံစွာဖြင့် သူတို့၏ ဓိမ်ခေါင်းမကြီး အပါး၌ ဝိုင်း၍ ဝမ်းပန်းတသာ ပြောဆိုနှုတ်ဆက်နေကြသည်။ ဓိမ်မယ် ကြီးကား အောင်နိုင်သူ၏ အပြုံးဖြင့် ဝင့်ဝင့်ကြွားကြွား။

"ငြိမ်ကြပါ... ရုံးတော်တွင်းမှာ ငြိမ်ကြပါ"





တရားရုံး မင်းစေအသံကြီးက ကြေအပြည့်ဖြင့် ရုတ်တရက် ပေါ်ထွက်လာသည်။ ဆူညံသံများ ရုတ်ခြည်းတိတ်သွားသည်။ အပူရှိန်က ပို၍ တိုးလာသယောင်ယောင်။

တရားခံရှေ့နေကြီး မစ္စတာကရောဖို့ မတ်တတ်ရပ်လိုက်သည်။ ပြီးတော့ တရားသူကြီးအား ဦးညွှတ်သည်။

"တရားသူကြီးမင်းခင်ဗျား၊ကျွန်တော့်အမှုသည်ကိုလွှတ်ဖို့ တင်ပြ လျှောက်ထားပါတယ်"

တရားသူကြီးအား သူ ဦးညွှတ်ပုံမှာ လုပ်ရိုးလုပ်စဉ် ဖြစ်သော်လည်း သူ၏ မျက်လုံးညိုကြီးတွေက ရယ်ချင်သည့်သဘောကို ဆောင်နေပေ သည်။ သူ့အသံက ပိုးသားတမျှ ညက်ညက်ညောညောရှိလှ၏။

တရားသူကြီးက ဘာမျှမပြောသေး။ လူတွေ၏ အာရုံက တရားသူ ကြီးဆီမှာ ရောက်နေကြသည်။ တရားသူကြီး မစ္စတာအော့(စ်)ဘွန်း သည် ဂျူရီလူကြီးများထံ စိုက်ကြည့်နေသော သူ၏ မျက်လုံးများကို ကရောဖို့ဘက်သို့ လွှဲလိုက်သည်။

ကရောဖို့၏ ပြောင်တင်းနေသော မျက်နှာကတစ်ဆင့် ဂျူလီယာ ဘက်သို့ ဝေ့သွားပြန်သည်။ ဂျူလီယာထံကတော့ မခွာသေး။

"ဂျူလီယာ..."

တရားသူကြီး၏ အသံမှာ အေးစက်မာကျောလွန်းလှသဖြင့် ပူနေ သော ရုံးခန်းအတွင်း၌ ၂၀ ဒီဂရီလောက် အပူလျော့သွားသလို ခံစားရ သည်။

"မယ်မင်းအတွက် အလျှောက်အလဲ အလွန်ကောင်းတဲ့ ရှေ့နေကြီး က လျှောက်လဲပေးတယ်။ ဂျူရီလူကြီးများကလဲ သူတို့ရဲ့ ဉာဏ်ပညာနဲ့ ဆင်ခြင်ပြီး အပြစ်မရှိဘူးလို့ ဆုံးဖြတ်တယ်"

ဆက်မပြောသေးဘဲ လာရောက်နားထောင်နေကြသော အပေါ်ထပ် ပရိသတ် ပို၍စိတ်ဝင်းစားလာရန် အလို့ငှာ ခေတ္တဆိုင်းလိုက်သည်။ ပြီးမှ ဓိမ်ခေါင်းအမျိုးသမီးအား ဘောပိတ်ကန်လိုက်သကဲ့သို့ ခပ်ပြတ်ပြတ်

ပြောချလိုက်သည်။

"မယ်မင်း၊ အံ့သြနေတဲ့ အရှိန်ပြေပြီဆိုလျှင် အခုသွားနိုင်ပြီ"

ပြောပြီးနောက် ရုတ်တရက် မတ်တတ်ရပ်လိုက်သဖြင့် ရယ်သံများလည်း တိတ်သွားရသည်။ သူ ပြောလိုက်သည်မှာ ထိထိမိမိရှိလှသည်။ အမှန်အားဖြင့် ရှည်ရှည်ဝေးဝေး ပြောနေဖို့မလိုပါ။ နောက်တစ်နေ့ထုတ် သတင်းစာများတွင် ဝေဝေဆာဆာ ပါလာမည်ဖြစ်သည်။ တရားသူကြီးသည် ထုံးစံအတိုင်း တရားခံရှေ့နေဘက်လှည့်ပြီး "မစ္စတာကရောဖို့… ကျွန်တော့်ရဲ့ ရုံးခန်းထဲကို ခေတ္တကြွစေလိုပါတယ်"ဟု ဖိတ်ခေါ်လိုက်သည်။

"တရားသူကြီးမင်းရဲ့ ဆန္ဒအတိုင်းပါခင်ဗျား"

အစိုးရရှေ့နေကြီး မစ္စတာနေလာက ကရောဖို့ကို အနည်းငယ်ဦးညွှတ်လိုက်ပြီး "ခင်ဗျား ဘယ်လိုများ လုပ်လိုက်သလဲတော့ မသိဘူးဗျာ"ဟု ပြောသည်။

"အလွယ်လေးပါဗျာ၊ အမှန်ကိုပြောပြရုံပေါ့…" ပြောရင်း ကရောဖို့က စာရွက်စာတမ်းများကို သိမ်းနေသည်။ တစ်ဖန် ဆက်၍

"ခင်ဗျားလဲ တစ်ခါတလေ အဲဒီလို လုပ်ကြည့်ပေါ့" ပြောပြန်သည်။

အိုး(လ်)ဘေလီ တရားရုံးကြီး၏ ပထမအထပ် လှေကားထိပ်တွင် လူအသွားအလာ အသင့်အတင့် ရှိသေးသော်လည်း အရေအတွက် လျော့ပါးသွားချေပြီ။ သံပတ်လျော့သွားသည့် နာရီကဲ့သို့ပင်။ ခံ့ညားထည်ဝါသော ဤတရားရုံးကြီးသည်ကား ဗိတိုရိယ ဘုရင်မကြီး စိုးစံစဉ်ကာလကမှ မကောင်းမှုကျူးလွန်သူတို့ ဖိန့်ဖိန့်တုန်ခဲ့ရသည့် ရုံးကြီးပါပေ။

ရှေ့နေကြီးကရောဖို့၏ သမီးဖြစ်သူ 'ဂျိုဝါနာ'သည် ရုံးခန်းအမှတ် (၁)၏ အပြင်ဘက်ရှိ ခုံတန်းတွင်ထိုင်ရင်း သူ့အဖေကို စောင့်နေသည်။ သူထိုင်နေသည့် ပတ်ဝန်းကျင်တွင် လူရှင်းစပြုပေပြီ။ ရှေ့နေကြီးများက မိမိတို့ ချိန်ဘာရုံးခန်းအသီးသီးသို့ ခံ့ညားထည်ဝါသော ကားကြီးများဖြင့် ပြန်ကုန်ကြလေပြီ။ နောက်လိုက် တပည့်များကလည်း စာရွက်တွေ တစ်ပွေ့တစ်ထမ်းကြီးဖြင့် သူတို့ဆရာများ၏ နောက်သို့ လိုက်သွားကြလေပြီ။





ဤကဲ့သို့ ရှေ့နေများ၊ ရှေ့နေစာရေးများ ရှင်းသွားပြီဆိုလျှင်ပင် သန့်ရှင်းရေး အလုပ်သမားများက ဘယ်ကပေါ်လာမှန်းမသိ၊ သူတို့သည် လူအများ စည်းမဲ့ကမ်းမဲ့ ပစ်သွားကြတော့ စီးကရက်တိုများ၊ စက္ကူစများကို လှည်းကျင်းကြရသည်။ ညစောင့်များလည်း ပေါ်လာကြပြန်သည်။

ဂျိုဝါနာသည် စောင့်ရသည်မှာ ကြာလွန်းသဖြင့် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး သူ့ခြေထောက်နား ရောက်လာသည့် တံမြက်စည်းကို ရှောင်ရန် ခြေထောက်ကို ရွှေ့လိုက်သည်။ "ဒီနေ့ညနေတော့ အိမ်ပြန်နောက်ကျတော့မှာပဲ၊ စောစောက ဗိုက်ထဲမှာ အစာများများ ထည့်လာမိခဲ့ရင် အကောင်းသား၊ အခုတော့ အူတကြုတ်ကြုတ် ဖြစ်နေပြီ"ဟု တွေးမိရင်း လက်ပွေ့အိတ်ထဲတွင် ချောကလက်တုံးကလေး တစ်ဝက်ကျန်လိုက်ကျန်ငြား ရှာကြည့်မိသည်။

ထိုစဉ် အမှတ် (၁) ရုံးခန်းတံခါးပွင့်လာပြီး ဂျူလီယာနှင့် သူ့ကောင်မကလေးများ ဆူဆူညံညံဖြင့် ထွက်လာကြသည်။ သူတို့သည် ခုံမြင့်ဖိနပ်ချွန် တဒေါက်ဒေါက်ဖြင့် လှေကားမကြီးဆီသို့ လျှောက်သွားကြသည်။ မှုခင်းသတင်းထောက်တစ်စုက ထိုအမျိုးသမီးတစ်သိုက်ဆီသို့ ရပြေး၍ လိုက်ကြသည်။ သူတို့အတွက် နှစ်ကော်လံစာလောက် သတင်းရဖို့ သေချာနေပြီ။ ထို့ကြောင့် မျက်နှာကြီးတွေက ပြုံးဖြီးဖြီးဖြင့်။

သူတို့၏ အသံများသည် တဖြည်းဖြည်းနှင့် ဝေးသွားကြလေသည်။ ထိုအချိန်တွင် ကရောဖို့ နေလာနှင့် အမှုလိုက်အဖွဲ့ ညွှန်ကြားရေးမှူးတို့ သုံးဦး ရုံးခန်းမှ ထွက်လာကြသည်။

"မစ္စတာနေလာ ခင်ဗျားလိုက်တဲ့အမှုရှုံးလို့ စိတ်ပျက်နေသလားဗျ။ ဘာမှစိတ်ပျက်စရာ မရှိပါဘူး။ မစ္စတာကရောဖို့က ခင်ဗျားထက်ပိုပြီး ရုပ်ချောင့်တယ် မဟုတ်လား၊ ဒါကြောင့် ဂျူရီလူကြီးတွေက သူ့ရုပ်ကို

ကြည့်ပြီး သူ့အမှုကို အနိုင်ပေးတာဗျ၊ အဲသလိုပဲ ပြောနေတာ ကြားရတယ်"

ညွန့်ကြားရေးမှူးက နေလာ၏ ပခုံးကိုဖက်၍ အားပေးသည့်အနေဖြင့် နောက်လိုက်သည်။

"ဟုတ်လားဗျ"

နေလာ၏ မျက်နှာမှာ အမဲသား ဆားနယ်ထားသလို ညိုပုပ်ပုပ်အရောင်ပေါက်နေပြီး မျက်ပေါက် ခပ်ကျဉ်းကျဉ်းဖြစ်သည်။ မွေရောင်းရောင်းနှာခေါင်းမှသည် ပါးစပ်ပေါက်ဆီအထိ အရေးကြောင်းများ တန်းလျက်ရှိသည်။ သူ၏အသံမှာ ကြည်လင်ခြင်းမရှိ၊ အက်တက်တက် အသံမျိုးဖြစ်၏။

ထွက်လာသည့် လူစုထံသို့ ဂျိုဝါနာက ထိုင်ရာမှ ထသွားပြီး နှုတ်ဆက်သည်။

"ဖေဖေ အမှုနိုင်လာတယ်နဲ့ တူတယ်၊ ဟုတ်လား ဖေဖေ"

"နိုင်တော့နိုင်ပါတယ် သမီးရယ်၊ ဒါပေမယ့် ဂုဏ်ယူလောက်တဲ့နိုင်ခြင်းမျိုး မဟုတ်ပါဘူး"

ကရောဖို့က သမီး၏အမေးကို ဖြေလိုက်သည်။ တစ်ဖန် ဆက်၍ဆား၌ရှိသော နေလာ ခံသာစေရန် စောစောက ညွန့်ကြားရေးမှူး ပြောခဲ့သည့်စကားလုံးကို ထပ်၍ပြောသည်။

"အဆုံးမတော့ ဂျူရီလူကြီးတွေက ဖေဖေနဲ့ မစ္စတာနေလာတို့ဘယ်သူကပိုပြီး ရုပ်ချောသလဲဆိုတာကြည့်ပြီး ဆုံးဖြတ်တာကွဲ့"

"ဒီလိုဆို ဦးလေးနေလာကို သနားပါတယ်"

ဂျိုဝါနာက နေလာကို ပြုံးပြရင်း နှစ်သိမ့်သည်။ သို့သော်ဂျိုဝါနာ၏ အပြုံးက နေလာအား စိတ်ခတ်တက်လာဖို့ ဘယ်လိုမှမတတ်နိုင်ပါ။ ဂျိုဝါနာက ဆက်၍ပြောပြန်သည်။

"ဒီမိန်းမကြီးမှာ အပြစ်ရှိတယ်လို့ ကျွန်မတော့ ထင်တာပဲ"

"ဒါကို ဦးလေး ကောင်းကောင်းသိတာပေါ့ကွယ်"

နေလာသည် တမင်တကာပင် အသံခပ်မာမာဖြင့် ဖြေလိုက်သည်။ ပြီးမှ ပခုံးတစ်ချက် တွန့်လိုက်သည်။





"ဒါပေမယ့် ညည်းအဖေရဲ့ အိုက်တင်ကို ဘယ်သူပြိုင်လို့ ရမလဲကွယ်၊ သူ့ဘက်က မားမားမတ်မတ်ရပ်မယ့် ဂျူရီလူကြီး ဆယ့်နှစ်ဦးလဲရှိသေးတယ် မဟုတ်လား"

သူသည် ထိုသို့ပြောရင်း စိတ်ပျက်ဟန်ဖြင့် လက်ဝါးများကိုဖြန့်လျက် ဆတ်ကနဲ ဦးညွတ်ပြီး ထွက်သွားသည်။ သူဝတ်ထားသောဘတ်လုံကြီးမှာ သူ့ကျောပေါ်၌ အနက်ရောင် ရွက်ကြီးဖောင်းနေသကဲ့သို့ဖောင်းဖောင်းကြီး ဖြစ်နေသည်။

ညွှန်ကြားရေးမှူးက တစ်ခုခုပြောမည်ကဲ့သို့ ဟန်ပြင်ပြီးမှ မပြောတော့ဘဲ မစ္စတာကရောဖို့ကို နှုတ်ဆက်ပြီး ရုံးခန်းထဲသို့ ပြန်ဝင်သွားသည်။

ဂျိုဝါနာက နေလာ သွားရာဘက်သို့ ငေးကြည့်နေရာ "ဟန်ကြီးပန်ကြီးနိုင်တဲ့ အဘိုးကြီးပဲ"ဟု နှုတ်မှ ထွက်သွားသည်။

"သူပြောတာတွေကို သမီး မယုံလိုက်နဲ့နော်"

"ဘာပြောပြော ဖေဖေက သူ့ထက်ပိုပြီး ချောပါတယ်"

မစ္စတာနေလာအကြောင်း မစဉ်းစားနိုင်တော့၊ သူ့အဖေနှင့် အိမ်ပြန်ရတော့မည် မဟုတ်လား။

"ဖေဖေ အခုတစ်ခါတည်း လိုက်မှာလား"

"အခု မလိုက်နိုင်သေးဘူး သမီးရယ်၊ တရားသူကြီးက ဖေဖေ့ကိုတွေ့ချင်လို့တဲ့၊ စောင့်ရဦးမယ်"

ပြောနေရင်း ကရောဖို့သည် သူ၏ လက်ထောက်ရှေ့နေမလေးထွက်လာသည်ကို မြင်သဖြင့် လှမ်းခေါ်လိုက်သည်။ သူ၏ အသံမှာအမိန့်သံသက်သက်ပင်ဖြစ်သည်။ အခုချက်ချင်း လာရမည့်သဘောကိုဆောင်သည်။

"ရှီလာ၊ ခဏလာပါဦး"

"ဟုတ်ကဲ့"

ရှီလာက သွားနေရာမှ လှည့်၍ သူတို့သားအဖထံ လာသည်။ သူမ၏ မျက်နှာမှာ ပင်ပန်းသဖြင့် ပြည့်ပြည့်ဖြိုးဖြိုး မရှိလှ။ သို့သော်

အပေါ်အင်္ကျီအောက်က ဘလောက်(စ်) ဖြူဖြူက တောင့်နေလျက်ပင်၊ မတွန့်ကြေသေး။

ဂျိုဝါနာသည် ရှီလာအား ငေးကြည့်နေရာမှ သူ့အဖေ၏ ချိန်ဘာမှာ ဤအမျိုးသမီး အခုလောက်ကြာအောင် ဖွဲကောင်းကောင်းနဲ့ လုပ်နေနိုင်သည်ကို အံ့သြမိနေသည်။ နောက်ထပ်၍ "ဟုတ်ကဲ့ပြောပါ"ဟူသော ရှီလာ၏ အသံကြောင့် ဂျိုဝါနာ၏ အတွေးမှာ ပြတ်သွား၏။

"ဆရာ့အတွက် ကီစ္စကလေးတစ်ခု ဆောင်ရွက်ပေးစမ်းပါ"

"ဟုတ်ကဲ့ပါ ဆရာ"

"ဆရာကတော့ တရားသူကြီး မစ္စတာအော့(စ်)ဘွန်းနဲ့ တွေ့ရဦးမယ်၊ ဘယ်လောက် ကြာမလဲမသိဘူး၊ ဒါကြောင့် ဂျိုဝါနာကို မင်းရဲ့ ကားကလေးနဲ့ ခေါ်သွားပါ၊ ပြီးတော့ ဆရာမှာထားတဲ့ ပန်းတွေကို ဆိုင်ကသွားယူ၊ အဲဒီပန်းဆိုင်ကနေ ဂျိုဝါနာက သူ့ဘာသာ အိမ်ကို လမ်းလျှောက်ပြန်လိမ့်မယ်"

"ဟုတ်ကဲ့ပါဆရာ"

ရှီလာသည် သူ့ဆရာ၏ အမိန့်ကို ငြိမ်သက်စွာ နာခံရင်း စောင့်နေသည်။ ချောလှပါသည်ဟု မဆိုနိုင်သော်လည်း သူ၏ နီညိုရောင် မျက်လုံးကြီးများဝယ် အလှကို ရှာဖွေတွေ့နိုင်ပါသည်။ အသားအရေ ချောမွေ့ဖြူစင်ပြီး သမင်မလေးတစ်ကောင်လို အချိုးအဆက် ပြေပြစ်သည်။ သူ့ကိုကြည့်လျှင် သာမန်အတန်းအစား မဟုတ်ကြောင်း သိနိုင်ပေသည်။ ဦးခေါင်းနေပုံ၊ ပုံကျလှသော ရင်သား၊ ပြည့်ဖြိုးသန်မာသည့် လက်မောင်းအိုးတို့ကိုကြည့်ပြီး ဆုံးဖြတ်ရပါမူ အသက် ၂၅ မှ ၃၀ တွင်းဟု ခန့်မှန်းရမည်ဖြစ်သည်။

"တခြားကော ဘာလုပ်ပေးရဦးမလဲ ဆရာ"

"မရှိတော့ပါဘူးကွယ်၊ ဓာတ်ဆီဖိုးကိုတော့ ရုံးအသေးသုံးစရိတ်က ထုတ်သုံးပေါ့"

ကရောဖို့က အသံပြတ်ပြတ်ဖြင့် ပြောလိုက်သည်မို့ ရှီလာအနေဖြင့်





ထပ်မေးနေဖို့ မလိုတော့ပေ။ ကရောဖို့က ဂျိုဝါနာ၏ နောက်ကျောကို ပုတ်လိုက်ပြီး "ကဲ မင်းတို့နှစ်ယောက် သွားကြတော့"ဟု ပြောကာ ရှေ့ဖတ် စာရေးကြီးဘက်သို့ လှည့်လိုက်သည်။

"ဘာလဲဟော့ အာချီ"

စာရေးကြီးမှာ နိုင်ငံကျော် ရှေ့နေကြီးတစ်ဦး၏ အသိအမှတ်ပြုခြင်း ခံရသဖြင့် ခွေးကလေး အမြီးတနန့်နန့်လုပ်သလို အမူအရာမျိုးဖြင့်

"တရားသူကြီးမင်းက စောင့်နေပါတယ်ဆရာ"

"အေး အခုပဲ လာခဲ့မယ်"

*

ဂေါ်ဒွန်မြူး(စ်) ရိပ်သာသည် လန်ဒန်မြို့ရှိ အေးဆေးငြိမ်သက်သော လမ်းကျဉ်းကလေးတစ်ခုဖြစ်သည်။ လန်ဒန်မြို့ကြီး ထည်ဝါခဲ့ညားစဉ် ကာလတုန်းကဆိုပါမူ ဂေါ်ဒွန်မြူး(စ်)မှာလည်း ထည်ထည်ဝါဝါ ရှိခဲ့ပါသည်။ ယခုမူကား အထည်ကြီးပျက်ပုံလို ဖြစ်နေသည်။ အချိန်မှာ ညနေစောင်း နေဝင်ဖျိုးဖျ၊ ဟီ(လ်)တန်ဟိုတယ် မြင့်မြင့်ကြီးနောက်တွင် နေလုံးကြီး ကွယ်သွားပြီဖြစ်၍ ဂေါ်ဒွန်မြူး(စ်) လမ်းကလေးထဲတွင် နေရောင်ကို မမြင်ရတော့ပေ။ အိမ်ပြတင်းပေါက်ဘောင်များပေါ်၌ တင်ထားသော ပန်းအိုးများမှ ပန်းရနံ့ကလေးများမှာ မွှေးကြိုင်နေပေသည်။ ခပ်လှမ်းလှမ်းရှိ ပတ်(က်)လိန်း လမ်းမကြီးပေါ်မှ ကားများသွားသည့် အသံကို သဲ့သဲ့မျှသာ ကြားရသည်။

ကရောဖို့သည် သူ၏ ရိုး(လ်)(စ်) ရွိုက်ကားကြီးအား ဂေါ်ဒွန်မြူး(စ်) လမ်းကလေး၏ အဝသို့ အပ်နဖားပေါက်ထဲသို့ အပ်ချည်မျှင်ထိုးသည်နှယ် ချိုး၍ ဝင်လိုက်သည်။ ပြီးနောက် စက်ကို ပိတ်လိုက်သည်။ အိမ်ပြန်ရောက်လာပြီမို့ စိတ်လက်ပေါ့ပေါ့ပါးပါး ရှိနေသည်။

မြူး(စ်)ဟုခေါ်သော လမ်းကျဉ်းကလေးမျိုးမှာ လန်ဒန်မြို့ကြီးတွင် အကျဉ်းတကာ့ အကျဉ်းဆုံးသော လမ်းကျဉ်းကလေးများဖြစ်ပြီး အဝင်

ပေါက်သာရှိသည်။ အခြားတစ်ဖက်မှ ထွက်၍မရ၊ အဝင်ပေါက်တွင် မုခ်ဦးရှိသည်။ အိမ်လည်း များများစားစားမရှိဘဲ သုံးလုံးလေးလုံးခန့်သာ ရှိတတ်သည်။ ယခု ဂေါ်ဒွန်မြူး(စ်)တွင်လည်း အိမ်သုံးလုံးသာရှိသည်။ ကရောဖို့၏အိမ်မှာ အသေးဆုံးဖြစ်ပြီး လမ်း၏အဆုံး၌ရှိကာ မုခ်ဦးကို မျက်နှာပြုနေသည်။ လမ်း၏ဘေးတစ်ဖက်စီတွင် ပို၍ကြီးသော အိမ်နှစ်လုံးရှိသည်။ ဤတစ်ပိုက်တွင်ကား ခေတ်ဟောင်း၏ အငွေ့အသက်ကလေးများကို တွေ့နိုင်ပေသေးသည်။ မီးလုံးသော မီးလင်းဖိုပေါ်တွင် သံတန်းဖြင့် ချိတ်ထားသည့် ရေနွေးကရားမှ ရေနွေးဆူသဖြင့် ချုပ်ထားသော ခန်းဆီးများနှင့် လက်ဖက်ရည် တရှူးရှူးအော်နေသံကို ကြားနိုင်သကဲ့သို့ သရက်ထည် ခပ်ထူထူဖြင့် ချုပ်ထားသော ခန်းဆီးများနှင့် လက်ဖက်ရည် မအေးအောင်စွပ်သော ကရားစွပ်စသော အသုံးအဆောင်မျိုးကိုလည်း တွေ့နိုင်ပေသည်။

အိမ်နံပါတ် (၃)မှ ဗိုလ်မှူးဟောင်း မေ့(တ်)လင်းသည် သူ၏ခွေးဖြင့် ကစားနေရာမှ ကားတံခါးဖွင့်ပြီး ဆင်းလာသော ကရောဖို့အား နှုတ်ဆက်လိုက်သည်။

"အတော်ပဲ ခင်ဗျားလာတာနဲ့၊ ဝီစကီကလေးတစ်ခွက်လောက် ရေခဲကလေးထည့်ပြီး ဆိုဒါမပါဘဲ နှိပ်လိုက်ကြရအောင်လား"

ဗိုလ်မှူးဟောင်း မေ့(တ်)လင်းမှာ ကွမ်းရိုးစင်းဝတ်စုံကိုဝတ်ပြီး ကုတ်အင်္ကျီ ကြယ်သီးပေါက်တွင် နှင်းဆီပန်းတစ်ပွင့်ထိုးလျက် လန်ဒန်ဖက်ရှင်အပြည့်ဖြင့် ဖြစ်သော်လည်း တပ်တွင်း၌ရှိစဉ်က ဟန်ပန်အမူအရာမှာ ယခုထက်တိုင် စွဲနေသေးသည်။ နှစ်ပေါင်း သုံးဆယ်မျှ တပ်တွင်း၌ အမှုထမ်းလာခဲ့သည်မို့ ခပ်ထန်ထန် အမူအရာရှိသည်။ အသွေးအရောင်မှာလည်း ညိုရောင်သမ်းနေကာ စားပွဲတွင်ထိုင်ခဲ့သည့် စစ်သားမဟုတ်ဘဲ စစ်ရေးပြကွင်းနှင့် စစ်မြေပြင်တွင် အမှုထမ်းခဲ့သူတစ်ဦးဖြစ်ကြောင်း ပေါ်လွင်နေပေသည်။ သူ၏ ရဲစွမ်းသတ္တိရှိခဲ့ပုံနှင့် တိုင်းတာကြည့်ပါမူ ဗိုလ်မှူးအဆင့်လောက်မျှနှင့် အငြိမ်းစားယူခဲ့ရသည်မှာ သူ့အဖို့ နိမ့်ကျသယောင်ယောင် ရှိနေသော်လည်း ဉာဏ်စွမ်း ဉာဏ်စရှိမှုနှင့် တိုင်းရတာပါမူ





ဤအဆင့်သည်ပင်လျှင် မြင့်နေသေးသည်ဟု ဆိုရမည်ဖြစ်သည်။ ယခုလည်း တစ်ဦးတည်း အရက်မသောက်ရဟု အမိန့်ထုတ်ထားသည့်အလား မစ္စတာကရောဖို့အား သူနှင့်အတူ အရက်သောက်ရန် မရမက ဆွယ်တရားဟောနေပေသည်။

"အချိန်မရဘူးဗျာ၊ ဝမ်းနည်းပါတယ်"

ပြောပြောဆိုဆိုနှင့် ကရောဖို့သည် ကားနောက်ဖုံးကိုဖွင့်၍ အထုပ်ပြားပြား ခပ်ကြီးကြီးတစ်ခုကို ထုတ်ယူလိုက်သည်။ ပြီးနောက် အိမ်နံပါတ် (၁)၏ ဆေးအဝါရောင် သပ်သပ်ရပ်ရပ် သုတ်ထားသော တံခါးဆီသို့ မေးငေါ့ပြလျက် အသံခပ်တိုးတိုးဖြင့် ပြောလိုက်သည်။

"ဒီနေ့ သူ့မွေးနေ့လေ"

ထိုနောက် ကားနောက်ဖုံးကိုပိတ်ပြီး အသံမှန်မှန်ဖြင့် ဆက်ပြောပြန်သည်။

"ဂျူဝါနာများ ပြန်ရောက်တာ တွေ့လား"

"မတွေ့သေးဘူး"

"တွေ့ရင်ပြောလိုက်ပါဗျာ၊ ကျွန်တော် ဂရယ်ဂေါ်ရီတို့ ဓနီးမောင်နှံနဲ့ အတူရှိနေပါတယ်လို့"

ကရောဖို့သည် နောက်သို့ပြန်လျှောက်လာပြီး တံခါးအဝါကို အသာအယာ ခေါက်သည်။

ခဏကြာသော် အိမ်ရှင်မ ဖီလစ်က တံခါးလာဖွင့်ပေးသည်။ ဖီလစ်သည် မစ္စတာဂရယ်ဂေါ်ရီနှင့် အိမ်ထောင်ကျခဲ့သည်မှာ အနှစ် ၄၀ ရှိပြီဖြစ်သည်။ ခင်ပွန်းဖြစ်သူ ဂရယ်ဂေါ်ရီမှာ တစ်ချိန်က ထိပ်တန်းရှေ့နေကြီးတစ်ဦး ဖြစ်သည်။ ယခုမူကား တရားသူကြီးအဖြစ် အမှုထမ်းနေပေသည်။ ဖီလစ်မှာ ယခု အသက်သို့ရောက်လာသည့်တိုင် နုပျိုစိုပြေပြီး ကိုယ်အလှ ထူးထူးခြားခြား မပျက်သေးပေ။ ကရောဖို့အား ပြုံးလိုက်သည့် သူ့အပြုံးများမှာ ကစားစရာရတော့မည်ဟု ဝမ်းသာ၍ ပြုံးသည့် ကလေးတစ်ယောက်၏ အပြုံးကဲ့သို့ပင်။

"လာလာ ကရောဖို့၊ အထဲဝင်ပါ"

ကရောဖို့က မွေးနေ့အခါတွင် ပြုမြဲတိုင်း အမှုအရာဖြင့် လက်ထဲမှ အထုပ်အား သူမထံ လှမ်းပေးလိုက်သည်။

"မွေးနေ့အခါမှာ ပျော်ရွှင်ချမ်းမြေ့စေကြောင်း ဆုတောင်းလိုက်ပါတယ်"

"အခု ဖွင့်ကြည့်ရမလား"

"ဖွင့်ကြည့်ဖို့ ရည်ရွယ်ပြီးပေးတာပဲ"

ပြောပြောဆိုဆိုနှင့်ပင် သူတို့သည် ဧည့်ခန်းသို့ ဝင်သွားကြသည်။ ပြတင်းပေါက်များတွင် တပ်ထားသော နေကာပလတ်စတစ် ယင်းလိပ်များ ချထားသော်လည်း နေရောင်ခြည်သည် နေကာပလတ်စတစ်ပြားကလေးများအကြားမှ ဝင်လာပြီး နံရံ၌ကပ်ထားသည့် သစ်သားပေါ်တွင် အတန်းလိုက် ထိုးနေသည်။

ဖိလစ်က အထုပ်တွင်ချည်ထားသော ဖဲကြိုးကို သွက်လက်ဖျတ်လတ်စွာ ကပ်ကြေးဖြင့်ဖြတ်၍ ပတ်ထားသော စက္ကူများကို ဖြည်လိုက်ရာ ကပ်ပြားခပ်ကြီးကြီးတစ်ချပ် ပေါ်လာသည်။

ထိုကပ်ပြားပေါ်တွင် 'စိတ်ပျို့လျှင်ကိုယ်နှ' 'ပျော်ပျော်နေသေခဲ' ဟူသော စာတန်းကို စာလုံးကြီးကြီးဖြင့် ရေးထားသည်။

နောက်ကပ်ပြားတစ်ခုကို လှန်လိုက်သောအခါ၌ ထိုကပ်ပြားပေါ်တွင် မွေးနေ့ကိတ်မုန့် အကြီးကြီးတစ်ခု၏ပုံကို ဆွဲထားသည်။ ကိတ်မုန့်ပုံအောက်၌ စာတန်းထိုးထားသည်။

"အသက်ရာကျော် ရှည်ပါစေ"

ဖိလစ်က သဘောကျစွာရယ်လျက် ကရောဖို့အား မွေးနေ့အခါ နမ်းရသည့် ထုံးစံအတိုင်း ခင်မင်ရင်းနှီးစွာ နမ်းလိုက်သည်။

"ကရောဖို့၊ ရှင်လဲ ရူးသေးတာပဲ၊ ဒီပုံတွေကို သက်သက်ပိုက်ဆံ အကုန်ခံပြီး ဝယ်လာရသေးတယ်"

"ဒါ အကုန်တောင် မဟုတ်သေးဘူး"





"ဟင် နောက်ထပ် ရှိသေးလို့လား"

"ပန်းစည်းအကြီးကြီး လာဦးမယ်၊ ကွန်စ်တင့်စပရိုင်တို့ဆိုင်မှာ အထူးမှာပြီး လုပ်ခိုင်းထားတယ်၊ အဲဒါကိုတော့ ဂျိုဝါနာက သူနဲ့တစ်ခါတည်း ယူခဲ့လိမ့်မယ်"

"ရှင်တို့ သားအဖနှစ်ယောက်စလုံးကို ဘုရားသခင် မစပါစေ"

ဖိလစ်က ကရောဖို့အား ထပ်၍နမ်းလိုက်ပြီး ဆိုဖာပေါ်တွင် ထိုင်လိုက်ကာ ခြေထောက်များကို ဆန့်လိုက်၏။ သူ၏ အသက်ထက်တစ်ဝက်လောက်ငယ်သော အမျိုးသမီးတစ်ဦးပင်လျှင် ဤကဲ့သို့သော လှပသည့် ခြေထောက်များကို ပိုင်ဆိုင်ရသည့်အတွက် ဘုရားသခင်ကို ကျေးဇူးအထူးတင်မိပေမည်။ ဆံပင်ပေါ်၌ နေရောင်ခြည် ထိုးနေသဖြင့် ဖိလစ်မှာ ကြည့်၍ တစ်မျိုးကောင်းနေသည်။

ကရောဖို့သည်လည်း မျက်နှာချင်းဆိုင် ကုလားထိုင်တွင် သက်တောင့်သက်သာ ထိုင်နေပြီး နေရောင်ခြည်ထိုးနေသော ဖိလစ်၏ ဆံပင်များကို အာရုံစူးစိုက်ကြည့်နေရာက နောက်ကြောင်းများကို ပြန်လည်သတိရလာမိ၏။ သူသည် ဖိလစ်တို့ ဇနီးမောင်နှံနှင့် သိကျွမ်းခင်မင်လာခဲ့သည်မှာ နှစ်ပေါင်း အတော်ကြာပေပြီ။ လွန်ခဲ့သော အနှစ်အစိတ်ခန့်က လန်ဒန်မြို့ကို နာဇီဂျာမန်လေတပ်မှ လျှပ်တစ်ပြက်နည်းဖြင့် ဗုံးကြဲတိုက်ခိုက်နေစဉ် သူသည် ဘုရင့်ရေတပ်မတော်တွင် အမှုထမ်းနေသည်။ ခွင့်နှင့်ပြန်လာစဉ်၌ သူ၏ဇနီးမှာ ဗုံးဒဏ်ကြောင့် အသက်ဆုံးရသည်။ အိမ်မှာလည်း ပျက်စီး၊ သူကိုယ်တိုင်မှာလည်း ဆေးရုံတွင် လပေါင်းအတော်ကြာသည့်တိုင် ကုသမှုခံယူခဲ့ရသည်။ နို့စို့အရွယ် သမီးကလေးကားအသက်မသေဘဲ လွတ်ခဲ့၏။ အိမ်လည်းပျက်စီး၊ ဇနီးသည်လည်းဆုံး၊ ကိုယ်တိုင်လည်း အကြီးအကျယ် ဒဏ်ရာအနာတရ ဖြစ်နေသည့်အတွက် သူသည် စိတ်ဓာတ်အကြီးအကျယ် ကျနေခဲ့သည်။ ဖိလစ်က သူ့အား အလျှော့မပေးသော ဖွဲလုံ့လဖြင့် ပြုစုခဲ့၍သာ စိတ်ရောလူပါ အကောင်းပကတိဘဝသို့ ရောက်လာခဲ့ရသည်။

"ဘာတွေများ စဉ်းစားနေတုံး"

ဖိလစ် မေးလိုက်သည့်အသံမှာ အတွေးနယ်ချဲ့နေသည့် ကရောဖို့အဖို့ အဝေးကြီးမှ ပြောလိုက်သလို ခံစားရသည်။

"ပန်းစည်းလဲ မရောက်သေးဘူး၊ ဆောရီးပဲ ဖိလစ်ရေ၊ ကျွန်တော်ကိုယ်တိုင် ယူလာခဲ့ဖို့ပဲ၊ မစ္စတာ အော့စ်ဘွန်းက သူ့အခန်းထဲကို မလာဖို့ မှာထားတာမို့ ဂျိုဝါနာကို ခိုင်းလိုက်ရတယ်၊ အော့(စ်)ဘွန်းက ကျွန်တော့်ကို တော်တော်စိတ်ဆိုးနေတယ်"

"ရှင်ကလဲ သူ့ကို တမင်တကာသွားပြီး စိတ်ဆိုးအောင် မလုပ်သင့်ဘူးပေါ့"

"အဲဒါပေါ့၊ ကျွန်တော် ဘယ်တော့မှ တမင်တကာ မလုပ်ပါဘူး"

ကရောဖို့၏ အပြုံးမှာ တရားသူကြီး၏ အမျက်ရှခြင်းခံရသည်ကို နောင်တရသေးဟန်မတူကြောင်း အခိပ္ပာယ်ဆောင်နေသည်။

ဖိလစ်က ရယ်လိုက်သည်။

"အော့(စ်)ဘွန်းလဲ သနားစရာပဲ၊ သူသာ ပညာမာန မကြီးဘူးဆိုရင် လူတော်တစ်ယောက်ပေါ့"

"ဒါထက် ခင်ဗျားယောက်ျားတစ်ယောက်ကော မမြင်ပါလား"

"ကျွန်မလဲ မပြောတတ်ဘူး၊ ရုံးကနေ ဂျူလီလူကြီးတွေကို အိမ်လိုက်ပို့ပြီး အဲ့ဒီအိမ်တစ်အိမ်မှာ သောင်တင်နေသလားတော့ မသိဘူး၊ အဲဒါဟာ ထုံးစံလိုဖြစ်နေတယ်"

ဖိလစ်က သူ့ယောက်ျား၏ ထူးခြားသည့် အမူအကျင့်ကလေးတွေကို မကြိုက်သည့်အတွက် ဒေါပါပါဖြင့် ပြောပြနေ၏။

"အခုလဲကြည့်လေ၊ ကျွန်မနဲ့ ဆဘွိုင်း ဟိုတယ်မှာ ငါးနာရီထိုးချိန်းထားတယ်၊ ငါးနာရီခွဲအထိ မပေါ်လာသေးဘူး၊ ကျွန်မလဲ ကြက်သားအိုးကို မီးဖိုပေါ်..."

ဂေါ်ဒွန်လမ်းဘက်ဆီမှ ကျွိကနဲ ထွက်ပေါ်လာသည့် ဘရိတ်ဖမ်းသံစူးစူးရှရှကြောင့် ဖိလစ်က ပြောလက်စ စကားကိုဖြတ်လိုက်၏။





ဆက်လက်၍ မိန်းမတစ်ဦး ကြောက်လန့်တကြားအော်လိုက်သည့်အသံ၊ အရာဝတ္ထုတစ်ခု အပြင်းအထန် တိုက်မိသည့်အသံ၊ ဝူးကနဲမောင်းထွက်သွားသော ကားအင်ဂျင်စက်သံတို့မှာ ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာသည်။ ထိုအသံများ ထွက်ပေါ်လာပြီးနောက် ပတ်ဝန်းကျင်သည် အသက်မရှိသလို တိတ်ဆိတ်သွားသည်။

ကရောဖို့က ညေ့ခန်းပြတင်းပေါက်သို့ အပြေးအလွှားသွား၍ ခန်းဆီးကို ကမန်းကတန်းဖယ်လိုက်ပြီး ဂေါ်ဒွန်မြူး(စ်) ဝင်ပေါက်မုခ်ဆီသို့ လှမ်းကြည့်သည်။ မုခ်အပြင်ဘက် ဂေါ်ဒွန်လမ်းပေါ်တွင် လူတွေအပြေးအလွှား သွားနေကြသည့် ဖိနပ်သံများနှင့် တစ်ယောက်တစ်ပေါက် ပြောနေကြသည့် အသံများကို ကြားနေရသည်။

"ဒီမှာပဲ စောင့်နေနော်"

ကရောဖို့က ပြောပြောဆိုဆိုနှင့် အခန်းတွင်းမှ ပြေးထွက်သွားပြီးနောက် ဖိလစ်လည်း မရဲတရဲဖြင့် ပြတင်းပေါက်မှ ခေါင်းပြူကြည့်သည်။ လူအုပ်ကြီးမှာ ကြီးလာပေပြီ။ ဆူဆူညံညံ ပြောနေသည့် အသံများကိုလည်း ကြားရသည်။

"ကားမောင်းတဲ့သူက အဘိုးကြီးတစ်ယောက်ဆိုပဲ၊ မရပ်ဘဲ မောင်းပြေးတယ်တဲ့၊ ကားနံပါတ်ကိုလဲ မမြင်လိုက်ဘူး၊ အဘိုးကြီးဆိုတာ ကတော့ သေချာပါတယ်"

ကရောဖို့ သူတို့လမ်းကျဉ်းကလေး၏ အပေါက်မှ ထွက်သွားပြီး လူအုပ်ကြီးကြားထဲသို့ တိုးဝင်နေသည်ကို ဖိလစ်က လှမ်းမြင်နေရသည်။

ကွန်စ်တင့်စပရိုင်တို့၏ ဆိုင်မှာ အထူးမှာ၍ လုပ်ထားသော မွေးနေ့သတ်ဆောင် နှင်းဆီပန်းစည်းကြီးသည်ကား လမ်းဘေးမြောင်းထဲတွင် အစည်းပြေကာ ကြွေမွနေသည်။

နေရောင်ခြည်သည်လည်း တစ်စုံတစ်ဦးက ခလုတ်နှိပ်၍ ပိတ်လိုက်သည့်နှယ် တိုက်အမြင့်ကြီးများ၏နောက်တွင် ကွယ်သွားချေပြီ။

*

# အခန်း(၂)

ဆေးရုံရှိ ညှော်ခန်းသည် ဆေးရုံနံ့ဖြင့် လွှမ်းနေသည်။ အခန်းမှာ သန့်ရှင်းပြီး ပြောင်စင်နေသလောက် ထိုင်ရသည်မှာ သက်တောင့်သက်သာမရှိလှ။ မာကျောသော သစ်သားခုံတန်းများ၊ သံဘောင်တပ် ပတ္တူထိုင်ခုံများဖြင့် ခင်းကျင်းထားသည်။ တံခါးပေါက်နှင့် အနီးဆုံးထိုင်ခုံနှစ်ခုတွင် အဘိုးကြီးတစ်ဦးနှင့် အဘွားကြီးတစ်ဦးတို့ မလှုပ်မယှက်ထိုင်နေကြသည်။ သူတို့သည် သတင်းဆိုးကို မကြားရဲသည့်အသွင်ဖြင့် တစ်ဦးကိုတစ်ဦး အားပေးရင်း ထိုင်နေကြသည်။

ပြတင်းပေါက် အနီးရှိ ခုံတန်းတွင် ထိုင်နေသည့် ကရောဖို့က စီးကရက်ဘူးကို ဖွင့်လိုက်ရာ စီးကရက်ကုန်နေသည်ကို တွေ့ရ၍ ဘူးကို ချက်ကနဲ ပြန်ပိတ်လိုက်သည်။ သူကား သမီးအတွက် စိတ်ပူနေသဖြင့် နေမထိထိုင်မထိ ဖြစ်နေရသလောက် ဘာအကျိုးအကြောင်းမှလည်း မသိရသေးသဖြင့် စိတ်ခပ်တိုတို ဖြစ်နေသည်။

"ဘယ်လောက်ကြာအောင် ဆက်ပြီးစောင့်ရမှာလဲ"

ကရောဖို့က စိတ်ပျက်လက်ပျက်ဖြင့် မေးလိုက်သည့် အမေးကို ဖီလစ်က မဖြေပါ။ ဖြေလည်း မဖြေတတ်ပါ။ ထိုအခိုက် အပြင်ဘက်မှ ခြေသံကြားရပြီး အခန်းတံခါး ပွင့်လာသည်။ ဖီလစ်၏ယောက်ျား ဂရယ်ဂေါ်ရီက ကလေးတစ်ယောက် မျက်နှာစိမ်းညှော်သည်ရှေ့တွင်





မရဲတရဲ ဝင်လာသည့်ပုံမျိုးဖြင့် ဝင်လာသည်။ အမှန်တော့ သူ အခုမှရောက်ရသည်ကို စိတ်မလုံ၍ဖြစ်သည်။ သူသည် အတော်ပင်အိုပြီး ခပ်လှုပ်လှုပ်သာရှိသည်။ မျက်နှာကြက်မှ စူးစူးရှရှ ကျရောက်နေသည့် လျှပ်စစ်မီးလုံးရောင်ကြောင့် သူ၏ဖျော့တော့သော အသားရောင်နှင့် တွန့်နေသောပါးရေတို့မှာ ပို၍ပေါ်လွင် ထင်ရှားနေသည်။ သို့သော် လမ်းလျှောက်ပုံမှာ ဖျတ်လတ်သွက်လက်ပြီး ခါးမကုန်းသေးပေ။ သူ၏ဇနီးနှင့် ကရောဖို့တို့အား အခန်း၏ ဟိုမှာဘက်၌ တွေ့လိုက်ရသည်နှင့် လက်မြှောက်နှုတ်ဆက်ကာ သူတို့ထံ ခပ်သွက်သွက်ကလေး လျှောက်သွားသည်။ သူ၏လည်စည်းမှာ လျှော့ကျနေပြီး လည်ပင်းကြယ်သီးပင် ပေါ်နေ၏။ ကုတ်အင်္ကျီကို တထောင်ဆစ်ကွေးတွင် ပိုက်ထားသည်။

"ဆောရီးပဲ၊ မင်းစာကို အခုပဲရတယ်၊ မြန်နိုင်သလောက် မြန်မြန်ထွက်လာတာပဲ"

သူ၏ မျက်လုံးများတွင် စိုးရိမ်ပူပန်ပုံ ပေါ်နေသည်။ စိုးရိမ်လွန်းသဖြင့် အသက်ရှူပင် မြန်နေ၏။

"ဘယ်ဆီများ သွားနေသလဲ ဂရယ်ဂေါ်ရီရယ်"

စိုးရိမ်စိတ်ဖြင့် ပြောလိုက်သော်လည်း တကယ်တော့ ဖီလစ်၏ အသံမှာ ချိုချိုသာသာပင် ထွက်လာသည်။ သို့သော်လည်း လွန်ခဲ့သည့် နှစ်နာရီလောက်ကစပြီး ငရဲကျသလို စိတ်ပူပန်နေခဲ့ရ၏။

"အဲ... ဟိုလေ... အို ဒါတွေထားပါတော့၊ ငါ နောက်ကျသွားတယ်ကွာ"

ဂရယ်ပေါ်ရီက အသေးအဖွဲကလေးများကို ရှင်းပြမနေတော့။

"ကောင်မလေး ဘယ့်နှယ်နေသေးသလဲ"

"ခေါင်းမှာ ဒဏ်ရာအကြီးအကျယ် ရသွားတယ်"

ဖီလစ် မိမိ၏ စိတ်လှုပ်ရှားမှုကို ထိန်းချုပ်၍ ပြောလိုက်သည်။

"မောင်းတဲ့ ခွေးမသားက ရပ်တောင်မရပ်ဘူး၊ မောင်းပြေးတယ်"

ကရောဖို့က ဂရယ်ဂေါ်ရီ၏ ကုတ်အင်္ကျီကို လှမ်းယူလိုက်ပြီး

သေသပ်စွာခေါက်ရင်း ဝင်ပြောသည်။ သူ၏ လှုပ်ရှားပုံကတော့ စက်ရုပ်တစ်ခုလိုပင်ဖြစ်၏။

ဂရယ်ဂေါရီက သူ့ဇနီး၏ဘေးတွင် ဝင်၍ထိုင်ကာ ဆက်၍မေးသည်။

"ဒရိုင်ဘာရဲ့ ပုံသဏ္ဍာန်ကို ရဲတွေက ရလိုက်ရဲ့လား"

"သူတို့ သိသလောက်တော့ အဘိုးကြီးတစ်ယောက် ကားအနက်ကြီးကို ဒလကြမ်းမောင်းသွားတယ် ဆိုတာလောက်ပဲ၊ ကားနံပါတ်ကိုတောင်မှ မတွေ့လိုက်ရဘူး"

အခန်းတံခါးမှာ တစ်ဝက်ခန့်ပွင့်လာပြီး အထဲသို့ ခွဲစိတ်ခန်းမှ မှတ်တမ်းထိန်းသည် ခြေသံဖြည်းညင်းစွာဖြင့် ဝင်လာသည်။ သူဝင်လာသည်ကို အပေါက်နားက အဘိုးကြီးနှင့် အဘွားကြီးတို့ နှစ်ဦးက စိုးရိမ်သော မျက်လုံးများဖြင့် ကြည့်နေကြ၏။ သို့သော် သူက သူတို့ကို ဂရုမထားဘဲ ရှေ့သို့ ဆက်လျှောက်လာသည်။

"မစ္စတာကရောဖို့ ရှိပါလားခင်ဗျာ"

သူသည် ဤသို့သော သတင်းဆိုးများကို ပြောရဖန်များသဖြင့် ကြားရသူ ခံသာအောင် ဘယ်လိုပြုမူ ပြောဆိုရမည်ကို ကောင်းစွာ ကျွမ်းကျင်နေပြီဖြစ်၏။ သူ၏ မျက်မှန်ထူကြီးများ နောက်ကွယ်ရှိ မျက်လုံးများက ကရောဖို့ဆိုတာ ဘယ်လိုလဲဟု စူးစမ်းသည့် အမူအရာဖြင့် ကြည့်နေသည်။

"ကျုပ်ပါပဲ"

ကရောဖို့က သူ့ထံ မျက်နှာမူ၍ ဖြေသည်။

"စိတ်မကောင်းစရာပါပဲခင်ဗျား၊ လူကြီးမင်း သမီးကတော့ သတိပြန်မလည်လာတော့ဘဲ ဆုံးသွားရှာပါပြီ၊ ဝေဒနာတော့ ခံစားမသွားရရှာပါဘူး၊ ဝမ်းနည်းပါတယ်"

ပြောရင်း ရှေ့သို့ဆက်ပြောရမည်မှာ ခက်ခဲသည့်အပိုင်းသို့ ရောက်လာသဖြင့် ချောင်းဟန့်၍ အချိန်ယူရသေးသည်။ ပြီးမှ အသံတိမ်တိမ်ဖြင့်





ဆက်ရပြန်သည်။

"အဲ ကျန်ရစ်ခဲ့တဲ့ ပစ္စည်းကလေးတွေ ဘာလေးတွေနဲ့ ပတ်သက်ပြီးတော့ လက်ခံရေးဌာနနဲ့ ဆက်သွယ်နိုင်ပါတယ်ခင်ဗျာ"

ထို့နောက် မှတ်တမ်းထိန်းသည် လုပ်ရိုးလုပ်စဉ်အတိုင်း ဦးညွတ်လျက် အခန်းတွင်းမှ ထွက်ခွာသွားသည်။ ဖီလစ်က ခပ်တိုးတိုးငိုသည်။ ဂရယ်ဂေါရီက ကရောဖို့၏ လက်ကိုဆုပ်ကိုင်၍ အားပေးသည်။

"စိတ်မလျှော့ပါနဲ့ ကရောဖို့ရယ်၊ တိုက်သွားတဲ့ကောင်ကို ရဲကရှာတွေ့မှာပါ"

ကရောဖို့မှာ ဘာမှမကြားဘိသကဲ့သို့ ခဏကြာမျှ ရှိနေပြီးမှ သူတို့ဘက်သို့ လှည့်ပြောသည်။

"သူတို့ တွေ့အောင်ရှာနိုင်ရင် ပိုကောင်းမယ်"

သူသည် လေအေးအေးဖြင့် ပြောနေသော်လည်း သူ၏ ရည်ရွယ်ရင်းစိတ်ဓာတ်မှာ ကြောက်စရာကောင်းလောက်အောင် ရက်စက်ကြမ်းကြုတ်လှပေသည်။

"ဘာဖြစ်လို့လဲဆိုတော့ သူတို့က တွေ့အောင်မရှာနိုင်ဘူးဆိုရင် ကျွန်တော်က တွေ့အောင်ရှာမယ်၊ တွေ့ပြီဆိုရင်တော့လား၊ ဒီကောင် မသက်သာဘူးမှတ်ပါ၊ ကျွန်တော်ကိုယ်တိုင် သတ်မယ်"

မစ္စတာ ဂရယ်ဂေါရီပြောလျှင် မှားခဲ့ပေသည်။ သို့သော် ဤတစ်ကြိမ်တွင်ကား ဂျိုဝါနာအား ကားဖြင့် သေအောင်တိုက်သွားသူကို ရဲတွေက မကြာမီအချိန်အတွင်း တွေ့အောင်ရှာနိုင်မည်ဟုသော ဂရယ်ဂေါရီ ပြောခဲ့သည်မှာ မှန်မလာပေ။

"ကဲပါ ကရောဖို့ ဒီကိစ္စကို ရဲတွေတာဝန်ထားပြီး အေးအေးနေပါ၊ သူတို့ ရှာတွေ့ပါလိမ့်မယ်"

*

ဒီလိုနှင့်ပဲ ရက်သတ္တ ကိုးပတ် လွန်ခဲ့ပေပြီ။

တစ်ညနေတွင် ညစာစားပြီးချိန်၌ ဂရယ်ဂေါရီနှင့် ကရောဖို့တို့နှစ်ဦး အရက်ချို တစ်ခွက်စီနှင့် ထိုင်နေကြတုန်း ဖီလစ်ကတော့ တစ်ဖက်ခန်းတွင် ကော်ဖီဖျော်နေသည်။

ဧည့်ခန်းရှိ မီးလင်းဖိုမှ သစ်တုံးသည် မီးစွဲနေရာမှ ကြွေကျသဖြင့် မီးပွားများမှာ ဖွာထွက်လျက် မီးခိုးခေါင်းတိုင်သို့ လွင့်တက်သွားကြသည်။ မီးတောက်မှာလည်း ရဲကနဲဖြစ်သွားပြီး ကရောဖို့၏ မျက်နှာပေါ်သို့ ပို၍ အလင်းရောင်ထိုးစေသည်။ သို့ပေမယ့် ကရောဖို့က ဒါတွေကို သတိမပြုနိုင်အားပေ။ သူ့အတွေးနှင့်သူ နစ်မြုပ်နေသည်။

"နှစ်လတောင် ကျော်လာပြီ၊ ဘာမှလဲ အကြောင်းမထူးသေးဘူး၊ ဘယ်လောက်ဆက်ပြီး ကြာနေဦးမှာလဲ"

"ဒါမျိုးဆိုတာ အချိန်ကြာတတ်ပါတယ်"

တရားသူကြီး ဂရယ်ဂေါရီ၏ အားပေးမှုကိုယ်တိုင်က အားမရှိလှပေ။

"ဘာမှ အကြောင်းမထူးသေးပါဘူးဗျာ"

ကရောဖို့က စိတ်ပျက်လက်ပျက်နှင့်ပြောရင်း သောက်လက်စ အရက်ခွက်ကို မော့ချလိုက်ပြီး ထပ်ထည့်ရန် ပုလင်းကို ဆွဲယူသည်။

အရက်မှာ ဗာဗီန်းဒူဗေလိုင်းဟူသော အရက်ချိုဖြစ်သည်။

"ဘာမှ မထူးသေးပါဘူး"ဟု ထပ်ပြောပြန်သည်။

သူသည် အရက်ကို ပုလင်းထဲမှ ဖန်ခွက်ထဲသို့ ဖြည်းဖြည်းချင်း စိတ်ရှည်လက်ရှည် ငှဲ့ထည့်သည်။

ဂရယ်ဂေါရီက ကရောဖို့ လုပ်ကိုင်နေပုံကိုကြည့်ပြီး သူ့မိတ်ဆွေ၏ အခြေအနေကို သိပ်မကြိုက်လှပေ။ လုပ်နေပုံမှာ စက်ရုပ်တစ်ခုအား သံပတ်ပေးထားသည်နှင့် အလားသဏ္ဍာန် တူလှ၏။

"ဆေးပြင်းလိပ် သောက်ဦးလေ"

ကရောဖို့အား ဆေးပြင်းလိပ်သေတ္တာကို လှမ်းပေးလိုက်သည်။





"ဒတ်(ချ) ဆေးပြင်းလိပ်ပဲ၊ ကလပ်မှာ ဈေးချိုတာနဲ့ ဝယ်လာခဲ့တယ်၊ အသစ်ပေမယ့် သိပ်မဆိုးလှပါဘူး"

သို့ဖြင့် ဂရယ်ဂေါရီက စကားလမ်းကြောင်းကို ပြောင်းပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ မသောက်တော့ပါဘူး"

ကရောဖို့၏ အဖြေက ဂရယ်ဂေါရီ၏ စကားလမ်းကြောင်းပြောင်းရန် အားထုတ်မှု မအောင်မြင်ကြောင်း ဖော်ပြနေပေသည်။ မအောင်မြင်ကြောင်း သဘောပေါက်သွားပြီဖြစ်၍ ဂရယ်ဂေါရီက လက်လျှော့လိုက်သည်။

"ကော်ဖီနံ့ကလေးက တယ်မွှေးတာပဲ၊ သွားသောက်ကြစို့လား"

"သွားကြတာပေါ့"

တစ်ဖက်ခန်းတွင် ဖီလစ်သည် ကော်ဖီကို ပန်းကန်ထဲသို့ လောင်းထည့်နေသည်။ သူမ၏ ရွှေဝါရောင်ဖျော့ဖျော့ ဆံပင်များမှာ နောက်ဘက်မှ ထိုးနေသော အလင်းရောင်ကြောင့် ထုတ်ချင်းဖောက် မြင်ရလုနီးနီးပင် ဖြစ်နေ၏။

ဂရယ်ဂေါရီက ဖီလစ်အား အမှတ်တမဲ့ ပြောသလို ပုံသဏ္ဍာန်ဖြင့် ပြောလိုက်သည်။ ဒါပေမယ့် ဟန်ဆောင်မကောင်းလှပေ။

"ကရောဖို့ကပြောတယ်၊ အလွှတ်စုံထောက်ကိုငှားပြီး စုံစမ်းခိုင်းထားတယ်တဲ့"

သူ၏ ဟန်ဆောင်မှု မပိရိခြင်းကို ဖုံးနိုင်ရန် သူ၏ လက်ဖဝါးများအား မီးတောက်ပေါ်၌ဖြန့်၍ နွေးအောင်လုပ်နေသည်။ တစ်ဖန်ထပ်၍ လိုအပ်ဘဲ ပြောပြန်သည်။

"ဂျီဝါနာနဲ့ ပတ်သက်ပြီးတော့လေ"

ဖီလစ်က သူ့အားကြည့်လိုက်ရာ သူ၏ မျက်လုံးများတွင် 'င်းက ဆက်ပြီးပြောဦး'ဟူသော အဓိပ္ပာယ်ပေါ်နေကြောင်း တွေ့ရသည်။

သူမလည်း ကော်ဖီပန်းကန်များအား အားလုံးလှမ်းယူနိုင်သည့် နေရာတွင် ချထားလိုက်ပြီး ကရောဖို့၏ဘေးတွင် ဝင်ထိုင်လိုက်သည်။

"ဘာဖြစ်လို့လဲ"

ဖီလစ်၏ အမေးကို ကရောဖို့က ဖြေဖို့ရာ စကားလုံးရှာနေရသေးသည်။

"ဟို... ဟို"

"အလွတ်စုံထောက် ငှားမယ်ဆိုတာလေ၊ ဘာဖြစ်လို့ ငှားမှာလဲ"

"ရဲက ဘာမှရှာလို့မှ မတွေ့သေးဘဲ"

"ရှင့်ရဲ့ အလွတ်စုံထောက်တွေကကော ဘယ်လောက်အထိ တိုးတက်မှုရှိနေပြီလဲ"

"အခုအထိတော့ ဘာမှမရှိသေးပါဘူး"

"ဒီလိုဆိုရင် ရဲတွေ..."

"အို... ရဲက ဒီအမှုကို စိတ်မဝင်စားတော့ပါဘူး"

"ဟာ... ဒီလိုတော့ မဟုတ်သေးပါဘူး"

ဖီလစ်သည် သူ့အား ကလေးဆိုးတစ်ယောက်အား ပြောသလို ပြောမိနေသည်ကို မိမိဘာသာပင် သတိမထားမိဘဲ ရှိသည်။

"ဒီမှာကရောဖို့၊ အချိန်နည်းနည်းတော့ ပေးဦးမှာပေါ့၊ ရဲတွေမှာလဲ တရားခံပေါ်အောင် စုံစမ်းဖို့ဟာ အထောက်အထားပြုစရာ သိပ်ရှိလှတာ မဟုတ်ဘူး"

"အခုလောက်ရှိနေတာနဲ့ပဲ လုံလောက်ပါပြီ"

စိတ်မရှည်တော့၍ ကရောဖို့သည် ကော်ဖီကို မဲ၍ မျိုလိုက်ရာ ပူနေသေးသဖြင့် လျှာအတော်ပူသွားသည်။

"ဆောရီးပဲဗျာ၊ ကျွန်တော် သွားလိုက်ဦးမယ်"

ဖီလစ်ကတော့ ကြားသည့်လက္ခဏာမပြ၊ ငွေစီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ စွပ်တံတွင် တပ်လိုက်သည်။

"ကျွန်မကို မီးခြစ်တစ်ခြစ်လောက် ပေးစမ်းပါ"





ကရောဖို့က စားပွဲတင်မီးခြစ်ကိုယူ၍ ခြစ်ပေးသည်။ သူ၏လက်မှာ တုန်နေသည်။

ဖီလစ်က စီးကရက်ကို ရှိုက်လိုက်ပြီး ထွက်လာသော မီးခိုးငွေ့ လည်လည်တွေအကြားမှာ ပြောသည်။

"ဘယ်ကိုသွားမှာလဲ"

"ရုံးခန်းကို ပြန်သွားမယ်"

"အခုလို ညအချိန်မတော်ကြီးမှာ သွားမလို့လား"

"လူတစ်ယောက်နဲ့ ချိန်းထားတယ်၊ သူ့ဆီက သတင်းရကောင်း ရမယ်"

"မစောင့်နိုင်တော့ဘူးလား၊ ညကြီးမင်းကြီး သွားရမယ်လို့"

မေးသာ မေးလိုက်ရသည်။ စိုးရိမ်စိတ်က သူမ၏ ပါးစပ်တွင် တစ်ဆို့ကြီး ဖြစ်နေစေသည်။

"မစောင့်နိုင်တော့ဘူးလေ"

ကရောဖို့၏ အဖြေမှာ ခပ်ပြတ်ပြတ် ရိုင်းသွားယောင်ပင်ရှိ၏။

ထို့ကြောင့် ကရောဖို့က လေသံပျော့ဖြင့် တောင်းပန်သည်။

"ဆောရီးပဲဗျာ၊ ညစာအတွက် ကျေးဇူးတင်ပါတယ်"

ဖီလစ်အနေဖြင့် ရှေ့ဆက်၍ ဆောင်ရွက်ဖို့ ဘာမျှမရှိတော့ပါ။ သူ ထွက်သွားသည်ကိုသာ ငေးကြည့်နေရုံပင်ရှိတော့သည်။

ဂရယ်ဂေါ်ရီက ဖီလစ်၏အတွေးကို ကရောဖို့သို့ လှမ်း၍အော် ပြောခြင်းဖြင့် အကောင်အထည်ဖော်လိုက်သည်။

"သိပ်တော့ ညဥ့်မနက်စေနဲ့ပေါ့လေ၊ ခင်ဗျား အနားယူဖို့လဲ လိုသေးတယ်မဟုတ်လား"

အော်မယ့်သာ အော်လိုက်ရသည်။ စကားပြန်ရလိမ့်မည်ဟု မမျှော်လင့်မိ။ ထင်သည့်အတိုင်းပင် ကရောဖို့ထံမှ ဘာမှပြန်ပြောသံ မကြားရပေ။ ထို့ကြောင့် ဂရယ်ဂေါ်ရီက ပခုံးတစ်ချက် တွန့်လိုက်သည်။

ကရောဖို့ကမူကား သူ့ဘာသာသူ တံခါးဖွင့်၍ ထွက်လာခဲ့သည်။

အပြင်သို့ရောက်သော် လှေကားထစ်ပေါ်တွင် ခေတ္တမျှ ရပ်နေလိုက်၏။

လဆုတ်ရက်မို့ လထွက်နောက်ကျသည်။ နွေအကုန် ဆောင်းပေါက်စရာသီသို့ ရောက်လာပြီဖြစ်၍ အေးလာပြီ။ ပြတင်းပေါက် ဘောင်များပေါ်ရှိ သေတ္တာများဖြင့် ရိုက်ထားသော ပန်းပင်ကလေးတွေပင် အအေးဒဏ်ကြောင့် တစ်ဝက်ခန့် သေကုန်ကြပေပြီ။ ခပ်လှမ်းလှမ်းထောင့်တစ်ခုဝယ် ကြောင်ပေါက်စကလေး နှစ်ကောင်သည် ကြွေကျနေသော သစ်ရွက်ကလေးများနှင့် ကစားနေသည်။

သူသည် လှေကားထစ်များမှ ဖြည်းညင်းစွာ ဆင်းလာပြီး သူ၏ ကားဆီသို့ ဦးတည်လျှောက်သွားသည်။ ကားအနားတွင် ခေတ္တမျှရပ်၍ စဉ်းစားနေပြီးမှ နောက်သို့ ပြန်လှည့်ကာ ဂေါ်ဒွင်လမ်းဘက်သို့ ထွက်လာသည်။ အေးစိမ့်နေသောလေကို ရှူသွင်းလိုက်ရသောကြောင့် သူ၏ အဆုတ်ပင် စိမ့်ကနဲ ဖြစ်သွား၏။

လမ်းပေါ်သို့ရောက်လျှင်ပင် ယာဘက်သို့ ချိုးလိုက်ပြီး မြောက်မြားလှစွာသော လမ်းမြောင်ကလေးများကိုဖြတ်ကာ ပစ်ကယ်ဒီလီရပ်ကွက်ဘက်သို့ ခပ်မြန်မြန် လျှောက်၍ထွက်လာခဲ့သည်။ လမ်းတစ်လျှောက်တွင်ကား အထက်တန်းကျကျ အဝတ်အထည်ဆိုင်ကြီးများ၊ အလှပြင်ဆိုင်ကြီးများတို့မှာ ညဉ့်နက်ပြီဖြစ်သော်လည်း မီးတထိန်ထိန်ဖြင့် ခမ်းနားထည်ဝါစွာ ပြင်ဆင်ထားသည်။ သို့သော် သူသည် ထိုအရာများကို လှည့်၍ပင်မကြည့်။

*

ဒေးဗီး(စ်)လမ်းနှင့် ဂရိဗ်နာပန်းခြံလမ်းထောင့်တွင် အမျိုးသမီးကလေးကို စ၍တွေ့သည်။ သူမသည် မှောင်ရိပ်ထဲမှ မမျှော်လင့်ဘဲ ပေါ်ထွက်လာကာ ဓာတ်မီးတိုင်အောက်တွင်ရပ်၍ လက်ပွေ့အိတ်ထဲမှ တစ်စုံတစ်ခုကို သွက်လက်ဖျတ်လတ်သော လက်ချောင်းများဖြင့် ရှာနေသည်။ ထို့နောက် လမ်းကိုဖြတ်၍ ဘူဒွန်လမ်းထဲသို့ ဝင်သွားသည်။





ထိုအမျိုးသမီးကလေးကို တွေ့လိုက်ရသည်မှာ သူ့စိတ်ကို ကပြောင်းကပြန် ဖြစ်သွားစေသည်။ ရှေ့ကိုဆက်၍ မသွားနိုင်တော့။ ကလေးမလေးကိုကြည့်ရင်း ဂျိုဝါနာဟု ထင်လာသည်။

ထို့ကြောင့် မှင်သက်မိသူပမာရပ်၍ ကလေးမလေး သွားရာဘက်သို့ ငေးကြည့်နေမိသည်။ သူ၏ တစ်ကိုယ်လုံးမှာ ချွေးများဖြင့် ရွှဲနေ၏။ ခေါက်ဖိနပ်ခွာသံမှာ တဖြည်းဖြည်းနှင့် တိမ်သွားသည်။

ကလေးမကလေးမှာ ဘူဒွန်လမ်းမှနေ ကုန်လှောင်ရုံများကိုဖြတ်လျှောက် ဘွန်းလမ်းထဲသို့ ချိုးဝင်သည်။ ကရောဖို့က နောက်ကလိုက်သည်။ လမ်းမ မညီမညာမို့ ကလေးမလေး၏ ခြေလှမ်းမှာ မြန်သော်လည်း ခရီးမတွင်။ ထို့ကြောင့် ကလေးမကလေးကို သူ မီလာသည်။ ကလေးမကိုယ်မှ ရေမွှေးနံ့သည် ငြိမ်သက်သော လေထုတွင် စွဲနေသည်။ ဘာရေမွှေးမျိုးလဲ၊ သူ အစဖော်၍မရ။ ရေမွှေးအသစ်တစ်မျိုးကို စမ်းပြီးသုံးနေတာဖြစ်မယ်။ ဒါပေမယ့် အကောင်းသား၊ တွေ့မှပြောပြရဦးမည်။

လမ်းမကြီးပေါ်သို့ရောက်သော် မြေညီသည်။ ကလေးမကလေးကမြန်မြန်လျှောက်နိုင်လာသည်။ သူသည် ကလေးမကို ဖြတ်ကျော်ပြီး ရှေ့ဆက်လျှောက်လာကာ တံခါးပေါက်တစ်ခုတွင် ကွယ်၍စောင့်နေသည်။ ဟော သူ့ကိုလွန်၍ ကလေးမကလေး ဖြတ်သွားပြီ။ ဟုတ်ပါသည်။ ဂျိုဝါနာပါပဲ။ တံခါးပေါက်မှထွက်၍ ခေါ်လိုက်သည်။

"ဂျိုဝါနာ..."

သူ့အသံကို ကြားလိုက်ရသည်နှင့် ကလေးမကလေးသည် နောက်သို့လှည့်ကြည့်ပြီး သုတ်ခြေတင်လေတော့သည်။

သုတ်ခြေတင်ရပေမည်။ လမ်းပေါ်မှာ သူတို့နှစ်ဦးသာ ရှိသည် မဟုတ်လား။ အခြေအနေ ပိုဆိုးလာပါက ပြေးတန် ပြေးရဦးမည်ဖြစ်သည်။

"ဂျိုဝါနာ ရပ်ဦးလေ"

သူ မီလာခါနီးပြီ။ သူ၏ အသက်ရှူသံကိုပင် ကလေးမကလေး ကြားနေရသည်။ ဒါကြောင့် ပြေးရတော့သည်။

ခဏအတွင်း သူက ကလေးမကလေးကို မီလာပြီး နောက်မှလှမ်း၍ ဆွဲလိုက်သည်။

"ဂျိုဝါနာ... သမီး... ဘာလို့ပြေးရတာလဲ"

ကလေးမကလေးက ရုန်းသော်လည်း သူ၏ လက်များက သန်လွန်းသဖြင့် မလွတ်နိုင်။ အော်ဖို့ကြိုးစားကြည့်သည်။ အသံကမထွက်လာ။ သူနှင့် မျက်နှာချင်းဆိုင်ဖြစ်စေရန် ကိုယ်ကို ဆွဲ၍လှည့်သည်ကို ခံစားရသည်။ ကလေးမကလေးက မျက်လုံးများကို မှိတ်ထားသည်။

ကလေးမကလေးကား နုနုနယ်နယ်ကလေး။

တစ်နေရာမှ နာရီထိုးသံ ကြားရသည်။ ဂျိုဝါနာ မဟုတ်သည်ကို သတိထားမိလာသည်။ တဖြည်းဖြည်း သူသည် ကလေးမကလေးအား တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားရာမှ လျှော့လိုက်သည်။ ကလေးမကလေးလည်း လျှော့လိုက်ခြင်းကို သတိထားမိသည်မို့ မျက်လုံးများဖွင့်ကြည့်သည်။ မျက်လုံးများက အပြာရောင်။ ကြောက်လွန်း၍ ဝိုင်းနေသည်။ ချွေးပေါက်တစ်ပေါက်က သူ၏ မျက်နှာမှ မေးစေ့ကိုဖြတ်လျက် ကလေးမ၏ မော့်နေသော မျက်နှာပေါ်သို့ ကျသွားသည်။

ဂျိုဝါနာ မဟုတ်သဖြင့် စိတ်အလွန်ပျက်သွားသည်။

"ခုလိုဖြစ်သွားတာ ဝမ်းနည်းပါတယ်ကွယ်"

ပြောပြောဆိုဆိုနှင့် ကလေးမကလေးအား ဆိုင်တံခါးပေါက်တစ်ခုရှေ့မှ သံတိုင်များဆီသို့ ခပ်ကြမ်းကြမ်း တွန်းပစ်လိုက်သည်။ ကလေးမကလေးသည် ထိုသံတိုင်များကို အားယူ၍ ခေါင်းငိုက်စိုက်နှင့် မှီနေရရှာ၏။ ပါးစပ်ကိုပါဟလျက် လေကို တအားရှုသွင်းနေရသည်။

သူ၏အသံကို ထပ်၍ကြားရသည်။ ဒီတစ်ခါတော့ စကြဝဠာ အပြင်ဘက်က ပြောလိုက်သလို သဲ့သဲ့သာ ကြားသည်။

"သိပ်ကို ဝမ်းနည်းပါတယ်"

သူ၏ ခြေသံများကို ကလေးမကလေးက မကြားရတော့ပါ။ သူ့နှလုံးခုန်သံကိုသာ သူ ပြန်၍ကြားနေရပါသည်။

*





"ဘာဖြစ်လို့ မတွေ့ရမှာလဲ"

ကရောဖို့အသံမှာ မာကျောသည်။ သည်းခံနိုင်မှု မရှိသည့် ပုံသဏ္ဌာန် ပေါ်နေသည်။

ပြောနေသည်မှာ ကရောဖို့၏ ရုံးခန်းတွင်း၌ဖြစ်သည်။ အခန်းမှာ ကျယ်ဝန်းပြီး ရှေးဆန်သည်။ နံရံကပ်ဗီရိုကြီးများတွင် သားရေဖုံး ဥပဒေစာအုပ်ကြီးများကို အရောင်ခွဲခြား၍ အကန့်လိုက်စီထား၏။ သားရေဖုံး စားပွဲကြီးပေါ်၌ တယ်လီဖုန်းနှစ်လုံးရှိသည်။ ထို့ပြင် ပြန့်ကြဲနေသော အမှုတွဲများနှင့် ငွေကွပ်ဘောင်ဖြင့် သွင်ထားသည့် ဂျိုဝါနာ၏ ဓာတ်ပုံလည်း ရှိသည်။

ကရောဖို့က စားပွဲတွင် ထိုင်နေရာ အစိမ်းရောင် အုပ်ဆောင်းထားသော စားပွဲတင်မီးမှ မီးရောင်က သူ့မျက်နှာပေါ်သို့ ကျနေ၍ သူ့မျက်နှာကို ထင်ထင်ရှားရှား မြင်ရသည်။ သူ၏ မျက်ကွင်းများမှာ ညိုနေပြီး ပါးရိုးက ငေါထွက်နေသည်။ နှာခေါင်းပေါက်တွင် ဖုန်များပေနေကာ ရှပ်အင်္ကျီကော်လာတွင် လည်ပင်းနေရာ၌ ချေးများပေနေသည်။ ဤအခြေအနေကို ကြည့်ခြင်းဖြင့် သူသည် သူ့ကိုယ်သူရော ပတ်ဝန်းကျင်ကိုပါ ဂရုမထားကြောင်း ပြနေပေသည်။

"ဒီကောင့်ကို ဘာဖြစ်လို့ တွေ့အောင်မရှာနိုင်ရတာလဲဆိုတာ ကျုပ် သိချင်တယ် မစ္စတာရိုစင်"

"မစ္စတာကရောဖို့၊ ကျွန်တော်တို့လဲ အစွမ်းကုန်ကြိုးစားကြတာပဲ"

ရိုစင်ဟု အခေါ်ခံရသောလူသည် မီးရောင်လင်းနေသည့် နေရာ၏ အပြင်ဘက်ရှိ ကုလားထိုင်တစ်လုံးတွင် ထိုင်နေသည်။ အဲသလို မီးမှိန်မှိန်အောက်မှာ ရောက်နေတာကို သူက ဝမ်းသာနေသည်။ သူက ကရောဖို့ကို လန့်နေသည်။

"ဝမ်းနည်းပါတယ်ခင်ဗျာ"

ကရောဖို့က သည်းခံလိုစိတ်မရှိ။

"လွှန်ခဲ့တဲ့ ရက်သတ္တကိုးပတ်လောက်က ကျုပ်ရဲ့ သမီးလေးကို ကိုယ်မောင်းတဲ့ကား ကိုယ်မနိုင်တဲ့ အဘိုးကြီးတစ်ယောက်ရဲ့ ကားနဲ့တိုက်မိလို့ အသက်ဆုံးခဲ့ရတယ်၊ အဲဒီ အဘိုးကြီးကို ရှာတွေ့နိုင်ဖို့ဟာ မဖြစ်နိုင်တဲ့ အလုပ်မဟုတ်ဘူးလို့ ခင်ဗျားတို့ ထင်မိမှာပဲ"

"ဒါတော့ မစ္စတာကရောဖို့ရယ်..."

"ဒါပေမယ့် အဲဒီကာလအတွင်းမှာ ရဲကလဲ ဘာတစ်ခုမှ ရှာမတွေ့ဘူး၊ အင်မတန် နာမည်ကြီးတဲ့ အလွတ်စုံထောက် ကုမ္ပဏီနှစ်ခုကလဲ ရှာလို့ မတွေ့ခဲ့ဘူး၊ အခု ခင်ဗျားတို့ကုမ္ပဏီအလှည့် ရောက်ပြန်တော့လဲ ရှာလို့ မတွေ့ခဲ့ဘူး၊ ဘာဖြစ်လို့လဲ"

ရိစင်က တံတွေးကို မျိုချလိုက်သည်။

"ကျွန်တော်တို့ ရှာနေတဲ့လူ မရှိတော့ဘူးလို့ ထင်တာပဲ"

ခေတ္တမျှ တိတ်ဆိတ်သွားသည်။

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

လူနှစ်ဦးသည် ခေတ္တမျှ တိတ်ဆိတ်စွာ တစ်ဦးကို တစ်ဦး ကြည့်နေကြသည်။ ကရောဖို့၏ တိတ်ဆိတ်မှုမှာ ကျောက်တုံးတစ်ခုကဲ့သို့ အေးစက်မာကျောသော တိတ်ဆိတ်မှုဖြစ်ပြီး ရိစင်၏ တိတ်ဆိတ်မှုမှာမူ တုန်လှုပ်နေသော တိတ်ဆိတ်မှုဖြစ်သည်။

ရိစင်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး ဆက်ပြောသည်။

"ကားနဲ့တိုက်သွားတဲ့ အဘိုးကြီးက အိုပြီမဟုတ်လား၊ ငွေကြေးလဲ ချမ်းသာလိမ့်မယ်၊ ဒီတော့ သူ့ကားကို ရောင်းချင်လဲ ရောင်းပစ်မယ်၊ ပေးချင်လဲ ပေးပစ်မယ်၊ ဘယ်သူသိမှာလဲ၊ သူကတော့ ခရီးထွက်ချင်လဲ ထွက်မယ်လေ၊ ဥပမာ အမေရိကန်တို့လို နေရာမျိုးကိုပေါ့"

"မဖြစ်နိုင်ပါဘူး"

"ဖြစ်နိုင်တဲ့ အလားအလာတွေ ရှိပါတယ်"

"ဒီလူဟာ ဒီတိုင်းပြည်မှာပဲ ရှိတယ်၊ ဒါကို ကျုပ် သေသေချာချာ သိတယ်၊ သူ့ကို တွေ့အောင်ရှာရမယ်၊ အို... တွေ့ကို တွေ့ရမယ်ဗျာ"





ကရောဖို့သည် ထိုင်လျက်က ဒေါသကြီးစွာဖြင့် ရှေ့သို့ကုန်းလိုက်သည်။ သူ၏ ရန်လိုသော အမူအရာကိုကြည့်၍ ကြောက်လာသည်နှင့် ရိစင်သည် ဦးထုပ်နှင့် လက်ဆွဲအိတ်ကို အသာအယာ ကောက်ယူလိုက်သည်။

"တွေ့မယ်လို့ ကျွန်တော်လဲ မျှော်လင့်ပါတယ်ဗျာ"

ပြောရင်းနှင့် ကုလားထိုင်ပေါ်မှ လျှောဆင်းလိုက်သည်။

"ဒါပေမယ့် တွေ့အောင်ရှာမယ့်လူက ကျွန်တော်တော့ မဟုတ်ပါဘူး၊ ဝမ်းနည်းပါတယ်ဗျာ၊ တကယ်ပါ"

သူ၏ ဝမ်းနည်းကြောင်းပြောသည့် စကားလည်းဆုံးရော သူလည်း တံခါးပေါက်သို့ရောက်ကာ တံခါးလက်ကိုင်ကို လှည့်၍ဖွင့်လိုက်သည်။ ထွက်ပေါက် သေချာပြီဖြစ်၍ သူ စိတ်ချသွားသည်။ ထို့ကြောင့် နှုတ်ဆက်စကားကို ပြောနိုင်ပြီဖြစ်သည်။

"တခြား တစ်စုံတစ်ရာ အကြောင်းကိစ္စနဲ့ ပတ်သက်ရင်တော့ ကျွန်တော့်ကို ခိုင်းနိုင်ပါတယ်ခင်ဗျာ၊ ဝမ်းမြောက်ဝမ်းသာ ဆောင်ရွက်ပါမယ်"

"မလိုဘူး၊ ထွက်သွားလိုက်ပါ"

"ကောင်းပါပြီခင်ဗျာ"

"ခင်ဗျားကို ဘယ်လောက်ပေးရမလဲ၊ ဘီလ်ပို့လိုက်၊ အခုတော့ ထွက်သွားလိုက်ပါ"

ရိစင်က ဦးညွှတ်ပြီး နောက်ဆုံးခွဲခါနီး သူ့အပေါ်တွင် အထင်မသေးစေရန် နှုတ်ဆက်စကား ပြောခဲ့သေးသည်။

"ကျွန်တော် အလွန်ပဲ စိတ်မကောင်းပါဘူးဗျာ"

ပြီးတော့ တံခါးကို ဖြည်းညင်းစွာပိတ်ရင်း ထွက်လာခဲ့သည်။

ကရောဖို့၏ တစ်ကိုယ်လုံးမှာ တဆတ်ဆတ် တုန်နေသည်။ သို့သော် အပြင်ဘက်တံခါး ချက်ကျ၍ ပိတ်သွားသောအသံ ကြားရသည့်တိုင်အောင် သူ့ကိုယ်သူ ငြိမ်သက်အောင် အတင်းကြိုးစားထားသည်။

တံခါးပိတ်သံ ကြားရပြီးနောက်တွင် ကုလားထိုင်နောက်ကျောကို မှီရင်း မှိန်းနေ၏။ သူ၏ နားထင်တစ်ဖက်စီတွင် သွေးတဒိတ်ဒိတ် တိုးနေကြောင်း မြင်သိနိုင်ပေသည်။ သူ၏စိတ်ကူးထဲတွင် စကားလုံးများ ပေါ်လာသည်။

"တွေ့အောင်ရှာ... သူ့ကိုသတ်... တွေ့အောင်ရှာ... သူ့ကို သတ်... တွေ့အောင်ရှာ... သူ့ကိုသတ်"

*

## အခန်း(၃)

အင်းနား တင်ပယ်(လ်)ဟော(လ်) ခန်းမကြီးရှိ ဥပဒေကျောင်းသားများ စုရုံးရာ ခန်းမမှ ရှိလာ ထွက်လာခဲ့သည့်အချိန်၌ ကပွဲမှာ အရှိန်ကောင်းတုန်းဖြစ်သည်။ တိတ်ဆိတ်ငြိမ်သက်သည့် ပတ်ဝန်းကျင်နှင့် ပျော်မိလှသော ဂျမေကာတီးဝိုင်းရှိ စည်းပိုင်းပြတ် ခေါက်သံမှာ သူ့ကားကလေးဖြင့် နောက်ဆုတ်၍ ထွက်လာသည်အထိ မသဲမကွဲ ကြားနေရသေးသည်။ အလုပ်ရှိ၍သာ ထွက်လာရသည်။ မပြန်ချင်လှသေးပေ။ ကျောင်းသူတစ်ဦးက အာရပ် ဗိုက်သားအက ကမည်ဆိုတော့ ကြည့်ချင်သေးသည်။

ကားကလေးသည် ဖလီလမ်းမကြီးမှသည် ချန်ဆာ ရီလိန်းလမ်းသို့ ရောက်လာသောအခါ ကပွဲမှ ထွက်လာခဲ့သည့် ပုံသဏ္ဌာန် သူမတွင် မရှိတော့။ စိတ်ပူပန်စရာ တာဝန်တွေကို ပခုံးပေါ်၌ ထမ်းနေရသည့် လူနေတစ်ဦးအဖြစ်သို့ ရောက်လာသည်။

ဂျိုဝါနာ ဆုံးသွားပြီးကတည်းက သူမတို့ ချိန်ဘာတွင် လုပ်ကိုင်ရသည်မှာ အရင်ကလို ချောချောမွေ့မွေ့ မရှိလှ။ အမှုတွေတော့ လိုက်နေကြသည် မှန်သော်လည်း မစ္စတာကရောဖို့တွင် အားမာန်မရှိတော့။ ဤအချက်ကို အမှုကိုင်ရှေ့နေများက ကောင်းစွာ သတိပြုမိကြသည်။

သခုဆိုလျှင် ဖြစ်ကတတ်ဆန်း လျှောက်လဲမှုကြောင့်လည်းကောင်း၊ သည်းညည်းမခံခြင်း၊ မောက်မောက်မာမာ ဆက်ဆံခြင်းတို့ကြောင့်လည်းကောင်း အမှုရှုံးရခြင်းတို့မှာ ဖြစ်နေကျ အဖြစ်အပျက်များ ဖြစ်ပေ၏။ [illegible] ချိန်ဘာမှာ အကျဘက်သို့ ယိုင်နေပေပြီ။ သာမန်လုပ်ရိုးလုပ်

စဉ် အမှုအကျဉ်းချုပ် မှတ်တမ်းများကိုကား လုပ်ပေးကြရပါသည်။ ထို အတွက်တော့ ကရောဖို့၏ လက်ထောက်ရှေ့နေများမှာ မအားကြရပါ။ သို့သော် သတင်းစာတွင် စာလုံးမည်းကြီးများဖြင့် ဖော်ပြရမည့် အမှုမျိုး၊ ရှေ့နေခ များများရမည့် အမှုမျိုးတို့ကား ကရောဖို့၏ ချိန်ဘာသို့ အရင်ကလို ပုံမှန်ရောက်လာကြသည့် အမှုမျိုးမဟုတ်တော့ဘဲ တစ်ခါ တစ်ရံမှ မျက်စိလည် လမ်းမှားရောက်လာသည့် အမှုမျိုး ဖြစ်လာသည်။

ရှီလာသည် သူမတို့ ချိန်ဘာ၏အဖြစ်ကို စဉ်းစားရင်း လမ်းကိုဖြတ် အကူး မီးနီကိုတွေ့ရသောကြောင့် ကားဂိယာကို စိတ်တိုတိုဖြင့် ဆောင့်၍ထိုး လိုက်သည်။ တစ်ဖန်ဆက်၍ အတွေးလုံးများ ခေါင်းထဲသို့ဝင်လာပြန် သည်။ ဒီလူကြီး ဘာကြောင့် ဒီလောက် ခေါင်းမာနေသလဲမသိဘူး၊ တို့အားလုံးဟာ သူ့အတွက်ဆိုရင် ဘာလုပ်ပေးရ ပေးရ၊ အဲဒီလို ဝိုင်းပြီး အားပေးနေကြတဲ့ကြားထဲက နည်းနည်းကလေးမှ အလုပ်ကို ပြန်လည်စိတ်မဝင်စားတဲ့အပြင် လုပ်ကိုင်ပေးနေတဲ့ လူတွေဟာ မျက်နှာ ကောင်းလဲ မရကြဘူး၊ ငါ ဘာလို့များ ချိန်ဘာကို ပြန်သွားမိနေသလဲ၊ နက်ဖြန်လိုက်ရမယ့်အမှုမှာ သူ မရှုမလှရှုံးရင် သူ့ဘာသာသူ ခံလိမ့်မပေါ့၊ ငါက အနေသာကြီးကပဲ၊ တခြားလက်ထောက် ရှေ့နေတွေထက်ပိုပြီး ငါက ဂရုစိုက်စရာ ဘာလိုသလဲ၊ ကျကျနန မပြင်ဆင်မလေ့လာဘဲ သူသွားရင် အမှုရှုံးမယ်ဆိုတာ နတ်မမေး၊ ဗေဒင်မမေးရဘဲ သိနိုင်တယ်၊ ဒါထက် သူမှမသွားရင်လဲ ဘယ်သူက သွားမှာလဲ၊ ဒါကြောင့် သူပဲသွား ရပေတော့မည်။

ကားလာတာ မတွေ့ရသဖြင့် မီးနီကို ဖြတ်ကူးလိုက်ပြီး သူတို့ ချိန်ဘာရှိရာ ဘော့စဝဲ(လ်) ကုတ်ဝင်းထဲသို့ ချိုးဝင်လိုက်သည်။

ကရောဖို့၏အခန်းတွင် မီးလင်းနေသည်ကို ရှီလာ ပထမဦးဆုံး သတိပြုမိသည်။ သူ့ကားကိုတော့ မတွေ့ရ။ အခန်းမီးကို စာရေးကြီးက မေ့ပြီး မပိတ်မိခဲ့ဘူးနဲ့တူတယ်ဟု တွေးမိသည်။ ရှီလာသည် လှေကားမှ မြန်မြန်ကလေး ချိန်ဘာရုံးခန်းရှိရာဆီ တက်လာခဲ့သည်။





ရုံးခန်းမှာ စာရေးကြီး စာရေးကလေးများအတွက် သင့်တင့်လျောက် ပတ်စွာ ပြင်ဆင်ခင်းကျင်းထားပေသည်။ စာရေးကြီး ချား(လ်)စ်အတွက် ဆုံလည်ကုလားထိုင်ကြီး တစ်လုံးရှိသည်။ အခြားစာရေးများ အတွက် ကတော့ ရိုးရိုးကုလားထိုင်များသာရှိသည်။ လက်နှိပ်စက်နှစ်လုံးမှာ အဖုံးအုပ်လျက်သားဖြင့် ဘေးတစ်ဖက်တွင် ရှိနေသည်။ နောက်တစ်နေ့ နံနက်တွင် ရှေ့နေများ အသုံးပြုဖို့ အမှုတွဲများသည် သူ့အပုံလိုက် အစီအရီ ချား(လ်)စ်၏ စားပွဲပေါ်တွင် ရှိနေကြသည်။

ရှီလာသည် သူနှင့်ဆိုင်သည့် အမှုတွဲကို အလွယ်တကူပင် ရှာတွေ့သည်နှင့် အခြားဥပဒေစာအုပ် နှစ်အုပ်နှင့်အတူ လက်ဆွဲအိတ် ထဲသို့ ထည့်လိုက်သည်။ ပြန်တော့မည်ပြင်ပြီးမှ ကရောဖို့၏ အခန်းမှ မီးရောင်ကို သတိရမိသည်။

ကရောဖို့၏ အခန်းမှာ ရုံးခန်းနှင့် မျက်နှာချင်းဆိုင်ဖြစ်၍ ရှီလာက စင်္ကြံကို ဖြတ်လျှောက်သွားကာ တံခါးကိုခေါက်သည်။ ထူးသံမကြားရ၊ ထပ်၍ခေါက်ပြီး စောင့်နေပြန်သည်။ ဘာမှုမကြားရသဖြင့် တံခါးကို ဖွင့်၍ဝင်သွားသည်။ ကရောဖို့မှာ ကုလားထိုင်နောက်မှီကို မှီနေသည်။ ပါးစပ်မှ ဟနေကာ အမြှုပ်များ တစီစီထွက်နေပြီး ရုပ်အကျိုးရှေ့ပိုင်းပင် စိုနေသည်။ အသက်မရှိတော့သလို ထင်ရ၏။

ထိုမြင်ကွင်းကြောင့် ရှီလာသည် ခေတ္တမျှ အတော်ပင် တုန်လှုပ် သွားပြီး အော်မိလုနီးနီး ဖြစ်သွားသည်။ အတန်ကြာမှ ကိုယ့်ကိုယ်ကို ချုပ်တည်း၍ ကရောဖို့၏အနီးသို့ ကပ်၍ကြည့်သည်။ ကရောဖို့မှာ အသက်တော့ရှုနေတုန်းပင်ဖြစ်၏။ သို့သော် ပင်ပန်းကြီးစွာ ရှိုက်၍ရှူ နေရသည်။ ထို့ကြောင့် မရဲတရဲနှင့် စမ်းကြည့်မိသည်။

"ဆရာ… ဘာဖြစ်လို့လဲ"

ရှီလာ၏အသံမှာ ရှုးရှုံပုံဖြင့် ထွက်လာသည်။

"ဆရာ" ဟုခေါ်၍ ထပ်ပြီး ကရောဖို့အား လှုပ်ကြည့်ပြန်သည်။ ဤတစ်ကြိမ်တွင်တော့ ကရောဖို့က ဖြုန်းကနဲ ထထိုင်လိုက်သည်။

သို့သော် စားပွဲကို အားပြုထားပြီး ကိုယ်ခန္ဓာကြီးက ယိမ်းထိုးနေ၏။ မျက်လုံးများမှာလည်း ဘယ်သူဘယ်ဝါ ခွဲနိုင်ဟန်မတူ၊ အခန်းပတ်လည်သို့ ပြူး၍သာကြည့်နေသည်။

ရှီလာမှာ မနေနိုင်တော့၊ ကရောဖို့၏ ကိုယ်ခန္ဓာကြီးအား သူ၏လက်ဖြင့် သိုင်းဖက်၍ ထိန်းထားရသည်။ ပါးစပ်မှလည်း သူ့ဆရာ သတိကောင်းကောင်း ရလာစေရန် စကားပြောပေးရသေးသည်။

"ဆရာ၊ ကျွန်မ ရှီလာပါ၊ သတိရပြီလား၊ နေကောင်းသွားပြီလား"

သူ ဘာတွေပြောမိသည်ကို ရှီလာကိုယ်တိုင်က သတိမထားမိ၊ သို့သော် ကရောဖို့အပေါ်တွင်ကား အကျိုးသက်ရောက်မှုရှိသည်ဟု ထင်ရသည်။ ကရောဖို့ အနည်းငယ် ငြိမ်သက်လာသည်။ ရှီလာလည်း ကရောဖို့၏ကိုယ်ကြီးအား ကုလားထိုင်ပေါ်တွင် နေရာတကျဖြစ်စေရန် ပြင်ပေးပြီး ဦးခေါင်းကို သူ၏ရင်ခွင်တွင် မှီနေစေသည်။

အချိန်အတန်ကြာသည့် အခါတွင်မှ ကရောဖို့မှာ သတိကောင်းကောင်းရလာပြီး ရှီလာ၏ ရင်ခွင်မှ ခွာထွက်သည်။ အသက်ရှူသံသည် အတော်ပင် မှန်လာပြီး စကားလည်း ကောင်းကောင်းပြောနိုင်လာပြီဖြစ်၏။

"ရေတစ်ခွက် ခပ်ခဲ့စမ်းပါ"

ရှီလာက ရေထည့်သောဓာတ်ဘူးမှ ရေတစ်ခွက်ငှဲ့၍ သူ၏ပါးစပ်တွင် တေ့၍တိုက်သည်။ ရေကို အငန်းမရသောက်သော်လည်း များများမသောက်နိုင်။ သူက ဖန်ခွက်ကို တွန်းဖယ်ပစ်ပြီး ရှီလာအား မော့ကြည့်လျက်မေးသည်။

"မင်း ဒီမှာ ဘာလာလုပ်နေတာလဲ"

"ကျွန်မ... ကျွန်မ... ချိန်ဘာကို ပြန်လာဖို့ရှိလို့ပါ၊ ပြီးတော့ ဆရာ့အခန်းက မီးရောင်မြင်ရလို့ ဝင်လာတာပါ"

အမှန်ဖြစ်သော်လည်း လည်ဆယ်၍ပြောပုံ ပေါက်နေသည်။

"ဘာလုပ်ဖို့လဲ"





"ဘာမှလုပ်ဖို့မရှိပါဘူး၊ အဲ... အဲ... ကျွန်မအတွက် အမှုတွဲ တလေး လာယူတာပါ"

သူ၏ မျက်နှာပေါ်တွင် ရှီလာ ပြောနေသည်ကို သဘောမပေါက်သည့် အရိပ်အရောင်မတွေ့ရ၊ အံ့သြခြင်းနှင့် ယုံခြင်းတို့သာ ပေါ်လွင်နေသည်။

"ဘယ်အမှုတွဲလဲ"

"နက်ဖြန်စစ်မယ့် လူသတ်မှုအတွက်ပါ၊ ဒီအမှုအတွက် သေသေချာချာ ပြင်ဆင်ဖို့ လိုပါတယ်ဆရာ၊ အမှုက အတော်ဝေ့လည်ကြောင်ပတ်နိုင်ပါတယ်"

"ဆိုပါဦး"

သူ၏ မျက်လုံးများက ရှီလာအား လေးလံစွာ ကြည့်နေသည်။

ရှီလာက ရှေ့သို့ဆက်၍ မပြောနိုင်တော့။ အတန်ကြာမှ ရှေ့သို့ဆက်ပြောရန် စကားလုံးများကိုတွေ့သည်။

"ဆရာ ဘယ်လောက်စိတ်ထိခိုက်နေတယ်ဆိုတာ ကျွန်မတို့အားလုံး သိကြပါတယ် ဆရာ၊ အဲဒီတော့ ကျွန်မက ဆရာ ပြင်ဆင်ချိန်ရမှရပါ့မလားလို့ စိုးရိမ်မိတာနဲ့..."

"မင်း ထင်တာက ငါ အမှုကို ကျကျနန မလေ့လာဘဲ ဖြစ်ကတတ်ဆန်း လုပ်မယ်လို့ ဆိုလိုတာပေါ့ကွာ"

သူ၏အသံမှာ ကျယ်လာပြီး ထိုင်နေသော ကုလားထိုင်မှ ထရန်ကြိုးစားသည်။

"မဟုတ်ပါဘူး ဆရာ"

ရှီလာသည် သူ စကားမှားသွားသည်ကို ပြင်ရန်ကြိုးစားရှာသည်။ သို့ပြင်၍ ပြောခါမှ ပို၍ဆိုးသည့်အဖြစ်သို့ ရောက်ရသည်။

"ဆရာရယ်၊ ကျွန်မလေ ကျွန်မ ဆရာ့ကို ကူညီချင်တဲ့ စေတနာနဲ့ပါ ဆရာရယ်"

"မင်း ငါ့ကို ကူညီဖို့မလိုပါဘူးကွ"

သူ၏ခေါင်းသည် ဟိုဘက် ဒီဘက် ရမ်းနေသည်။ ဆံပင်မှာ ချွေးများဖြင့်ရွဲလျက် နဖူးပေါ်တွင် တင်နေသည်။ မျက်နှာမှာ ဖြူဖတ်ဖြူရော်၊ ရှီလာသည် သူပြောမိသည့် စကားအတွက် ကိုယ့်ကိုယ်ကို ပြန်၍ အပြစ်တင်မိနေရင်း ရှေ့ဆက်လုပ်ရမည်ကို ဝေခွဲမရ ဖြစ်နေသည်။ ဒါပေမယ့် သူ ကြာရှည်စွာ စဉ်းစားနေဖို့ မလိုပါ။ ကရောဖို့မှာ ဘယ်က အားတွေ ပြန်ရလာသည်မသိ။ ကုလားထိုင်မှထ၍ မတ်မတ်ရပ်ပြီး ရှီလာထံ ခြေလှမ်းတစ်လှမ်း လှမ်းလိုက်သည်။ သူ၏အသံမှာလည်း ယခင်ကအသံ အတိုင်း လေသံမာမာဖြင့် ထွက်လာသည်။ မျက်နှာမှာကား ပြုံးနေသည်။

"ငါ ဘယ်သူ့အကူအညီမှ မလိုဘူးဟေ့"

ထပ်ပြောလိမ့်မည်ဟု ရှီလာက ထင်နေတုန်း ကရောဖို့သည် သူ့ထံသို့ ဟပ်ထိုးလဲလာသည်။ အသက်ကောင်းကောင်း ရှူနေသည်ကို မတွေ့ရတော့။ ရှီလာသည် သူ၏ ခန္ဓာကိုယ်ကြီးကို မနိုင့်တနိုင်မပြီး ဆိုဖာပေါ်တင်ရသည်။ အသက်ကောင်းကောင်း ရှူနိုင်ရန် ကော်လာက ကြယ်သီးကို ဖြုတ်ပေးသည်။ ပြီးတော့ သူနာတင်ကားကို တယ်လီဖုန်းဖြင့် မှာရသည်။ သူ၏ လက်များမှာ ရေခဲတုံးသဖွယ် အေးစက်နေသည်။

*

ကရောဖို့သည် စိတ်ရောကိုယ်ရော ပုံ၍ကျသွားလိုက်သည်မှာ ပြန်၍ လည်လာပါဦးမည်လားဟူ၍ပင် စိုးရိမ်နေရသည့် အခြေအနေ၌ ရှိနေ၏။ ဂရယ်ဂေါ်ရီနှင့် ဖီလစ်တို့ ဇနီးမောင်နှံကလည်း ကောင်းရှာကြပါသည်။ ဆေးရုံနှင့်နီးအောင် သူတို့အိမ်မှာတောင်မနေဘဲ ဆေးရုံအနီးရှိ အိမ်တစ်အိမ်ကို ငှား၍လာနေကြသည်။ ဆေးရုံမှ နေ့စဉ် ရှီလာကိုဖြစ်စေ စာရေးကြီးချားလ်(စ်)ကိုဖြစ်စေ ဖီလစ်က ဖုန်းဆက်ပြီး ကရောဖို့၏ အခြေအနေကို သတင်းပါးလေ့ရှိသည်။ သူ့တွင် ကရောဖို့အကြောင်း ပြောစရာ တစ်ပုံကြီးပင်။





ရက်ပေါင်းများစွာ ကရောဖို့မှာ အိပ်ရာပေါ်၌ ပက်လက်လှဲနေရပြီး သတိရတစ်ချက် မရတစ်ချက်ဖြင့် နေရသည်။

သတိကောင်းစွာ ရလာပြန်တော့လည်း သူနာပြုဆရာမကလေးများ ထို ကြိမ်းမောင်း၍ အောက်ဆီဂျင်ပိုက်တို့ ဆီးအိုးတို့ကို လွှင့်ပစ်တော့သည်။ ဤကဲ့သို့ ဖြစ်လာသည်ဆိုလျှင် သူ ဒီတောင်က ကျော်ပေပြီ။ သူ့အတွက် စိုးရိမ်ဖို့မလိုတော့ပေ။ စာရေးကြီး ချား(လ်)စ်နှင့် ရှီလာ တို့က သူ့ထံ တစ်နေ့စီ လာကြည့်ကြသည်။

သို့သော် ရောဂါမှာ လုံးဝမပျောက်နိုင်သေး။ ဆောင်းအကုန် နွေအကူးကာလသို့ ရောက်တော့မှသာလျှင် ဆရာဝန်က သူ့အား အိမ်ပြန်ခွင့် ပေးပေသည်။ ဒါပေမယ့် သက်သက်သာသာ နေရမည်ဟူ၍ မှာလိုက်၏။

ဆေးရုံမှာ ရက်ရှည်လများ နေလာရတော့လည်း ကရောဖို့က ဆေးရုံမှာပင် ဆက်၍နေချင်သေးသည်။ ဆရာဝန်များက အိမ်သို့ပြန်နေရန် တိုက်တွန်းကြသဖြင့် ကြိုးစားပါမည်ဟု ကတိပေး၍ ဆေးရုံမှဆင်းခဲ့သည်။

ဗိုလ်မှူးဟောင်းမေ့(တ်)လင်းက ကရောဖို့၏ ရိုး(လ်)ရွိုက်(စ်) ကားကြီးကို ယူလာပြီး ဆေးရုံဝမှ စောင့်နေသည်။ လိုက်ပို့ကြသူများမှာ မနည်းလှပေ။ သူ၏အကြိမ်းအမောင်းကို ခံခဲ့ရသော ဆရာမကလေးများ အပြင် မေထရွန်ကြီးနှင့် စစ်စတာများပါ ကားအနီးအထိ လိုက်ပို့ကြသည်။ သူတို့က မေ့(တ်)လင်းအား မြန်မြန်မမောင်းဖို့၊ ကရောဖို့အား အလုပ် ပင်ပင်ပန်းပန်း မလုပ်ရန်ပြောဖို့ မှာကြသည်။

ကရောဖို့ကား သူတို့တစ်တွေ ဝိုင်း၍မှာနေကြသည်ကို ပြုံး၍သာ နားထောင်နေသည်။ တကယ်တော့ လွန်ခဲ့သည့် တစ်လခွဲလောက် ကတည်းက သူသည် ဆေးရုံပေါ်မှနေပြီး စာရေးကြီးချား(လ်)စ်နှင့် ရှီလာတို့ထံသို့ တယ်လီဖုန်းဖြင့်တစ်မျိုး၊ ဆေးရုံပျာတာကလေးကို ဆက်သား အဖြစ်လွှတ်၍တစ်မျိုး အမှာများနှင့် ပတ်သက်ပြီး အကြံဉာဏ်ဆေး

နေခဲ့သည်။ ဒါတွေကို ဆရာမကလေးတွေရော မေထရွန်ကြီးပါမသိကြ။

မေ့(တ်)လင်းက ကားကို သွက်သွက်နှင့် ငြိမ်ငြိမ်မောင်းလာခဲ့ရာ နှစ်နာရီအတွင်းမှာပင် ဂေါ်ဒွန်မြူး(စ်)သို့ ရောက်လာကြသည်။

ဖီလစ်နှင့် ဂရယ်ဂေါရီတို့ နှစ်ဦးက တိုင်ပင်ပြီး ကရောဖို့အတွက် သူ့အိမ်အောက်ထပ်ရှိ ညှော်ခန်းတွင်ပင် အိပ်ရာပြင်ထားသည်။ ပထမကတော့ ဖီလစ်က သူ၏အနီးတွင်ပင် ရှိစေရန် သူတို့အိမ်မှာပဲ ထားမည်ဟု စိတ်ကူးသေး၏။

ကရောဖို့ကလည်း ယခု အစီအစဉ်ကိုပဲ သဘောကျ၏။ နောက်တစ်ရက် နှစ်ရက်လောက်ဆိုရင် သူ့အိပ်ခန်းကို ပြောင်းမည်ဟု စိတ်ကူးထားသည်။ ယခုတော့ သူ၏ ညှော်ခန်းကိုပင် ကျင့်သားရအောင် လေ့လာစူးစမ်းမှု ပြုလုပ်နေရသေးသည်။

ရှေ့တံခါးမကြီးမှ သော့လှည့်ဖွင့်သံ ကြားရပြီး မရှေးမနှောင်းတွင် ရှီလာ၏အသံကို ကြားရ၏။

"ညှော်သည်များလား"

ရှီလာက ကရောဖို့ကို မြင်နေလျှက်နှင့် တမင်တကာ နောက်လိုက်ခြင်းဖြစ်သည်။

ကရောဖို့က ထိုင်နေရာမှ ထကာ တံခါးဆီသို့သွားသည်။

"ရှီလာလားဟေ့၊ လာလာ"

သူက ရှီလာအား ယဉ်ကျေးဖော်ရွေစွာ ဖိတ်မန္တကပြုသည်။ သူမကလည်း မဆီမဆိုင် ညှော်ခန်းထဲသို့ ရောက်နေသည့် အိပ်ရာကြီးကို မမြင်သလို အမူအရာဖြင့် သူ ဝယ်လာခဲ့သည့် ပစ္စည်းများကို အိတ်ထဲမှ ထုတ်ယူနေသည်။ နှစ်ဦးလုံး စကားမပြောကြဘဲ တိတ်နေကြ၏။ ယခုတိတ်နေကြသည်မှာ အနေအထိုင်ရခက်၍ တိတ်နေခြင်းမဟုတ်၊ နားလည်မှုရှိရှိဖြင့် တိတ်နေခြင်းသာဖြစ်သည်။

သူကတော့ ကိုယ့်အိမ်ကို ပြန်ရောက်လာ၍ ဝမ်းသာခြင်း၊ ရှီလာကတော့ သူ အိမ်ပြန်ရောက်တာကို တွေ့ရ၍ ဝမ်းသာရခြင်း၊ ဒါကို





ပါးစပ်မှ ထုတ်၍ပြောရန် မလိုတော့ပေ။ သူမက ဝယ်လာသည့်ပစ္စည်းများကို ထုတ်ကြည့်ရင်း မေးသည်။

"ဆရာ ဘယ့်နှယ်နေသေးလဲ၊ နေလို့ကောင်းရဲ့လား"

"ကောင်းပါတယ်ကွယ်"

"ဟန်ကျတာပေါ့ ဆရာရယ်၊ တစ်ရက် နှစ်ရက်နေရင် ဒီထက်ပိုကောင်းလာမှာပါ"

ရှီလာအဖို့ ဤပတ်ဝန်းကျင်မှာ အသစ်အဆန်းဖြစ်သည်။ သို့ပေမယ့် အသားတကျဖြစ်ဖို့ အချိန်သိပ်မလိုလှ။ တကယ်ဆိုတော့ တစ်နေ့ကမှ ရှီလာအား သူ့အတွက် ဝယ်ခြမ်းစရာရှိသည်များကို ဝယ်ပေးမည်ဆိုသဖြင့် အိမ်သော့ကို ပေးလိုက်ခြင်းဖြင်သည်။ အရင်ကတစ်ခါမှုမျှသူ၏အိမ်သို့ ရောက်ခဲ့ဖူးခြင်းမရှိပေ။

"စကားမစပ်၊ ဆရာ ဘလိတ်ဓားကတော့ ရိုးရိုးပဲရတယ်၊ ဆရာလိုချင်တဲ့ စပယ်ရှယ်အမျိုးတော့ မရဘူး"

"ရပါတယ်ကွာ၊ ကိစ္စမရှိပါဘူး"

"ပြီးတော့ သွားတိုက်ဆေးကလဲ အဖြူပဲရတယ်၊ ချား(လ်)စ်ပြောတာကတော့ ဆရာဟာ အစင်းစင်းနဲ့ဟာကို သုံးနေကျဆိုပဲ"

"အဖြူပဲရတော့ သုံးချင်လဲသုံး၊ မသုံးချင်လဲ ဒီတိုင်းထားလိုက်မှာပေါ့၊ ရပါတယ်"

ရှီလာက သူ့ကိုမော့်ကြည့်မိသည်။ ပြီးတော့ ဈေးဝယ်စာရင်းကို ခဲတံတိုကလေးတစ်ချောင်းဖြင့် တွက်နေသည်။ ဆရာဟာ တော်တော်လေး ပိန်သွားတာကလွဲလို့ ကောင်းကောင်းနေကောင်းနေတဲ့ပုံပဲ။ အလုပ်ကိုလဲ ဒီမှန်လောက်ပဲ လုပ်သွားမယ်ဆိုရင် အရင်ပုံ ပြန်ဖြစ်မလာနိုင်စရာအကြောင်းမရှိဟု စဉ်းစားမိသည်။ ဒါပေမယ့် သူတို့အားလုံးဟာ သူနဲ့ဆက်ဆံတဲ့အခါမှာတော့ ပါးနပ်မှုကောင်းကောင်းကြီး လိုပေလိမ့်မည်။

"ဆား အရှိသားပဲ"

ကရောဖို့ ပြောလိုက်သည်ကြောင့် သူ၏အတွေးများမှာ လမ်းကြောင်းပြောင်းသွားသည်။

"ဆား... ဘာလုပ်ဖို့လဲဆရာ"

"ဟ... ဆားဟာ သွားတိုက်ဖို့ အကောင်းဆုံးဆိုပဲ၊ တို့ အဘိုး တစ်ယောက် ပြောဖူးတယ်၊ မှန်တယ်ကွ၊ သူသေတော့ သူ့မှာ သွား တစ်ချောင်းမှ မရှိတော့ဘူး"

ကရောဖို့က ပြက်လုံးကလေး ထုတ်လိုက်သည်။

ကရောဖို့၏ ပြက်လုံးကို သူမက ဟက်ဟက်ပက်ပက် ရယ်လျက် ဈေးဖိုးစာရင်းကို ကမ်းပေးလိုက်သည်။

"ငါးပေါင်နဲ့ ငါးသျှိုလင်ကျတယ် ဆရာ"

အခန်းမှာ အနည်းငယ်မှောင်လာသည်။ အပြင်ဘက်မှ မိုးခြိမ်းသံ ကြားရသည်။ သူသည် ဈေးဖိုးပိုက်ဆံများကို ရေတွက်လျက် ရှီလာအား ပေးသည်။ ပြီးနောက် ရှီလာ၏ လက်ထဲတွင် ပိုက်ထားသော ရောင်စုံစက္ကူ ဖြင့်ပတ်ထားသည့် အထုပ်တစ်ထုပ်ကို မြင်သဖြင့် မေးလိုက်သည်။

"ဒါ ဘာလဲ၊ ဈေးဖိုးထဲမှာ ဒါအတွက်ကော ပါသလား"

"မပါပါဘူးဆရာ၊ ဒါက ကျွန်မရဲ့ လက်ဆောင်ပါ"

"မင်းရဲ့လက်ဆောင် ဟုတ်လား"

"ဆရာ အိမ်ပြန်ရောက်တဲ့ အထိမ်းအမှတ်ပေါ့ ဆရာရယ်"

ရှီလာသည် အထုပ်ကို သူ့အား ထိုးပေးလိုက်သည်။ ပေးပြီးလျှင် ပေးပြီးခြင်းဘဲ မပေးမိရင် ကောင်းသားဟု စိတ်ကူးမှာ ပေါ်လာသည်။ ထို့ကြောင့် တစ်ဖက်သို့လှည့်ပြီး ဝယ်လာခဲ့သော ဟင်းချက်စရာများကို နေထားတကျဖြစ်အောင် စီနေလိုက်၏။ သူကတော့ မီးခလုတ်ကို ဖွင့်လိုက်သည်။ ထို့နောက် အထုပ်စက္ကူကို ဖြဲသံကြားလိုက်ရသည်။ ရှီလာ့အဖို့တော့ စိတ်လှုပ်ရှားနေသည်မို့ ဖြဲသံကို ကြားရခြင်းမဟုတ်ဘဲ ခံစားလိုက်ရခြင်းဟု ယူဆမိသည်။

"ရှိန်ပိန်ပါလား၊... ရှန်ပိန် မမြင်ရတာတောင် အတော်ကြာနေပြီ ကပဲ"

ကရောဖို့၏ မျက်လုံးများက သူ့အား စူးစိုက်ကြည့်နေသည်ကို ရှီလာက အလိုလိုသိနေသည်။ ဒါကြောင့် အနေရ အထိုင်ရခက်နေ၏။





ကရောဖို့လို လူစားမျိုးက ကျေးဇူးတင်တဲ့ အမူအရာပြခြင်းမှာ အနေရ ခက်စရာကြီးပင်ဖြစ်သည်။ ထို့ကြောင့် ရှီလာ၏ မျက်နှာမှာ ရှက်သွေးဖြင့် နီလာသည်။

"ဆရာ အိမ်ပြန်ရောက်တဲ့ အထိမ်းအမှတ်အဖြစ် ဆရာနဲ့ ကျွန်မတို့ သောက်ကြမလားလို့"

ရှီလာက အသံခပ်တိမ်တိမ်ဖြင့် ပြောသည်။

"အေး သောက်ကြတာပေါ့"

ကရောဖို့က ရှီလာ စိတ်လှုပ်ရှားနေပုံကို ရိပ်မိသလို သူကိုယ်တိုင် သည်း ခါတိုင်းလို စိတ်အေးအေးမထားနိုင်ကြောင်း သတိထားမိသဖြင့် လက်ကို တည်ငြိမ်အောင် ပြန်၍ထိန်းသည်။

"ဟောဒီမှာ ဆရာ့အိမ်သော့ မပေးမိဘူး၊ မေ့နေတယ်"

"ဟုတ်သားပဲ၊ ဆရာ့သော့"

ရှီလာ၏ လက်ဖဝါးများနှင့် သူ၏ လက်ဖဝါးများ ထိမိကြသည်။ ရှီလာ၏ လက်ဖဝါးများမှာ နွေးနေ၏။ နှစ်ဦးစလုံး စကားတစ်ခွန်းမှ မပြောကြဘဲ ငြိမ်နေကြသည်။ ဒီအချိန်မှာတော့ သူတို့နှစ်ဦးမှာ ခန္ဓာကိုယ် ရော ဝိညာဉ်ပါ နီးကပ်စွာ ရှိနေကြသည်။ အတန်ကြာမှ ရှီလာက လက်ကို ဖြည်းညင်းစွာ ရုန်းလိုက်သည်။

"မှောင်လာပြီ ဆရာ၊ ကျွန်မ ပြန်တော့မယ်"

"နေပါဦး"

"ဂွက်နိုက် ဆရာ"

"နေပါဦးကွယ်"

ရုတ်တရက်ပင် သူသည် တံခါးနှင့် ရှီလာ၏အကြား ဝင်ရပ်လိုက် သည်။ အပြင်ဘက်တွင်လည်း ရုတ်တရက် လေဝှေ့ပြီး ပက်လိုက်သော ကြောင့် ပြတင်းပေါက်မှန်တွင် ရေစက်များ တင်နေသည်။ ရှီလာ ကတော့ ငြိမ်သက်စွာ ရပ်နေရ၏။

"ဒီလိုပါကွာ၊ တပည့်ဟာ ဆရာ့အပေါ်မှာ ကောင်းခဲ့သလောက် ဆရာက အကောင်းမပြောခဲ့၊ ကျေးဇူးမတင်ခဲ့ဘူး၊ ဆေးရုံမှာရော အိမ်မှာရော၊ ရုံးမှာရောပေါ့လေ၊ ဒါတွေအားလုံးအတွက် ဆရာ သိပ်ကျေးဇူး တင်ပါတယ်ကွယ်"

"ကိစ္စမရှိပါဘူး ဆရာ"

"ဟောဒီ ရှိန်ပိန်ကိုလဲ အခုမသောက်သေးဘဲ နောက်တစ်ကြိမ် ကြိမ်မှာမှသောက်ရင် ဖြစ်မလား၊ သောက်သင့်သောက်ထိုက်တဲ့ အခမ်း အနားမျိုး ရောက်မှာပေါ့ကွယ်၊ ဘယ့်နှယ်လဲ"

"ကောင်းပါပြီ ဆရာ"

"ဆရာ့အယူအဆကတော့ ရှိန်ပိန်လို အရက်မျိုးဟာ ပျော်ရွှင်နေတဲ့ အချိန်မျိုးမှာမှ သောက်ရတာမျိုး၊ မင်းတို့ကို စိတ်ပျက်အောင်ပြောတာတော့ မဟုတ်ဘူးပေါ့ကွယ်၊ အခုအချိန်မှာတော့ ဆရာ့အဖို့ ပျော်ရွှင်ချမ်းမြေ့တဲ့ အချိန် မဟုတ်သေးဘူး"

"အဲဒီလိုအချိန်ကို ကျွန်မ စောင့်မျှော်နေပါမယ် ဆရာ"

ပြောရင်းဖြင့် သူက ရှေ့တံခါးမကြီးကို ရှီလာအတွက် ဖွင့်ပေး သည်။ ရှီလာက မိုးကာအင်္ကျီ ကြယ်သီးတပ်ရင်း သူ့ဘေးမှဖြတ်၍ အပြင်သို့ထွက်လာသည်။

"ဂွတ်နိုက်... ဆရာ"

"ဂွတ်နိုက်... ရှီလာ"

လေပြင်းက ငြိမ်သွားပေပြီ။ မိုးဖွဲဖွဲမျှသာ ကျနေသည်။ စိုနေသော ကတ္တရာစေး လမ်းပေါ်မှဖြတ်၍ ရှီလာက သူ၏ကားဆီသို့ လျှောက်သွား သည်။

လက်ပြနှုတ်ဆက်ရန် ရှီလာက နောက်သို့လှည့်လိုက်၏။ သို့သော် သူက တံခါးကို ပိတ်ပြီးနေပြီဖြစ်၍ နှုတ်မဆက်လိုက်ရတော့။

*





## အခန်း(၄)

ယနေ့ ကရောဖို့ မမာပြီးမှ တရားရုံး၌ အမှုလိုက်သည်မှာ ပထမ နေ့ဖြစ်သည်။ လွန်ခဲ့သည့် ရက်သတ္တ နှစ်ပတ်ကစပြီး ကရောဖို့၏ ချိန်ဘာ၌ အလွန်အလုပ်များခဲ့ကြသည်။ လူတွေရော အမှုတွဲတွေရော အားလုံးသည် ကရောဖို့ အလိုကျအတိုင်းဖြစ်အောင် ရှိနေကြရပေသည်။

စာရေးကြီး ချားလ်စ်သည် ထိုနေ့ညနေတွင် မှောင်သည့်တိုင် သူ့ဆရာ ကရောဖို့၏အပြန်ကို စောင့်နေသည်။ ချားလ်စ်မှာ အသား ဖြူဖြူ၊ လူလုံးလူဖန်သေးသေး၊ ဝဝ၊ ဆံပင်ပွပွဖြစ်သည်။ ရုပ်ရေသန့်ပြန့်ပြီး အရောင်ရင့်ရင့်ဝတ်စုံကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည်။ စည်းထား သော လည်စည်းမှာ အချက်ပြ ဆက်သွယ်ရေး တပ်သားဟောင်းများ စည်းသော လည်စည်းဖြစ်သည်။ သူ၏ပုံပန်းမှာ ရိုးအအဟု ထင်ရမည် ဖြစ်သော်လည်း အလုပ်နှင့်ပတ်သက်၍မူကား သွက်လက်ဖျတ်လတ်မှု အပြည့်ရှိသည်။ သူ့ထံမှ အကြံဉာဏ်များ ရယူလိုသော ရှေ့နေများသည် အမြင့်ဆုံးနှုန်း မပေးဘဲ မရနိုင်ကြပေ။ သို့နှင့်ပင် သူ့ထံလာရောက် အကြံဉာဏ် တောင်းခံကြသည့် ရှေ့နေများ မပြတ်ရှိနေကြသည်မှာ သူ၏ အစွမ်းအစ မည်မျှရှိသည်ကို ပြပေသည်။ သဘောကောင်းသည်ဟု အပေါ်ယံအားဖြင့် ထင်ရသော်လည်း ချိန်ဘာကို နိုင်နိုင်နင်းနင်း အုပ်ချုပ်

နိုင်ပြီး တင်းတင်းမာမာ ဆက်ဆံရန်လိုအပ်က ဦးလေးတတ်သူမဟုတ်ပေ။ အမှန်တော့လည်း သူသည် ကရောဖို့ထံတွင် လုပ်သွားကြသော စာရေးကြီးများအနက် အတော်ဆုံးဖြစ်ပေသည်။

မျက်နှာတွင် တင်းတိတ်အပြည့်နှင့် ဘိတယ်ဆံပင်ပုံ ညှပ်ထားသော လူငယ်တစ်ဦးက ကရောဖို့၏ ရှေ့နေကိုင် လက်ဆွဲအိတ်အနီကြီးအား လှုပ်ရမ်းကစားလာပြီး တံခါးကို ခြေဖြင့်ကန်ဖွင့်လိုက်သည်ကြောင့် ချား(လ်)စ်က ခဲတံချွန်နေရာမှ မော့်ကြည့်လိုက်သည်။

"အို ဆောရီးဗျာ"

ထိုလူငယ်၏ပါးစပ်မှ စည်းမကျ ဝါးမကျ လေချွန်သံလည်း ရပ်သွားသည်။ ရမ်းနေသော လက်ဆွဲအိတ်ကြီးလည်း ငြိမ်သွားသည်။ ချားလ်စ်သည် တပ်ထားသော မျက်မှန်ထူထူပေါ်မှကျော်၍ ထိုလူငယ်အား ခပ်တည်တည်ကြည့်ပြီး မေးလိုက်သည်။

"မစ္စတာကရောဖို့ မင်းနဲ့အတူ ပြန်မလာဘူးလား ပါစီ"

"သူ တရားသူကြီးကို သွားတွေ့နေတယ်"

ချားလ်စ်၏ မျက်လုံးအရှိန်က မလျော့သေး၊ ပါစီကိုဆက်ပြီး ခပ်တင်းတင်း ကြည့်နေသည်။ ပါစီမှာ မနေတတ်တော့၊ စကားလုံးကို ပြင်၍ပြောရ၏။

"မစ္စတာကရောဖို့ဟာ တရားသူကြီးကို သွားတွေ့နေပါတယ် ဆရာ"

"ဒီလိုမှပေါ့ကွ၊ ယဉ်ကျေးသိမ်မွေ့ဖို့ ပိုက်ဆံတစ်ပြားမှ ပေးဖို့ မလိုဘူးဆိုတာ မှတ်ထား၊ ဒါပေမယ့် ဟောဒီ တင်ပယ်(လ်)ဆိုတဲ့ ရှေ့နေရုံးတွေ စုဝေးရာနေရာကြီးမှာ မယဉ်ကျေး မသိမ်မွေ့သမျှ ကာလ ပတ်လုံး မင်း ဘာလုပ်လုပ် အောင်မြင်မှုရမှာ မဟုတ်ဘူး၊ ရှေ့နေတွေ၊ အတိုင်ပင်ခံ စာရေးကြီးတွေကို မင်းတို့လို လူငယ်လေးတွေက ဆရာလို့ ခေါ်ရ ပြောရမယ်ဆိုတာ မှတ်ထားမှပေါ့"

"ဟုတ်ကဲ့ ဆရာ"





"ဒါထက် ဒီနေ့လို ပထမဦးဆုံး အမှုပြန်လိုက်တဲ့နေ့မှာ တို့ဆရာ မစ္စတာကရောဖို့ရဲ့ အခြေအနေ ဘယ်နှယ့်နေသလဲ၊ ဟန်ရဲ့လား"

"ဟန်ပါတယ် ဆရာ၊ သိပ်ဟန်တာပဲ၊ ဆရာ မြင်စေချင်တယ်၊ မစ္စတာကရောဖို့ရဲ့ လျှောက်လဲချက်ဟာ ဗုံးတစ်လုံး ဖောက်ခွဲလိုက် သလိုပဲဆရာ၊ ဆရာ မစ္စတာကရောဖို့ဟာ ဒီနေ့မှ အမှုပြန်လိုက်တာလို့ တောင် မထင်ရဘူး၊ အရင်ပုံအတိုင်းပါပဲ"

"ဟုတ်လားဟေ့၊ ဒီလိုဆို သိပ်ကောင်းတာပေါ့"

ပါစီလို လူငယ်ကလေးမျိုးမှာ ဆိုဆုံးမ၍ ခဏမျှသာရသည်။ ယခုလည်း အိတ်ကြီးကို ဘေးစားပွဲ၌ လှမ်းတင်လိုက်ပြီး ထိုင်ရင်းနှင့် ခြေထောက်ကို လှုပ်ရမ်းနေပြန်သည်။

"အရေးကြီးတဲ့ အမှုတစ်ခုအကြောင်း ပြောရဦးမယ်၊ ဆက်ကြေး ကောင်းတဲ့ အမှုလေ"

"တိုင်စင်နဲ့ အပေါင်းပါတို့ရဲ့အမှု မဟုတ်လား"

"ဟုတ်တာပေါ့၊ အဲဒီအမှုက မစ္စတာအော့(စ်)ဘွန်းရဲ့ရုံးကို ရောက်လာတယ်၊ ဆရာ သိတဲ့အတိုင်းပဲ၊ အော့)စ်)ဘွန်းကြီး အမိန့်ချတဲ့ အခါမှာ ပြောပုံကို ကျွန်တော် ပြောတဲ့ပုံ လုပ်ပြမယ် ဆရာ၊ 'ဂျူရီလူကြီးများ ခင်ဗျာ၊ ဒီအမှုမှာ သက်သေထွက်ချက် တစ်ပုံတစ်ခေါင်းကြီးကို လူကြီးမင်း တို့ ကြားရပြီးပါပြီ၊ အစိုးရရှေ့နေ တင်ပြတဲ့ သက်သေထွက်ချက်တွေကို လူကြီးမင်းတို့က လက်ခံမယ်ဆိုရင် တရားခံများဟာ အပြစ်ရှိတယ်လို့ ယူဆပါလိမ့်မယ်၊ ဒီလိုမဟုတ်ဘဲ တရားခံရှေ့နေတင်ပြတဲ့ သက်သေထွက် ချက်တွေကို လူကြီးမင်းတို့က လက်ခံမယ်ဆိုရင်တော့ တရားခံများဟာ အပြစ်မရှိဘူးလို့ ယူဆရပါလိမ့်မယ်၊ ကျွန်တော့်လိုပဲ ဘယ်သူ့ဘက်က ပြောတာကိုမှ မယုံဘူးဆိုရင်တော့ အမှန်ကို ဘုရားမှပဲ သိပါလိမ့်မည်။ အဲ... ယခု လူကြီးမင်းတို့ရဲ့ ဆုံးဖြတ်ချက်ကို ချပါတော့"

ပါစီက မစ္စတာ အော့(စ်)ဘွန်း၏ပုံအတိုင်း အမူအရာ လုပ်ပြရာ ချားလ်စ်က သဘောကျ၍ ရယ်လေသည်။

"ကဲ... ဆရာရေ၊ တာဝန်ကလေးရှိသေးတယ်၊ သွားလိုက်ဦးမယ်" ဟု ပြောပြောဆိုဆိုနှင့် ပါစီသည် တံခါးကိုဖွင့်၍ ထွက်လိုက်ရာ ရှီလာနှင့် ရင်ဆိုင်တွေ့လေသည်။

"အာ... မစ္စရှီလာပါလား၊ အစ်မ အရင်ဝင်ပါ"

ပါစီက ရှီလာအား ဦးညွှတ်လျက် ပြင်သစ်ဘာသာဖြင့် ခပ်ရွှတ်ရွှတ် ပြောလိုက်သည်။

"ကျေးဇူးပါပဲ ပါစီ"

"ကျွန်တော်က ကျေးဇူးတင်ရမှာပါဗျာ"

ပါစီက ထပ်၍ ဦးညွှတ်ပြီး ထွက်သွားသည်။

ရှီလာက သူ့စားပွဲဆီသို့ လျှောက်လာသည်။ ယနေ့ မွန်းလွဲပိုင်းတွင် တရားရုံးသို့သွားရန် မရှိသဖြင့် ရှီလာသည် ရိုးရိုးအဝတ်အစားများကို ဝတ်လာသည်။ ဆွယ်တာအဖြူရောင် ဝတ်ထားသဖြင့် ရင်သားမို့မို့ နှစ်ခုမှာ နှင်းဖြူဖြူကို လုံးထားသည့် အလုံးနှစ်လုံးကဲ့သို့ ထင်ရသည်။ ပါစီကို သဘောကျစွာ ငေးကြည့်ရာမှ ချားလ်စ်ဘက်သို့လှည့်၍ ပြောလိုက်သည်။

"ဘယ်လိုလဲ၊ ပါစီတစ်ယောက် ချက်ချင်းပဲ ယဉ်ကျေးသိမ်မွေ့လာပါလား၊ တန်တော့ ရှင့်လက်ချက်ပဲထင်တယ် ချားလ်စ်"

ချားလ်စ်သည် ရှီလာကို ခင်သည်။ အမှန်တော့ ရှီလာအား ဤချိန်ဘာတွင် လက်ခံအောင် ကရောဖို့ကို တိုက်တွန်းသူမှာ ချားလ်စ် ဖြစ်သည်။

"ဘာလုပ်ပေးရမလဲ ရှီလာ၊ မစ္စတာကရောဖို့တော့ တရားရုံးက ပြန်မရောက်သေးဘူး"

"သူ လာနေပါပြီ၊ ကျွန်မ ဝင်လာတုန်းက သူ့ကားလာနေတာ တွေ့ခဲ့ရတယ်"

ရှီလာက ချားလ်စ်သို့ လှမ်းပြောရင်း အနည်းငယ် တန့်သွားပြီးမှ ခပ်ပျော့ပျော့အသံဖြင့် ဆက်ပြောပြန်သည်။





"ဆရာဟာ ကောင်းကောင်း နေကောင်းသေးရဲ့လား မသိဘူး ချားလ်စ်ရယ်"

"ကောင်းတယ်လို့ မျှော်လင့်ရတာလဲ ရှီလာရယ်၊ ပါစီရဲ့ အပြောကတော့ ဒီနေ့လျှောက်လဲချက်ပေးတာ ဗုံးတစ်လုံး ဖောက်ခွဲလိုက်သလို ဆိုပါလား"

"အဲဒါကိုပေါ့၊ ကျွန်မ စိုးရိမ်တာ"

ရှီလာသည် လက်ထဲ၌ပါလာသည့် လက်နှိပ်စက်ရိုက်ထားသော စာရွက်နှင့် စာတစောင်ကို ကရောဖို့၏ စားပွဲပေါ်တွင် မြင်သာနေသော နေရာ၌ တင်သည်။ ပြီးနောက် ပြန်ရန် နောက်သို့ လှည့်ထွက်လာသည်။

"ကျွန်မ ဒါတွေကို သူ့စားပွဲပေါ်မှာထားခဲ့ပြီး အိမ်ပြန်တော့မယ်၊ အစ်နည်းနည်းနဲ့တော့ အဲဒီစာတွေနဲ့ ပတ်သက်ပြီး ကျွန်မကို ထောက်ဦးမှာပဲ"

"ဘာဖြစ်လို့ ထောက်ရမှာလဲ"

"လောင်းမလား"

ပြောရင်းနှင့်ပင် တံခါးဆီသို့ ဖြတ်လျှောက်လာရာ အပေါက်ဝတွင် ကရောဖို့နှင့် ရင်ဆိုင်တိုးနေသည်။

"ဟ... ရှီလာပါလား"

ကရောဖို့၏အသံမှာ နှုတ်ဆက်သံမဟုတ်၊ အသိအမှတ်ပြုသည့် သဘောကိုသာဆောင်သည်။ ဒါကို သူမက မကြိုက်လှ။

"ဂွတ်နိုက် မစ္စတာ ကရောဖို့"

"မသွားနဲ့ဦး၊ စကားပြောစရာရှိလို့"

ရှီလာ၏ အဖြေကိုပင်မစောင့်၊ သူ၏ဦးထုပ်နှင့် လက်ဆွဲအိတ်ကို ဘုလားထိုင်ပေါ်သို့ ပစ်တင်လိုက်ပြီး ချားလ်စ်ဘက်သို့ လှည့်ပြောသည်။

"ဟော့... ချားလ်စ်၊ ၁၈၆၁ ခုနှစ်ကနေ ၁၉၄၈ အထိ အချိန်အတွင်းက စတက်ကျူ ဥပဒေတွေ ရှာပေးစမ်းပါ"

"ကောင်းပါပြီ ဆရာ"

ချားလ်စ်က ထွက်သွားရန် ဟန်ပြင်လိုက်သည်။

ကရောဖို့က သူ၏ စားပွဲတွင်ထိုင်ပြီးမှ ချားလ်စ်သို့ ထပ်၍အော် ပြောပြန်သည်။

"ပြီးတော့ ဟော်(လ်) စာဘရီက မုဒိန်းမှုနဲ့ပတ်သက်ပြီး ဘယ်လို ယူဆတယ်ဆိုတာလဲ ရှာလိုက်ဟေ့"

"အခု ရပါစေ့မယ် ဆရာ"

မထွက်သွားမီ မျက်စိတစ်မှိတ်လောက် အချိန်ကလေးအတွင်း၌ ချားလ်စ်သည် ရှီလာအား ကြည့်လိုက်သည်။ သို့သော် ချားလ်စ်က ဘယ်လိုအဓိပ္ပာယ်ဖြင့် ကြည့်သွားသည်ကို သူ စဉ်းစား၍မရ။

ကရောဖို့က ရှီလာအား ထိုင်ခိုင်းသည်။ ထို့ကြောင့် ရှီလာလည်း ကရောဖို့၏ စားပွဲရှေ့ရှိ ကုလားထိုင်တွင် လာ၍ထိုင်သည်။

သူ့အား ထိုင်ခိုင်းထားသော်လည်း ယခုထက်တိုင် ဘာမှမမေးသေး၊ ကရောဖို့၏ မျက်နှာမှာ ခပ်မှိုင်းမှိုင်း၊ အတော်ကလေးကြာသော် ရှီလာ သည် စိတ်အနည်းငယ် တိုလာသည်။ ထို့ကြောင့် ကုလားထိုင် လက်တံအား လက်ချောင်းကလေးများဖြင့် တတောက်တောက်ခေါက်ရင်း သူ စိတ်မရှည်ဖြစ်နေကြောင်းကိုပြသည်။ ဒါပေမယ့် မှိုင်းမှုန်နေသော မျက်နှာကြီးက ဘယ်လိုမှ ပြောင်းလဲပုံမပြ။ ဤကဲ့သို့ ကရောဖို့က ဘာမှမပြော၊ ဂရုမစိုက်သလို နေလေလေ၊ ရှီလာအဖို့ စိတ်အနှောက်အယှက် ဖြစ်ရလေလေပင်။

သူသည် စောစောက ရှီလာထားခဲ့သော စာရွက်များကို ကောက်ယူ၍ ရှီလာဘက်သို့ လှည့်ပြောသည်။

"ဒါ မင်းရဲ့ ယူဆချက်တွေလား"

"ဟုတ်ပါတယ်၊ ဆရာခိုင်းလို့ ကျွန်မ ရေးထားတဲ့ ကျွန်မ ယူဆ ချက်ရယ်၊ နောက်တစ်ခုကတော့ ဆရာ့နာမည်နဲ့လာတဲ့ ကိုယ်ရေးစာတ စောင်ပါ၊ မှတ်ပုံတင်စာမို့လို့ ကျွန်မလဲ လက်မှတ်ထိုးပြီး ယူထားလိုက် ရပါတယ်"





"အင်း"

သူသည် စာအိတ်ကို ခဏသာကြည့်ပြီး ဘေးဖယ်ထားလိုက်သည်။ ထို့နောက် ရှီလာ၏ ယူဆချက်စာတမ်းကို ဖတ်သည်။ ဖတ်ရင်းနှင့် ဟိုနေရာ ဒီနေရာများတွင် မင်နီဖြင့် ပုဒ်ထီးကလေးကို ဖျက်လိုက်၊ ပုဒ်မကလေးကိုထည့်လိုက်နှင့် လုပ်နေသည်။

"ဒါထက် ရှီလာ၊ အရင်အပတ်တုန်းက ရှောဆိုတဲ့ မိန်းမတစ် ယောက်အတွက် ဆင်းရဲသော တရားခံများအား အကာအကွယ်ပေးသော ၃၀ဒေအရ အမှုလိုက်ပေးခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီအမှုအတွက် ပထမလိုက်ရတဲ့ ရှေ့နေခ ဆယ့်နှစ်ဂီနီရပြီး နောက်ထပ် နှစ်ကြိမ်ထပ်လိုက်ရတဲ့အတွက် တစ်ကြိမ်ကို ဆယ့်နှစ်ဂီနီစီ ရတယ်နော်"

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့လဲ"

"အဲ့ဒီအမှုက သိပ်လွယ်တဲ့အမှု မဟုတ်ပါဘူး"

"ဟုတ်ပြီ"

ပြောနေရာမှ ကရောဖို့သည် ဖတ်လက်စစာတမ်းကို ဟိုပြင်ဒီပြင် လှုပ်နေပြန်သည်။ ဖောင်တိန်နှစ်သွားက စာရွက်ပေါ်၌ တဂျစ်ဂျစ်မြည်တိုင်း ရှီလာ၏ သွားများမှာ ကျိန်းရသည်။ ရှီလာက ကရောဖို့နှင့် မြန်မြန်ကိစ္စ ပြတ်သွားချင်နေသည်။ ကြာကြာမစောင့်ရပါ၊ ကရောဖို့က ဆက်ပြောပြန် သည်။

"ဘယ်လိုအကြောင်းကြောင့် မင်းကို ဒီအမှုအတွက် ရှေ့နေအဖြစ် ဖြစ်ရသလဲဆိုတာ စဉ်းစားမိရဲ့လား"

ထိုမေးခွန်းမျိုးကို ရှီလာက လုံးဝမမျှော်လင့်ခဲ့ပေ။ ဒါကြောင့် ဆိုခဲ့ရာ အဆင်သင့်မဖြစ်၊ ဖြေရန်စကားလုံး ရှာမတွေ့ဘဲ အိုတိုးအတ ဖြစ်နေသည်။

"မစဉ်းစာမိပါဘူး၊ ကျွန်မ ယူဆတာက ..."

"အေး... မစဉ်းစားမိရင် ငါ ပြောမယ်"

သူ၏အသံမှာ ပြတ်သားလှသည်မို့ ခွဲစိတ်ဆရာဝန်၏ ဓားသွားထက်ထက်ဖြင့် ခွဲချလိုက်သည့်နှယ် ရှီလာ၏ စိတ်ဓာတ်ကို အကြီးအကျယ် ကျသွားစေပါသည်။

"မင်း လိုက်တဲ့အမှုကို စာရေးကြီးချားလ်စ်က တို့ ချိန်ဘာအတွက် လက်ခံခဲ့တာပဲ၊ အဲဒီတုန်းကတော့ မစ္စတာပိန်တာနဲ့ မစ္စတာဘွန်းတို့ နှစ်ဦးလုံး မလိုက်နိုင်ကြဘူးဆိုတာ မသိသေးဘူး၊ သူတို့နှစ်ဦးလုံး မလိုက်နိုင်တော့ဘူးဆိုတော့ သေချာတဲ့အခါမှာ ချားလ်စ်က ဒီအမှုဟာ မင်းတို့လောက်သာ အတွေ့အကြုံရှိသေးတဲ့ ရှေ့နေကလေးတွေမျိုး လိုက်လောက်အောင် လွယ်လွယ်ရှင်းရှင်း အမှုမျိုးဖြစ်တယ်လို့ ဆုံးဖြတ်ပြီး မင်းကို အပ်ခဲ့တာပဲ၊ သူ့ဆုံးဖြတ်ချက် မှားတယ်မှန်တယ်တော့ မသိဘူးပေါ့ကွာ"

"ကျွန်မ ရင်ဆိုင်ခဲ့ရတာက ဘဏ္ဍာရေးဝန်ကြီး ဌာနက အမှုလိုက်ရှေ့နေဖြစ်နေပါတယ်၊ သူရတဲ့ ရှေ့နေခဟာ ဂိနီသုံးဆယ်ပါ"

"ဟင်... ဟုတ်လား၊ မင်း ဘယ့်နှယ်လုပ်သိသလဲ"

"သူ့ကို ကျွန်မ မေးကြည့်ပါတယ်"

ရှီလာ၏အသံမှာ အာခံသည့်သဏ္ဌာန် ပေါက်နေသည်။ သို့သော် သူ လုပ်ပုံကိုင်ပုံ မှားခဲ့သည်ကိုတော့ သူကိုယ်တိုင် သိနေပေသည်။ ဒီလို အပြောခံရအောင် မှားခဲ့မိသည့်အတွက်လည်း ကိုယ့်ကိုယ်ကို အပြစ်တင်မိသည်။

ကရောဖို့က ဆက်ပြောပြန်သည်။

"ရှီလာ... ဆရာဟာ ဒီချိန်ဘာရဲ့ အကြီးအကဲတစ်ဦးဖြစ်တယ်၊ ဒီချိန်ဘာရဲ့ အဖွဲ့ဝင်တစ်ဦးဦးရဲ့ မဆင်မခြင် လုပ်လိုက်ပုံဟာ ချိန်ဘာအပေါ်မှာသာ ထိခိုက်တာမဟုတ်ဘူး၊ ဆရာ့အပေါ်မှာလဲ ထိခိုက်တယ်"

"ကျွန်မ သဘောပေါက်ပါတယ် ဆရာ၊ ဒါပေမယ့်..."





"ရှေ့နေခ ဘယ်လောက်ရရမယ်ဆိုပြီး လိုက်လံစုံစမ်းနေဖို့ဟာ အမှုလိုက်တဲ့ ရှေ့နေရဲ့ တာဝန်ထဲမှာ မပါဘူး၊ လုံးဝမလုပ်သင့်တာက ကိုယ်ရတဲ့ ရှေ့နေခနဲ့ သူတို့ရတဲ့ ရှေ့နေခကို နှိုင်းယှဉ်ကြည့်ဖို့ တခြားချိန်ဘာတွေက ရှေ့နေတွေကို လိုက်ပြီးစုံစမ်းခြင်းပဲ"

"ကျွန်မ ဒီတစ်ကြိမ်မှာ လုပ်ခဲ့မိတာ အကြောင်းရှိလို့ပါ၊ အကြောင်းက"

"ဆရာ မင်းရဲ့အကြောင်းပြချက်ကို မလိုချင်ပါဘူး"

ဒီတစ်ကြိမ်တွင် စောစောကထက်ပို၍ ထိထိမိမိ ခံစားလိုက်ရသည်။ ခွဲသည့်ဓားက ပို၍နက်စွာ ဝင်သွားသကဲ့သို့ပင်။

"မင်းဟာ လိုက်နာစောင့်စည်းအပ်တဲ့ ထုံးတမ်းစဉ်လာကို ဖောက်ဖျက်ခဲ့ပြီးပြီ၊ ဒါကို ငါ့ချိန်ဘာရဲ့ အဖွဲ့သားတစ်ဦးအဖြစ်နဲ့ မင်းကို သည်းမခံနိုင်ဘူး၊ ဒီချိန်ဘာမှာ ဆက်ပြီးတော့ လုပ်နေချင်သေးတယ်ဆိုရင် ဒီလိုအဖြစ်မျိုး နောက်ကို မဖြစ်ဖို့ဘဲ၊ ရှင်းပြီလား"

"ရှင်းပါပြီ ဆရာ"

ရှီလာ၏ မျက်နှာမှာ သွေးမရှိဘဲ ဖြူရော်ရော် ဖြစ်နေ၏။

"ကောင်းပါပြီ၊ ဒါပါပဲ"

ရှီလာက ထိုင်ရာမှထပြီး တံခါးဆီသို့ ထအသွား၊ ကရောဖို့က တစ်ဖန် ခေါ်လိုက်ပြန်သည်။ တမင်တကာ စိတ်ကိုဆွသည့်နှယ်ပင်။

"ခဏနေဦး၊ မင်း ဒါကို ပြန်ယူသွားနိုင်ပါပြီ"

သူက ရှီလာ ရေးပေးထားသော အနီရောင် အဝိုင်းများဖြင့် ပြည့်နေသည့် ယူဆချက်စာတမ်းကို လှမ်းပေးသည်။ လှမ်းပေးသည်ကို သူမက စားပွဲဆီသို့လာ၍ ယူသည်။ သူမကို အလွယ်တကူနှင့် စိတ်ဆိုးအောင်လုပ်၍ မရနိုင်ပေ။ သူမ မျက်လုံးများတွင် မျက်ရည်ထွက်မနေပါ။ လှမ်းယူသော လက်မှာလည်း တုန်မနေပါ။ အမှန်တော့လည်း လေးနှစ်ကြာမျှ ကရောဖို့၏ လက်ထောက်ရှေ့နေအဖြစ် လုပ်လာခဲ့ရသည်မို့ ခံနိုင်ရည်ရှိနေပြီ ဖြစ်ပါသည်။

"ဘာများမှားသေးလဲ ဆရာ"

"မမှားပါဘူး၊ သိပ်ကောင်းပါတယ်၊ လက်နှိပ်စက်ရိုက်ပြီး ပို့လိုက်နိုင်ပါပြီ"

"ကျေးဇူးပါပဲ ဆရာရယ်"

"ဝွတ်နိုက် ရှီလာ"

ရှီလာမှာ ခဏမျှတွေနေပြီးမှ ခေါင်းညိတ်ရုံမျှသာ ညိတ်ပြီး စကားတစ်ခွန်းမျှမပြောဘဲ အခန်းထဲမှ ထွက်သွားသည်။

ကရောဖို့က ရှီလာ ထွက်သွားသည်ကို ခဏမျှ ငေးကြည့်နေပြီး ကောင်မလေးအပေါ် သူ ဆက်ဆံပုံမှာ မာကျောလွန်းနေသလားဟု စဉ်းစားမိသည်။ ပြန်ခေါ်ပြီး ချော့ရရင် ကောင်းမလား၊ အို... ပြောသင့်တာကို ပြောလိုက်တာပဲ၊ ဒီခွေးကောင်မလေးကလဲ လုပ်ပုံက ပြောစရာဖြစ်နေတာကို၊ ခံရပါစေ ။ဒါမှ နောင်ကို သိလာလိမ့်မယ်။

ဤကား ကရောဖို့၏ အတွေးလုံးများဖြစ်၏။

ထိုသို့ မနည်းကြီး ကြိုးစား၍ သူ၏အာရုံမှ ရှီလာကို ဖျောက်၍ ရှီလာ ပေးခဲ့သော မှတ်ပုံတင်စာကို ကောက်ယူလိုက်သည်။

စာအိတ်ပေါ်တွင် အနီရောင်စာလုံးဖြင့် လိပ်စာကို လက်နှိပ်စက်ဖြင့် ရိုက်ထားသည်။

"ဆိုင်မွန်ကရောဖို့၊ အက်(စ်)ကွိုင်းယား၊ ကျူစီ၊ ဘော့စဝဲချိန်ဘာ"

ကိုယ်ရေးကိုယ်တာ အတွင်းရေးကိစ္စဟူသော စာလုံးများကို စာလုံးကြီးဖြင့် ရိုက်ထားပြီး အောက်မှ မျဉ်းနှစ်ကြောင်းဖြင့် တားထားသည်။ စာအိတ်ထောင့်တွင် မှတ်ပုံတင်စာဟူသော စာရွက်ကလေးကိုလည်း ကပ်ထားသည်။

သူက စာအိတ်ကိုဖွင့်၍ အတွင်းမှ တစ်ရွက်တည်းသာရှိသော စာရွက်ကို ထုတ်ယူသည်။ ထိုစာရွက်ကို တွေ့လိုက်ရသည်နှင့် သူ့မျက်လုံးများမှာ စာရွက်ကိုသာ စူးစိုက်ကြည့်နေမိသည်။ ကြည့်နေရင်းက ချားလ်စ်ကိုခေါ်သည်။





"ချားလ်စ်"

ချားလ်စ် မရောက်လာသေးမီ တယ်လီဖုန်းလာသဖြင့် စိတ်မပါဘဲ ကောက်ကိုင်ရသည်။

"ကရောဖို့ပါ... ဟုတ်ပါတယ်၊ ဟဲလို... ဟာမစ်လား"

ချက်ချင်းပင် ကရောဖို့၏ အမူအရာမှာ ပြောင်းသွားပြန်သည်။ စောစောက မျက်လုံးမခွာဘဲ ကြည့်နေသည့် စာမှာ ယခုတော့ အရေးမကြီးပြန်တော့ပေ။ တယ်လီဖုန်းကိုသာ စိတ်ဝင်စားမှုအပြည့်ဖြင့် ပြောနေပြန်သည်။

"ဒီနေ့ နေ့လယ်တုန်းက ခင်ဗျား ဘယ်ရောက်နေသလဲဗျ၊ ဒီမှာ ကောင်မလေးက ကျွန်တော့်ကို ဒုက္ခပေးပြီ၊ 'ဘာမှမမှတ်မိဘူး'လို့ ပြောနေတယ်၊ သူ့ကို ပြောကြည့်ပါဦး"

အခန်းတံခါး ပွင့်လာပြီး ချားလ်စ် ဝင်လာသည်။

"ကျွန်တော့်ကို ခေါ်သလား ဆရာ"

ကရောဖို့က တယ်လီဖုန်း စကားပြောခွက်ကို လက်ဖဝါးဖြင့် ပိတ်လိုက်သည်။

"အေး... ဒါပေမယ့် နောက်မှလာတော့ကွာ"

"ကောင်းပါပြီဆရာ"

ချားလ်စ် ပြန်ထွက်သွားသည်။

ကရောဖို့က တယ်လီဖုန်း စကားပြောခွက်မှ လက်ဝါးကို ခွာလိုက်ပြီး ဆက်ပြောပြန်သည်။

"ဒီမှာ ဟာမစ်၊ မှတ်မိမှဖြစ်မယ်ဗျ၊ ဗိုက်က ခေါက်လရှိနေပြီ၊ ကိုယ့်ဘာသာ အိပ်ရာထဲအိပ်နေရင်း ဗိုက်ကြီးလာတာ မဟုတ်ဘူး"

ပြောရင်းနှင့် စောစောက ဖတ်နေသောစာကို စာအိတ်နှင့်အတူ အံဆွဲထဲသို့ထည့်၍ သူ၏ခါးမှ သော့တွဲမှ သော့တစ်ချောင်းနှင့် ခတ်ထားလိုက်သည်။

"အေး ကောင်းပြီဗျာ၊ နက်ဖြန်ခါ ကောင်မလေးကို ခေါ်လာခဲ့၊ ပြောရမယ့်အချက်ကို ကျွန်တော် ရှင်းပြမယ်"

*

ကရောဖို့၏ စားပွဲစွန်းရှိ ထရန်စစ်စတာ ရေဒီယိုမှ ဘောလုံးပွဲသတင်းကို လွှင့်နေသည်။ ကရောဖို့က စားပွဲပေါ်မှကုန်း၍ ရေဒီယိုကို ပိတ်လိုက်သည်။ (၁၁) နာရီခွဲပင် ရှိပေပြီ။ သူထင်တာထက် အချိန်နောက်ကျနေသည်။ မတ်တတ်ရပ်ပြီး မျက်လုံးများကို ပွတ်လိုက်သည်။

သူ၏ စားပွဲပေါ်တွင် ဥပဒေစာအုပ်များဖြင့် ပြန့်ကြဲနေ၏။ မနေ့က ချိန်းထားသည့်အတိုင်း ကောင်မလေး လာတွေ့သည်။ သူနှင့် ကောင်မလေး၏အဖတို့ နှစ်ဦးညှပ်၍ ကောင်မလေးကို နားချကြသဖြင့် ကောင်မလေး၏ သဘောတူညီချက်ကိုတော့ ရပေပြီ။ သူ သင်ပေးထားသည့်အတိုင်းသာ တရားသူကြီးရှေ့မှာထွက်ရင် သူတို့ဘက်က နိုင်နိုင်ပေသည်။

တစ်ချက် သမ်းဝေလိုက်ပြီး စာရွက်စာတမ်းများကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ရှင်းသည်။ ထို့နောက် ဆက်၍မရှင်းတော့ဘဲ ကလေးမကလေး၏ ထွက်ချက်ကို အံဆွဲထဲ၌ သော့ခတ်၍ထည့်ရန် အံ့ဆွဲကိုဖွင့်သည်။

အံဆွဲထဲမှာ မနေ့ကစာပါလား။ မေ့တောင်နေသည်။ စာကို ကောက်ယူ၍ ခေါက်ကာ အင်္ကျီအိတ်ထဲ ထည့်လိုက်သည်။

ပြန်တော့မည်ဟု အလှည့်လိုက် သမီးဖြစ်သူ ဂျူဝါနာ ဓာတ်ပုံနှင့် မျက်နှာချင်းဆိုင်မိပြန်တော့ ရုတ်တရက် မျက်လုံးက ခွာမရ၊ ပူဆွေးစိတ်က ပြန်ဝင်လာသည်။

မနည်းအားတင်းပြီး ထွက်လာရ၏။

သူ ထွက်လာသည်ကို ဘယ်သူမှ မမြင်လိုက်ကြ။

*





ယခုလို ညဥ့်နက်အချိန်မျိုးတွင် ဂေါ်ဒွန်မြူး(စ်)သည် ပိန်းပိတ်လုနီးနီး မှောင်နေပေသည်။ ဂေါ်ဒွန်လမ်းပေါ်ရှိ လမ်းမီးများမှာ အခုလို ညဥ့်နက်ချိန်တွင် မြို့ကောင်စီ၏ ချွေတာရေး အစီအစဉ်ကြောင့် တစ်တိုင်ခြားသာ လင်းသည်။ ထို့ကြောင့် ဂေါ်ဒွန်မြူး(စ်)၏ မုခ်ပေါက်တည့်တည့်ရှိ ဓာတ်တိုင်မှာ မီးမလင်းသော ဓာတ်တိုင်ဖြစ်နေပေသည်။ ဗိုလ်မှူးဟောင်းမော့(တ်)လင်း အိမ်ရှေ့ခန်း မီးရောင်မှ ဖြာထွက်လာသည့် အလင်းအားသည် အိမ်ရှေ့လှေကားထစ်ပေါ်သို့ ရေးရေးမျှသာ ကျနေသည်။ ရှေ့သို့တိုး၍ နှကား လမ်းမပေါ်ရှိ ကျောက်ခဲလုံးများကို မှုန်တီမှုန်မွှားသာ မြင်နိုင်စေပေသည်။ ဤမျှလောက်သော အလင်းအားမှာ ပတ်ဝန်းကျင်၏ အမှောင်ကို ပို၍ပင် နက်ရှိုင်းစေသည်။

ဂေါ်ဒွန်လမ်းမှ ဂေါ်ဒွန်မြူး(စ်)ထဲသို့ လူတစ်ယောက် ဝင်လာသည်ကို တွေ့ရသည်။ ထိုသူသည် ပတ်ဝန်းကျင်ကို အကဲခတ် လှေ့လာကြည့်ရှုပြီး စိတ်ချရတော့မှ တရားသူကြီး မစ္စတာဂရယ်ဂေါရီ၏ အိမ်ရှေ့လှေကားသို့ တက်သွားသည်။ ထို့နောက် သော့ချင်းထိသံ၊ တံခါးမျောက်လက်ဖြုတ်သံ၊ တံခါးကို ဖြည်းဖြည်းတွန်းဖွင့်သံတို့ကို ဆက်တိုက်ကြားရသည်။

ဝင်လာသူမှာ ယောကျ်ားလား၊ မိန်းမလား ခွဲခြား၍မရ။ သူသည် ခေတ္တမျှ စောင့်နေပြီး လျှပ်စစ်ဘဲလ်ကို နှိပ်သည်။ ဘဲလ်သံက ခပ်အက်အက်မြည်သည်။ တစ်ဖန် ထပ်၍နှိပ်ပြန်သည်။

အပေါ်ထပ် လှေကားထိပ်အခန်းမှ မီးလင်းလာသည်ကို တွေ့ရသည်။ ဝင်လာသူက အိမ်ရှေ့တံခါးကိုဖွင့်၍ အထဲသို့ဝင်သည်။ ထို့နောက် တံခါးကို ဖြည်းဖြည်းသက်သာ ပြန်ပိတ်ပြီး ပုန်း၍ကောင်းမည့် စာကြည့်ခန်းထဲသို့ ဝင်သွားသည်။

မစ္စတာ ဂရယ်ဂေါရီက အပေါ်ထပ်မှ အောက်သို့ လှေကားကို ရှမ်းတိုက်၍ ဆင်းလာသည်။ သူသည် အတော်ပင် အိုပြီဖြစ်သည်။ ညဝတ်အင်္ကျီကြီးက သူ၏ ကိုယ်ပေါ်တွင် ဖားဖားကြီးဖြစ်နေသည်။ မျက်လုံးများကလည်း အိပ်ချင်မူးတူး ဖြစ်နေသေးကြောင်း သက်သေပြ

နေသည်။ သွားတုတ္တေ တပ်မလာမိခဲ့၍ သွားဖုံးသာ ပါးစပ်ထဲမှ ပေါ်နေသည်။

မစ္စတာ ဂရယ်ဂေါ်ရီက အိမ်ရှေ့တံခါးကိုဖွင့်ကာ ခေါင်းပြူကြည့်ပြီး ခပ်ဆတ်ဆတ် အော်လိုက်သည်။

"ဘယ်သူလဲဟေ့"

ထူးသံမကြားရ။ ထို့ကြောင့် တံခါးကို ပြန်ပိတ်ကာ ရေရွတ်ရင်း အိမ်ထဲသို့ ပြန်ဝင်လာသည်။ ထိုအခိုက် စာကြည့်ခန်းထဲမှမီးက ဖျတ်ကနဲ လင်းလာသည်။ တံခါးမှာလည်း တစ်ဝက်ခန့် ပွင့်နေ၍ အလင်းရောင်က ထိုတံခါးပေါက်မှ အပြင်သို့ ထွက်နေသည်ကို မြင်ရ၏။

ဘယ်သူများပါလိမ့်၊ ဂရယ်ဂေါ်ရီက အံ့သြစွာဖြင့် ရပ်နေမိသည်။ ဘာသံမှလည်း မကြားရ။

"အလို မင်း ဒီမှာ ဘာလာလုပ်နေသလဲ"

အခန်းတွင်းမှ မီးအလင်းရောင်ကြောင့် သူ့မျက်နှာပေါ်ရှိ ဇရာအို၏ အလှအား ကောင်းကောင်းတွေ့နိုင်ပေသည်။ ရပ်နေရာမှ အခန်းတွင်းသို့ ဝင်လိုက်သည်။

ထို့နောက် စာကြည့်ခန်းအတွင်းမှ အံ့သြ၍ အော်လိုက်သံ၊ နာကျင်သဖြင့် ညည်းသံ၊ သေခါနီး ချွဲလျှောက်သံ၊ လူ့ခန္ဓာကိုယ်ကြီး လဲကျသွားသံတို့ ဆက်တိုက်ပေါ်ထွက်လာသည်။

စာကြည့်ခန်းတွင်းမှ မီးလုံးကြီးလည်း မှိတ်သွားပေပြီ။

*



# အခန်း(၅)

ဗိုလ်မှူးဟောင်းမေ့(တ်)လင်းသည် ညတိုင်း သူ၏ခွေးနှင့်အတူ လမ်းလျှောက်နေကျအတိုင်း လမ်းလျှောက်ထွက်လာသည်။ ယခုလည်း လေရင်ဒွန်လမ်းနှင့် ဂေါ်ဒွန်လမ်းထောင့်သို့ ဘူ(လ်)ဒိုဇာ မောင်းလာသလို ရှုံ့ရှုံ့ရှုံဖြင့် ကွေ့ဝင်လိုက်သည်။ အပေါက်တစ်ခုကို ဘာနဲ့ပိတ်ပိတ် ဘာပဲဟူသော တပ်တွင်လိုက်နာသောမူအတိုင်း ယခုလည်း သူ့မှာ ဏ်ပညာဘက်က မဖွံ့ဖြိုးနိုင်တော့လျှင် ခန္ဓာကိုယ်ဖွံ့ဖြိုးအောင်တော့ စံသည့်နည်းနှင့် လုပ်မည်ဟူသောမူဖြင့် ညစဉ် ဖွဲနဘဲကြီးစွာ လမ်းလျှောက် ကျင့်ခန်းယူနေခြင်းဖြစ်သည်။ ယနေ့ညတွင်ကား ခါတိုင်းညတွေထက် အထွက်နောက်ကျခဲ့သည်။ သူသည် အမှောင်ထု ပိတ်ဖုံးနေသော ဒွန်မြူး(စ်)ဝင်ပေါက်သို့ ချိုးဝင်လာပြီး သူ၏အိမ်ရှေ့လှေကားထစ်အထိ ရှိန်မလျှော့ဘဲ ခပ်ပြင်းပြင်း လျှောက်လာခဲ့သည်။ ထိုနောက် အိမ်ထဲသို့ င်မီ ဂေါ်ဒွန်မြူး(စ်)ကို အသွားအပြန် ခြောက်ခေါက် ခပ်ဖြည်းဖြည်း ပြေးလိုက်သေးသည်။

အိမ်ထဲသို့ ရောက်သောအခါ ခြေထောက်များကို သေချာစွာ န်သုတ်ရင်း တိုင်ကပ်နာရီသို့ ကြည့်လိုက်ရာ ၁၂ နာရီ ၄၅ မိနစ်ရှိနေ ကြောင်း တွေ့လိုက်ရသည်။ ဒီအချိန်နဲ့ အိမ်ပြန်ရောက်လာတာ သိပ်မဆိုးလှ တွေးမိ၏။ ရေနွေးစပ်ပြီး ရေချိုးစည်ပိုင်းထဲမှာ ခိမ်ကလေးနဲ့

ချိုးပြီးရင်း တစ်နာရီလောက်မှာ အိပ်ရာဝင်နိုင်မှာပဲဟု ဆက်တွေးနေရင်း သူ၏ ခွေးက အိမ်ထဲဝင်မလာသေးသဖြင့် အပြင်သို့ထွက်၍ လေချွန်ခေါ်ရပြန်သည်။

"ဘင်း... လာ လာ၊ ဟာ... ဒီကောင် ဘာဖြစ်နေသလဲမသိဘူး တအီအီနဲ့"

မေ့(တ်)လင်းက လေချွန်ရပ်ပြီး စကားဖြင့် ခေါ်လိုက်သံကြောင့် ခွေးကလေးဘင်းသည် တအီအီလုပ်နေရာမှ သူ့ကို စေ့စေ့ကြည့်ပြီး တဝုတ်ဝုတ်ဖြင့် ဟောင်သည်။ ဘာလို့ ဒါလောက်တောင် ဟောင်နေရသလဲ၊ ခပ်ဆန်းဆန်းဘဲဟု တွေးမိသည်။ ထို့ပြင် ခွေး၏ မျက်လုံးများမှာ ကရောဖို့ အိမ်လှေကားဘက်ဆီသို့လည်း လှည့်၍ကြည့်နေပြန်သေးသည်။

ကြာကြာ တွေးမနေနိုင်၊ အချိန်မတော်ကြီးမှာ သူ့ခွေးက တဝုတ်ဝုတ် ဟောင်နေသည်ကြောင့် မြည်တွန်တောက်တီးရင်း ခွေးဆီရောက်အောင် သွားရတော့သည်။

"ဘင်းတိတ်စမ်းကွာ၊ ဒီကိုလာခဲ့၊ ဘာတွေ့လို့ ဒီလောက်ဟောင်နေရတာလဲ"

ပြောရင်းနှင့် လျှောက်လာရာ ကရောဖို့၏ လဲနေသော ကိုယ်ကြီးကို ခလုတ်တိုက်မိတော့မှပင် ကရောဖို့ကို တွေ့မိတော့သည်။

ကရောဖို့မှာ အိမ်နံရံကိုကပ်လျက် တစောင်းလဲနေသည်။ သူ၏ ဦးခေါင်းမှာ ကြိုးပြတ်သည့် ရုပ်သေးရုပ်ကဲ့သို့ ရှေ့သို့ ငိုက်စိုက်ကျရာက ဟိုဘက်ဒီဘက် လိမ့်နေသည်။ သူ၏ နောက်စေ့တွင် ဘဲဥလောက်ရှိသည့် အဖုကြီးတစ်ခု ဖြစ်နေပြီး ထိုအဖုကြီးမှ သွေးများ တစိမ့်စိမ့်ထွက်နေသည်။ ဒဏ်ရာဘေးမှ သွေးများမှာ ခဲနေပြီး ဘေးရှိဆံပင်များမှာ သွေးဖြင့် မာတောင့်ကာ ဆူးကဲ့သို့ ထောင်နေသည်။ ဒါကြောင့် ထိုနေရာတွင် လဲနေသည်မှာ အတော်ကြာပြီဟု ယူဆရပေသည်။

ဤသို့သော ကိစ္စများတွင် မေ့(တ်)လင်းအဖို့ အကျင့်ရပြီးသားဖြစ်၍ လိုအပ်သည်များကို ချက်ချင်းလုပ်သည်။ သွေးတိုးနှုန်းကို စမ်းကြည့်ရာ သွေးမှန်မှန် တိုးနေသည်ကို တွေ့ရသည်။ အသက်ရှူသည်မှာလည်း





မှန်ပင်။ ထို့ကြောင့် ကရောဖို့၏ ကိုယ်ကြီးကို သူ၏ပခုံးပေါ်တွင်ထမ်း၍ သူ၏ အိမ်ထဲသို့ ရွှေ့လာခဲ့သည်။

မေ့(တ်)လင်း၏ ဧည့်ခန်းတွင် အလှထားသော ပစ္စည်းများမှာ အခန်းနှင့်စာသော် များလွန်းလှသည်။ ဆုရသော ဒိုင်းများ၊ ဖလားများရှိသလို အမဲပစ်ထွက်၍ ရလာသော ကျားရေ၊ ကျားသစ်ခေါင်း စသည်တို့လည်းရှိသည်။ နံရံတွင် ကပ်ထားသော ဓားများ၊ လှံများ၊ ပစ္စတိုများလည်း ရှိသည်။ အာရပ်ပုံစံ သားရေထိုင်ခုံမှာ တံခါးအနီးရှိ နံရံတွင်ကပ်ထားသည်။ ကရောဖို့၏ ကိုယ်ကြီးအား ထိုထိုင်ခုံပေါ်တွင် မှောက်လျက်ချလိုက်သည်။ အသက်ရှူ၍လွယ်ရန် ခေါင်းကို ဘေးသို့စောင်းထားသည်။ ထို့နောက် ဒဏ်ရာကို ဆေးကြောသုတ်သင်ပေးသည်။ ဒဏ်ရာမှာ သိပ်ကြီးလှပုံမရပေ။ သွေးတိတ်သွားပြီးဖြစ်သည်။ ယောင်နေသည့် အဖုကြီးက ဘဲဥလောက်ရှိနေသည်ကလွဲ၍ ကြီးကြီးကျယ်ကျယ် မဟုတ်လှ။ ထို့ကြောင့် သူသည် ရှေးဦးလူနာပြုနည်းအတိုင်း ဆေးထည့်ပေးသည်။ သို့သော် ဦးခွံ အက်မအက်တော့ မသေချာသေး။

မေ့(တ်)လင်းက အရက်တစ်ခွက် ငှဲ့၍သောက်ရင်း ဘာဆက်လုပ်ရမလဲ စဉ်းစားနေသည်။ ဦးခွံမှာရတဲ့ ဒဏ်ရာမျိုးဟာ မပြောနိုင်ဘူးလေ။ ဆရာဝန်ခေါ်တာ ကောင်းမယ်ထင်တယ်ဟု စဉ်းစား၍ရသဖြင့် တယ်လီဖုန်းရှိရာသို့သွားပြီး ဖုန်းဆက်သည်။

တူ... တူ... တူ... အသံမှာ ၂၉ ကြိမ် ပြည့်ပြီးမှ သူ၏ ဆရာဝန်မှာ ခရီးထွက်နေကြောင်း အဖြေရသည်။ ဖြေသူကပင် အရေးပေါ်ကိစ္စရှိပါက ဒေါက်တာ မက်ကင်းတော့(ရှ)နှင့် ဆက်သွယ်နိုင်ကြောင်း ပြောသည်။ သူကလည်း ထိုဒေါက်တာ မက်ကင်းတော့(ရှ)ကို မသိ။ ထို့ကြောင့် စိတ်တိုတိုနှင့် တယ်လီဖုန်းကိုချပြီး တယ်လီဖုန်း လမ်းညွှန်စာအုပ်ကို လှန်၍ စိန်ဂျော့ဆေးရုံ၏ ဖုန်းနံပါတ်ကို ရှာရပြန်သည်။

စိန်ဂျော့ဆေးရုံ၏ ဖုန်းနံပါတ်ကို ရှာတွေ့သည့်အချိန်၌ ကရောဖို့မှာ ထထိုင်ပြီး သူ့ဦးခေါင်းကို စမ်းကြည့်နေပေပြီ။ ကရောဖို့၏

လှုပ်ရှားသံကို ကြားရသဖြင့် မေ့(တ်)လင်းက ဖုန်းကိုချပြီး သူ့ထံ ကမန်းကတန်း သွားရသည်။

“ဘုရားမလို့ဗျို့... ခင်ဗျား အခုလောက်နဲ့ သတိပြန်ရလာတာ”

ကရောဖို့က ချိနဲ့စွာပြုံးရင်း နှုတ်ဆက်လိုက်သည်။

“ဟလို”

မေ့(တ်)လင်းကမူကား ဘရန်ဒီကို ဖန်ခွက်ထဲသို့ ထည့်နေရာက ကရောဖို့ကို သတိထားကြည့်နေသည်။ ထို့နောက် ကရောဖို့အား ခပ်နောက်နောက်ပြောသည်။

“အဲဒါ မှတ်ထားပေတော့ကိုယ့်လူ၊ အိမ်ထဲမရောက်ခင် ကောင်မလေးကို သွားစတော့ ကိုယ် ခံရတာပေါ့၊ နောက်တစ်ခါဆိုရင် ကိုယ့်အဆက် အိမ်ထဲရောက်မှ စပေတော့”

မေ့(တ်)လင်း ကမ်းပေးသော ဘရန်ဒီကို ဖြည်းဖြည်းသောက်ရင်း မေ့(တ်)လင်းကို သံယောင်လိုက်၍ ပြောသည်။

“ဒီမိန်းမက တယ်လက်သံပြောင်တာပဲ”

မေ့(တ်)လင်းက ကောင်မလေးဟူ၍ စပြောသဖြင့် မိန်းမဟု လိုက်ပြောသည်။ အမှန်ကတော့ သူ့အား မေ့လဲအောင် ခေါင်းကိုရိုက် သွားသူမှာ ယောကျ်ားလား မိန်းမလား ကရောဖို့ လုံးဝမသိလိုက်ပေ။

“ဘယ်လိုဖြစ်တာလဲ”

“ကျွန်တော်က အိမ်ရှေ့လှေကားကို အတက်မှာ နောက်ကနေ ဒိုင်းကနဲ ဆော်လိုက်တာပဲ သိလိုက်ရတယ်၊ ဒီနောက်တော့ မျက်စိထဲ မီးပွင့်ပြီး ဘာမှမသိတော့ဘူး”

မေ့(တ်)လင်း၏ ဘရန်ဒီကို သောက်လိုက်ရသည်ကြောင့် ကရောဖို့မှာ အားအတော်အတန် ပြည့်လာသည်။ သူသည် ဖန်ခွက်ကို မော့ချလိုက်ပြီး ဖြည်းဖြည်းချင်း မတ်တတ်ရပ်လိုက်သည်။

“ကျေးဇူးပဲ မေ့(တ်)လင်းရယ်၊ ခင်ဗျားလဲ ကျွန်တော့်အတွက် တော်တော်ဒုက္ခများသွားပြီ၊ ကျွန်တော် သွားလိုက်အုံးမယ်”





“နောက်ထပ် ဘရန်ဒီကလေးတစ်ခွက်လောက် ထပ်ယူပါဦးလား ဗျ”

“တော်ပါပြီ၊ ကျွန်တော် အခုပဲ တော်တော်ဟန်ကျသွားပါပြီ”

ကရောဖို့က တံခါးဆီသို့ ဖြည်းဖြည်းလျှောက်သွားသည်။ အနည်း ငယ် ယိုင်သွားသဖြင့် မေ့(တ်)လင်းကတွဲရာ သူက အတွဲမခံ၊ မေ့(တ်)လင်း၏လက်ကို ဖယ်ပစ်သည်။

“ကိစ္စမရှိပါဘူး၊ ရပါတယ်”

သူသည် အိမ်ရှေ့လှေကားထစ်အထိ သူ့ဘာသာသူ ရောက်အောင် သွားပြီး တစ်မိနစ်ခန့် လှေကားထစ်ပေါ်၌ ရပ်နေသည်။ သန့်ရှင်း လတ်ဆတ်သောလေကို ရှူရှိုက်လိုက်ရသဖြင့် လန်းဆန်းလာသည်။ အိမ်တွင်းမှ တိုင်ကပ်နာရီကြီးက နာရီဝက်တစ်ကြိမ် ထိုးသည့်အသံကို ကြားရသည်။ ထို့ကြောင့် ကရောဖို့၏နှုတ်မှ အသံထွက်လာသည်။

“ဘုရားရေ... တစ်နာရီခွဲတောင် ရှိပြီထင်တယ်၊ ငါ သွားမှပဲ”

သူသည် လှေကားထစ်များကိုဆင်းရင်း အကျင့်ပါနေသည့်အတိုင်း ဘောင်းဘီအိတ်ထဲသို့ စမ်းလိုက်ရာ အိမ်သော့ကို စမ်း၍မတွေ့တော့။

မေ့(တ်)လင်းက တစ်ခုခုတော့ဖြစ်ပြီဟု တွေးမိသဖြင့် ကရောဖို့၏ အနားသို့ရောက်လာသည်။

“ဘာဖြစ်သလဲ”

“ကျွန်တော့်အိမ်သော့ ရှာလို့မတွေ့ဘူးဗျ”

“ခင်ဗျား ရိုက်ခံရတုန်းက ကျနေသလား မသိဘူး”

“လမ်းမှာတော့ မကျနိုင်ဘူး၊ သော့တွေအားလုံး သံကြိုးနဲ့ ဖွဲ့ထားတာ၊ အခု သော့တစ်တွဲလုံးမရှိတာ”

ကရောဖို့က သူ့အိမ်ဆီသို့ ခပ်သွက်သွက် လျှောက်သွားရာ ရှေ့သို့ ဆက်မလျှောက်နိုင်တော့၍ အိမ်ရှေ့က သံလက်ရမ်းကို အားပြုထား သည်။ သူ၏ ဦးခွံမှ အတော်ကလေး နာလာ၍ မျက်လုံးများပင်

ဝေလာသည်။ သူ့အား သတိထားစောင့်ကြည့်နေသော မေ့(တ်)လင်းက သူ့ထံ ချက်ချင်းရောက်လာပြီး တွဲသည်။

"ကဲ... ဘာမှပြောမနေနဲ့တော့ ကိုယ့်လူ၊ ဒီညတော့ ခင်ဗျား ကျွန်တော့်အိမ်မှာပဲ အိပ်ပေတော့"

မေ့(တ်)လင်း၏ ပြောလိုက်သံကို ကရောဖို့က ခေါင်းမှ ဝေဒနာကြောင့် သဲသဲကွဲကွဲ မကြားရတော့ပေ။ သူ၏ စကားသံက လေးလေးကြီး ထွက်လာသည်။

"သူ... သူ... သူတို့... အိမ်... ထဲကို... ဖေါက်... ထွင်း... ဝင်ပြီးပြီ... နဲ့ တူ... တယ်..."

"ဒီလိုဆိုရင်လဲ မနက်ကျတော့ သိမှာပေါ့ဗျာ"

ကရောဖို့က မေ့(တ်)လင်း ပြန်ပြောသည်ကို မကြားနိုင်တော့၊ ပြန်၍သတိမေ့သွားပြန်လေပြီ။

မေ့(တ်)လင်းက ကရောဖို့၏ ကိုယ်ကြီးအား နောက်တစ်ကြိမ် ထမ်းရပြန်သည်။ ဒီတစ်ခါတော့ အပေါ်ထပ် အိပ်ခန်းအထိ ထမ်း၍ပို့ရ၏။

*

နောက်တစ်နေ့ နံနက်ခင်းတွင် ဖီလစ်သည် အဝေးကြီးသို့ ခရီးထွက်ရာမှ ကားဖြင့်ပြန်လာသည်။ ဖီလစ်၏ကား ဂေါ်ဒွန်မြူး(စ်)ထဲသို့ ချိုးဝင်လိုက်သည့် အချိန်တွင် ဘုရားရှိခိုးကျောင်းမှာ ခေါင်းလောင်းသံများကို ကြားနေရသည်။ ဒီနေ့ တနင်္ဂနွေနေ့ပေကိုး။

သူသည် ကားကိုရပ်၍ ကားထဲမှ ထွက်လာသည်။ သူ့အမေထံသို့ သွားလည်ရာမှ ယခု ပြန်လာခြင်းဖြစ်သည်။ ဒီဗွန်နယ်ကနေ လာရသည်မို့ တစ်ညလုံးပင် မောင်းခဲ့ရသည်။ ထို့ကြောင့် တစ်ကိုယ်လုံး တောင့်တင်းပြီး ငြီးစီစီ ချမ်းစိမ့်စိမ့် ဖြစ်နေသည်။ သွေးလည်ပတ်မှု အရှိန်ရအောင် ခြေထောက်နှစ်ဖက်ကို တစ်လှည့်စီ ဆောင့်ပေးနေရသည်။





ဤအရာတွေလုပ်ပြီးမှ နောက်ဖုံးကိုဖွင့်၍ အဝတ်အစား သေတ္တာကို ဆွဲယူပြီး အိမ်ဆီသို့ လျှောက်လာခဲ့၏။ သူတို့အိမ်ခန်းမှ ခန်းဆီးမှာ လှုပ်မနေ၊ တင်းတင်းရင်းရင်းပဲ ရှိနေသေးသည်ဆိုတော့ မောင်မင်းကြီးသား အိပ်ရာက မထသေးဆိုတဲ့ အဓိပ္ပာယ်ပဲပေါ့။ ဒါကိုတွေ့ရ၍ ပြုံးမိသည်။ တယ်အအိပ်ကြီးတဲ့ ဂရယ်ဂေါ်ရီပဲ။ ရှေ့တံခါးမကြီးကိုဖွင့်၍ အိမ်ထဲသို့ ဝင်ခဲ့သည်။

အိမ်အပြင်ဘက် လမ်းပေါ်တွင် ခိုနှစ်ကောင်မှာ ကျောက်ခဲကလေးများပေါ်၌ ခုန်ဆွခုန်ဆွဖြင့် အစာရှာနေသည်။ ဘုရားရှိခိုးကျောင်းများမှ ခေါင်းလောင်းသံများလည်း တိတ်သွားကြပြီ။

ဖီလစ်အော်လိုက်သည့် အသံကား စူးစူးဝါးဝါး ထွက်ပေါ်လာ၏။

ဖီလစ်၏ အော်သံကား ကရောဖို့၏ ခေါင်းထဲသို့ တစ်စုံဖြင့် ထိုးလိုက်သလို ခံစားရပြီး ချက်ချင်းပင် နိုးလာသည်။ ကရောဖို့လည်း နိုးလျှင်နိုးချင်း ပြတင်းပေါက်သို့ ပြေးကြည့်ရာ ဖီလစ်သူမ၏ အိမ်တံခါးမှ ဒယီးဒယိုင်နှင့် ထွက်လာသည်ကို တွေ့လိုက်ရ၏။ သူမသည် စူးစူးဝါးဝါး အော်နေသော်လည်းမျက်လုံးများကမြင်ဟန်မတူ၊ ခိုများလည်း လန့်၍ပျံပြေးကြသည်။

ကရောဖို့က "ဖီလစ် "ဟု အော်၍ခေါ်လိုက်သည်။

သူ အော်ခေါ်သံကို ဖီလစ် က မကြားရပေ။ သူ၏ အာရုံထဲတွင် ရှိနေသည်မှာကတော့ ကရောဖို့၏ အိမ်တံခါးသို့ ရောက်အောင်သွားရန်နှင့် ကရောဖို့ထံ အကူအညီတောင်းရန်သာဖြစ်သည်။ ကရောဖို့က မေ့(တ်)လင်း၏ အိမ်ထဲမှာရှိနေမှန်း သူ မသိ။

"ကရောဖို့ရေ မြန်မြန်လာပါဦး"

ဖီလစ်က ကရောဖို့၏ အိမ်ရှေ့တံခါးမှနေ၍ အော်ခေါ်နေသည်။

"ဖီလစ် ကျွန်တော်က ဒီမှာ"

ကရောဖို့သည် ပြတင်းပေါက်မှ ခေါင်းပြူ၍ အော်လိုက်သည်။ ဒီတစ်ကြိမ်တွင်တော့ ဖီလစ်က ကြားသည်ဖြစ်၍ အသံလာရာသို့

မော့ကြည့်သည်။ သူ့ကို တွေ့လိုက်ရတော့မှပင် စိတ်ကို ဆက်လက်တင်း၍ မရတော့ဘဲ ရှိုက်ကြီးတငင် ငိုလေတော့သည်။

"ကရောဖို့ရယ်..."

"ဘာ... ဘာ ဖြစ်သလဲ... ပြောစမ်းပါ မြန်မြန်"

"ဂရယ်ဂေါ်ရီတော့ ဆုံးရှာပြီ၊ ဓားထိုးခံရတယ်"

ကရောဖို့က ခေတ္တမျှ ဘာမှမပြောနိုင်ဘဲ ပြတင်းပေါက်ဘောင်ကိုသာ တအားဆုပ်ထားမိသည်။

"ကျွန်တော် အခုချက်ခြင်း ဆင်းလာခဲ့မယ်"

သူ့အသံမှာ ခပ်လေးလေး။

သူ အောက်သို့ဆင်းလာသည့်အခါ ပခုံးပေါ်တွင် စောင်တစ်ထည် ပတ်လာခဲ့သည်။ အောက်ထပ်တွင် အိပ်ချင်မပြေသေးသော မေ့(တ်)လင်းကို တွေ့သည်။ မေ့(တ်)လင်းက ဝတ်ရုံရှည်ကြီးကို လက်လျှိုဝတ်နေရင်းက မေးလိုက်သည်။

"ဘာတွေဖြစ်နေကြတာလဲဗျ"

"ဖိလစ်လေ၊... သူ့ယောက်ျား ဂရယ်ဂေါ်ရီ သေပြီဗျ"

"ဘာပြောတယ်..."

ကရောဖို့က ပြန်မဖြေတော့၊ သူ့ကိုဖြတ်၍ လှေကားကို နှစ်ထစ်ကျော်၍ ဆင်းသွားသည်။ ဖိလစ်ကလည်း အိမ်ရှေ့တံခါးကို ရောက်နေပြီဖြစ်၍ တံခါးဖွင့်ပေးလိုက်သည်။

ဖိလစ်မှာ တုန်တုန်ရီရီ ဖြစ်နေသည်။ ကရောဖို့က သူ့အားတွဲလျက် ဧည့်ခန်းဆီသို့ ခေါ်လာခဲ့ပြီး ကုလားထိုင်ပေါ်၌ ထိုင်စေသည်။ သောကမီး တောက်လောင်နေသည်ဖြစ်၍ တစ်ကိုယ်လုံး နတ်ကျဘိသကဲ့သို့ တုန်လှုပ်နေသည်။

"သူသေပြီ... သူသေပြီ... သူသေပြီ"

ပါးစပ်မှလည်း ထိုစကားလုံးများကို အပ်ကြောင်းထပ်နေသည့် ဓာတ်ပြားကဲ့သို့ ထပ်ခါထပ်ခါ တတွတ်တွတ် ရွတ်နေသည်။





ထိုအချိန်၌ မေ့(တ်)လင်းလည်း ဝင်လာသည်။ သူလည်း ဘာမှ မတတ်နိုင်၊ သူ၏ မျက်လုံးများကသာ ကရောဖို့အား ဘာဖြစ်တာလဲဟု မေးနေသည့်အဓိပ္ပာယ် ဆောင်နေသည်။

ကရောဖို့က မေ့(တ်)လင်းအား တာဝန်ပေးလိုက်သည်။

"ခင်ဗျား ဖိလစ်ကို စောင့်ကြည့်ထားပါ၊ ကျွန်တော် သူတို့အိမ်ကို သွားကြည့်လိုက်ဦးမယ်"

မေ့(တ်)လင်းက မလုပ်တတ်မကိုင်တတ်နှင့် ကျန်ခဲ့သည်။

ကရောဖို့သည် ဂရယ်ဂေါ်ရီတို့ အိမ်ပေါက်မှ ဝင်လာခဲ့သည်။ အားလုံး တိတ်ဆိတ်နေသည်။ စာကြည့်ခန်းတံခါးမှာ ပိတ်ထားသော်လည်း ကရောဖို့၏ စိတ်ထဲတွင် ဂရယ်ဂေါ်ရီ ထိုအခန်းထဲ ရှိနေသည်ဟု အလိုလိုသိနေသည်။ ထို့ကြောင့် စာကြည့်ခန်းတံခါးကို ဖွင့်၍ဝင်သွားသည်။ ဝင်လျှင်ဝင်ချင်းပဲ ဂရယ်ဂေါ်ရီမှာ သူ၏ခြေရင်း၌ လဲနေသည်ကို တွေ့ရသဖြင့် တံခါးကိုပိတ်လိုက်ပြီး ဟိုဟိုဒီဒီ လှည့်ကြည့်လိုက်သည်။

ပြတင်းပေါက်များရှိ ခန်းဆီးများမှာ ချထားသည်။ မီးခလုတ်ကို နှိပ်လိုက်ရာ အခန်း၏အလယ်တွင် စားပွဲကလေးတစ်ခုမှာ ခြေထောက်တစ်ဖက်ကျိုး၍ လဲနေသည်ကို တွေ့ရသည်။ ဖန်ခွက်တစ်ခွက်နှင့် ဒိုင်ကလပ်တစ်ခုတို့မှာလည်း ကွဲ၍ ထိုစားပွဲကလေးအောက်တွင် ကျနေသည်။ မီးလင်းဖိုအနီး၌ရှိသော စာကြည့်မီးတိုင်မှာလည်း လဲကျနေကာ လဲကျသည့်ဒဏ်ကြောင့် အုပ်ဆောင်းမှာ ပြားနေသည်။ မီးလင်းဖိုဘောင်ပေါ်၌ထားသည့် ဆေးတံထည့်သော ကြွေအုပ်နှင့် ဖန်မြင်းရုပ်ကလေးများမှာလည်း အောက်သို့ကျပြီး ကွဲနေသည်။ မီးလင်းဖိုအတွင်းရှိ ထင်းတုံးသော သံဘောင်နှစ်ခုအနက် တစ်ခုမှာ ပြုတ်ထွက်နေပြီး မီးဖိုရှေ့ရှိ ကော်ဇောပေါ်၌ ဘေးစောင်းလဲနေသည်။ ဂရယ်ဂေါ်ရီမှာကား ပက်လက်လန်နေပြီး မျက်လုံးကြီး ပြူးနေကာ ခြေထောက်များမှာ ဘေးသို့ကွေးနေသည်။ လက်တစ်ဖက်မှာလည်း ဘေးသို့တန်းနေသည်။ အလှပြ ဓားမြှောင်၏ ဓားရိုးမှာ သူ၏ရင်အုံမှ ဆိတ်ချိုကဲ့သို့ ငေါ်တောကြီး ထွက်နေသည်ကို တွေ့ရ၏။

စာကြည့်ခန်းထဲ၌ တယ်လီဖုန်းရှိသော်လည်း ကရော့ဖို့က ထိုဖုန်းကို အသုံးမပြုဘဲ မေ့(တ်)လင်းအိမ်သို့ ပြန်လာပြီး ထိုအိမ်မှနေ၍ ရဲထံသို့ အကြောင်းကြားသည်။

•

ဂေါ်ဒွန်မြူး(စ်)တွင် ထိုနေ့အဖို့ ကားများဖြင့် ပြည့်နေသည်။ ရဲသူနာတင်ကားမှာ ကားခေါင်မိုးပေါ်ရှိ အပြာရောင် မီးလုံးက မှိတ်ချည် လင်းချည်နှင့်လက်ဗွေပုံစံဌာနမှ ကားကလေးတစ်စီးလည်းရှိသည်။

ဂရယ်ဂေါ်ရီ၏ အိမ်ရှေ့ခန်း တံခါးပွင့်လာပြီးမှ တိုင်းဆေးမှူး ဆင်းလာသည်။ သူနှင့်အတူ ရောဂါရှာဖွေရေးတာဝန်နှင့် လက်ထောက် ဆရာဝန်ကလေးတစ်ဦးတို့ ပါလာကြသည်။ သူတို့အားလုံးကား ပြုံးပြုံး ရွှင်ရွှင်နှင့်။

ရဲဓာတ်ပုံ ဆရာက လှမ်းမေးသည်။

"လူသတ်မှု သေချာလား ဒေါက်တာ"

ဆေးမှူးမျက်နှာမှာ ရုတ်တရက် တည်သွားသည်။

"မှတ်ဆိတ်ရိတ်ရင်း သူ့ဘာသာသူ ထိမိတာတော့ မဟုတ်ဘူး၊ ဒီလောက်ပဲ ပြောနိုင်တယ်"

ကျန်နေသူများမှာ ဆရာဝန်တစ်စု ကားဖြင့်ထွက်သွားကြသော အခါ၌ ခွက်ထိုးခွက်လန်ရယ်၍ ကျန်နေခဲ့သည်။

အိမ်ထဲ၌ကား စုံထောက်ရဲမှူး မစ္စတာအီလေမှာ အလုပ်များနေသည်။ သူသည် အလောင်းဘေးတွင် ဒူးထောက်ပြီး လက်သည်းခွံများအောက်မှ ကုတ်ခြစ်ထားသည့် အစအနများကို ခွဲစိတ်ဓား ပါးပါးကလေးဖြင့် ခြစ်ထုတ်နေသည်။ လက်သည်းခွံအားလုံးမှ ခြစ်ယူပြီးသည့်အခါ၌ အစအန များကို ပလတ်စတစ်အိတ်ထဲသို့ထည့်၍ လုံအောင်ပိတ်သည်။

သူကား အရပ်ဝတ်နှင့်ဖြစ်ပြီး လူလုံးလူဖန် သေးသေးဖြစ်ပေမယ့် အားမာန်အပြည့်ရှိသည်။ သူသည် စကော့တလန်ယာဒ်စုံထောက် ဌာနချုပ်





တွင် အမှုထမ်းခဲ့သမျှသော ရဲမှူးများအနက် အသက်အငယ်ဆုံးတစ်ယောက် ဖြစ်သည်။ ကြံရည်ဖန်ရည် ရှိသလို လုပ်ရိုးလုပ်စဉ် အသေးစိတ် အလုပ် ကလေးများကိုလည်း လုပ်ရန် မပျင်းရိတတ်ပေ။ စကားများများမပြော၊ လုပ်စရာရှိသည်ကို ဖွဲနဘဲကြီးစွာဖြင့် မဖြစ်မနေ လုပ်တတ်သူဖြစ်သည်။

သူသည် လက်သည်းခွံအောက်မှ အစအနများ ထည့်ထားသည့် ပလတ်စတစ်အိတ်ကို လက်ဆွဲအိတ်ကြီးထဲသို့ ထည့်ပြီးနောက် တစောင်းလဲ ကျနေသည့် ထင်းတုံးခဲသော သံဘောင်သို့ အာရုံပြောင်းလိုက်သည်။ ထိုသံဘောင် အပေါ်ပိုင်းကိုလည်း စောစောကလိုပင် ဖြည်းညှင်းစွာ ခြစ်ယူသည်။ ခြစ်ယူရာတွင် ဓားအသစ်ကို အသုံးပြုပြီး ပလတ်စတစ်အိတ် အသစ်ဖြင့် ထည့်သည်။

အားလုံးပြီးသွားသောအခါ လက်စွဲအိတ်ကို သော့ပိတ်လျက် အခန်းတွင်းမှ ထွက်လာသည်။ တံခါးဖွင့်ရာ၌ လက်ကိုင်ကို လက်ကိုင်ပဝါ ခံ၍ဖွင့်သည်။ ထွက်လာပြီးနောက် တာဝန်ကျ ရဲသားအား လှမ်းပြောလိုက် သည်။

"ဟေ့... ရဲဘော်၊ လက်ဗွေသမားတွေကို ပြောလိုက်ကွာ၊ သူတို့ ဝင်နိုင်ပြီလို့၊ သူတို့ပြီးရင် ရေခဲတိုက်ကို သယ်ဖို့လူတွေ အလုပ်စနိုင်ပြီ"

"ကောင်းပါပြီ ဆရာ"

"ငါ လမ်းမှာ ခဏကြာမယ်၊ ပြီးရင် ဌာနချုပ်မှာရှိမယ်၊ ဒါပဲ"

အိမ်ထဲမှနေ၍ နေရောင်ခြည်ထိုးနေသည့် အပြင်သို့ ထွက်လိုက် ရာ မျက်လုံးအနည်းငယ် ပြာသွားသည်။ တနင်္ဂနွေနေ့မို့ အနားယူပြီး လုပ်စရာကလေးတွေ လုပ်မည်ဟု မှန်းထားကာမှ အနားမယူရသေးသဖြင့် စိတ်အနည်းငယ် တိုသလိုဖြစ်သည်။ အကြောင်းသိပြီးသားဖြစ်သော အစောင့်ကျရဲများက သူ့ကို ဘာမျှ လှမ်း၍မပြောကြပေ။

ကရော့ဖို့က မေ့(တ်)လင်း၏ အိမ်ပြတင်းပေါက်မှ လှမ်းကြည့်ရာမှ ဒီလစ်ကို ပြောလိုက်သည်။

"သူတော့လာနေပြီ"

ဖီလစ်မှာ လက်ဖက်ရည်ကို တစ်ကျိုက်ချင်းသောက်နေရာမှ ရင်ထဲတွင် ဒိတ်ကနဲ ခံစားလိုက်ရသဖြင့် သောက်လက်စ ပန်းကန်ကို ချလိုက်ရသည်။

"ဆောရီးပဲ ကရောဖို့၊ ကျွန်မ ရဲနှင့်တွေ့ဖို့ အဆင်သင့်မဖြစ်သေးဘူး၊ ဘယ်နှယ့်လုပ်မလဲ"

"ကောင်းပြီလေ၊ သူ့ကို ချော့လွှတ်လိုက်ပါ့မယ်"

ပြောရင်းနှင့် ကရောဖို့က အိမ်ရှေ့တံခါးသို့ သွား၍ဖွင့်ပေးသည်။ စုံထောက်ရဲမှူးကလည်း တံခါးခေါက်တော့မည့်ဆဲဆဲ။

စုံထောက်ရဲမှူးအီလေက ပြုံး၍။

"အာ... မစ္စတာကရောဖို့ပါလား၊ ကျွန်တော် လူကြီးမင်းကို လာတွေ့မလို့"

"ကျွန်တော် တစ်ယောက်တည်းကိုလား၊ ဒါမှမဟုတ် ကျွန်တော်တို့ သုံးယောက်လုံးကိုလား"

"လူကြီးမင်း တစ်ယောက်တည်းကိုပါပဲ၊ လေဒီဖီလစ် ဂရယ်ဂေါ်ရီနဲ့ ဗိုလ်မှူးမေ့(တ်)လင်းတို့ကို ဒီနေ့အဖို့ နှောက်ယှက် ဒုက္ခမပေးတော့ပါဘူး"

သူက တောင်းပန်သံဖြင့် ပြောသည်။

"ဒါဖြင့် ကျွန်တော် ဘာကူညီရမလဲ"

"မစ္စတာကရောဖို့၊ စောစောက ကျွန်တော့်ကို ပြောခဲ့တာက လူကြီးမင်းရဲ့သော့တွဲ အခိုးခံရလို့ မနေ့ညက ဗိုလ်မှူး မေ့(တ်)လင်းရဲ့ အိမ်မှာ အိပ်ခဲ့ရပါတယ်လို့ ဟုတ်ပါသလား"

"ဟုတ်တယ်လေ"

"အိမ်မှာ ဘာပစ္စည်းများ ပျောက်ပါသလဲ"

"ဘာမှမပျောက်ပါဘူး"

"အားလုံး စစ်ဆေးကြည့်ပြီးပြီနော်"

"ဟုတ်ပါတယ်"





"ညတုန်းက လူကြီးမင်းဟာ အိမ်ထဲကို သော့မရှိလို့ မဝင်နိုင်ဘူးဆိုရင် အခုနံနက်မှာ ဘယ်လိုဝင်ပါသလဲ"

မေးခွန်းကလည်း သာမန်မေးခွန်း၊ မေးပုံကလည်း ရိုးရိုးကလေး၊ သို့သော် အချက်ကျကျဖြစ်သည်။ ကရောဖို့က ခပ်မှိန်မှိန်ကလေး ပြုံးလိုက်သည်။ ခါတိုင်း သူကသာ မေးခွန်းထုတ်နေကျ၊ အခုတော့ သူ့ကို မေးခွန်းအထုတ်ခံနေရပါပကော။ သူ့အဖို့ အတွေ့အကြုံသစ်တစ်ရပ်ပါပေ။ ထိုမေးခွန်းအတွက် အဖြေမှာ အလွယ်ကလေး။

"ကျွန်တော် လေဒီဖီလစ် ဂရယ်ဂေါ်ရီဆီက သော့နဲ့ ဖွင့်ဝင်ပါတယ်၊ သူမရော သူမရဲ့ ခင်ပွန်းမှာပါ ကျွန်တော့်အိမ်သော့ တစ်ချောင်းစီ ရှိကြပါတယ်"

"ဒီလိုဆိုရင် သူတို့အိမ်သော့လဲပဲ လူကြီးမင်းဆီမှာ ရှိပါသလား"

စုံထောက်ရဲမှူး၏ ပြန်လှန်မေးခွန်းမှာ ခပ်ပေါ့ပေါ့ကလေးဖြစ်သည်။ သို့သော် ထိရောက်သည်။

"ရှိတယ်လေ၊ ဒါပေမယ့် အဲဒီသော့က ခိုးခံရတဲ့ သော့တွဲထဲမှာ ပါသွားတယ်"

"သဘောပေါက်ပါပြီခင်ဗျာ၊ ကျေးဇူးတင်ပါတယ်၊ လူကြီးမင်းကို သပ်ပြီး ဒုက္ခပေးဖို့ မရှိတော့ပါဘူး"

"ရပါတယ် ရပါတယ်၊ အချိန်မရွေး အကူအညီပေးဖို့ အသင့်ပါပဲ"

စုံထောက်ရဲမှူးက ကားပေါ်အတက် အလေးပြုနှုတ်ဆက်သွားသည်ကို ကရောဖို့က နက်နက်နဲနဲ တွေးတောရင်း ကြည့်နေမိသည်။ သူသည် ရဲမှူး၏ မော်တော်ကားထွက်သွားပြီး အချိန်အတော်ကြီး ကြာသည်အထိ ဦးစားနေရင်း လှေကားထစ်ပေါ်၌ ရပ်နေမိသည်။

ထိုနေ့ည ၉ နာရီခွဲ၌ ကရောဖို့သည် မီးဖိုခန်းရှိ ကြွေပန်းကန်ဆေး ခုံကြီးတွင် ညစာစားပြီး ပန်းကန်များကို ဆေးကြောနေသည်။ ဖီလစ် မှာမူ အိမ်အပေါ်ထပ်၌ အိပ်နေသည်။ ဖီလစ်ကို သူ၏အိမ်တွင် ခေါ်ထားရသည်။ ဖီလစ်မှာ စိတ်ထိခိုက်မှု အရှိန်ပြေစပြုလာပြီ ဖြစ်သော်

လည်း ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း အိပ်ဆေးသောက်၍ အိပ်ရာသို့ ဝင်ရသည်။

ကရောဖို့သည် ပန်းကန်ကို ဇွဲဇွဲမြဲမြဲကပ်နေသော ကြက်ဥနှစ် အကျန်များကို ဆပ်ပြာမှုန့်နှင့် တိုက်နေသော်လည်း ကောင်းကောင်းမစင် သဖြင့် စိတ်တိုလာသည်။ ဆက်၍ ယနေ့နံနက်ကအဖြစ်ကို စဉ်းစားမိ နေသည်။ အင်း တော်တော်ဆိုးတဲ့ အဖြစ်ပဲ၊ ဂရယ်ဂေါ်ရီလို ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦး အသတ်ခံရတာဆိုတော့ လူသိရှင်ကြား သတင်း စာတွေမှာ စာလုံးမည်းကြီးတွေနဲ့ ပါလာတော့မှာပါလား၊ အခုပဲ ရေဒီယိုနဲ့ တယ်လီဗွီးရှင်းတွေမှာတော့ သတင်းပါနေပြီ၊ ဒီနေ့တစ်နေ့လုံးလဲ သတင်းထောက်တွေဟာ ကျိုင်းကောင်တွေ အုပ်လိုက်ကျလာသလို လာပြီး သတင်းယူကြတာ၊ ထိုစဉ်အတွင်း အိမ်ရှေ့မှ လူခေါ်ဘဲ(လ်) တီးလိုက်သံကို ကြားရသဖြင့် လက်သုတ်ပြီး အိမ်ရှေ့တံခါးဆီသို့ ထွက်လာခဲ့သည်။ ဘဲ(လ်)သံကြောင့် ဖီလစ်မနိုးဘူးလို့ အောက်မေ့ရတာ ဘဲဟု တွေးမိရင်း နောက်ထပ် သတင်းထောက်တစ်ယောက် ဆိုရင်တော့ ပိတ်ပြောပစ်လိုက်မယ်ဟု အဆင်သင့်ပြင်ထားသည်။

အိမ်ရှေ့ လှေကားခုံပေါ်တွင် စုံထောက်ရဲမှူး အီလေက ရပ်နေသည်။

"ကောင်းသော ညနေခင်းပါ ခင်ဗျာ၊ ခုလို အနှောင့်အယှက်ပေး ရတာ ဝမ်းနည်းပါတယ်"

ရဲမှူးက နှုတ်ဆက်ရင်း တောင်းပန်သည်။

"ကောင်းသော ညနေခင်းပါ ရဲမှူး၊ ဒုက္ခပေးတယ်လို့ ဘယ်ဟုတ် မလဲ၊ အထဲကိုကြွပါ"

"ကျေးဇူးပါပဲခင်ဗျာ"

ပြောရင်းနှင့် ရဲမှူးက ကရောဖို့၏ ကိုယ်ရှေ့ပိုင်းတွင် ပတ်ထားသော အဝတ်ပိုင်းကို ကြည့်နေသည်။ ကရောဖို့ကလည်း သတိပြုမိသဖြင့် ရယ်မောရင်းပြောသည်။

"အိမ်မှုကိစ္စကလေးတွေလဲ လုပ်နေရသေးတယ်ဗျာ၊ ဒါကို ခွင့်လွှတ် ပါ၊ မီးဖိုခန်းထဲကိုသာ ဝင်လာခဲ့ပါ"





ကရောဖို့က ရဲမှူးကို မီးဖိုခန်းသို့ ခေါ်သွားသည်။ ရဲမှူးက ဘာဖြစ်လို့ ဒီလို ညအချိန်မတော်ကြီးမှာ တစ်ခေါက်ပြန်လာပါလိမ့်၊ ဘာပဲဖြစ်ဖြစ်လေ ဖိုလစ် အိပ်ရာထဲရောက်နေပြီကပဲ၊ နို့မို့ရင် ဖိုလစ်ဟာ ခံနိုင်စွမ်းရှိတော့မယ် မထင်ဘူးဟု တွေးနေမိသည်။

သို့နှင့် မီးဖိုခန်းထဲ ရောက်လာကြသည်။

"ကဲ ရဲမှူးရေ... ကိုယ့်အိမ်လို သဘောထားပြီးသာနေပါ၊ အားနာ စရာမရှိပါဘူး၊ အပျင်းပြေ ကျွန်တော် ဆေးပြီးတဲ့ပန်းကန်တွေကို ခင်ဗျားက အဝတ်နဲ့ သုတ်ပေးပေါ့ ဟုတ်လား"

ကရောဖို့က ပန်းကန်ကို ဆက်ဆေးသည်။ ရဲမှူးက ဆေးပြီးသော ပန်းကန်များကို အဝတ်တစ်ခုဖြင့် ရေသုတ်ပေးသည်။ ကရောဖို့က ဘာမင်တကာပင် စကား စလိုက်သည်။

"ဘာစိတ်ကူးရလို့ ပြန်လာတာလဲဗျ"

"မေးခွန်းနည်းနည်း မေးဖို့ရှိလို့ပါ"

"မေးပါ၊ ဘာမေးမလဲ"

"အာမိတာ(ဂျ်)ဆိုတဲ့ လူတစ်ယောက်နဲ့ ပတ်သက်ပြီး ဘာများ သိပါသလဲ"

"အာမိတာ(ဂျ်)တဲ့လား၊ တစ်ခါမှ ဒီနာမည်ကို မကြားပါဘူး၊ ဘာဖြစ်လို့လဲ"

"ဒီလိုပါ၊ သူက လူကြီးမင်းရဲ့သမီးကို ကားနဲ့တိုက်သွားတဲ့ လူကိုရှာဖို့ လူကြီးမင်း ငှားခဲ့တဲ့အတွက် အလွတ်စုံထောက်တစ်ယောက် ဖြစ်တယ်ဆိုတာ အခိုင်အလုံ သိရလို့ပါ"

ရဲမှူး အီလေ၏ ပြောပုံက သိပ်အရေးမကြီးသလို လေအေးအေးဖြင့် ဖြစ်သည်။ ကရောဖို့၏ မျက်နှာကိုလည်း ကြည့်၍ပြောခြင်းမဟုတ်။

"ခင်ဗျားကို ဘယ်သူပြောသလဲ"

ကရောဖို့၏ လေသံမှာ ယဉ်ယဉ်ကျေးကျေး။

"သူကိုယ်တိုင်ပြောတာပဲ"

နှစ်ဦးလုံးမှာ မိမိတို့ အသီးသီး လုပ်လက်စအလုပ်ကို ဆက်၍လုပ်နေရင်း ဘယ်သူက ဘာစ၍ပြောမလဲကို စောင့်နေကြသည်။ အခြေအနေမှာ ရဲမှူးအီလေ လာခြင်းတွင် မိတ်ဆွေဖြစ်လိုသည့် အခြင်းအရာ လုံးဝမရှိတော့သည့်အဖြစ်သို့ ရောက်လာသည်။ တစ်ဦးနှင့်တစ်ဦးမှာ ပြိုင်ဘက်အဖြစ်နှင့် ရင်ဆိုင်နေရပေပြီ။ အလစ်မပေးနိုင်တော့။ အပျော်တမ်း မဟုတ်တော့။ ပညာသည်ချင်း ပညာပြိုင်ကြရပြီဖြစ်သည်။

ရဲမှူးအီလေက ဖိလစ်သောက်သော ပန်းကန်တွင် နွတ်ခမ်းနီစွန်းနေသေးသည်ကို တွေ့ရသဖြင့် ကရောဖို့အား ထပ်၍ ဆေးခိုင်းသည်။

ကရောဖို့က ပန်းကန်ကို ယူ၍ဆေးရင်း မေးသည်။

"အာမိတာ(ဂျ်)၊ ဟုတ်ပြီပဲ ထားပါတော့၊ ခင်ဗျားကို သူက ပြောစရာ ဘာအကြောင်းရှိသလဲ"

ရဲမှူးအီလေက ပခုံးတစ်ချက် တွန့်လိုက်သည်။ ပြီးမှ ပြန်ဖြေသည်။

"သူ ယူဆတာကတော့ မှားမယ် မှန်မယ်တော့ မသိဘူးပေါ့လေ၊ သူ စုံစမ်းတွေ့ရှိချက်နဲ့ မစ္စတာဂရယ်ဂေါ်ရီ သေတာနဲ့ဟာ တစ်နည်းနည်းနဲ့ ပတ်သက်နေတယ်တဲ့"

"ထားပါတော့၊ သူက ဘာလို့ ဒီလိုယူဆရမှာလဲ"

"သူ စွပ်စွဲတာက ပြီးခဲ့တဲ့ ကြာသပတေးနေ့က သူ ခင်ဗျားထံကို စာတစ်စောင်ပို့လိုက်တယ်တဲ့၊ အဲဒီစာမှာ ခင်ဗျားသမီးကို ကားနဲ့တိုက်သွားသူဟာ မစ္စတာဂရယ်ဂေါ်ရီ ကိုယ်တိုင်ဖြစ်တယ်လို့ ဖော်ပြထားတယ်တဲ့"

ကရောဖို့သည် ကြွေအင်တုံကြီးအား တိုက်ချွတ်ဆေးကြောနေသည်။ ထို့နောက် ခါးတွင်ပတ်ထားသော အဝတ်ပိုင်းကို ချွတ်လိုက်သည်။ ရဲမှူးအီလေကလည်း လက်များကို ခြောက်အောင် အဝတ်နှင့်သုတ်သည်။

ကရောဖို့က မေးသည်။

"တကယ်ပြောနေတာလား"





ရဲမှူးအီလေ၏ မျက်နှာထားမှာ ယခုတော့ ရဲအရာရှိမျက်နှာထားဖြစ်လာပေပြီ။

"အဲဒီစာရတယ်ဆိုတာ ငြင်းနိုင်မလား"

"အခိုင်အမာ ငြင်းတယ်"

"ကျွန်တော်ကတော့ တာဝန်အရ လုပ်ရတာပါ"

"ဟုတ်ပါတယ်လေ"

"ကျွန်တော် လူကြီးမင်းရဲ့အိမ်ကို ရှာမယ်ဆိုရင် ကန့်ကွက်မလား၊ ရမ်းတော့မပါဘူး"

"မကန့်ကွက်ပါဘူး၊ အခုရှာမယ်ဆိုရင် ရှာနိုင်ပါတယ်၊ ကြိုက်သလိုလုပ်ပါ"

ကရောဖို့က ဘာမှအရေးမထားသလို ပုံသဏ္ဌာန်ဖြင့် ခွင့်ပေးသည်။

"ကျေးဇူးပါပဲခင်ဗျာ"

ရဲမှူးအီလေ စစ်အတွင်းက ဂျပန်စစ်သားက အကျဉ်းသားကို မသတ်မီ ခေါင်းငုံ့အလေးပြုသလို ကရောဖို့ကို ဦးညွတ်လိုက်သည်။

"ပြီးတော့ လူကြီးမင်းအနေနဲ့ တခြားမှာ သွားလုပ်ဖို့ မလိုတော့အောင် လက်ဗွေပုံစံရော၊ သွေးနမူနာရော တစ်ခါတည်း ယူသွားပါရစေ၊ ကျွန်တော့်မှာ လိုအပ်တဲ့ ကိရိယာတွေ ကားထဲမှာ အဆင်သင့် ပါလာပါတယ်"

ကရောဖို့က ရဲမှူးအား ခေတ္တမျှ ငေးကြည့်နေရာမှ မေးလိုက်သည်။

"ကျွန်တော့်ကို ဖမ်းမလို့လား"

"မဟုတ်ပါဘူးခင်ဗျာ"

"ကောင်းပြီလေ၊ ဖမ်းမယ်ဆိုရင်လဲနက်ဖြန်ညနေအထိ စောင့်ပါဗျာ၊ စောင့်နိုင်ပါ့မလား၊ ကျွန်တော့် ချိန်ဘာကို ညနေငါးနာရီမှာ ပြန်ရောက်မှာပါ"

ကရောဖို့၏ မျက်လုံးညိုကြီးများက ရယ်နေသယောင် သူ၏ နှုတ်ခမ်းပုံကလည်း မောက်မောက်မာမာ ရှိလှသည်။

သို့သော် စုံထောက်ရဲမှူး အီလေကမူကား မပြုံးမရယ်၊ လက်ဗွေနှိပ်ဖို့နှင့် သွေးဖောက်ဖို့ တန်ဆာပလာများကိုယူရန် သူ့ကားဆီသို့ သွားနေသည်။

*



## အခန်း(၆)

နောက်တစ်နေ့တွင် ဤအိုး(လ်)ဘေလီ တရားရုံးကြီး၌ပင် စစ်ဆေးသည့် ကရောဖို့လိုက်သော အမှုမှာ နိုင်သည်။ နိုင်သည့်အတွက် အခြားသူများက အံ့သြကြ၏။ ကရောဖို့ကတော့ သိပြီးသားမို့ မအံ့သြမိပေ။ ဂျူရီအဖွဲ့သည် မွန်းလွဲသုံးနာရီ ခွဲပြီးသောအခါ၌ တရားခံ၌ အပြစ်ရှိကြောင်း ဆုံးဖြတ်ချက်ပေးရာ တရားခံကလွဲ၍ လူတိုင်းက ကျေနပ်ကြသည်။ အမှုမှာ စစ်ဆေးနေစဉ်၌ ကြားရသူများ နားမချမ်းသာသည့် အမှုမျိုးဖြစ်သည်။ အမှုနိုင်သည်မှာ မိန်းကလေး အဖေ၏ သတ္တိရှိမှုကြောင့်ဖြစ်သလို ကရောဖို့ လျှောက်လဲပုံနှင့် သူ၏ အတိုင်ပင်ခံရှေ့နေဟာမစ်၏ တင်ပြကောင်းသောကြောင့်လည်း ဖြစ်ပေသည်။ ဘရားသူကြီး မစ္စတာအော့(စ်)ဘွန်း ကိုယ်တိုင် တရားခွင်မှနေ၍ ချီးမွမ်းရပေသည်။

မစ္စတာအော့(စ်)ဘွန်းသည် အချိန်ဖြုန်းလေ့ရှိသော တရားသူကြီးမျိုးမဟုတ်၊ ဝက်ခြံထဲ၌ရှိနေသော တရားခံအား ခပ်ပြတ်ပြတ် ပြောလိုက်သည်။

"ပီတာရောဘတ်(စ်)"

တရားသူကြီး၏ အေးစက်မာကျောသော အသံကို ကြားလိုက်ရခြင်းဖြင့် စီရင်ချက်ချရာတွင် ညှာတာလိမ့်မည်မဟုတ်သည်မှာ ထင်ရှားနေသည်။

"ဂျူရီလူကြီးများဟာ မောင်မင်းရဲ့အမှုကို အဆုံးအဖြတ်ပေးဖို့ ၃ နာရီခွဲတောင်ကြာအောင် စဉ်းစားပြီးဖြစ်တယ်၊ မောင်မင်းရဲ့ ရှေ့နေကလဲ မောင်မင်းအတွက် လျှောက်လဲပြီးပြီ၊ ဒါကြောင့် အခု ကျွန်ုပ် စီရင်ချက် ချတော့မယ်၊ မောင်မင်းဟာ ငယ်သေးတယ်၊ အရင်က ပြစ်ချက်မရှိခဲ့ဖူးဘူး မှန်တယ်၊ ဒါပေမယ့် လူလားကောင်းကောင်း မမြောက်သေးတဲ့ မိန်းကလေး တစ်ယောက်ကို တိရစ္ဆာန်စိတ်နဲ့ အဓမ္မကျင့်ခဲ့တယ်၊ အခုဆိုရင် ဒီမိန်းကလေးမှာ ကိုယ်ဝန်ရှိနေပြီ၊ အဲဒီတော့ ဘယ်သူမပြု မိမိမှုဆိုတဲ့ စကားပုံအတိုင်း မောင်မင်းရဲ့ မိုက်ပြစ်အတွက် ထောင်ဒဏ်ကိုးလ ကျခံစေ"

တစ်ရုံးလုံး ဝါးကနဲ ဆူညံစွာ ရယ်မောနေကြစဉ်မှာပဲ တရားသူကြီးက ကုလားထိုင်ကို နောက်သို့တွန်း၍ မတ်တတ်ရပ်လိုက်သဖြင့် ရုံးပျာတာက ပရိသတ်သို့ ငြိမ်ကြရန်နှင့် မတ်တပ်ရပ်ကြရန် သတိပေးရ၏။

မစ္စတာအော့(စ်)ဘွန်းသည်လည်း ပရိသတ်အား ဦးညွတ်နှုတ်ဆက်ပြီး တရားခွင်မှ ကျေနပ်နှစ်သက်စွာ ဆင်းသွားသည်။ ယခုလို ခပ်ရွှင်ရွှင် စီရင်ချက်ချလိုက်ရသည်မှာ သူ့အတွက် ကျေနပ်၍မဆုံးပေ။ ထိုအခွင့်အရေးမျိုးကို နှစ်ပေါင်းများစွာ စောင့်လာခဲ့ရလေသည်။

တရားခွင်မှ တရားသူကြီး ဆင်းသွားပြီမို့ ရုံးခန်းတွင်း စကားပြောသံ ရယ်မောသံများကို ကျယ်ကျယ်လောင်လောင် ကြားလာရ၏။ သတင်းထောက်များကလည်း တယ်လီဖုန်းရှိရာသို့ အပြေးအလွှား သွားကြသည်။ ကရောဖို့နှင့် ဟာမစ်တို့မှာ ပရိသတ် အနည်းငယ်စဲအောင် မိမိတို့နေရာမှ ထိုင်၍ စောင့်နေကြ၏။ ယူနီဖောင်းဝတ် ရဲသားတစ်ဦးက လူတွေအကြားမှ တိုးဝှေ့လာပြီး ကရောဖို့ထံ စာတစ်စောင် လာပေးသွားသည်။

"မစ္စတာ ကရောဖို့အတွက် တယ်လီဖုန်းလာလို့ မှတ်ထားတဲ့ စာရွက်ပါခင်ဗျာ"

"ကျေးဇူးပါပဲကွာ"

ကရောဖို့က စာရွက်ကို ဖြန့်၍ကြည့်လိုက်သည်။ ရေးထားသည်မှာ တိုတိုနှင့် လိုရင်းဖြစ်၏။





"မစ္စတာ ကရောဖို့အတွက် တယ်လီဖုန်းမှတ်တမ်း၊ ရရှိချိန် ၁၅-၂၀ နာရီ၊ ရဲမှူးအီလေ၊ လူကြီးမင်း၏ ချိန်ဘာခန်းသို့ ညနေ ၅ နာရီတွင် လာတွေ့ပါမည်"

ကရောဖို့သည် စာရွက်ကိုခေါက်၍ အိတ်ထဲသို့ ထည့်လိုက်၏။ ပြီးတော့ ဖျော့တော့စွာ ပြုံးလိုက်သည်။

ဟာမစ်က ရယ်ရင်းမေးလိုက်သည်။

"ခင်ဗျား ပရိသတ်ဆီက ချီးမွမ်းစာလားဗျ"

"ဆိုပါတော့ဗျာ"

ပြောပြောဆိုဆိုနှင့် ကရောဖို့သည် မိမိ၏ စာရွက်များကို ကောက်ယူသိမ်းဆည်းပြီး တံခါးဆီသို့ လျှောက်သွားသည်။

"လာဗျာ အရက်ကလေး တစ်ခွက်လောက် သောက်လိုက်ကြရအောင်၊ ကျွန်တော် တိုက်ပါ့မယ်"

*

ကရောဖို့ ချိန်ဘာ၏ ရုံးခန်းတွင် စာရေးကြီး ချားလ်စ်သည် ဘယ်လီဖုန်းပြောနေသည်။ ရှီလာမှာ ဖိုင်တွဲများထားသော စီရိုတွင် ဖိုင်တွဲရှာနေသည် ပါစီက လက်ဖက်ရည်ကျိုနေ၏။ သူတို့အားလုံး မစ္စတာကရောဖို့ လှေကားကို နှစ်ထစ်ကျော်ပြီး ပြေးတက်လာသည်ကို ကြားကြ၏။ ချားလ်စ်က "ကျွန်တော် ပြန်ဆက်မယ်"ဟုပြောကာ ဘယ်လီဖုန်းကို ချလိုက်သည်။

ကရောဖို့သည် ရုံးခန်းတွင်းမှဖြတ်၍ သူ၏ အခန်းထဲသို့ ဝင်သွားသည်။ သွားရင်းနှင့် သူတို့အား ညွှန်ကြားချက်များပေးသည်။

ချားလ်စ်၊ ငါ ဟာမစ်ကို စောင့်နေတယ်၊ အခု ရောက်လာဒီမှ့မယ်၊ မင်းလဲပဲ ရှိဖို့လိုလိမ့်မယ်၊ ဒါကြောင့် တခြားအလုပ်တွေ အသာထားလိုက်ဦးကွာ"

"ကောင်းပါပြီ ဆရာ"

"ရှီလာ၊ မင်းလဲပဲ ချိန်ဘာမှာ ဆရာ အလိုရှိရင် အဆင်သင့်ရှိအောင် စောင့်နေပါ၊ မင်းကို ခေါ်ကောင်း ခေါ်ရလိမ့်မယ်"

ရှီလာက ပြန်၍အဖြေမပေးနိုင်မီပင် သူက သူ၏ရုံးခန်းထဲသို့ ရောက်သွားပေပြီ။ ချားလ်စ်ကတော့ ခွေးကလေး အမြီးတနန့်နန့်နှင့် သခင်အပါးက လိုက်သွားသည့်နှယ် ကရောဖို့နောက်ပါးက ထက်ချပ် လိုက်သွားသည်။

"ရဲမှူး အီလေကိုလဲ ငါးနာရီထိုးရင် ဒီရုံးခန်းမှာတွေ့ဖို့ ရှိသေးတယ်"

"ရဲမှူး အီလေလား ဆရာ"

"အေး"

ကရောဖို့သည် သူ၏ စားပွဲတွင်ထိုင်လိုက်ပြီး သူကြည့်ဖို့ စားပွဲပေါ်တွင် ချထားသော အမှုအကျဉ်းချုပ်များ၊ စာရွက်စာတမ်းများကို တစ်ပုံတည်းဖြစ်အောင် စုလိုက်သည်။

"ဒါပြီးရင် ဟာမစ်ဟာ အချိန်နည်းနည်းလောက် ဆက်နေလိမ့်ဦးမယ်လို့ ထင်တယ်၊ ငါကတော့ ပြန်ချင်လဲ ပြန်မယ်၊ မပြန်ချင်ရင်လဲ မပြန်ဘူး၊ တကယ်လို့ ငါ ပြန်ဖြစ်ရင် ဟာမစ်ကို မင်းကပဲ ကြည့်ပြီးတော့ အလိုရှိတာမှန်သမျှ လုပ်ပေးလိုက်ပါ"

"ကျွန်တော် လုပ်ပေးပါ့မယ် ဆရာ"

ကရောဖို့က အမှုအကျဉ်းချုပ်နှင့် အခြားစာရွက်များကို ချားလ်စ်သို့ လှမ်းပေးလိုက်သည်။ သူ့စားပွဲတွင်လည်း ရှင်းသွားသည်။

"ဒါတွေ ယူသွားတော့ကွာ၊ ဒီည မကြည့်တော့ပါဘူး"

"ကျေးဇူးပါပဲ ဆရာ၊ ပြီးတော့ ရောဘတ်(စ်) အပြစ်ရသွားတဲ့ အတွက်လဲ ဆရာ့ကို ချီးကျူးပါရစေ၊ ပါစီပြောလို့ အစုံအစေ့ သိရပါပြီ"

"ရောဘတ်(စ်)အမှုလား၊ အေးကွ၊ တို့အဖို့ ကျကျနန နိုင်လာခဲ့တာပဲ"

ကရောဖို့၏ အမူအရာမှာ တခြားသို့ စိတ်ရောက်နေသည့်အသွင် ရှိပြီး စကားသိပ်ပြောချင်းပုံ မရှိလှ။ ဒါကို ချားလ်စ်က ရိပ်မိသည်။





သို့သော် ပြောစရာတစ်ခု ကျန်သေး၍ ဆက်ပြောရပြန်သည်။

"ကိစ္စတစ်ခု ရှိသေးတယ် ဆရာ၊ ဆရာ့စားပွဲပေါ်က ဒိုင်ယာရီမှာ တွေ့ပါလိမ့်မယ်၊ အဲဒီမှာ ကျွန်တော် မှတ်ထားတယ်၊ သန်ဘက်ခါ ဘရစ်(စ်)တန်ထောင်မှာ တိုင်ပင်ဖို့ ကိစ္စတစ်ခုကို ယာယီသဘောတူထားတယ်"

"ဖျက်လိုက်တော့ကွာ၊ အမှုကိုလဲ လက်မခံတော့ဘူး"

ကရောဖို့ ပြောလိုက်သည့်စကားမှာ ချားလ်စ်ကို ခေါင်းရှုပ်သွားစေသည်။ ထို့ကြောင့် တံခါးသို့ရောက်ခါနီးမှ ပြန်လှည့်လာပြီး အကြောင်း ကြောင်းကို သိလိုသဖြင့် သူ့ဆရာကို ပြန်၍မေးသည်။

"ခွင့်လွှတ်ပါ ဆရာ၊ ဆရာ ကိုယ်တိုင်ပဲ..."

"ဟေ့ ချားလ်စ် တော်တော့၊ ဆင်ခြေတက်မနေနဲ့တော့"

ကရောဖို့၏ အသံမှာ ထန်လာသည်ဖြစ်၍ ချားလ်စ်မှာ ရှေ့သို့ ဆက်၍ မပြောဝံ့တော့ပေ။

"ကောင်းပါပြီ ဆရာ"

ချားလ်စ်မှာ ဦးညွှတ်၍ တံခါးကိုပိတ်ပြီး အခန်းထဲမှ ထွက်သွားသည်။

ကရောဖို့က စားပွဲတွင် ရှေ့သို့ကုန်း၍ မျက်နှာကို လက်ဝါးဖြင့် အုပ်ထားသည်။ သူ့ကိုကြည့်ရသည်မှာ ရုတ်တရက် ပင်ပန်းအားကုန်သွားသလို ထင်ရသည်။ ခဏကြာသော် တယ်လီဖုန်းကိုကိုင်၍ နံပါတ်တစ်ခုကို သည့်လိုက်၏။

"ဟဲလို ဘူဒဲလ်လား၊ မိုလ်မှူးမေ့(တ်)လင်း ကလပ်မှာ ရှိသလား၊ ဒီဘာကရောဖို့ပါ၊ ကောင်းပါပြီ ၊ သူ့ကို အရက်ခန်းထဲက ခေါ်ထုတ်ခဲ့ ကျေးဇူးပါပဲ"

သူသည် ခဲတံတစ်ချောင်းကို ကောက်ယူပြီး စားပွဲပေါ်ရှိ မင်နှိပ်စက္ကူ တွင် ဟိုခြစ်ဒီခြစ် လုပ်နေသည်။ တယ်လီဖုန်းခွက်ကိုကား နားတွင် ထားသည်။ တယ်လီဖုန်းမှ မိုလ်မှူးမေ့(တ်)လင်း ထူးသံကို ကြားရသဖြင့်

ကရောဖို့က ဆက်ပြောသည်။

"ဟဲလို… မေ့(တ်)လင်းလား၊ အချိန်တော့ ကျလာပြီ ကိုယ့်လူရေ၊ ကျွန်တော့် ချိန်ဘာရုံးခန်းကို လာပါလား၊ အခုချက်ချင်းပေါ့၊ လုပ်စမ်းပါ ကိုယ့်လူရ၊ ကျွန်တော့်ရဲ့ အတိုင်ပင်ခံ ရှေ့နေလဲ ရောက်လာပါတော့မယ်၊ ခင်ဗျား သူနဲ့ပြောကြပါ၊ ကျွန်တော်တို့ တိုင်ပင်ထားတဲ့အတိုင်း ပြောရုံပါပဲ"

"ဒေါက်… ဒေါက်… ဒေါက်"

တံခါးခေါက်သံ ကြားရပြီးနောက် ချားလ်စ် ဝင်လာကာ စားပွဲဘေးတွင် ရပ်နေသည်။ ကရောဖို့က တယ်လီဖုန်းပြောရာမှ လှည့်ကြည့်တော့မှ ချားလ်စ်က သူ့ဆံရာကို သတင်းပို့သည်။

"မစ္စတာဟာမစ် ရောက်လာပြီ ဆရာ"

"အေး သူ့ကို အခန်းထဲခေါ်လာခဲ့၊ ပြီးတော့ မင်းရော ရှီလာရော လာခဲ့ကြပါ"

"ဟုတ်ကဲ့ ဆရာ"

ချားလ်စ်က အခန်းတံခါးကို ကျယ်ကျယ်ဖွင့်၍ မစ္စတာဟာမစ်အား ခရီးဦးကြိုပြုလိုက်၏။

"ဝင်ပါခင်ဗျာ"

ဟာမစ် အခန်းထဲသို့ စူးစမ်းသော အမူအရာဖြင့် ဝင်လာသည်။ အမှန်တော့ သူတို့လို ဆော်လစ်စစ်တာခေါ် အတိုင်ပင်ခံ ရှေ့နေမျိုးမှာ ကရောဖို့တို့ကဲ့သို့ ဝတ်လုံတော်ရကြီးများ၏ အခန်းထဲသို့ ဖိတ်ခေါ်ခံရခြင်းကို ဂုဏ်ယူလေ့ရှိကြသည်။

ဟာမစ်က ကရောဖို့အား ခပ်နောက်နောက် အမူအရာဖြင့် အလေးပြုလိုက်သည်။

ကရောဖို့က ပြုံး၍ ဟာမစ်ကို ထိုင်ဖို့နေရာ ညွှန်ပြပြီး တယ်လီဖုန်းကို ပြန်၍ပြောနေသည်။

"ပြောနိုင်ပါ့မလား၊ ကျေးဇူးပါပဲ၊ ကောင်းပြီလေ၊ တွေ့ကြမယ်"

တယ်လီဖုန်း ပြောပြီးသွားပြီဖြစ်၍ ဖုန်းကိုချလိုက်သည်။





"မစ္စတာ ဟာမစ် အခုလို ကျွန်တော့်ဆီလာတာ သိပ်ကျေးဇူးတင်ဘယ်ဗျာ"

နောက်တတ် ရွှတ်တတ်တဲ့ ဟာမစ်ကတော့ အရှိန်မကုန်သေး၊ နောက်ရွှတ်ရွှတ်ပင် ပြန်ပြောသည်။

"မိတ်ဆွေ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ပေးရတာမို့ အပန်းမကြီးပါဘူး"

ဟာမစ်က သားရေဆိုဖာကြီးပေါ်တွင် ဇိမ်နှင့်မှီ၍ ထိုင်နေသည်။ သူ၏ ခြေအိတ်တစ်ဖက်မှာ လျော့ရဲရဲဖြင့် ခြေကျင်းဝတ်အထိ လျှောကျနေ၏။ ဟာမစ်မှာ အဝတ်အစားကို သေသပ်စွာ ဝတ်တတ်သူမဟုတ်၊ ဂျားလော့ဟုမ်းစတိုင်ဖြင့် ဆေးတံကိုထုတ်၍ ဆေးထည့်ရာ ဆေးများမှာ အောက်ပြန့်ကြဲကျကုန်သည်။ ဒီပုံကို ကြည့်၍တော့ သူ့ကို ဘယ်သူကမှ ရှေ့နေတစ်ယောက်လို့ ပြောကြမည် မထင်ပေ။ ဒီလို ပုံခပ်တုံးတုံးဖြစ်သော်လည်း လန်ဒန်လို မြို့ကြီးမှာပင် ရာဇဝတ်မှုနှင့် ပတ်သက်ပြီး အကြံဉာဏ်ပေးရာမှာတော့ အကျော်အမော်တစ်ယောက် ဖြစ်ပေ၏။ လေလုံးခပ်ထွားထွား ပြောပုံကိုကြည့်ပြီးသာ သူ့ကို ဆုံးဖြတ်လျှင် မှားပေလိမ့်မည်။

ချားလ်စ်နှင့် ရှီလာတို့လည်း ဝင်လာကြသည်။

ကရောဖို့က မိတ်ဆက်ပေးသည်။

"ရှီလာ၊ မစ္စတာဟာမစ်ကို သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ်၊ ကောင်းသောညနေခင်းပါရှင်"

"ကောင်းသော ညနေခင်းပါခင်ဗျာ"

"ကဲ… အားလုံးထိုင်ကြပါ"

ကရောဖို့က အလုပ်စတော့မည်မို့ အားလုံးကို ထိုင်ခိုင်းသည်။

အားလုံးကလည်း ထိုင်ကြရင်း သူတို့ကို ဘာလုပ်ဖို့ခေါ်တာလဲဆိုတာကို သိချင်စိတ် ပြင်းပြနေကြသည်။

သူတို့ ကြာကြာမစောင့်ရပါ။ သူတို့ သိလိုသည်ကို ကရောဖို့ကပင်

စ၍ပြောပါသည်။

"ခင်ဗျားတို့ကို ဘာကြောင့် ဒီလိုခေါ်တာပါလိမ့်လို့ သိချင်နေကြမှာပဲ၊ ခေါ်တဲ့အကြောင်းက... ကျွန်တော် အဖမ်းခံရတော့မယ်ဆိုတာ ပြောချင်လို့ပါ"

"ဟင်... အဖမ်းခံရတော့မယ် ဟုတ်လား"

အားလုံးက သံပြိုင်ရေရွတ်မိသည်။

ဟာမစ်တော့ အံ့သြလွန်း၍ မျက်ခုံးစွန်းများပင် ထောင်တက်သွားသည်။

"ဟုတ်တယ်၊ အခု မိနစ်နှစ်ဆယ်လောက် အတွင်းမှာပဲ အဖမ်းခံရလိမ့်မယ်၊ စုံထောက်ရဲမှူး အီလေနဲ့ ငါးနာရီမှာ ချိန်းထားတယ်လေ"

"ဘာမှုနဲ့ ဖမ်းမှာတဲ့လဲ"

"လူသတ်မှုနဲ့"

ကရောဖို့က လေအေးဖြင့်ဖြေသည်။

တံခါးခေါက်သံ ကြားသဖြင့် ဝင်ခဲ့ဖို့ပြောလိုက်သည်။

ပါစီက လက်ဖက်ရည်ဗန်းဖြင့် ဝင်လာသည်။

"ကျေးဇူးပဲဟေ့ ပါစီ"

"ကျွန်တော် ငှဲ့ပေးရမလား ဆရာ"

"နေပေစေကွာ"

"ကောင်းပါပြီ ဆရာ"

ပါစီ ပြန်ထွက်သွားပြီးနောက် အခန်းတွင်း၌ တိတ်ဆိတ်နေသည်။ ကရောဖို့က အကျရည်ကို ငှဲ့ပေးပြီးနောက် ဟာမစ်အား နို့ထည့်မထည့် မေးသည်။

ဟာမစ်က မျိုသိပ်မထားနိုင်တော့။

"လက်ဖက်ရည်က အသာနေစမ်းပါဦးဗျ၊ ခင်ဗျား ခုနကပြောတာ တကယ်ပဲလား"

"တကယ်ပြောတာပါ"





ချားလ်စ်က ဖြည်းညင်းစွာ မတ်တပ်ရပ်လိုက်ပြီး လက်ဖက်ရည်ကရားကို လှမ်းယူလိုက်သည်။

"ဆရာ ကျွန်တော် ငှဲ့ပေးပါ့မယ်"

"ကျေးဇူးပဲ ချားလ်စ်ရေ"

ရှီလာကလည်း မနေနိုင်တော့ မေးရပြန်သည်။

"ဘယ်သူ့ကို သတ်တဲ့အမှုနဲ့လဲ ဆရာ"

"မစ္စတာ ဂရယ်ဂေါရီကို သတ်တဲ့အမှုနဲ့တဲ့ကွ"

"ဘုရားရေ..."

ရှီလာက ကရောဖို့အား မျက်လုံးပြူးကြီးများဖြင့် ထိတ်လန့်တကြားငေးကြည့်နေသည်။

ရှီလာ အထင်မလွဲစေရန်ကရောဖို့က ကပျာကယာ ဖြတ်ပြောသည်။

"ဒီနေရာကနေ ကျွန်တော့် မိတ်ဆွေအားလုံးကို ပြောပါရစေ၊ ကျွန်တော် ဂရယ်ဂေါရီကို မသတ်ပါဘူး၊ ဘုရားကို တိုင်တည်ပြီး ပြောရဲပါတယ်"

ဟာမစ်က ဆက်၍မေးသည်။ မမေး၍လည်းမဖြစ်၊ သိသင့်သိထိုက်တာကို ခပ်မြန်မြန် သိထားဖို့လိုသည်။

"ကောင်းပြီ၊ ခင်ဗျား မသတ်ဘူးဆိုရင် ဘာကြောင့် ခင်ဗျားကို စွပ်စွဲသလဲ"

"မေးပါဗျာ မစ္စတာဟာမစ်၊ ခင်ဗျားကို ကျွန်တော် အကူအညီတောင်းမလို့ မှန်းထားပါတယ်၊ ကူညီမယ်ဆိုရင်တော့ အတိုင်းထက်အလွန် ကျေးဇူးပါပဲ"

"အိုဗျာ... အချင်းချင်းတွေပဲ၊ ကျေးဇူးတွေဘာတွေ ပြောမနေပါနဲ့၊ ကျွန်တော် သိချင်တာက ဘယ်လိုအကြောင်းကြောင့် ရဲက ခင်ဗျားကို လာစစ်ရတာလဲ"

ကရောဖို့က တော်တော်နှင့် မဖြေသေး၊ လက်ဖက်ရည်ကိုသာ ခွန်းဖြင့် မွှေနေသည်။ အတော်ကလေးကြာတော့မှ ဖြေသည်။

"လာစစ်တာထက် ဆိုးတာပေါ့ဗျာ၊ တနင်္ဂနွေနေ့ ညနေကတည်းက ဘာမှမစစ်ဆေးဘဲနဲ့ ဖမ်းတော့မယ့်ပုံပဲ"

"ဘာကြောင့်လဲ၊ ဘယ်လိုအထောက်အထား ရှိလို့လဲ"

"သတင်းအရလို့ ဆိုတာပဲ"

"ဘုရားရေ... သတင်းက ဘယ်သူ့ဆီကတဲ့လဲ"

"အာမိတာ(ဂျ်)လို့ခေါ်တဲ့ လူဆီကတဲ့"

"အာမိတာ(ဂျ်)... ဟုတ်လား"

ချားလ်စ်က ထိုနာမည်ကို ကြားလိုက်သည်နှင့် တစ်ကိုယ်လုံး ဓာတ်လိုက်သလို ကျင်ကနဲ ခံစားလိုက်ရသည်။ ပါးစပ်မှပင် အမည်ကို ခေါ်မိသည်။

ချားလ်စ်၏အဖြစ်ကို တွေ့လိုက်သည့် ကရောဖို့က ချားလ်စ်ဘက် သို့လှည့်၍ မေးလိုက်၏။

"ဟုတ်တယ်ကွ... ချားလ်စ်၊... အာမိတာ(ဂျ်)တဲ့၊ မင်းရဲ့ ရက်ချိန်းစာအုပ်ကို ငါ ခိုင်းတဲ့အတိုင်း စစ်ကြည့်ပြီးပြီလား၊ အဲဟိုအချိန် တုန်းက လာတဲ့လူဆိုတာလေ၊ သူ့နာမည်က အာမိတာ(ဂျ်) မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

ဟာမစ်ကတော့ သဲလွန်စကလေး ရပြီဆိုလျှင်ပင် မလွတ်တန်းဖိ၍ လိုက်သည်။ သူက ချားလ်စ်ကို မေးခွန်းများ ဆက်၍မေး၏။

"အဲဒီလူက ဘာလုပ်သလဲ၊ ဘာကိစ္စလာတာလဲ"

"ပြီးခဲ့တဲ့ စက်တင်ဘာလထဲမှာပေါ့ ဆရာရယ်၊ အဲ... ဂျိုဝါနာ ဆုံးပြီး သိပ်မကြာ သေးခင်ပေါ့၊ အဲဒီလူက ရုံးခန်းကို ရောက်လာတယ်၊ သူ့နာမည် အာမိတာ(ဂျ်)ပါတဲ့၊ မစ္စတာကရောဖို့နဲ့ မွန်းလွဲ ၃ နာရီမှာတွေ့ဖို့ ချိန်းထားပါတယ်တဲ့"

"ဘာကိစ္စလာတာတဲ့လဲ"

"ကျွန်တော့်ကိုတော့ သူ ဘာကိစ္စလာတယ်ဆိုတာ မပြောဘူး ဆရာ၊ ကိုယ်ရေးကိုယ်တာကိစ္စ သက်သက်ပဲဆိုတာလောက်သာ သိရ တယ်"





ဟာမစ်က ဒီလောက်သိရုံနဲ့ မကျေနပ်နိုင်သေး၊ ဆက်၍မေးပြန် သည်။

"အဲဒီတော့ ဘာဖြစ်သလဲ"

ဟာမစ်၏အမေးကို ကရောဖို့ကဝင်၍ ဒေါနှင့်မောနှင့် ဖြေလိုက် သည်။

"ကျုပ် ဒီလူကို တစ်ခါမှ မတွေ့လိုက်ရပါဘူး၊ အရင်ကလဲ မတွေ့ခဲ့ဖူးပါဘူး"

ချားလ်စ်က သူ့ဆရာ၏အဖြေကို ထပ်ဖြည့်သည်။

"ဟုတ်တယ် ဆရာ၊ သူ နာရီဝက်လောက် စောင့်နေပြီး ဆက် မစောင့်နိုင်တော့တာနဲ့ ပြန်သွားတယ်၊ မစ္စတာကရောဖို့အိမ်ကို ဖုန်းဆက်ပြီး နောက်တစ်ကြိမ် ချိန်းမယ်လို့ ပြောသွားတယ်"

ဟာမစ်၏ ဆေးတံမှာ မီးငြိမ်းသွားသဖြင့် မီးထပ်ညှိရသည်။ သူက ဆေးတံကိုဖွာရင်း ကရောဖို့ကို ဆက်မေးသည်။

"ခင်ဗျားကကော အဲဒီလူကို သိသလား"

"အဲဒီတုန်းက သူ့နာမည် ကြားဖူးတာပဲ၊ ဒီမတိုင်မီက တစ်ခါမှ မကြားဖူးပါဘူး"

"ဒီလိုဆိုရင် သူနဲ့ ချိန်းထားတယ်ဆိုတာ မဟုတ်ဘူးပေါ့"

"မချိန်းခဲ့ပါဘူး"

"ခင်ဗျားအိမ်ကိုရော သူ ဖုန်းဆက်သေးလား"

"မဆက်ပါဘူး"

ဟာမစ်က သူ၏ဆေးတံဖြင့် အလုပ်များနေပြန်သည်။ လက်သည်း ကြားမှ ဆေးချိုးကို မီးခြစ်ဆံဖြင့် ကလော်ရင်း ဆက်မေးပြန်၏။

"ချားလ်စ်၊ အဲဒီလူက ဘယ်လိုပုံသဏ္ဌာန်မျိုးလဲ၊ မင်း မှတ်မိ သလောက် ပြောစမ်းကွာ"

"သိပ်တော့ မမှတ်မိတော့ဘူး ဆရာ၊ အသက် ၆၀ ကျော် ၆၅ နှစ်လောက်တော့ရှိပြီ၊ အဝတ်အစားကို မသေမသပ် ဝတ်ထားတယ်၊

အောက်တန်းစားပုံပဲ၊ မျက်စိမွဲတယ်နဲ့တူတယ်၊ မျက်မှန်အထူကြီး တပ်ထားတယ်"

ချားလ်စ်က ပြောနေရင်း ကရောဖို့ဘက်သို့ လှည့်၍ပြောလိုက်သည်။

"ဆရာ ဆေးရုံတက်နေတုန်းက တွေ့လိုက်သေးတယ် မဟုတ်လားဆရာ"

"ငါ တွေ့လိုက်သေးတယ်၊ ဟုတ်လား"

ကရောဖို့၏ မျက်နှာရိပ် မျက်နှာကဲကို ဖမ်း၍မရ။

"ဟုတ်ပါတယ် ဆရာ"

ပြောရင်းနှင့် ချားလ်စ်က နောက်တွန့်သွားသည်။ မပြောမိရင် အကောင်းသားဟု တွေးမိသည်။ ဒါပေမယ့် ဆက်၍တော့ပြောသည်။

"ဟို… ဟို… နောက်ဆုံးအခေါက် ဆရာ့ကို ကျွန်တော် လာသတင်းမေးတုန်းကလေ ဆရာ၊ ကျွန်တော်က ပြန်အထွက်၊ သူနဲ့တွေ့တယ်၊ သူက ကျွန်တော့်ကို မှတ်မိလို့ သီးသန့်အဆောင်ဘက်ကို ဘယ်လိုသွားရသလဲလို့တောင် ကျွန်တော့်ကို မေးသေးတယ်၊ ဆရာနဲ့ သွားတွေ့မလို့တဲ့"

"ငါ မတွေ့လိုက်ပါဘူးကွာ၊ ဒီကောင့်ကို တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မတွေ့ဖူးဘူး"

ဒီတစ်ခါတွင်လည်း ကရောဖို့က သူ အာမီတာ(ဂျ်)ကို တစ်ခါမှ မတွေ့ဖူးကြောင်း ဒေါနှင့်မာန်နှင့် ပြောပြန်သည်။

ဟာမစ်က ကရောဖို့၏ စကားကိုဖြတ်၍ ပြောရသည်။

"သူ့ကို ခင်ဗျားတွေ့ဖူးသလား၊ မတွေ့ဖူးသလားဆိုတာကို ကျွန်တော် သိချင်တာ မဟုတ်ဘူး ကရောဖို့၊ ကျွန်တော် သိချင်တာက အဲဒီလူက ရဲကို ဘယ်လိုသတင်းမျိုး ပေးတာလဲဆိုတာပဲ"

ကရောဖို့က ရုတ်တရက် မဖြေသေး၊ ဖြေသည့်အခါတွင်တော့ ခပ်ပေါ့ပေါ့ပင်ဖြေသည်။





"သူပေးတဲ့သတင်းက ဂရယ်ဂေါရီကို ကျွန်တော် ဘာကြောင့် သတ်ရတယ်ဆိုတဲ့ အကြောင်းပဲ၊ သတ်တဲ့အကြောင်းရင်းပေါ့ဗျာ"

"ဘယ်လို အကြောင်းရင်းကြောင့် ခင်ဗျားက သတ်ရတယ်လို့ ရှုပ်စွဲသလဲ"

"သူက ရဲကိုပြောတာကတော့ ကျွန်တော်က သူ့ကို ဂျိုဝါနာကို သတ်သွားတဲ့လူကိုရှာဖို့ အလွတ်စုံထောက်အဖြစ် ငှားတယ်တဲ့"

"ခင်ဗျားကကော သူ့ကို ငှားသလား"

"သူ့ကို မငှားပါဘူး၊ ဒါပေမယ့် တခြားစုံထောက်တွေကိုတော့ ငှားတယ်၊ ဒါပေမယ့်…"

"ဘာဖြစ်လို့ ငှားတာလဲ"

"ရဲတွေရှာနေတာက အကြောင်းမှမထူးဘဲ"

"သူတို့လဲ တတ်နိုင်သလောက် ရှာနေတာဖြစ်မှာပေါ့၊ ခင်ဗျား ဘာသာ စုံထောက်ငှားပြီးရှာတာ ဘာရည်ရွယ်ချက်ရှိလို့လဲ"

"ကျိုးကြောင်း ခိုင်လုံမှုအမြင်နဲ့ဆိုရင်တော့ ရည်ရွယ်ချက်ရှိတယ်လို့ မပြောနိုင်ပါဘူး"

"ဒီလိုဆိုတော့ ကျိုးကြောင်းခိုင်လုံမှုမရှိတဲ့ဘက်က ကြည့်မယ်ဆိုရင်ကော"

ဟာမစ်ကား လမ်းစပေါ်ပြီဖြစ်၍ ဖိ၍မေးတော့သည်။

"အဲဒီလူကိုတွေ့ရင် တစ်နည်းနည်းနဲ့ ခင်ဗျားဘာသာ အပြစ်ပေးမယ်လို့ ရည်ရွယ်ထားသလား"

"အဲ့သလိုတော့ နည်းနည်း အကြံပေါ်ခဲ့တယ်"

ကရောဖို့၏ မပြုံးတပြုံး၊ မျက်နှာမှာ ခြောက်တောက်တောက်။

"သူ့ကို ဘယ်လိုအပြစ်ပေးဖို့ စိတ်ကူးထားသလဲ"

"သေသေချာချာတော့ မစဉ်းစားမိခဲ့သေးပါဘူး၊ ခင်ဗျားလဲ သိတဲ့အတိုင်းပဲ၊ ကျွန်တော်လဲ မမာလို့ အိပ်ရာထဲလဲနေခဲ့တာပဲ၊ ကျွန်တော် နေကောင်းလာတော့ အမှားအမှန်ကိုလဲ ဆင်ခြင်နိုင်လာတယ်"

ရှီလာက ဝင်ပြောသည်။

"ခုနက ပြောနေတာနဲ့ ဂရယ်ဂေါ်ရီနဲ့ ဘာဆိုင်လို့လဲ"

ကရောဖို့က စားပွဲပေါ်မှ ကလစ်တစ်ချောင်းကိုယူ၍ ဟိုပုံချိုးလိုက်၊ ဒီပုံချိုးလိုက် လုပ်နေရင်း ခပ်လေးလေးဖြေ၏။

"အာမိတာ(ဂျ်)ရဲ့ စွပ်စွဲချက်က လွန်ခဲ့တဲ့ ကြာသပတေးနေ့က ကျွန်တော့်ထံကို စာတစ်စောင် ထည့်လိုက်တယ်တဲ့၊ အဲဒီစာမှာ ဂရယ်ဂေါ်ရီဟာ ကျွန်တော် ရှာနေတဲ့လူဖြစ်ကြောင်း ဖော်ပြထားတယ်တဲ့"

"ဟင် . . . ဂရယ်ဂေါ်ရီဟာ လူတိုက်ပြီး မောင်းပြေးတဲ့ ဒရိုင်ဘာလို့ ဆိုလိုတာလား"

"သူ့အဆိုကတော့ ဒီအတိုင်းပဲလေ"

ဟာမစ်က ရုတ်တရက် ဖြတ်မေးလိုက်သည်။

"အဲသလိုစာမျိုးကော ရဖူးသလား"

"မရဖူးပါဘူး၊ ဒါပေမယ့် ရဲက ကျွန်တော့်အိမ်ကို ရှာတုန်းကတော့ အဲဒီစာကို တွေ့တယ်၊ စာလုံးအနီရောင်နဲ့ လက်နှိပ်စက်ရိုက်ထားပြီး အာမိတာ(ဂျ်)လို့ လက်မှတ်ထိုးထားတယ်"

"ခင်ဗျားအနေနဲ့ကတော့ ဒီစာဟာ ခင်ဗျားရဲ့အိမ်ထဲမှာ ရှိနေတယ်ဆိုတာ လုံးဝ မသိခဲ့ဘူးဆိုပါတော့"

"လုံးဝ မသိခဲ့ပါဘူး"

ကရောဖို့၏ လက်ထဲမှ ကလစ်မှာ ဆတ်ကနဲ ကျိုးသွားသည်။ သူက နောက်တစ်ချောင်းကိုယူ၍ စောစောကလို ကလစ်ကို ကွေးလိုက် ဆန့်လိုက်လုပ်ရင်း ဆက်ပြောသည်။

"ကျွန်တော် စဉ်းစားမိသလောက်ကတော့ အဲ့ဒီစာဟာ လွန်ခဲ့တဲ့ သောကြာနေ့က ကျွန်တော့်ဆီ ရောက်လာတဲ့ ကိုယ်ရေးကိုယ်တာ အတွင်းရေးကိစ္စလို့ တံဆိပ်တပ်ထားတဲ့ စာအိတ်ကြီးနဲ့ တစ်နည်းနည်း ပတ်သက်နေလိမ့်မယ်ထင်တယ်"

"ဟုတ်တယ်၊ ကျွန်မ မှတ်မိပြီ"





ရှီလာ၏အသံ ထွက်လာသည်။ ပြောရင်း အသံက တိမ်သွားသဖြင့် နည်းဖျစ်ညှစ်၍ ဆက်ပြောရသည်။

"မှတ်ပုံတင်စာမို့လို့ ကျွန်မ လက်မှတ်ထိုးယူလိုက်ရတယ်"

ကရောဖို့က စာအိတ်ကြီးအကြောင်း ဆက်ရှင်းသည်။

"အဲဒီစာအိတ်ကြီးမှာ ဗလာစာရွက်ပဲပါတယ်"

"ဟုတ်လား"

ဟာမစ်က ကရောဖို့၏စကားကို ယုံမယုံတော့မသိ၊ ရှေ့ဆက် ပြောသည့်အခါမှာတော့ ဟာမစ်က မျက်နှာကြက်သို့သာ မော့်၍ပြောသည် ကို တွေ့ရသည်။

"အဲ့ဒီစာအိတ်နဲ့ အထဲကစာရွက်ကော ခင်ဗျားဆီမှာ ရှိသေးလား"

"မရှိတော့ဘူး၊ ခပ်ကြောင်ကြောင်ကောင်တွေဆီက နောင်ပြောင်ပြီး လိုက်တယ်လို့ထင်တာနဲ့ လွှင့်ပစ်လိုက်တယ်"

"ဒီအကြောင်းကို ချားလ်စ်ကိုဖြစ်ဖြစ်၊ ချိန်ဘာက တခြားတစ်ဦးဦး ကိုဖြစ်ဖြစ် ပြောသေးသလား"

"ပြောမလို့တော့ စိတ်ကူးမိသား၊ ဒါပေမယ့် ပြောမိတယ်လို့ ထင်ဘူး"

ကရောဖို့၏ ပြောပုံမှာ မရေရာလှ။

ချားလ်စ်က ခေါင်းရမ်းလိုက်သည်။

"ကျွန်တော့်ကိုတော့ မပြောဘူးဆရာ"

ရှီလာကတော့ သူ့ကိုပြောပါတယ်ဟု လိမ်ပြောရင် ကောင်းမလား ဉ်းစားသေးသည်။ ဒါပေမယ့် လိမ်ပြောလို့လည်း အကြောင်းထူးလာမည် ဟုတ်၍ အမှန်ကိုပင် ပြောသည်။

"ကျွန်မကိုလဲ မပြောပါဘူး"

"ဒီလိုဆိုရင် သိပ်တော့မဟန်လှဘူး"

ဟာမစ် ပြောလိုက်ပုံကို ဘယ်လိုအဓိပ္ပာယ်ကောက်ရမည်မသိ။ က ဆက်၍မေးပြန်သည်။

"ရဲဆီမှာ တခြား ဘယ်လိုအချက်တွေများ ရထားသေးသလဲ"

ကရောဖို့ စိတ်တိုလာသည်။ သူ၏နှုတ်ခမ်းများက တရွရွလှုပ်နေသည်။

"မသိသေးဘူးဗျ၊ ဘာတွေပဲရှိနေနေ အဲဒါတွေဟာ အမှန်မဟုတ်ပါဘူး"

"ဒါပေမယ့်လို့ ခင်ဗျားကို လူသတ်မှုနဲ့ စွဲချက်တင်နိုင်လောက်အောင်တော့ ခိုင်လုံလိမ့်မယ်"

"တင်နိုင်ရင်လဲ စွဲချက်အမှားကြီး ဖြစ်မှာပါ"

"ဟုတ်ပါတယ်၊ ဒီအချက်ကို လက်ခံပါတယ်၊ ဒါပေမယ့် စွဲချက်ကိုတော့ ပြေလည်အောင် ဖြေရှင်းရဦးမှာပေါ့"

"ဒါတော့ ဒါပေါ့"

"အဲသလို ဖြေရှင်းမယ်ဆိုရင် ခင်ဗျားက ဘယ်လိုဖြေရှင်းမလဲ"

သူတို့နှစ်ဦး တစ်ယောက်၏မျက်နှာ တစ်ယောက် အတန်ကြာအောင် စိုက်ကြည့်နေမိသည်။ ကရောဖို့ကစ၍ မျက်နှာကိုလွှဲကာ ဖြည်းဖြည်းချင်း ပြောလိုက်သည်။

"အဲဒီညက ကျွန်တော် ဂရယ်ဂေါ်ရီရဲ့ အိမ်မှာမှမရှိဘဲ"

"ဒီလိုဆိုရင် ခင်ဗျားပြောတာဟာ မဟုတ်ပါဘူးလို့ တစ်ဦးဦးက သက်သေထွက်မယ်ဆိုရင်ကော... ခင်ဗျား ဘယ်လိုဖြေရှင်းမလဲ"

"သီအိုရီအဖြစ် ပြောရမှာလား၊ လက်တွေ့အခြေအနေအရ ပြောရမှာလား"

"နှစ်မျိုးလုံးအရပဲ"

"လက်တွေ့ အခြေအနေအရတော့ ကျွန်တော့်ဘက်က သက်သေပြစရာ မရှိဘူး"

"သီအိုရီအဖြစ် ဆိုရင်ကောဗျာ"

ဟာမစ်၏ မေးခွန်းက စောစောကလို ထက်ထက်မြက်မြက် မရှိလှတော့၊ အဖြေကို ကြိုတင်မှန်းမိထားသည်နှင့် တူသည်။





"တစ်ယောက်ယောက်က ကျွန်တော့်ကို ပစ်မှတ်အဖြစ်နဲ့ထားပြီး ဆော်နေတာ ဖြစ်မှာပေါ့"

"ခင်ဗျားကိုလား၊ ဂရယ်ဂေါ်ရီကိုလား"

"ကျွန်တော်တို့ နှစ်ဦးထဲက တစ်ဦးဦးကိုလဲ ဖြစ်နိုင်တယ်၊ နှစ်ဦးလုံးကိုလဲ ဖြစ်နိုင်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဘိန်းပစ်ပြီး အဖမ်းခံရတာပဲ"

ဟာမစ်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကရောဖို့၏ သီအိုရီကို လက်ရှိအခြေအနေအရ လက်ခံသည်။ သို့သော် တစ်ခုခုတော့ လိုနေသေးကြောင်း သူ၏ဝိညာဉ်သိစိတ်က သတိပေးနေသည်။

ဒါကြောင့် ဆေးတံကိုသာ ဖိ၍ဖွာနေသည်။

*

## အခန်း(၇)

ဟာမစ်၏ ဆေးတံမှာ ဖွာလေ ငြိမ်းလေဖြစ်နေ၏။ ဟာမစ်လည်း လက်လျှော့ပြီး ဆေးတံကို အိတ်ထဲသို့ ထည့်ထားလိုက်တော့သည်။ ဒါပေမယ့် ဆက်ပြီးတော့ မေးရပြန်သည်။

"ခင်ဗျားရဲ့ သီအိုရီကို အထောက်အထား ခိုင်ခိုင်လုံလုံ ပြနိုင်ပါ့မလား"

ကရောဖို့၏အဖြေက အားရစရာမရှိ။

"အခုအထိတော့ မပြနိုင်သေးဘူး"

"ဒီလိုဆိုရင်တော့လဲ ခင်ဗျားဟာက ယူဆချက်သက်သက်လိုပါပဲလား၊ ဒီလိုလုပ်ကြံတဲ့ အမှုမျိုးကိုလုပ်မယ့် အမည်မသိ လူတစ်ယောက်ရှိရမယ်၊ အဲဒီလူဟာ ခင်ဗျားကို အသေအလဲ မုန်းနေရမယ် ဆိုပါတော့"

"ဟုတ်ပါတယ်၊ ယူဆချက်သက်သက် သဘောပါပဲ၊ ဒါပေမယ့် ဒီလိုသာ ဖြစ်နိုင်တာပဲ၊ တခြား ဘယ်လိုဖြစ်နိုင်မလဲဆိုတာ စဉ်းစားလို့ကို မရဘူး"

ဟာမစ်က မီးခြစ်ဆံဖြင့် သူ၏ဘယ်ဘက်နားကို ကလော်ရင်း မေးသည်။

"ဘယ်လိုလူမျိုး ဖြစ်နိုင်မယ်လို့ ခင်ဗျား ထင်သလဲ"

"ဘယ်သူ့ကိုမှ မထင်တတ်ဘူးဗျ"





အခုတော့ ကရောဖို့သည် စောစောကလို စိတ်မငြိမ်မသက် မဟုတ်တော့၊ ချားလ်စ်ဘက်သို့လှည့် သူသိချင်တာကို မေးလိုက်သည်။

"ဒါထက် ချားလ်စ်ရေ၊ ရုံးလက်ရေးတိုသမားတွေဆီမှာ စုံစမ်းတာ သုံးခြားမှုရှိရဲ့လား"

"မရှိသေးဘူးဆရာ၊ လူဟောင်းတော်တော်များများကပဲ ပင်စင်ယူကုန်ကြပြီ"

"အေးကွာ၊ ဆက်ကြိုးစားစမ်းပါဦး၊ ဒီကိစ္စ သိပ်အရေးကြီးတယ်"

ကရောဖို့က ရီလာနှင့် ဟာမစ်တို့အား ထိုကိစ္စကို ရှင်းပြ၏။

"ဒီလိုဗျ၊ တရားခံတစ်ယောက်က ကျွန်တော့်ကိုဖြစ်ဖြစ်၊ ဂရယ်ဂေါ်ရီ ကိုဖြစ်ဖြစ်၊ ခြိမ်းခြောက်ခဲ့ဖူးသလားဆိုတာကို ရုံးမှတ်တမ်းတွေမှာ ရှာကြည့်ဖို့ပါ၊ ဒါကို အမှုစစ်တဲ့အခါမှာ မှတ်တမ်းလိုက်ရေးတဲ့ လက်ရေးတိုစာရေးတွေက ပိုပြီး မှတ်မိနိုင်တာပေါ့"

ရီလာက ထပ်မေးပြန်သည်။

"အဲဒီညက ဆရာဟာ ဂရယ်ဂေါ်ရီရဲ့ အိမ်ထဲမှာ မရှိခဲ့ဘူးဆိုတာကို အထောက်အထား ပြနိုင်မလား ဆရာ"

"ဆေးစစ်ချက်အရ ဆိုရင်တော့ ပြနိုင်ပါတယ်"

ဟာမစ်က ဝင်ထောက်လိုက်သည်။

"ဆေးစစ်ချက်အရ တစ်ခုတည်းပဲလား"

"ဆရာဝန်က ဂရယ်ဂေါ်ရီ ဘယ်အချိန်မှာ သေတယ်လို့ ပြောတဲ့ အချိန်က အရေးအကြီးဆုံး မဟုတ်ဘူးလား"

ကရောဖို့က ဟာမစ်ထောက်လိုက်သည်ကို ပြန်ဖြေသည်။

"ကျွန်တော်တော့ သေသေချာချာ မသိသေးဘူးလေ၊ ခင်ဗျားပြောသာ မှန်မယ်ဆိုရင်လဲ မှန်ပါလိမ့်မယ်၊ ဆေးစစ်ချက်အရ ဘယ်အချိန်မှာ သေတာတဲ့လဲ"

"ဆရာဝန်ရဲ့ ထွက်ချက်ကတော့ နံနက် တစ်နာရီနဲ့ နှစ်နာရီ အတွင်းမှာ သေတယ်လို့ဆိုတယ်"

"အဲဒီအချိန်မှာ ခင်ဗျားက ဘယ်မှာရှိနေသလဲ"

"အဲဒီအချိန်မှာ ကျွန်တော်က မေ့(တ်)လင်းတို့အိမ်ရဲ့ ဧည့်ခန်းက ဆိုဖာကြီးပေါ်မှာ သတိမေ့နေတုန်းပဲ"

"ကောင်းပြီ၊ မေ့(တ်)လင်းဆိုတာ ဘယ်သူလဲ"

ဟာမစ်၏ မေးခွန်းများက မှန်မှန်ကြီး လာနေသဖြင့် ကရောဖို့က ဟာမစ်အား မော့ကြည့်မိသည်။ ဒါပေမယ့် ဟာမစ်၏ မျက်နှာတွင် စိတ်ဝင်စားမှုကိုသာ တွေ့ရသည်။ အမှန်တော့ ဟာမစ်က တမင်တကာပင် ဆက်တိုက်မေးနေခြင်း ဖြစ်သည်။ အဲသလို မေးမှလည်း အဖြေကို ရှာတွေ့ပေလိမ့်မည်။ ကရောဖို့ကလည်း မသိ၍မဟုတ်၊ သို့သော် ဤသို့မေးခြင်းသည် သူ့စိတ်ကို လှုပ်ရှားစေသည်။

"သူက ကျွန်တော့်မိတ်ဆွေတစ်ယောက်ပါ၊ ဂရယ်ဂေါ်ရီတို့ လင်မယားနဲ့လဲ ခင်ပါတယ်၊ ကျွန်တော်တို့အားလုံး အိမ်နီးချင်းတွေပါ"

"ခင်ဗျားက အဲဒီ တနင်္ဂနွေနေ့ နံနက် တစ်နာရီနဲ့ နှစ်နာရီအတွင်းမှာ သူ့အိမ်ဧည့်ခန်းထဲမှာ ဘာကြောင့် သတိမေ့နေရတာလဲ"

"ကျွန်တော်က စောစောကတည်းက ကျွန်တော့်အိမ်ရှေ့မှာ ခေါင်းကို အရိုက်ခံလိုက်ရတယ်၊ မေ့(တ်)လင်းက ကျွန်တော် လဲနေတာကို တွေ့တယ်"

"ခင်ဗျားကို ရိုက်တဲ့လူကိုကော တွေ့လိုက်သေးသလား"

"ဟင့်အင်း"

"ခင်ဗျားပြောတဲ့အထဲမှာ အိမ်ရှေ့မှာ အရိုက်ခံရတယ်လို့ဆိုတယ်၊ ဘယ်သူ့ကို တံခါးဖွင့်ပေးသလဲ"

"တံခါးဖွင့်ပေးလို့ မဟုတ်ပါဘူး၊ အိမ်ကိုအပြန်မှာပါ"

"ဘယ်ကပြန်လာတာလဲ"

"ဒီက ဒီချိန်ဘာကနေ အပြန်မှာပါ၊ ဟို ကလေးမလေးလေဗျာ၊ ခင်ဗျား ခေါ်လာခဲ့တဲ့ အမှုသည် ကောင်မလေးဟာကော၊ အဲ သူနဲ့ ခင်ဗျားနဲ့ ပြန်သွားကြပြီးလို့ ဆယ့်တစ်နာရီခွဲလောက်မှာ ကျွန်တော်လဲ ပြန်တာပဲ"





"ဂေါ်ဒွန်မြူး(စ်)ကို ဘယ်အချိန်လောက်ရောက်သလဲ"

"ကျွန်တော် အဲဒီညက ခြေလျင်ပြန်တယ်၊ ဒါကြောင့် ဂေါ်ဒွန်မြူး(စ်)ထဲကို (၁၂) နာရီ၊ ဒါမှမဟုတ် ၁၂ နာရီ ၁၅ မိနစ်လောက်မှာ ရောက်မယ်ထင်တယ်"

"မေ့(တ်)လင်းက ခင်ဗျား လဲနေတာကိုတွေ့တာ ဘယ်အချိန်လောက်မှာလဲ"

"အဲဒီအဖြေကို မေ့(တ်)လင်း ကိုယ်တိုင်ဖြေတာက ပိုမကောင်းဘူးလား၊ သူလဲ ဒီကိုလာနေပါပြီ"

"ခင်ဗျားသဘောပေါ့ဗျာ"

ဟာမစ်က ဆက်၍မမေးတော့၊ သူ့အဖို့က ဘယ်သူကဖြေဖြေ၊ သူ အဖြေရလျှင် သူ၏ကိစ္စ ပြတ်ပေသည်။ သို့သော် သူက မေးခွန်း လမ်းကြောင်းကို ပြောင်း၍မေးပြန်သည်။

"ခင်ဗျား အရိုက်ခံရပြီးတဲ့ အချိန်မှာ ဆရာဝန်ကို ခေါ်ပြသေးသလား"

"အဲဒီအချိန်မှာတော့ ခေါ်မပြလိုက်ရဘူး၊ မေ့(တ်)လင်းက သူ့ဆရာဝန်ကိုတော့ ဖုန်းဆက်သေးတယ်၊ ဒါပေမယ့် သူ့ဆရာဝန်က ခရီးထွက်နေတယ်၊ သူ ဘာလုပ်ရမလဲ စဉ်းစားနေတုန်း ကျွန်တော်လဲ သတိရလာရော"

"အဲသလို သတိရလာတော့ ခင်ဗျားအိမ်ကို တန်းပြီးပြန်သွားသလား"

"ပြန်ဖို့ပဲ၊ ဒါပေမယ့် ကျွန်တော့်သော့တွေ မရှိတော့ဘူး၊ ပျောက်သွားတယ်"

ပြောရင်းနှင့် ကရောဖို့က ပြုံးလိုက်၏။ အပြုံးကတော့ စိတ်ပါလက်ပါး အပြုံးမျိုးမဟုတ်၊ ရှေ့ဆက်ပြောလေလေ သူ့အကြောင်းပြချက်က မခိုင်လုံလေလေ ဖြစ်လာတာကို သူကိုယ်တိုင်လည်းသိသည်။ ဟာမစ်လည်း သိသည်။ ဒါပေမယ့် ဟာမစ်ကတော့ နှုတ်ကဖွင့်မပြော။

ဟာမစ်က သော့အကြောင်းကို ဆက်နှားမထောင်တော့ ကရောဖို့အစား သူကပဲ နိဂုံးချုပ်ပေးလိုက်သည်။

"ကဲ... ဒီလိုဆိုတော့ ခင်ဗျားကို သူတွေ့တဲ့အချိန်ကစပြီး နောက်တစ်နေ့နံနက်အထိ ခင်ဗျားဟာ မေ့(တ်)လင်းနဲ့အတူ သူ့အိမ်မှာပဲ ရှိနေတယ် ဆိုပါတော့"

"ဟုတ်ပါတယ်"

"မေ့(တ်)လင်းကကော အဲဒီအတိုင်း သက်သေခံပါ့မလား"

"ခံပါလိမ့်မယ်"

"ဒီလိုဆိုရင်တော့လဲ မဆိုးလှပါဘူး"

ဟာမစ်မှာ စိတ်သက်သာရာ ရသွားသဖြင့် ဟူးကနဲ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

စောစောက ဝိညာဉ်သိစိတ်ဖြင့် သူ ထင်မိခဲ့တာဟာ မှားရင်လည်း မှားနိုင်တာပဲဟုတော့ တွေးတောမိသည်။ တွေးရာက ပို၍ပြည့်စုံအောင် ထပ်မေးပြန်သည်။

"ရဲကိုတော့ ထုံးစံအတိုင်း အကြောင်းကြားမှာပေါ့နော်"

"အဲဒီညကတော့ အကြောင်းမကြားခဲ့ဘူးဗျ"

"ဟင်း... ဘယ်လိုလဲဗျ ကရောဖို့ရ၊ ခင်ဗျားတို့ဟာက"

ဟာမစ်ရဲ့ဝိညာဉ်သိစိတ်ဆိုတာက သူ့အာရုံတွင် ဝဲလာပြန်သည်။ ကရောဖို့ ပြောသည့်အထဲတွင် မြှုပ်ကွက်ရှိသေးသလား၊ ဒါကို သူ မသေချာသေး။

ကရောဖို့က အခြေအနေကို ရှင်းပြသည်။

"ဘယ်လိုမှ မဟုတ်ဘူး ကိုယ့်လူရ၊ ကျုပ် အခြေအနေကိုလဲ ကြည့်ဦးလေ၊ ရဲကိုသာ မဟုတ်ဘူး၊ ဘယ်သူ့ကိုမှ အကြောင်းမကြားနိုင်ဘူး၊ နောက်တစ်နေ့နံနက်မှာ တိုင်ချက်အပြည့်အစုံ ပေးတာပဲ"

ကရောဖို့မှာ ကုလားထိုင်တွင်ထိုင်ရင်း အငြိမ်မနေဘဲ ဟိုရွှေ့ဒီရွှေ့ ဟိုလှည့်ဒီလှည့် လုပ်နေသည်။ တံခါးခေါက်သံ ကြားရသည်။ တိတ်နေသည်မို့ ပို၍ကျယ်သည် ထင်ရသည်။

ကရောဖို့က ဝင်လာဖို့ ပြောလိုက်သည်။





ပါစီက တံခါးပေါက်မှ ခေါင်းပြူ၍ပြောသည်။

"မစ္စရှီလာအတွက် တယ်လီဖုန်းလာပါတယ် ဆရာ"

ရှီလာဘက်သို့ လှည့်၍ ထပ်ပြောသည်။

"ခင်ဗျားအခန်းက ဖုန်းမှာပါ"

"ကျွန်မကို ခွင့်ပြုပါဦး"

"အေး အေး"

ပါစီနှင့် ရှီလာတို့ ထွက်သွားပြီးနောက် ဟာမစ်က စကားကို ပြန်၍ဆက်သည်။

"ဒီမှာ ကရောဖို့၊ ခင်ဗျားဘက်ကတော့ သိပ်အားမရှိ"

ကရောဖို့က ဟာမစ်၏စကားကိုဖြတ်၍ ပြောလိုက်သည်။

"ဆောရီးပဲ ဟာမစ်ရေ၊ ကျွန်တော် ဖြတ်ပြီးပြောပါရစေ"

ပြောရင်းနှင့် ကရောဖို့ကထ၍ ဟာမစ်ဆီသို့ လျှောက်သွားပြီး ဆက်ပြောပြန်သည်။

"ကျွန်တော် ခင်ဗျာဆီက နောက်ထပ် အကူအညီတစ်ခုတောင်း မလို့ပါ၊ ကူညီနိုင်ပါ့မလား"

"ကူညီနိုင်တာဆိုရင် ကူညီရမှာပေါ့ဗျာ"

"အခု ကျွန်တော်တို့ပြောနေတဲ့ ဝိုင်းမှာ ရှီလာကို ဘာကြောင့်ခေါ် ထားသလဲဆိုတာ ခင်ဗျား သိချင်လိမ့်မယ်၊ အင်း ရှီလာက အသက်တော့ ငယ်သေးတယ်ဗျာ၊ ဝါလဲ နုသေးတယ်၊ ဒါပေမယ့် တော်ပါတယ်"

ကရောဖို့ ပြောနေပုံက ကိုယ်ပြောနေတာ ကိုယ် မယုံသလိုပုံ ပေါက်နေသည်။

"ဒီလိုပါ၊ ကျွန်တော့်အမှုမှာ သူ့ကို လိုက်ခိုင်းမလို့ပါ"

ဟာမစ်ကတော့ အံ့သြလွန်း၍ ကုလားထိုင်မှ ဆတ်ကနဲ ထမိသည်။

"ဘာပြောတယ်... ဖြစ်မလားဗျ"

"ဒီမှာ ဟာမစ်၊ ခင်ဗျား ဘယ်သူ့ကိုပဲခေါ်ခေါ် ကျွန်တော် မလိုချင်ဘူး၊ ခင်ဗျားနဲ့ ကျွန်တော်နဲ့ နှစ်ယောက်တိုင်ပင်ပြီး ရှီလာကို

သင်ပေးမယ်ဗျာ၊ သူက ကျုပ်တို့ သင်ပေးတဲ့အတိုင်း တင်ပြလိမ့်မပေါ့၊ ဒီနည်းက ပိုကောင်းမယ်လို့ထင်တယ်၊ ဘယ့်နှယ်လဲ"

ဟာမစ်ကတော့ လက်မခံလိုပေ။

"ကျွန်တော်ကတော့ အရဲမစွန့်ချင်ဘူးဗျာ"

"ကျုပ်ကလဲ မစွန့်ချင်ပါဘူးဗျ၊ ရှီလာဟာ ကျွန်တော့်ဆီမှာ လုပ်လာတာ ကြာပါပြီ၊ သူကောင်းကောင်း ဖြစ်ပါတယ်"

ဟာမစ်က သိပ်ခေါင်းမမာနိုင်တော့။

"ကဲ ဒီလိုဆိုရင် ရှီလာနဲ့ ကျွန်တော် စကားနည်းနည်းပြောကြည့်မယ်၊ ပြီးမှ ကျွန်တော် သဘောတူတယ်၊ မတူဘူးဆိုတာကိုပြောမယ်၊ ဒီလိုဆိုရင် ဖြစ်မလား၊ ခင်ဗျားအတွက် အားနာစရာ ဖြစ်နေမလား"

"မဖြစ်ပါဘူး၊ ရပါတယ်"

မဖြစ်ပါဘူးလို့သာ အဖြေပေးလိုက်ရသည်။ ကရောဖို့ကတော့ ဟာမစ်က သူ့တပည့်၏ အရည်အချင်းကို စစ်ဆေးသလို မေးမြန်းဦးမည်ဆိုတာကိုတော့ စောင့်ကြည့်မနေချင်တော့ပေ။

"ဒီလိုလုပ်ဗျာ၊ ကျွန်တော်လဲ ဒီအဝတ်အစားတွေ လဲရဦးမယ်၊ ချားလ်စ်နဲ့လုပ်ဖို့ အလုပ်တစ်ခုလဲ ရှိသေးတယ်၊ အဲဒီတော့ ရှီလာကို အခန်းထဲလွှတ်လိုက်မယ်၊ ခင်ဗျားတို့ ဆွေးနွေးပြီးလို့ရှိရင်သာ ကျွန်တော် သိပါရစေ"

ပြောပြောဆိုဆိုပင် ကရောဖို့က အခန်းထဲမှ ထွက်သွားသည်။ ချားလ်စ်က နောက်ကလိုက်သွားသည်။ တစ်ယောက်တည်း ကျန်နေသည့် ဟာမစ်က ဆေးတံကိုသာ အဖော်ပြုရင်း ရှီလာ၏အကြောင်းကို စဉ်းစားနေသည်။ ရှီလာကိုတော့ တစ်ခါမျှ အမှုအတွက် အကြံဉာဏ်မပေးဖူးခဲ့။ ဒါပေမယ့် ရှီလာ လျှောက်လဲချက်ပေးတာကို သူ နှစ်ကြိမ်လောက် တွေ့ခဲ့ဖူးသည်။ ထိုစဉ်ကတော့ အမှတ်တမဲ့ ဖြစ်နေသဖြင့် သတိပြု၍ မကြည့်မိခဲ့ပေ။ ရှီလာ၏ အရည်အချင်းကို အကဲဖြတ်သည့် နေရာတွင် သူများ မှားနေသလား၊ ကရောဖို့ ဖြစ်စေချင်သလိုပဲလုပ်ရရင် မကောင်းဘူးလား၊ အင်း ဒါပေမယ့်...





အဖြေရသည်အထိ ဟာမစ် စဉ်းစားလို့မပြီးသေးမီ ရှီလာက အခန်းထဲသို့ ဝင်လာသည်။

မစ္စတာဟာမစ်သည် အခုမှပင် ရှီလာကို စေ့စေ့စပ်စပ် ကြည့်မိတော့သည်။ ကြည့်တော့လည်း မြင်းဝယ်မည့် မြင်းကုန်သည်တစ်ယောက် ကြည့်နည်းမျိုးဖြင့် ကြည့်နေသည်မို့ တော်ရုံမိန်းကလေးသာဆိုရင် အနေရ အတော်ပင်ခက်ပေမည်။ ရှီလာကတော့ ဟာမစ်၏အကြည့်ကို ခပ်အေးအေး ပင်။ ဤကဲ့သို့ ခပ်အေးအေးနေတတ်ခြင်းကပင် သူ၏ ပင်ကိုအမှု အရာလားတော့ မသိပေ။

"မစ္စတာကရောဖို့က လွှတ်လိုက်လို့ပါ"

"ထိုင်ပါ ထိုင်ပါ"

"ကျေးဇူးပါပဲ"

ရှီလာက ကုလားထိုင်စွန်းတွင် ရို့ရို့ကလေးထိုင်သည်။ လက်ရေး ဘို့လိုက်ရေးမည့် စက္ကရီတေရီမကလေးတစ်ဦး၏ပုံ ပေါက်နေ၏။ ဟာမစ်ကတော့ ဘယ်လိုစပြောရမလဲမသိ၍ စကားလုံးရှာနေသည်။

"ကဲ ရှီလာ၊ ကျွန်တော်တို့ နည်းနည်းဆွေးနွေးကြရအောင် ဟုတ်လား"

"ဟုတ်ကဲ့"

"ခင်ဗျား မစ္စတာကရောဖို့ရဲ့ ချိန်ဘာမှာ လက်ထောက်တစ်ဦး အဖြစ် လုပ်လာတာ ဘယ်လောက်ကြပြီလဲ"

"လေးနှစ်ရှိပါပြီ"

"ဒီလိုဆိုရင် ကျွန်တော်မေးမယ့် မေးခွန်းတချို့ကိုတော့ ဖြေနိုင်မှာပေါ့"

"နည်းနည်းလောက်ပဲ ဖြေနိုင်မယ်ထင်တယ်"

"ဘာဖြစ်လို့လဲ၊ လေးနှစ်ဆိုတာ နည်းတဲ့အချိန်မှ မဟုတ်ဘဲ"

"ဒီလိုလေ၊ မစ္စတာကရောဖို့က ကျွန်မကို သိပ်ပြီး အထင်မကြီးလှ ဘူးလို့ ကျွန်မ ထင်တယ်"

"ကောင်းပြီ၊ ခင်ဗျားကကော မစ္စတာကရောဖို့အပေါ်မှာ ဘယ်လို သဘောရသလဲ၊ ခင်ဗျားရဲ့ ထင်မြင်ချက်ကို ပြောပြပါလား"

ရှီလာက ဒီလိုမေးခွန်းမျိုးကို မမျှော်လင့်မိ၊ အခုလို ကြားလိုက်ရတော့ ကြောင်သွားသည်။ ဒါကို ရိပ်မိသည်။ ဟာမစ်က အချိန်မိပြင်၍ ပြောရသည်။

"ဒီလိုပါ၊ ကရောဖို့အပေါ်မှာ မကောင်းပြောဖို့မဟုတ်ပါဘူး၊ အခုမေးရတာကလဲ သူ့အကျိုးအတွက် ကျွန်တော် သိဖို့လိုတဲ့ အချက်ကလေးတွေကို သိထားရအောင် မေးတာပါ၊ ခင်ဗျားရဲ့ ထင်မြင်ချက်ကို ပွင့်ပွင့်လင်းလင်းသာ ပြောပါ"

ရှီလာက ခေါင်းကိုညိတ်သည်။

"ဟုတ်ကဲ့၊ မစ္စတာကရောဖို့ဟာ အမှုလိုက် ရှေ့နေတစ်ဦးအဖြစ်နဲ့ ဆိုရင်တော့ ဟောဒီ တင်ပယ်လ်တစ်ဝိုက်မှာတော့ သူ့ကို ယှဉ်နိုင်သူ မရှိသလောက်ပါပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော်လဲ ဒီလိုပဲ သဘောရပါတယ်၊ ကဲ အမှုကို ကိုင်တွယ်ပြင်ဆင်တဲ့ ရှေ့နေတစ်ဦးအနေနဲ့ ဆိုရင်ကောဗျာ၊ သူ့ကို ဘယ်လိုအကဲဖြတ်မလဲ"

"ကျွန်မ အထင်ပြောရရင် သူဟာ သိပ်ပြီး စိတ်လိုက်မာန်ပါ ရှိလွန်းတယ်၊ သူ့နောက်ကနေပြီး ထိန်းပေးနိုင်မယ့် အတိုင်ပင်ခံရှေ့နေ ခပ်တော်တော်တစ်ယောက် ရှိရင်တော့ ဒီနေရာမှာလဲ အတော်ဆုံးလို့ ဆိုရမှာပါပဲ"

"ဒီအချက်မှာလဲ ကျွန်တော်နဲ့ တစ်သဘောထဲပါပဲ"

အခုအထိတော့ ရှီလာ၏ ဆုံးဖြတ်ပုံမှာ မဆိုးလှ။ ကရောဖို့က သူ့တပည့်မအပေါ်မှာ အကဲဖြတ်ထားတာဟာ မှန်နိုင်တယ်။ ဒါကတော့ ဟာမစ်၏ အတွေးဖြစ်သည်။

"ကောင်းပြီ၊ လူတစ်ယောက်အနေနဲ့ကော သူ့အပေါ်မှာ ဘယ်လို သဘောရသလဲ"





ရှီလာက အနည်းငယ်တွေပြီး စဉ်းစားနေသည်။

"ကျွန်မ ပွင့်ပွင့်လင်းလင်းပဲ ပြောရမလား"

"ပြောပါ"

"သူဟာ သည်းမခံတတ်ဘူး၊ အနိုင်ကျင့်တတ်တယ်၊ ပြီးတော့ ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးတယ်၊ လိုချင်မက်မောမှုလဲ အားကြီးတယ်၊ သူလိုချင်တာ ရဖို့ဆိုရင် ရက်ရက်စက်စက် လုပ်လေ့ရှိတယ်"

"လူသတ်မှု ကျူးလွန်နိုင်လောက်အောင်တောင် ရက်စက်နိုင် ဘယ်လို့ ဆိုလိုတာလား"

ထိုမေးခွန်းကြောင့် ရှီလာမှာ အပ်နဲ့အထိုးခံလိုက်ရသလို တွန့်သွား၏။ ဒါပေမယ့် အငိုက်မမိပေ။ လိမ္မာပါးနပ်စွာ ဖြေလိုက်သည်။

"မစ္စတာကရောဖို့ဟာ လူသတ်မှု ကျူးလွန်မယ်ဆိုရင် ကျူးလွန်နိုင်ပါတယ်၊ ဒါပေမယ့် ကျူးလွန်မှာ မဟုတ်ပါဘူး"

"ဘာဖြစ်လို့ ကျူးလွန်မှာ မဟုတ်ဘူးလို့ ဆိုနိုင်သလဲ"

"ဘာဖြစ်လို့လဲဆိုတော့ လူသတ်မှုဆိုတာ လူ့အဖွဲ့အစည်းရဲ့ ဓလေ့ထုံးစံနဲ့ ဆန့်ကျင်တဲ့အမှု ဖြစ်ပါတယ်၊ မစ္စတာကရောဖို့ကတော့ ဓလေ့ထုံးစံကို လိုက်နာတဲ့ လူတစ်ဦးဖြစ်ပါတယ်၊ ဥပဒေကို လိုက်နာရမယ် ဆိုတဲ့ ဓလေ့ထုံးစံဟာ အများလက်ခံထားပြီး ဖြစ်ပါတယ်၊ အထူးသဖြင့် ဥပဒေကို လက်တွေ့ကျင့်သုံးနေတဲ့ လူတွေက ပိုပြီး လိုက်နာရမယ်ပေါ့၊ ဒါကြောင့် မစ္စတာကရောဖို့ဟာ လူသတ်မှုကို ကျူးလွန်လိမ့်မယ် မဟုတ်သလို မီးခြစ်တစ်ဘူးကိုတောင် ခိုးယူမှာ မဟုတ်ပါဘူး"

"သူ့မှာ ကောင်းကောင်းကြီး လုံလောက်တဲ့အကြောင်းရင်းခံလဲ ရှိတယ်၊ လုပ်နိုင်လောက်အောင် အားမာန်လဲရှိတယ်ဆိုတော့ ကျူးလွန်နိုင် ဘယ်လို့ မယူဆနိုင်ဘူးလား"

"ဟင့်အင်း မဖြစ်နိုင်ပါဘူး"

"ကဲလေ၊ ခင်ဗျား ယုံကြည်ထားတဲ့အတိုင်းပဲ ဖြစ်ပါစေတော့လို့ မျှော်လင့်ရတာလဲ"

"ရှင် ဆိုလိုတာက ဆရာဟာ..."

ရှီလာက စကားကို ဆုံးအောင်တော့ မပြောနိုင်တော့၊ ဟာမစ်ကိုသာ ငေးကြည့်နေမိသည်။

ရှီလာ၏ ဖြစ်ပုံကို တွေ့လိုက်ရ၍ ဟာမစ်က အားပေးရပြန်သည်။

"သိပ်လဲ မစိုးရိမ်ပါနဲ့ ရှီလာရဲ့၊ ကျွန်တော်က ဘာမှ စွပ်စွဲသေးတာ မဟုတ်ပါဘူး၊ ဒါပေမယ့် ရဲတွေက လူအတွေမှ မဟုတ်ဘဲ၊ သူတို့ဘက်က မသေချာဘဲနဲ့ မစ္စတာကရောဖို့လို လူကြီးလူကောင်းတစ်ယောက်ကို စွပ်စွဲပါ့မလား"

"ဒီလိုဆိုရင် ဆရာ ပြောတာကို ကျွန်မတို့ ယုံရမလား၊ မယုံရဘူးလား"

"အဲဒီလိုဖြစ်တဲ့ အချိန်တုန်းက သူဟာ မေ့(တ်)လင်းရဲ့အိမ်မှာ ရှိနေတယ်လို့ပြောတာ ခိုင်လုံတယ်ဆိုရင်ပေါ့"

"ဒါ ကျွန်မ မေးခွန်းကို ဖြေတဲ့အဖြေမှ မဟုတ်ဘဲ"

"အဲ့ဒီမေးခွန်းက တကယ်တော့ ကျွန်တော်တို့နဲ့မှ မပတ်သက်ဘဲ"

"ကျွန်မနဲ့တော့ ပတ်သက်နေတယ်၊ သူဟာ တကယ်တော့ ကျွန်မရဲ့ မိတ်ဆွေ၊ ပြီးတော့ ဆရာပါ"

"ဟုတ်ပါတယ်လေ၊ ကျွန်တော်ရဲ့ မိတ်ဆွေလို့လဲ ပြောရမှာပါပဲ"

ဟာမစ်က လက်ဖက်ရည်ပန်းကန်နှင့် အလုပ်ရှုပ်နေပြန်သည်။

"ဆိုပါတော့ဗျာ၊ သူက လိမ်ပြောတာမို့လို့ သူပြောတာတွေကို ကျွန်တော်တို့က မယုံဘူးဆိုပါတော့၊ သူဟာ တကယ် အပြစ်ရှိတယ်လို့ ကျွန်တော်လို့လဲ သိနေပြီတဲ့၊ သူဟာ ကျွန်တော့်ရဲ့ မိတ်ဆွေလဲဖြစ်တယ်၊ ကျွန်တော့်ရဲ့ အမှုသည်လဲဖြစ်တယ်၊ အဲ့ဒီလိုဖြစ်နေလို့ အမှုသည်တစ်ယောက်အနေနဲ့ သူ့အတွက် ထားရှိရမယ့် ကျွန်တော့်တာဝန်ကို လျော့သွားစေမလား"

"မလျော့စေပါဘူး"





"ဒီလိုဆိုရင် သူပြောတာတွေကို ကျွန်တော်က ယုံတယ် မယုံဘူး ဆိုတာ အဓိက မဟုတ်ဘူးပေါ့"

ဟာမစ်က ပြောရင်းနှင့် လက်ဖက်ရည်ကိုလည်း ငုံ၍သောက်လိုက်သေးသည်။

"အချက်အလက် အစုံအစေ့ ကျွန်တော် သိပြီးတဲ့နောက် သူပြောတာကို ယုံနိုင်လောက်တယ်ဆိုရင်တော့ သိပ်ကောင်းပေါ့ဗျာ၊ မယုံနိုင်ဘူးဆိုရင်လဲ ကျွန်တော်တို့နဲ့ အစိုးရရှေ့နေနဲ့ တရားရုံးမှာ ပြိုင်ရတော့မှာပေါ့၊ ဒါမှမဟုတ်ရင်လဲ အဲ့ဒီအချိန်တုန်းက သူဟာ ဂျိုဝါနာ ဆုံးပြီးကတည်းက စိတ္တဇဝေဒနာကြောင့် ဘုံးဘုံးလဲခဲ့ရတဲ့အကြောင်း တင်ပြလိုက်ပေါ့"

သူတို့ အချီအချ ပြောနေတုန်း တံခါးပွင့်လာပြီး ကရောဖို့နဲ့ မေ့(တ်)လင်းတို့ နှစ်ဦး ဝင်လာကြသည်။

"ဆောရီးပဲဗျို့၊ ကျွန်တော် ထင်တာထက် နောက်ကျသွားတယ်၊ ဒါ ဗိုလ်မှူးမေ့(တ်)လင်းပါ၊ ဒါက မစ္စတာဟာမစ်နဲ့ မစ္စရှီလာပါ"

မိတ်ဆက်ပေး ခံရသူများမှာ ဝတ်ကျေဝတ်ကုန်သာ နှုတ်ဆက်စကား ပြောကြသည်။

ကရောဖို့က ဟာမစ်အား မျက်ခုံးတွန့်ပြပြီး အသံတိတ်မေးသည်ကို ဟာမစ်ကလည်း ခေါင်းညိတ်၍သာ အသံတိတ်ဖြေသည်။ အဖြေကို သိရပြီဆိုတော့ ကရောဖို့က အများသိအောင် ကြေညာလိုက်တော့သည်။

"လူကြီးမင်းများခင်ဗျား၊ မစ္စရှီလာဟာ ကျွန်တော့်ရဲ့အမှုမှာ ရှေ့နေအဖြစ်နဲ့ လိုက်ပါဆောင်ရွက်ပါလိမ့်မယ်"

ရှီလာက ကိုယ်ကို တစ်ပတ်လည်ကာ သူ့အားကြည့်လိုက်သည်။ ယုံနိုင်ခြင်း၊ ထိတ်လန့်ခြင်းတို့က သူ့အသံကို ထစ်ထစ်ငေါ့ငေါ့ ဖြစ်စေ၏။

"ကျွန်မ... ကျွန်မ... လိုက်ရမယ်လား... ဟင်"

"ဒါပေါ့၊ ဆရာ့ကို မကူညီချင်ဘူးလား"

"ကျေညီချင်ပါတယ် ဆရာ၊ ဒါပေမယ့်လို့ ကျွန်မ တစ်ခါမှ စိတ်မကူးမိခဲ့ဘူး ဆရာရယ်"

"ကောင်းပြီ၊ ဒီလိုဆိုရင် တို့ပြောတဲ့အတိုင်းသာ လုပ်ပေတော့၊ ဆရာ ခံရအောင်တော့ မလုပ်နဲ့ပေါ့ကွယ်"

ရှီလာမှာ ချွေးပြန်နေသည်။ မေ့(တ်)လင်း ပြောနေသည့် စကားများကိုလည်း နားထဲသို့မဝင်၊ ဒီတာဝန်ကြီးကို မယူရဲ၊ ကရောဖို့က သူ့ကို ချောက်ချတာပဲဟု တွေးမိသည်။ တွေးနေရင်းက သူတို့အားလုံး သူ့ကို စူးစိုက်ကြည့်နေကြသည်ကို သတိထားမိသည်။ ကရောဖို့၏ အသံကိုလည်း ကြားရသည်။

"ရှီလာ၊ ဒါဟာ မင်းအတွက် အစွမ်းပြဖို့ အခွင့်ကောင်းတစ်ရပ်ပဲ"

"ဆရာရယ်... ကျွန်မ..."

ရှီလာက ရှေ့ဆက်ပြောရန် စကားလုံးများကို စဉ်းစား၍မရ၊ ဒါကြောင့် ကရောဖို့အား မျက်လုံးဝိုင်းကြီးများဖြင့်သာကြည့်ပြီး အသံတိတ် တောင်းပန်နေသည်။

ကရောဖို့က ဆက်၍ပြောသည်။

"ကဲ ရှီလာ၊ ဗိုလ်မှူးမေ့(တ်)လင်း စောင့်နေတယ်၊ သူ့ကို ဘာမေးမလဲ"

ဒီတစ်ခါတော့ သူ့ဆရာ ကရောဖို့ကို ကြည့်ရသည်မှာ အရင်ကနဲ့ မတူ၊ စိုးရိမ်နေပုံရသည်။ အရင်တုန်းက ရှိနေခဲ့သော ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ ဘယ်ရောက်ကုန်သနည်းဟု မသိရပေ။ ခုတော့လည်း သူ့မှာ ပြဿနာကြီးကို တစ်ယောက်တည်း ရင်ဆိုင်ရပေတော့မည့်ပုံ ဖြစ်နေပေသည်။ သူတို့ မျက်လုံးချင်းဆုံမိကြသည်။ ဒီတော့မှပင် ရှီလာမှာ သံနှိဥ္စာန် ချလိုက်ရတော့သည်။

"ကောင်းပါပြီ ဆရာ"

ကရောဖို့က ပြတင်းပေါက်သို့သွားပြီး အပြင်သို့ ငေးကြည့်နေသည်။





မေ့(တ်)လင်းကတော့ ဖြေရန်အသင့် ပြင်နေသည်။ သူက ကြိုးစားပြီး စိတ်ဝင်စားဟန်လုပ်လေလေ ပုံမလာလေ ဖြစ်နေသည်။

ရှီလာက မေးခွန်းကို လွယ်လွယ်ပဲ မေးသည်။

"ဗိုလ်မှူး၊ မစ္စတာကရောဖို့ရဲ့ အခြေအနေဟာ မပေါ့ဘူးဆိုတာ သဘောပေါက်တယ်နော်"

"ပေါက်ပါတယ်"

"ပြီးတော့ ဗိုလ်မှူးမှာ တာဝန်ရှိနေတာကိုကော သဘောပေါက်ပါ သလား"

"ကျွန်တော့်မှာ တာဝန်ရှိနေတယ်၊ ဘာကိုဆိုလိုတာလဲ"

"ဒီလိုပါ၊ အခုအထိတော့ ကျွန်မတို့မှာ အချက်အလက် အပြည့်အစုံ ရသေးဘူး၊ ဒါပေမယ့် အရေးအကြီးဆုံးအချက်ကတော့ ဖြစ်ပွားတဲ့အချိန် မှာ သူဟာ ဗိုလ်မှူးနဲ့ အတူရှိနေပါတယ်ဆိုတဲ့ အလီဘိုင်ပဲ"

မေ့(တ်)လင်း၏ ပုံကိုကြည့်ပြီး ရှီလာကလည်း မူလတန်းဆရာမက ကလေးများကို ရှင်းပြသလို ရှင်းပြနေ၏။ ဤတော့မှ မေ့(တ်)လင်းအဖို့ အစီအစဉ်ကျကျ ပြောနိုင်ပေမည်။

"ဟုတ်ပြီ၊ ခင်ဗျားဆိုလိုတဲ့ အချက်ကို ကျွန်တော် နားလည်ပြီ၊ န်ပါတယ်၊ အဲဒီအချိန်မှာ သူဟာ ကျွန်တော်နဲ့ အတူရှိနေပါတယ်၊ ဒါ အမှန်ပါပဲ"

"ကောင်းပြီ၊ ဘယ်အချိန်ကနေ ဘယ်အချိန်အထိ ရှိနေသလဲ"

"မဟုတ်သေးဘူး၊ ကျွန်တော် ပြောတာ ခင်ဗျား မရှင်းဘူးနဲ့ တယ်၊ အဲဒီညက သူဟာ ကျွန်တော့်အိမ်မှာ အိပ်တယ်၊ သူ့ခေါင်းကို ရိုက်ခံရတယ်လေ၊ သူ လဲနေတာကို ကျွန်တော်တွေ့လို့ ကျွန်တော့် မ်ထဲကို ပွေ့လာခဲ့ရတာ"

"ဟုတ်ပါပြီ ဘယ်အချိန်မှာလဲ"

"၁၂ နာရီခွဲလောက်၊ တစ်နာရီမထိုးခင် ဆယ့်ငါးမိနစ် အလိုလောက် ပါ"

"ဒီအချိန်ဆိုတာ သေချာပါတယ်နော်"

"သေသေချာချာပါ"

မေ့(တ်)လင်း၏ အပြောက သိပ်ခိုင်မာလွန်းနေသည်။ ဒါကို ရှီလာက ထောက်လိုက်သည်။

"ဘာဖြစ်လို့ အချိန်ကို ဂရုစိုက်ပြီး မှတ်ထားသလဲ"

"ဂရုစိုက်ပြီး မှတ်တာတော့ မဟုတ်ပါဘူး"

"ဒါဖြင့်ရင် အချိန်ကို ဘာကြောင့် အသေအချာ ပြောနိုင်သလဲ"

"အဲဒီအချိန်လောက်ပဲ ရှိမှာပေါ့"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ၊ ဟုတ်လား"

"ဟုတ်တယ် ဘာဖြစ်လို့ အဲဒီအချိန်လောက်ပဲ ရှိမယ်လို့ ဆိုနိုင်သလဲ"

မေ့(တ်)လင်းက တစ်မိနစ်ခန့် မျက်မှောင်ကြုတ်ပြီး စဉ်းစားရသည်။

"အဲဒီညနေမှာ ကျွန်တော့်အိမ်မှာ မိတ်ဆွေတချို့ကို ညစာဖိတ်ကျွေးတယ်၊ ဧည့်သည်တွေ ပြန်သွားတော့ ပန်းကန်တွေဘာတွေကို ရှင်းတယ်၊ ပြီးတော့ ကျွန်တော် ခွေးကလေးနဲ့ လမ်းလျှောက်ထွက်တယ်၊ အပြန်မှာ ကရောဖို့ လဲနေတာ တွေ့တာပဲ"

ပြောရင်းနဲ့ မေ့(တ်)လင်းအဖို့ ဘယ်အချိန်ဆိုတာပြဖို့ အကျိုးအကြောင်း ကုန်သွားလေပြီ။ အဲသလိုဆိုတော့ မေ့(တ်)လင်းဟာ ပြန်လှန်ထိုးစစ်ဆင်ဖို့ပဲ ရှိတော့သည်။

"ဒီမှာဗျာ၊ ဘာဖြစ်လို့ ခင်ဗျားက ကျွန်တော့်ကိုကပ်သီးကပ်သပ် မေးနေရတာလဲ မသိဘူး၊ ကျွန်တော်ကတော့ ကိုယ့်မိတ်ဆွေကို တတ်နိုင်တဲ့ဘက်က ကူညီဖို့ပဲ"

ရှီလာကတော့ သူ့ကို ဘယ်လို ကိုင်တွယ်ရမည်ကို ရိပ်မိပေပြီ။ ဒီလို ဖြစ်လာလိမ့်မယ်လို့တော့ အထင်သား၊ သူ့ကိုတော့ ခပ်တင်းတင်း ပြောမှ ဖြစ်ပေတော့မည်။





"ကျွန်မ ရှင်းပြပါမယ်၊ အမှုစစ်တဲ့အခါကျရင် ကျွန်မ အခုမေးတဲ့ မေးခွန်းမျိုးကိုပဲ အစိုးရရှေ့နေက မေးမှာ၊ မစ္စတာကရောဖို့ဟာ မစ္စတာ ရယ်ဂေါ်ရီ အသတ်ခံရတဲ့အချိန်မှာ ဘယ်မှာရှိနေပါတယ်ဆိုတာ တစ်ဦးတည်းကသာ ထောက်ခံပြီးပြောနိုင်တယ်၊ အဲဒီလူကလဲ သူနဲ့ ရင်းနှီးတဲ့ မိတ်ဆွေဖြစ်နေတယ်၊ အဲဒီတော့ ကျွန်မတို့ဘက်က သေချာမှဖြစ်မယ်"

"ကျွန်တော် နားလည်ပါပြီဗျာ၊ တောင်းပန်ပါတယ်"

"ကောင်းပြီ၊ သေသေချာချာ နားထောင်နော်၊ မစ္စတာကရောဖို့ကို အိမ်ထဲပွေ့လာတုန်းက နာရီကို ကြည့်မိသလား"

"အဲဒီအချိန်တုန်းကတော့ မကြည့်မိဘူး"

"နောက်တော့ကော နာရီကို ကြည့်သေးလား"

"နောက်တော့မှ ကရောဖို့က အချိန်ကိုပြောတာ ကြားလိုက်ရတယ်"

"ဘယ်တုန်းကလဲ"

"သူ ပြန်ပြီးသတိရလာပြီး သူ့အိမ်ကို ပြန်တဲ့အချိန်မှာ 'ဘုရားရေ တစ်နာရီခွဲတောင် ရှိပါပကောလား၊ အိမ်ပြန်ဖို့ ကောင်းနေပြီ' လို့ ပြောသံကို ကြားလိုက်ရတယ်၊ သူ အဲဒီလိုပြောပြီး နောက်မှ အိမ်သော့တွေပါ ပျောက်နေတာသိလို့ အိမ်ထဲကို ပြန်ဝင်လာပြီး အပေါ်ထပ် အိပ်ခန်းမှာ အိပ်တယ်"

"ဒီလိုဆိုရင် ဗိုလ်မှူးက သူနဲ့အတူတူ သူ့အိမ်ကို အဖော်လိုက်မသွားခင် တစ်နာရီလောက်ကတည်းက ဗိုလ်မှူးနဲ့အတူတူ သူ ရှိနေတာပေါ့ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်၊ တစ်နာရီခွဲလောက် ရှိပါပြီ"

ရှီလာကတော့ မကျေနပ်လှသေး၊ ထပ်ပြီး ကြိုးစားကြည့်လိုသေးသည်။

"မစ္စတာကရောဖို့က တစ်နာရီခွဲလောက်ရှိပြီလို့ ဗိုလ်မှူးကို ပြောတုန်းက နာရီကြည့်မိသေးလား"

"ကြည့်မိပါလိမ့်မယ်"

"တကယ် ကြည့်မိခဲ့တယ်လို့ သေသေချာချာ မှတ်မိရဲ့လား"

"တစ်ယောက်ယောက်က ဘယ်အချိန်ရှိပြီလို့ ပြောသံကြားလိုက်ရင် နာရီကိုကြည့်မိတာ သူ့သဘာဝပဲ မဟုတ်ဘူးလား၊ စိတ်ပညာစကားနဲ့ဆိုရင် 'တုံ့ပြန်ပြုမူမှု'လို့ ခေါ်ရမှာပေါ့ဗျာ"

"တုံ့ပြန်ပြုမူမှုလို့ပဲဆိုဆို၊ ဘယ်လိုပဲဆိုဆိုပေါ့လေ၊ နာရီကိုကြည့်တဲ့အခါမှာ နာရီလက်တံတွေဟာ တစ်နာရီခွဲကို ပြနေတယ်ဆိုတာကို ဗိုလ်မှူး အတိအကျ ပြောနိုင်ပါ့မလား"

မေ့(တ်)လင်းကတော့ ဘာပြောရမှန်းမသိတော့၊ ရှီလာက ဟာမစ်သို့ ကြည့်လိုက်သည်။ ဟာမစ်က တော်ဖို့ မျက်ရိပ်ပြ၏။ ရှီလာလည်း နောက်ဆုံးကြိုးစားခြင်းဖြင့် ဆက်မေးသည်။

"ကဲ ဗိုလ်မှူး ပြောနိုင်ပါ့မလား"

"ပြောနိုင်ပါတယ်"

"ပြောနိုင်တယ်ဆိုရင် အဲဒီအချိန်ကို ဘယ်တော့စပြီး သတိရလာသလဲ"

"အဲ... ခင်ဗျားပြောတာ ကျွန်တော် သိပ်မရှင်းဘူး"

ရှီလာက အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်သည်။

"ဒီလိုပါ၊ မစ္စတာကရောဖို့ကို ရဲကလာစစ်ပြီးတဲ့နောက် ဗိုလ်မှူးနဲ့ သူနဲ့ အဲ့ဒီကိစ္စကို ဆွေးနွေးမှာပါ"

"ဒါပေါ့"

"ကောင်းပြီ၊ အဲသလို ဆွေးနွေးတုန်းမှာ ၈ နာရီခွဲဆိုတဲ့ အချိန်ကို ဘယ်သူကစပြောတာလဲ၊ ဗိုလ်မှူးကိုယ်တိုင်က စပြောတာလား၊ မစ္စတာကရောဖို့က ဗိုလ်မှူးကို အစဖော်ပေးတာလား"

"ဘာထူးသလဲဗျာ၊ စကားပြောကြရင်းနဲ့ အဲဒီအချိန်ကို ပြောမိကြတာပဲ၊ အာ... သတိရပြီဗျို့၊ ကျွန်တော်ကစပြီး သူ့ကို သတိပေးတာ"

"သေချာရဲ့လား"

"ကျွန်တော့်ကို အဲသလို ထွက်စေချင်တာ မဟုတ်ဘူးလား"





မေ့(တ်)လင်း မျက်လုံးများမှာ စိုးရိမ်စိတ်ဖြင့် အနည်းငယ် ပြူးနေသည်။ ရှီလာကတော့ သူ့ကို စိတ်မရှည်တော့။

"ဒီမှာဗိုလ်မှူး၊ အဖြစ်အပျက် အမှန်ကလွဲပြီး တခြားဘာကိုမှ ပြောဖို့မလိုပါဘူး"

"ဒါ အမှန်ပဲဗျ၊ အခုမှ ကျွန်တော် သတိရတယ်၊ ကရောဖို့က အဲဒီအချိန်ကို ပြန်သတိရဖို့ ကြိုးစားနေတယ်၊ ကျွန်တော်က သူ့ကို ဝိုင်းကူပေးတယ်"

"ဟုတ်ကဲ့၊ ကျွန်မ သိပါပြီ"

ကြိုးစားသမျှ သဲထဲရေသွန်သလိုပင် ရှေ့ဆက်ပြီး မေးနေ၍ အကျိုးရှိမည့်ပုံ မမြင်ပေ။ ထို့ကြောင့် ကျေးဇူးတင်စကားပြောပြီး ဟာမစ်နဲ့ လွှဲလိုက်ရတော့သည်။

မေ့(တ်)လင်းက ကရောဖို့အား နှုတ်ဆက်သည်။

"ခင်ဗျားကို တွေ့ရဦးမလား ကရောဖို့"

ကရောဖို့က သူ့ထံလာပြီး ပခုံးဖက်ကာ တံခါးဆီသို့ ခေါ်သွားသည်။

"ချားလ်စ်နဲ့ ခဏနေပါဦးဗျာ၊ ကျွန်တော် လာခဲ့ပါ့မယ်"

မေ့(တ်)လင်းက အားလုံးကိုနှုတ်ဆက်ပြီး အခန်းထဲမှ ထွက်သွားသည်။ ဟာမစ်ကတော့ သူ့ကိုကြည့်ပြီး စိတ်ပျက်နေသည်။ ကရောဖို့က ဟာမစ်၏ အမူအရာကိုကြည့်ပြီး စိတ်တိုစွာ ပြောလိုက်သည်။

"ခင်ဗျားတို့က သူပြောတာကို မယုံလို့လား"

"ဒီမှာ ကရောဖို့၊ သူပြောတာကို ယုံဖို့ မယုံဖို့က အရေးမကြီးဘူး"

"သူပြောတာ မယုံဘူးဆိုရင် ကျွန်တော် ပြောတာကိုလဲ ခင်ဗျားတို့ ယုံဘူးပေါ့၊ ဒါပေမယ့် သူဟာ အမှန်ကိုပြောနေတာပါ ဟာမစ်"

"မှန်ပါလိမ့်မယ်"

ဟာမစ်၏ ကလိတိတိပြောခြင်းမှာ မယုံသလိုလို အဓိပ္ပာယ်ထွက်နေ၏။

ရှိလာကဝင်၍ တောင်းပန်စကားပြောသည်။

"ဗိုလ်မှူးမေ့(တ်)လင်းဟာ စိတ်လှုပ်ရှားနေတယ်၊ ကျွန်မကလဲ မေးတာ နည်းနည်း လွန်သွားတယ်နဲ့တူတယ်"

ဟာမစ်ကတော့ အလျှော့မပေး၊ သူ့စိတ်ထဲရှိတာကိုပဲ သူပြောသည်။

"ရှိလာမေးတာ လွန်တယ်ပဲထားပါတော့၊ ဒါပေမယ့် အဲဒီလိုပဲ မေးရမှာပဲ၊ ဒီမှာ ကရောဖို့၊ ခင်ဗျား အမှန်ကိုမြင်စမ်းပါ၊ တခြားအမှုတွေ အတွက်ဆိုရင် ဒီလိုလူမျိုးကို အဓိကသက်သေအဖြစ် ခင်ဗျား သုံးမလား၊ မေးလိုက်တာ၊ ဒီလိုပုံနဲ့ဆိုရင် ခင်ဗျားက ဘောတောင်ပိတ်ကန်လိမ့်ဦးမယ်"

ကရောဖို့ကလည်း ခေါင်းမာမာနှင့် ဆက်ပြောပြန်သည်။

"သူပြောတာတွေဟာ အမှန်ဆိုရင် သူ့ကို ယုံရမှာပေါ့"

"ဘာပြောတယ်၊ ကိုယ်ချောက်ကျမယ်ဆိုတာ သေချာနေရက်နဲ့ တောင်မှ သူ့လိုလူမျိုးကို သုံးမယ်လား၊ ဒီမှာ ကရောဖို့ ဝန်ခံစမ်းပါဗျ၊ အခုညမှာ တွေ့လိုက်ရတဲ့ ဒီလူရဲ့ပုံကို ကြည့်လိုက်ရင် ဘာဖြစ်လာနိုင် တယ်ဆိုတာ သိနိုင်နေပြီ၊ တရားရုံးကျရင် ဒီလိုလူမျိုးကို ဝါအနုဆုံး ရှေ့နေတစ်ယောက်ကတောင် စိစိညက်ညက် ကြေသွားအောင် လုပ်ပစ် လိုက်နိုင်တယ်၊ မဟုတ်ဘူးလား ရှိလာရယ်"

"ဟုတ်တယ်လို့ ပြောရတော့မှာပဲ"

"ဒီလိုလူမျိုးက အစိုးရရှေ့နေကို ဘယ်လိုရင်ဆိုင်မလဲ၊ နေလာတို့ လို လူမျိုးကများ ပြန်လှန်ဖြတ် မေးခွန်းထုတ်လိုက်ရရင် ဒီလူဟာ သွက်သွက်လည်သွားမှာပေါ့"

ကရောဖို့က သူ့စားပွဲတွင်ထိုင်ကာ ကုလားထိုင်နောက်ကျောကို မှီနေသည်။ မျက်နှာကတော့ ပြုံးတော့မလိုလို၊ သူ့မှာ ဖဲဖဲတစ်ခုခုတော့ ရှိနေသည်ထင်ရသည်။

"နေလာပဲဖြစ်ပေစေ၊ ကိုယ့်သက်သေကို ကိုယ်ပြန်ပြီး ပြန်လှန်မေး ခွန်း ဘယ်ထုတ်နိုင်မလဲ"

ဟာမစ်က ဖြုန်းကနဲ ခုန်ထလိုက်ပြီး ကရောဖို့ ထိုင်နေရာသို့ ကပ်သွားသည်။





"ခင်ဗျား ဘာတွေပြောနေတာလဲ၊ မေ့(တ်)လင်းဟာ ကျွန်တော် [illegible]ို့ရဲ့ သက်သေဖြစ်ရမှာဗျ"

"ဘယ်ဟုတ်မလဲ၊ ကျုပ် ရှင်းပြမယ် နားထောင်"

ကရောဖို့က သူ့အကွက် မိသွားပြီမို့ ပြုံးဖြီးဖြီးဖြစ်လာသည်။

"မေ့(တ်)လင်းက ရဲဆီမှာ အစစ်ခံပြီးပြီ၊ ကျွန်တော်က အစစ်မခံရ သေးဘူး၊ အစစ်လဲ မခံတော့ဘူး၊ ဒါကြောင့်မို့ အဲဒီညက ကျွန်တော် [illegible]ါဒွန်မြူး(စ်)ထဲမှာ လဲနေတာတွေ့တဲ့ တစ်ယောက်တည်းသော မျက်မြင် [illegible]ိုလ်ဖြစ်လို့ အစိုးရရှေ့နေက သူ့ကို အစိုးရသက်သေအဖြစ် ဆင့်ခေါ်ရ [illegible]ော့မှာပဲ၊ မခေါ်ဘဲနဲ့ကို မဖြစ်ဘူး၊ အဲသလိုခေါ်ရင် သူ့ကို အမှန်ပြောတဲ့ [illegible]က်သေအဖြစ် ခေါ်ရမယ်၊ ပြီးတော့ သူပြောတာကိုပဲ လက်ခံရလိမ့်မယ်၊ [illegible]ူ့ကို ပြန်လှန်မေးခွန်း မထုတ်နိုင်ဘူး၊ ပြန်လှန်မေးခွန်းထုတ်မှာက [illegible]ျွန်တော်တို့ဘက်က၊ နေလာက ထုတ်မှာမဟုတ်ဘူး"

"ဒါပေမယ့်လို့ နေလာက ထပ်ပြောနိုင်သေးတာပဲ"

"ဟုတ်ပါတယ်လေ၊ နောက်တစ်ကြိမ် ပြန်ခေါ်တဲ့အခါမှ ပြောနိုင် [illegible]ာပါ"

"အဲဒီ နောက်တစ်ကြိမ်ပြန်ခေါ်တာဟာလဲ ကျကျနနသာ မေးမယ် [illegible]ိုရင် ပြန်လှန်မေးခွန်းလိုပဲ စိုးရိမ်ရတယ်ဆိုတာ ခင်ဗျားလဲ အသိသားပဲ"

ရှိလာက ဟာမစ်ဘက်က ဝင်၍ပြောသည်။

"ဆရာ၊ အဲဒီညက ဆရာဟာ မေ့(တ်)လင်းရဲ့အိမ်မှာ ရှိနေပါတယ် [illegible]ို့ သက်သေပြတဲ့ အလီဘိုင်တစ်ခုတည်းနဲ့တော့ မလုံလောက်သေးဘူးထင် [illegible]ယ်၊ ကျွန်မတို့ သိပ်ပြီးစွန့်စားသလို ဖြစ်မနေဘူးလား"

"စွန့်ရတော့မှာပဲ၊ တို့မှာရှိတာက ဒါပဲကိုး"

ကရောဖို့က ရှေ့သို့ကုန်းရင်း ပြောလိုက်သည်။

"အခုနေတော့ ဟုတ်ပါတယ်၊ ဒါပဲရှိတာကိုး၊ ဒါပေမယ့် ရဲက [illegible]ာတွေတင်ပြမယ်ဆိုတာ ပြည့်ပြည့်စုံစုံ မသိသေးဘူး၊ စောင့်ကြည့်ရဦးမယ်၊ [illegible]ူတို့ရဲ့ တင်ပြချက်က မခိုင်လုံတဲ့ အကြောင်းအချက်တွေပေါ်မှာ

အခြေခံထားတာဆိုရင် တင်ပြချက် တစ်နေရာရာမှာတော့ ဟာကွက် ပျောက်ကွက် တွေ့လာမှာပဲ၊ အဲဒီအကွက်ကိုရှာပြီး ထိုးဖောက်ဖို့ကတော့ ကျွန်တော်တို့ရဲ့ တာဝန်ပဲ"

ဟာမစ်က လုပ်ရမည့်အလုပ်ကို အကြမ်းဖျင်း တင်ပြသည်။

"အဲဒီအကွက်တွေကို မတွေ့ရင်ကောဗျာ"

ကရောဖို့က ထောက်လိုက်သည်။ သူ၏အသံမှာ အေးစက်စက်။

"ဒီလိုဆိုတော့လဲ ကျွန်တော်တို့ *ကွဲ ပြီပေါ့၊ ဒါပေမယ့်လို့ မေ့(တ်)လင်းအိမ်မှာ ရှိနေပါတယ်ဆိုတဲ့ အလီဘိုင်ကို အစိုးရရှေ့နေက အမဲဖျက်သလို ဖျက်ပစ်လိုက်ရမှာနဲ့ စာရင်တော့ သိပ်မဆိုးလှပါဘူး"

ဟာမစ်က ပြောရင်းနှင့် ရှီလာ၏ အကူအညီကိုတောင်းရန် ရှီလာဘက်သို့ လှည့်လိုက်သည်။

"ဘယ်လိုသဘောရသလဲ ရှီလာ"

"ဟုတ်ပါတယ်၊ မစ္စတာဟာမစ် ပြောတဲ့အတိုင်းပါပဲ"

ကရောဖို့ကတော့ သူတို့ကိုမကြည့်၊ သူကား ကြမ်းတမ်းသောအသွင် ပေါက်နေသည်။

"ကျုပ်ကတော့ ခင်ဗျားတို့နဲ့ လုံးဝကို သဘောမတူဘူး"

အခန်းတံခါးကို ခေါက်သံကြားရသည်။

"ဘာကိစ္စလဲဟေ့"

ချားလ်စ်က အခန်းထဲသို့ ညင်ညင်သာသာ ဝင်လာသည်။ သူပြောသည့်အသံမှာ စိုးရိမ်သံပါနေသည်။

"ခွင့်လွှတ်ပါ ဆရာ၊ ရဲမှူးအီလေ ရောက်နေပါပြီ"

"အေးကွာ၊ ဆရာ လာပါပြီလို့ ပြောလိုက်ပါ"

ချားလ်စ်က ခေါင်းညိတ်ပြီး အခန်းပြင်သို့ ထွက်သွားသည်။

ကရောဖို့ကတော့ စိတ်လှုပ်ရှားပုံမပြ၊ သူသည် ခဏမျှ ငြိမ်သက်စွာ ထိုင်နေပြီးမှ မတ်တပ်ရပ်ကာ ဦးထုပ်နှင့် လောင်းကုတ်အင်္ကျီကို လှမ်းယူလိုက်သည်။ သူက ရှီလာတို့ကို ခပ်အေးအေးပဲ ပြောသည်။





"ရှီလာရေ၊ ဆရာ့အိမ်က ဆရာ ယူချင်စရာကလေးတွေရှိရင် အကြောင်းကြားလိုက်မယ်၊ မင်းဖြစ်ဖြစ်၊ ချားလ်စ် ဖြစ်ဖြစ် ယူလာခဲ့ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာ"

ရှီလာက ဖြေသာဖြေလိုက်ရသည်။ ရင်ထဲမှာ မချိလှ။

"အေးကွာ ကျေးဇူးပါပဲ"

ကရောဖို့က တံခါးဆီသို့ လျှောက်သွားပြီး ဖွင့်လိုက်သည်။ ပြီးမှ နောက်သို့ပြန်လှန်ကာ ကျန်နေသူများကို ပြောသည်။

"ကဲ ဆက်ပြီးတော့ ငြင်းမနေကြနဲ့တော့၊ မေ့(တ်)လင်းအိမ်မှာ ရှိနေတယ်ဆိုတဲ့ အလီဘိုင်ကိုပဲ လက်ခံကြပါတော့"

ကရောဖို့က ပြုံးလိုက်သော်လည်း မချိပြုံးဖြစ်သည်။

"သွားတော့မယ်၊ နောက်မှတွေ့ကြတာပေါ့၊ ထောင်မှာပေါ့လေ"

ကရောဖို့ ထွက်သွားပြီးနောက် တိတ်သွားသည်။ အခန်းထဲ၌ ရုတ်တရက် စိမ့်အေးလာသလိုလို ရှီလာမှာ ခိုက်ခိုက်တုန်နေလေသည်။

*

## အခန်း(၈)

"ဒေါက်... ဒေါက်... ဒေါက်"

တရားခွင်၏ အဝင်တံခါးကို ခပ်ဆတ်ဆတ် သုံးချက်ခေါက်လိုက်သံ ကြားရပြီးနောက် ရုံးပျာတာ၏ အသံဝါကြီးကို ကြားရသည်။

"အားလုံး မတ်တတ်ရပ်ကြပါ"

ကရောဖို့က အကျဉ်းထောင် အမှုထမ်းနှစ်ဦးကြားမှ မတ်တတ်ရပ်သည်။

တရားသူကြီး မစ္စတာအော့(စ်)ဘွန်းက တရားခွင်တွင် ဝင်၍ထိုင်လိုက်သည်။ သူ တရားခွင်၌ ထိုင်ခဲ့သည့် အကြိမ်ပေါင်းမှာ မရေတွက်နိုင်တော့။ ယနေ့လောက် လူများတာကို မကြုံခဲ့ဖူးပေ။ တရားသူကြီး ဝင်လာသည်မို့ ရုံးခန်းတွင်းဝယ် မီးကို ရေနှင့်သတ်လိုက်သလို ဗြုန်းကနဲ တိတ်သွားသည်။

လူတွေကမူ လူအများ စိတ်ဝင်စားသည့် အမှုကြီးများတွင် လာလေ့ရှိသော ပရိသတ်များပင်ဖြစ်သည်။ ရဲများ၊ သတင်းထောက်များ၊ ကိုယ့်အလှည့်မရောက်သေးသည့် ဂျူရီလုပ်မည့်လူများ၊ အတိုင်ပင်ခံရှေ့နေများ၊ စာရေးများ၊ တခြားတရားရုံးတွေက လာနားထောင်သည့် အရာရှိများ၊ သူတို့အားလုံးသည် ဆင်နားရွက် တံခါးကလေးများအထိ တစ်ခန်းလုံး အပြည့်ထိုင်နေကြသည်။ လူတန်းစားအမျိုးမျိုးပါသည်။





ှမ်းရိုးစင်း ဝတ်စုံကို အကျအန ဝတ်ထားသော ကုမ္ပဏီကြီးတွေမှ န်နေဂျာများပါသလို အလုပ်သမား လူတန်းစားလည်းပါသည်။ ဝတ်လုံများ၊ ရှေ့နေများကလည်း သူတို့အတွက် သီးသန့်နေရာတွေမှာ အပြည့်။ သူတို့သည် ဇာတ်တူသားချင်း စားသဖြင့် ဟသ်ာကိုးသောင်း ပျက်ရသည့် ကို မကြားဖူးသလိုပင်။ ရှေ့နေတစ်ဦး တရားခံအဖြစ် အစစ်ခံရသည် ကို ဝမ်းမြောက်ဝမ်းသာ ရှိနေကြသည့်နှယ် အချင်းချင်း မဲ့ကာရွဲ့ကာဖြင့် အမှုအကြောင်းကို ဝေဖန်နေကြသည်။

တရားသူကြီး ရှေ့ဘက်အောက်တည့်တည့်နှင့် ဝဲဘက်မှာတော့ အစိုးရဘက်က 'ဂရိတ်'တွေ ထိုင်နေကြသည်။ နေလာရယ်၊ သူ့လက်ထောက် နှစ်ယောက်ရယ်၊ ပြီးတော့ အစိုးရအမှုလိုက် ညွှန်ကြားရေးမှူးယ်၊ တစ်နည်းဆိုလျှင် သူတို့သည် အစိုးရဘက်က အဝေးပစ် အမြောက်ကြီးတွေကဲ့သို့ပင်။ သူတို့၏ မျက်နှာချင်းဆိုင် ခပ်လှမ်းလှမ်းမှာမူ ဲလာနှင့် ဟာမစ်က ပြောက်ကျားလက်ဖြောင့် တပ်သားများအသွင်ဆောင်နေသည်။ ဂျူရီအဖွဲ့ကတော့ အမျိုးသား ဆယ်ဦးနှင့် အမျိုးသမီး နှစ်ဦးပါဝင်သည်။ ဤပုဂ္ဂိုလ်များသည် ဂျူရီအဖြစ် တစ်ခါမှ မလုပ်ဖူးကြသေးပေ။ ထို့ကြောင့် ပတ်ဝန်းကျင်သည် သူတို့အဖို့ အသစ်အဆန်း ဖြစ်နေသည်။

တရားသူကြီး ထိုင်လိုက်ပြီးနောက် အစိုးရရှေ့နေကြီး နေလာက တ်တတ်ရပ်လျက် တရားသူကြီး ပြောမည်ကို စောင့်နေသည်။ တရားသူကြီးက စားပွဲပေါ်မှ စာရွက်တွေ ခဲတံတွေကို နေထားတကျဖြစ်အောင် ်နေသေးသည်။ ဘာမှမပြောသေး။ ပြီးမှ လခြမ်းပုံ မျက်မှန်ပေါ်မှ က်လုံးများကိုလှန်၍ နေလာကိုကြည့်ပြီး မေးလိုက်သည်။

"ဘာပြောမလို့လဲ မစ္စတာနေလာ"

နေလာက ထုံးစံအတိုင်း ဦးညွှတ်လိုက်သည်။

"ရုံးတော်က ခွင့်ပြုမယ်ဆိုရင် ကျွန်တော် တင်ပြပါရစေ၊ ့လယ်ပိုင်း ခေတ္တနားချိန် မတိုင်မီမှာ ရဲမှူးအီလေကို အစိုးရဘက်က

စစ်ဆေးနေခဲ့ပါတယ်၊ အခုဆက်ပြီး စစ်ပါရစေ၊ ရဲမှူးအီလေ၊ ကျေးဇူးပြုပြီး သက်သေနေရာသို့ကြွပါ"

အီလေက စားပွဲရှည်ကြီးတွင် ထိုင်နေရာက ထလာသည်။

သူ၏ဟန်မှာ ခပ်ကြွားကြွားလည်း မဟုတ်၊ ရွံ့တွန့်တွန့်လည်း မဟုတ်၊ ပုံမှန်ပင်ဖြစ်သည်။

ပထမဦးဆုံးအကြိမ်တွင် ဂျူရီလူကြီးများ အထင်ကြီးခံရဖို့ အရေးကြီးကြောင်း အတွေ့အကြုံအရ သင်ခန်းစာရပြီးဖြစ်သည်။ အထင်ကြီးခံရမှလည်း သူ့ထွက်ချက်က လေးနက်မှုရှိပေမည်။ မိုက်ကရိုဖုန်း စကားပြောခွက်ကို သူနှင့် အနေတော်ဖြစ်အောင် စီစဉ်နေရသေးသည်။ နေလာကတော့ သူ လုပ်နေသည်ကို စိတ်ရှည်စွာ စောင့်နေကာ သူ အဆင်သင့်ဖြစ်မှမေးသည်။

"ကျမ်းကျိန်ပြီးပြီနော်"

"ဟုတ်ပါတယ်ခင်ဗျာ"

"ရဲမှူးခင်ဗျား၊ ဧပြီလ ၁၉ ရက် တနင်္ဂနွေနေ့ နံနက်စောစောမှာ အခု တရားခံက တယ်လီဖုန်းနဲ့ တိုင်ကြားချက်အရ အမှတ် ၁၊ ဂေါ်ဒွန်မြူး(စ်)ကို ရဲမှူးသွားတယ်၊ အဲဒီမှာ မစ္စတာ ဂရယ်ဂေါ်ရီဟာ ရင်ဘတ်မှာ ဓားစိုက်လျက်နဲ့ သူ့စာကြည့်ခန်းထဲမှာ လဲလျက်သေဆုံးနေတာကို တွေ့ရပါတယ်လို့ အစစ်ခံခဲ့တယ်"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဒါဖြင့်ရင် ရှေ့ဆက်ပြောပါ"

နေလာသည် သူ၏ သက်သေများကို ဖြစ်နိုင်သည့်အခါတိုင်းတွင် မိမိဘာသာ မိမိ ပြောခိုင်းသည့်နည်းကို သုံးလေ့ရှိသည်။

အီလေက ခေါင်းညိတ်လျက် ဆက်ပြောသည်။

"အလောင်းကို စစ်ဆေးဖို့၊ ဆရာဝန်ကိုခေါ်ဖို့ရယ်၊ ထုံးစံအတိုင်း ဓာတ်ပုံရိုက်ဖို့နဲ့ လက်ဗွေပုံစံ ယူဖို့ရယ်အတွက် အစီအစဉ် ချက်ချင်းလုပ်ပါတယ်"





သူ၏အသံတွင် သူ၏ခံစားမှုကို မတွေ့ရ၊ တာဝန်အရ အစစ်ခံနေသည်မို့ ဘက်လိုက်မှုလည်းမရှိ။

နေလာက ဆက်မေးသည်။

"အလောင်းမှာ စိုက်နေတဲ့ဓားက ဘယ်သူ့ဓား ဖြစ်သလဲဆိုတာ ဖော်နိုင်ရဲ့လား"

"ဖော်နိုင်ပါတယ်ခင်ဗျာ၊ မစ္စတာဂရယ်ဂေါ်ရီရဲ့ ကိုယ်ပိုင်ဓားပါပဲ၊ အဲဒီဓားဟာ မူလက စာအိတ်ဖွင့်ဖို့ အသုံးပြုတဲ့ဓားပါ၊ စာရေးစားပွဲပေါ်မှာ ထားတာဖြစ်ပါတယ်"

"တခြားပစ္စည်း တစ်စုံတစ်ရာကော အခိုးခံရသေးလား"

"အခိုးမခံရပါဘူး"

"အချင်းဖြစ်ပွားတဲ့ နေရာမှာ ရန်းရင်းဆန်ခတ် ဖြစ်ခဲ့တဲ့ လက္ခဏာများ ဘာရှိသလဲ"

"ရှိပါတယ်၊ သေဆုံးသူရဲ့ လက်ဝါးနှစ်ဖက်လုံးမှာ ဒဏ်ရာတွေ တွေ့ရပါတယ်၊ ဓားနဲ့ထိုးတဲ့အခါမှာ လက်ဝါးနဲ့ ကာလိုက်လို့ ရရှိခဲ့ခြင်း ဖြစ်ပါတယ်၊ ပြီးတော့ စားပွဲကလေးတစ်ခုရယ်၊ စာကြည့်မီးတိုင်တစ်ခုရယ် လဲကျနေပါတယ်၊ အလှထားတဲ့ ပစ္စည်းတချို့နဲ့ ဖန်ခွက်တချို့လဲ ကွဲနေတဲ့အပြင် မီးလင်းဖိုက ထင်းတုံးခံတဲ့ သံဘောင်တစ်ခုလဲ ပြုတ်ထွက်နေတယ်၊ အဲဒီ သံဘောင်ရဲ့ ဗုလုံးကြီးပေါ်မှာ သွေးစသွေးနနဲ့ ဆံပင်စတွေ တွေ့ရပါတယ်"

"တခြားကော ဘာတွေတွေ့သေးသလဲ"

"တွေ့ပါတယ်ခင်ဗျာ၊ သေဆုံးသူရဲ့ လကျ်ာဘက် လက်က လက်သဲနှစ်ခုဟာ ပဲ့ထွက်နေပြီး သွေးတွေထွက်နေပါတယ်၊ သေဆုံးသူရဲ့ လက်နှစ်ဖက်လုံးက လက်သဲခွံတွေအောက်က ခြစ်ယူလို့ရတဲ့ အစအနတွေထဲမှာ သိုးမွေးမျှင်စတွေနဲ့ ချည်မျှင်စတွေလဲ တွေ့ရပါတယ်"

နေလာက ခဏမျှ ဆိုင်းလိုက်ပြီး မေးပြီးသားကို ပြန်၍ကောက်ပြန်သည်။ သူကတော့ ဘာကိုမှ အလွတ်မပေးပါ။

"ရဲမှူးပြောတဲ့ အထဲမှာ ဖန်ခွက်တွေကွဲတယ်လို့ ဆိုတယ်၊ ဘယ်နှစ်လုံး ကွဲတာလဲ"

"နှစ်လုံးပါခင်ဗျား၊ ရိုးရိုးဖန်ခွက်တစ်လုံးနဲ့ ဝိုင်ကလပ်တစ်ခုပါ"

"ကွဲတဲ့ ဖန်ခွက်တွေမှာ လက်ဗွေပုံစံ ယူထားသလား"

"ယူထားပါတယ်၊ ပြီးတော့လဲ ဖန်ခွက်ထဲမှာ ကျန်နေတဲ့ အရည်တွေကိုလဲ ဓာတ်ခွဲကြည့်ပါတယ်၊ ရိုးရိုးဖန်ခွက်မှာ ကပ်နေတာက စကော့ဝီစကီနဲ့ ဆိုဒါ ဖြစ်ပါတယ်၊ ဝိုင်ကလပ်မှာကတော့ ပြင်သစ်အရက်ချိုတစ်မျိုးကို တွေ့ပါတယ်"

"ဘာအမျိုးလဲ"

"ဗာဗိန်းဒူဗေလိုင်းလို့ ခေါ်ပါတယ်၊ အရောင်က အစိမ်းရောင်ပါ"

"ဟုတ်... ပြီ..."

နေလာက စကားလုံးကို ဆွဲ၍ပြောသည်။ သူက အရက်ချို၏ အမည်ကို ဂျူရီလူကြီးတွေ ခေါင်းထဲတွင် စွဲနေစေချင်သည်။ ပြီးမှ သူ့ရှေ့မှ အမှုတွဲ အကျဉ်းချုပ်ကိုကြည့်ပြီး လမ်းကြောင်းပြောင်း၍ မေးပြန်သည်။

"သေဆုံးသူဟာ ဘယ်လိုအဝတ်အစားမျိုး ဝတ်ထားသလဲ"

"ညဝတ်အင်္ကျီနဲ့ အပေါ်ဝတ် အင်္ကျီရှည် ဝတ်ထားပါတယ်၊ သွားတုတွေလဲ မတွေ့ရပါဘူး"

နေလာက ရည်ရွယ်ချက်မရှိသလို ပြောလိုက်သည်။

"ဒီလိုဆိုတော့ သူဟာ ဧည့်သည်တစ်ယောက်ယောက် လာလိမ့်မယ်လို့ မျှော်လင့်နေတာ မဟုတ်ဘူးလို့ ယူဆနိုင်တာပေါ့"

ရှီလာက ချက်ချင်းပင် ထလိုက်သည်။

"ဒါဟာ အကြောင်းအချက် မခိုင်လုံတဲ့ ထင်မြင်ချက်ကြောင်း ရုံးတော်သို့ တင်ပြလိုပါတယ်၊ တစ်ဖက်က ပညာရှိရှေ့နေကြီးကို အကြံပေးလိုတာက ထင်မြင်ချက်တွေကို တင်ပြမနေဘဲ အဖြစ်မှန်ကိုသာ တင်ပြပါလို့"





ရှီလာ၏ ကြားဖြတ်ကန့်ကွက်ချက်ကို ကြားလိုက်ရတဲ့ နေလာအဖို့ အံ့သြသွားသလို စိတ်လည်း အနည်းငယ် တိုသွားသည်။

"နောင်ကို ပြင်ပြီးပြောပါ"

တရားသူကြီး၏ အသံတွင် တရားခံရှေ့နေ၏ ကန့်ကွက်ချက်ကို သဘောကျသည့် အရိပ်အယောင်ကလေး ပါနေသည်။ တကယ်တော့လည်း သူက နေလာကို နှစ်သက်လှသည်တော့ မဟုတ်ပါ။

ကရောဖို့ကလည်း ပြုံးလိုက်သည်။

နေလာကတော့ ရှီလာ၏ ကန့်ကွက်ချက်ကို ဂရုမထားဟန်ဖြင့် ဆက်ပြီးပြောသည်။

"နောက်တစ်နေ့ တနင်္လာနေ့မှာ တရားခံရဲ့အိမ်ကို သွားခဲ့သလား"

အီလေက ဖြေသည်။

"ဟုတ်ကဲ့ သွားခဲ့ပါတယ်"

"အဲဒီလိုသွားတုန်းက တရားခံရဲ့ လက်ဗွေပုံစံရယ်၊ သွေးနမူနာရယ်၊ ဆံပင်နမူနာရယ်တို့ကို တရားခံဆီကတောင်းတာ ရခဲ့ရဲ့လား"

"ရခဲ့ပါတယ်"

"အဲဒီအချိန်တုန်းက သူ့ကို တနည်းနည်းနဲ့ သတိပြုမိအောင် သူက ဘာလုပ်သလဲ"

"ကျွန်တော့်ကို သူ့ခေါင်းက ဒဏ်ရာကိုပြပြီး စစ်ဆေးကြည့်ခိုင်းပါတယ်"

"ဟုတ်ပြီ"

နေလာက ရှေ့သို့မဆက်ခင် သူ့ရှေ့ရှိ ဇယားတွင် မှတ်လိုက်သည်။

"တရားခံရဲ့အိမ်က အဝတ်အစားတစ်ခုခုကို ခင်ဗျား ယူလာခဲ့သေးလား"

"အဝင်တံခါးပေါက်နားမှာ ချိတ်ထားတဲ့ တရားခံရဲ့ အိုဗာကုတ်တစ်ထည်ကို ယူလာပါတယ်"

"အဲဒီ အိုဗာကုတ်ကို သွေးနမူနာတို့၊ လက်ဗွေပုံစံတို့၊ မစ္စတာဂရယ်

ဂေါ်ရီရဲ့ အခန်းထဲကတွေ့တဲ့ တခြားပစ္စည်းတွေနဲ့အတူ မြို့မရဲ့ ဓာတ်ခွဲခန်းကိုပို့ပြီး ဓာတ်ခွဲစစ်ဆေးခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"တွေ့ရှိချက်က ဘာတဲ့လဲ"

ရဲမှူးအီလေက အိတ်ထဲမှ မှတ်စုစာအုပ်ကိုထုတ်ပြီး လှန်လှောကြည့်သည်။ ရုံးခန်းတစ်ခုလုံးမှာလည်း ငြိမ်သက်နေသည်။ အရေးအကြီးဆုံးအခန်းကို ရောက်လာပြီဖြစ်၍ လူတွေက ရင်တမမနဲ့ မျှော်နေကြသည်။

အီလေက တစ်လုံးချင်းဖြေသည်။

"တရားခံရဲ့ ယာဘက်လက်မနဲ့ လက်ချောင်းရာများဟာ ဓားပေါ်မှာနဲ့ အရက်ချိုဖန်ခွက်ပေါ်မှာ သေဆုံးသူရဲ့ လက်ရာတွေအပေါ်က ဖုံးနေတာ တွေ့ရပါတယ်"

"သက်သေကို အဲဒီဓား ပြပါရစေခင်ဗျာ၊ သက်သေခံပစ္စည်းအမှတ် (၂) ဖြစ်ပါတယ်"

နေလာက ဓားကို ရုံးပျာတာတစ်ယောက်ကို လှမ်းပေးလိုက်သည်။ ပျာတာက ဝက်ခြံထဲ၌ရှိသော အီလေသို့ သွား၍ပေးသည်။

ဓားတွင်စွန်းနေသော သွေးများမှာ ခြောက်နေသဖြင့် မည်းနေသည်။ အီလေက ဓားကို ခပ်ပေါ့ပေါ့ပင် ကိုင်ကြည့်သည်။ ဂျူရီလူကြီးများကတော့ စိုက်ကြည့်နေကြသည်။

နေလာက မေးသည်။

"ဓားပေါ်မှာ တွေ့ရတဲ့လက်ရာတွေမှာ ထူးခြားချက် ဘာရှိသလဲ"

"ရှိပါတယ်ခင်ဗျာ"

အီလေက နှုတ်ဖြင့်သာမဟုတ်၊ ဓားဘယ်လိုကိုင်သည်ကိုပါ ဂျူရီလူကြီးများအား သရုပ်ပြသည်။

"ဓားရိုးမှာ ထင်နေတဲ့ မစ္စတာဂရယ်ဂေါ်ရီရဲ့ လက်မရာကိုကြည့်ပြီး ပြောရရင် လက်မထိပ်ဟာ ဓားသွားဘက်ကို လှည့်နေတယ်၊ စာအိတ်ကို ဖွင့်တဲ့ လက်အနေအထားအတိုင်း ထင်နေတာပါ၊ တရားခံရဲ့ လက်မရာ





ကတော့ လက်မထိပ်ဟာ ဓားရိုးအပေါ်ပိုင်းကို လှည့်နေတယ်၊ ဓားနဲ့ အပေါ်ကနေ အောက်ကို ထိုးလိုက်တဲ့အခါမှာ ကိုင်တဲ့အနေအထားမျိုးဖြစ်ပါတယ်"

အီလေက ဂျူရီလူကြီးများနှင့် လက်တစ်ကမ်းအကွာလောက်တွင် ဓားကို အပေါ်မှအောက်သို့ ထိုးဟန်လုပ်ပြသည်။

ကရောဖို့က ရှီလာအားသတိပေးဖို့ သူ့နေရာ ဝက်ခြံထဲမှာ ရှေ့သို့ကုန်းလိုက်သည်။ ဒါပေမယ့် ရှီလာက သူ့ထက်ဦးပြီး ကန့်ကွက်နှင့်ပြီ။

"တရားသူကြီးမင်းရှင့်၊ တရားလို အကျိုးဆောင်ကြီးနဲ့ ရဲမှူးကြီးတို့ဟာ ဂျူရီလူကြီးများကို မျက်စိလည်အောင် ကြိုးစားနေပါတယ်"

ရှီလာ၏ ပြောသံနှင့်ဟန်ကတော့ ဂျူရီလူကြီးတွေကို 'ရှင်တို့သတိမထားရင် သူတို့လှည့်တာ ခံရလိမ့်မနော်' ဟူသော အဓိပ္ပာယ်ကိုဆောင်သည်။

"ရဲမှူးကြီးက ဓားထိုးဟန်ကို သရုပ်ပြသွားပါတယ်၊ ကျွန်မ တင်ပြလိုတာက ကျွန်မ အမှုသည်ရဲ့ လက်ရာဟာ ဓားရိုးပေါ်မှာ အပေါ်ဘက်လှည့်ပြီး ထင်နေရုံမျှနဲ့ သူ ဓားနဲ့ထိုးပါတယ်လို့ ပြောလို့မဖြစ်ပါဘူး"

အီလေက ချက်ချင်းပင် တောင်းပန်သည်။

"ဝမ်းနည်းပါတယ်ခင်ဗျား၊ ဓားနဲ့ထိုးဟန်လုပ်ပြတာဟာ ကျွန်တော့်ကြိုတင်စီစဉ်ထားချက် မဟုတ်ပါဘူး"

ရှီလာက ခေါင်းညိတ်ပြကာ ကျေးဇူးတင်ကြောင်း ပြောသည်။

နေလာကတော့ အရေးမကြီးတဲ့ပုံဖြင့် ထိုအကြောင်းကို တရားသူကြီးသို့ ဆက်လက်တင်ပြ၏။

"ရုံးတော်ကို တင်ပြလိုတာကတော့ ဓားပေါ်မှာ ထင်နေတဲ့ တရားခံရဲ့လက်ရာဟာ ဓားနဲ့ထိုးတဲ့အခါမှာ ကိုင်တဲ့လက်အနေအထားလို့ ယေဘုယျအားဖြင့် လက်ခံရပါမယ်"

"ရှေ့ဆက်ပြောခွင့်မပြုဖို့ ရုံးတော်ကို တင်ပြပါတယ်"

ရှီလာကလည်း နေလာ၏အကွက်ကို မြင်သဖြင့် ပြန်၍တိုက်စစ်ဆင်သည်။

နေလာက တမင်တကာပင် စည်းဖောက်၍ ပြောလိုက်ခြင်းဖြစ်သည်။ တကယ်တော့ သူက သွေးတိုးစမ်းကြည့်ခြင်းသာ။ အခုတော့ ရှီလာက ခံနေမည်မဟုတ်ကြောင်း သူ သိသွားပေပြီ။

ရှီလာကပင် ဆက်၍တင်ပြသည်။

"လူတစ်ယောက်ကို ဓားနဲ့ထိုးဖို့ လက်အနေအထားတစ်ခုဟာ ယေဘုယျအားဖြင့် လက်ခံတဲ့ အနေအထားပါလို့ ဘယ့်နှယ်ပြောနိုင်သလဲ၊ အ႗လူးအခွဲ့နွာရင် ဒီလို လက်အနေအထားနဲ့သာ နွှာလို့ရတယ်လို့ ပြောလို့မဖြစ်သလိုပဲပေါ့"

နေလာကတော့ မထေမဲ့မြင် ပြုံးလိုက်သည်။ သူ့အမှုအရာက မတရားကြားဖြတ် အပြောခံရတာကို တရားသူကြီးအား တိုင်တည်နေသလိုလို ထင်ရသည်။

"တရားသူကြီးမင်းခင်ဗျား၊ တစ်ဖက်က ရှေ့နေကြီးဟာ သိပ်ပြီး အသေးစိပ် လိုက်လွန်းနေပါတယ်၊ ဂျူရီလူကြီးများဟာ သူတို့ဉာဏ်နဲ့ ခွဲခြားသိနိုင်..."

"မစ္စတာနေလာ"

တရားသူကြီး၏ ခေါ်လိုက်သံဖြစ်၏။ သူက နေလာကို အတွင်းသိအစင်းသိ ဖြစ်နေသဖြင့် နေလာ ဘယ်ပုံချိုးနေသည်ကို သိသည်။

"လူသတ်မှုလို အမှုမျိုးမှာ အသေးစိပ် လိုက်ရတာဟာ လုပ်ရမယ့် လုပ်ငန်းသဘာပဲ မဟုတ်လား"

"ရုံးတော်ရဲ့ ဆန္ဒအတိုင်းပါပဲ"

"ဒါပေမယ့် အမြဲတမ်းတော့လဲ မဟုတ်ဘူးပေါ့လေ၊ အခုအမှုမှာတော့ မစ္စရှီလာ တင်ပြချက်ကို လက်ခံရလိမ့်မယ်"

ရှီလာက ဦးညွှတ်ပြီး ပြန်ထိုင်သည်။ နေလာက ရှီလာဘက်သို့ လှည့်ကြည့်ကာ သူ့ကို အထင်ကြီးသွားသည်။ ရှီလာတို့လို ရှေ့နေပေါက်စမျိုးက သူ့လို ဝါရင့်ရှေ့နေကြီးကို အခုလို ယှဉ်နိုင်ခဲ့လှသည်။





သူက ဂရုမစိုက်ပုံဖြင့် ရဲမှူးအိလေဘက်လှည့်၍ မေးခွန်းဆက်ထုတ်သည်။

"သက်သေခံပစ္စည်း အမှတ် (၃) ဖြစ်တဲ့ ထင်းတုံးခံသံဘောင်နဲ့ ပတ်သက်လို့ကော ဘာပြောစရာ ရှိသလဲ"

"သံဘောင်ဘုကြီးပေါ်မှာ ကပ်နေတဲ့ သွေးတွေနဲ့ ဆံပင်တွေဟာ တရားခံဆီကယူထားတဲ့ နမူနာတွေနဲ့ အတူတူဖြစ်ကြောင်း စစ်ဆေးတွေ့ရပါတယ်"

"ပြီးတော့ သေသူရဲ့ လက်သည်းခွံတွေအောက်ရတဲ့ သိုးမွေးမျှင်နဲ့ ချည်မျှင်တွေနဲ့ ပတ်သက်လို့ကော"

"အဲဒီ သိုးမွေးမျှင်နဲ့ ချည်မျှင်တွေဟာ တရားခံရဲ့အိမ်က ယူလာတဲ့ အိုဗာကုတ်အင်္ကျီက သိုးမွေးမျှင်တွေရဲ့ ချည်မျှင်တွေနဲ့ တူနေတာ တွေ့ရပါတယ်"

ဂျူရီလူကြီးတွေက ကရောဖို့ကို ပို၍ မသင်္ကာဖြစ်လာကြသည်။ ဒီတရားခံဟာ တကယ်ကျူးလွန်မှာပဲဟု တွေးမိသူလည်း ရှိကြပေမည်။ တချို့ကလည်း မှတ်စုစာအုပ်တွင် အပူတပြင်း မှတ်နေကြသည်။ ကရောဖို့ဘက်ကတော့ သိပ်မဟန်တော့ပေ။ သက်သေထွက်ချက်တွေက တဖြည်းဖြည်း သူ့လည်ပင်းကို ကြိုးကွင်းစွပ်နေသလိုပင်။

ဂျူရီတွေရဲ့ အမူအရာကို တွေ့ရသည့်နေလာက ထပ်ပြီး မီးထိုးပေးလိုက်ပြန်သည်။

"ဟောဒီ အိုဗာကုတ်လား"

အိလေက ရုံးပျဉ်တာဆီက အိုဗာကုတ်အင်္ကျီကို ယူ၍ကြည့်သည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ရှေ့ဘက်မှာ သွေးစက်တွေနဲ့ သွေးကွက်တွေ ရှိပါတယ်"

"သွေးတွေနဲ့ပတ်သက်လို့ကော ဘာပြောစရာရှိသလဲ"

"ဒီသွေးတွေနဲ့ သေသူရဲ့ သွေးအုပ်စုဟာ အတူတူပါပဲ၊ အုပ်စု 'အေ' ဖြစ်ပါတယ်"

"တရားခံရဲ့ သွေးအုပ်စုက ဘာအုပ်စုလဲ"

"အေဘီပါ ခင်ဗျာ"

"ကျေးဇူးတင်ပါတယ်"

နေလာမှာ အခုတော့ ဣန္ဒြေရနေပေပြီ။ သူ့ရဲ့ အဓိကမေးခွန်းတွေကလဲ စံတင်လောက်ပါပေသည်။ ရှီလာကလည်း သံပတ်နည်းနည်းလျှော့လိုက်ပြီး ကရောဖို့ကို ကြည့်လိုက်သည်။ မယုံနိုင်စရာပါပဲ။ ကရောဖို့မှာ တရားခံတစ်ယောက်လိုပုံမျိုး မပေါက်ဘဲ ရှီလာနဲ့ နေလာတို့ အပြန်အလှန် အချီအချ ပြောနေကြတာကိုကြည့်ပြီး သဘောကျနေသည့် ပွဲကြည့်သူတစ်ဦးလိုပုံမျိုးဖြင့် သူတို့ကို ကြည့်နေသည်။

နေလာက အီလေကို ထပ်၍မေးနေပြန်သည်။

"ခင်ဗျား ဘာဖြစ်လို့ တရားခံကို အဲဒီ တနင်္လာနေ့ ညနေက သူ့အိမ်မှာ သွားတွေ့တာလဲ"

"သတင်းအရ သွားတာပါခင်ဗျာ၊ ကျွန်တော် မေးတာတွေကို သူ ဖြေနိုင်လိမ့်မယ်လို့ ယူဆလို့ ကျွန်တော့်မှာ ခိုင်လုံတဲ့အချက်တွေ ရှိပါတယ်"

"အခုပြောခဲ့ပြီးတဲ့ သွေးတို့ ဆံပင်တို့နဲ့ ပတ်သက်တာအပြင် ခင်ဗျားတို့နှစ်ယောက် တခြား ဘာစကားတွေ ပြောကြသလဲ"

အီလေက သူ၏ မှတ်စုစာအုပ်ကို ထုတ်၍ကြည့်ပြန်သည်။

"ကျွန်တော်က သူ့ကို အာမီတာ(ဂျ်)ဆိုတဲ့လူကို သိသလားလို့ မေးပါတယ်၊ သူက မသိဘူးလို့ ဖြေပါတယ်၊ ပြီးတော့ အာမီတာ(ဂျ်) ဆိုတာ ဘယ်သူလဲလို့ ပြန်မေးပါတယ်၊ ဒီတော့ ကျွန်တော်က အာမီတာ(ဂျ်) ဟာ သူ့သမီးကို ကားနဲ့တိုက်သွားတဲ့လူကို စုံစမ်းဖို့ သူ ငှားထားတဲ့ အလွတ်စုံထောက်ဖြစ်ကြောင်း၊ အဲဒီ အာမီတာ(ဂျ်)ကပဲ ကားနဲ့တိုက်သွားတဲ့သူဟာ ဘယ်သူဖြစ်တယ်ဆိုတာ သူ့ဆီကို စာနဲ့ရေးပြီး အကြောင်းကြားထားကြောင်း ဖြေပါတယ်၊ ဒါကို သူက ငြင်းပါတယ်၊ ပြီးတော့ သူ့အိမ်ကို ရှာရမလားလို့မေးတော့ သူက သဘောတူပါတယ်၊ ရှာတဲ့အခါ





ာရားခံရဲ့ စာရေးစားပွဲက သော့ခတ်ထားတဲ့ အံဆွဲတစ်ခုတဲ့မှာ သက်သေခံပစ္စည်း အမှတ် (၆) အဖြစ်ပြထားတဲ့ စာကို တွေ့ပါတယ် ခင်ဗျား"

"ကျွန်တော့် သက်သေကို အဲဒီစာ ကြည့်ခွင့်ပြုဖို့ ရုံးတော်ကို န်ကြားပါတယ်ခင်ဗျား"

နေလာက ရှေ့ဖတ်စာရေးဘက်ကို လှည့်လိုက်ရာ စာရေးကြီးက င်တွဲထဲမှစာကို ထုတ်ပေးသည်။

နေလာက အီလေအား ဆက်၍ မေးခွန်းထုတ်သည်။

"ဒီစာလား"

အီလေက စာခေါက်ကို ဖြေ၍ကြည့်ပြီးမှ ဖြေသည်။

"ဟုတ်ပါတယ်ခင်ဗျား"

"အဲဒီစာအကြောင်းကို ရုံးတော်ကို ရှင်းပြပြီး ဖတ်ပြပါ"

"နေ့စွဲက ဧပြီလ ၁၅ ရက်လို့ ထိုးထားပါတယ်၊ လက်နှိပ်စက် စာလုံးအနီရောင် မသေမသပ် ရိုက်ထားပါတယ်၊ လိပ်စာမပါပါဘူး၊ ာကို ဖတ်ပြပါ့မယ်၊ 'မစ္စတာကရောဖို့ခင်ဗျာ၊ ငွေရှိတဲ့အတွက် ကျေးဇူးပါပဲ၊ ခင်ဗျားသမီး သေဆုံးရတဲ့အတွက် တာဝန်ရှိသူဟာ ္စတာ ဂရယ်ဂေါရီ ဖြစ်ပါတယ်၊ ကျွန်တော် ပြောတာ မယုံပါက ကိစ္စကို သူနဲ့ပြောကြည့်ပါ၊ သူ ဘာပြန်ပြောမယ်ဆိုတာကို စောင့်ကြည့် ပါ၊ သစ္စာရှိစွာဖြင့် အာမီတာ(ဂျ်)' လက်မှတ်ကို စာလုံးရိုးရိုးနဲ့ပဲ ာရေးထားပါတယ် ခင်ဗျား"

"ဒီနောက် ခင်ဗျားက တရားခံကို ဖြောင့်ချက်ပေးမလားလို့ ေးသေးသလား"

"မေးပါတယ်ခင်ဗျာ၊ ဒါပေမယ့် သူက ပေးဖို့ငြင်းပါတယ်"

"သူ့ကို ဖမ်းပြီးတဲ့နောက် ဖြောင့်ချက်မပေးရင် သူ ဘယ်လို ာဝန်ရှိမယ်ဆိုတာကို သတိပေးပြီးနောက်မှာကော ငြင်းသေးသလား"

"သူက အဖြေမပေးပါဘူးခင်ဗျား"

"ကျေးဇူးတင်ပါတယ် ရဲမှူး"

နေလာထိုင်လိုက်သည့်အခါတွင် ရုံးခန်းတွင်း၌ တီးတိုးပြောသံများက လျှံလာသည်။ သို့သော် ရှိလာ မတ်တတ်ရပ်လိုက်သည့်အခါမှာမူ ချက်ချင်း တိတ်သွား၏။ ရှိလာက သူ ဘာမှမပြောသေးမီ အီလေအား စူးစမ်းသောအကြည့်ဖြင့် စိုက်၍ကြည့်လိုက်သည်။ ဘယ်ရှေ့နေမှ ရဲအရာရှိတစ်ဦးကို သိက္ခာမချလိုကြပေ။ ရှိလာလည်း အပါအဝင်ဖြစ်ပါသည်။ ရှိလာနဲ့ သူနဲ့လည်း ပုဂ္ဂိုလ်ရေးအရ အငြိုးမရှိကြ။ သို့သော် လက်ရှိအခြေအနေမှာတော့ သူ့အား တိုက်စစ်ဆင်ရမည်မှာ သူ၏ အလုပ်ဖြစ်နေပေသည်။ ဤအချက်ကို အီလေကလည်း သဘောပေါက်ပါသည်။ အီလေ၏ ထွက်ချက်တွေက တရားခံအဖို့ မလှုပ်သာအောင် လုပ်ရတော့မည်ဖြစ်သည်။ ထို့ပြင် အီလေသည် ဂျူရီလူကြီးများ၏ အထင်ကြီးမှုကို ရလျက်ရှိသေးသည်။

ဤသို့ဆိုလျှင် သူ၏ ထွက်ချက်များမှ ဟာကွက်ကို လိုက်ရှာရမည်။ တွေ့လျှင် ထွက်ချက်ကို လုပ်ကြံချက်ဖြစ်အောင် လုပ်ပစ်ရမည်။ ထိုသဘောအတိုင်း ဂျူရီတွေက အထင်ကြီးနေတာကိုလဲ ပျက်သွားအောင် သိက္ခာချပစ်ရမည်။ ဒါကတော့ အလုပ်သဘောအရ ဖြစ်ပါသည်။ ရှောင်၍မရပေ။ ကိုယ့်အလုည့် သူ့အလှည့် ရှိကြစမြဲပင်။ ရှိလာနှင့် ဟာမစ်တို့က တိုင်ပင်ပြီးဖြစ်ကြသည်။ သူတို့ တွေ့ထားသည့်အချက်ကတော့ ရဲမှူးအီလေဟာ စိတ်တိုတတ်တယ်ဆိုတဲ့ အချက်ဖြစ်သည်။ စိတ်တိုတတ်လျှင် ဆွပေးရမည်။ ဆွပေးသည့်အခါ သူ ဘယ်လိုတုံ့ပြန်မလဲဆိုသည်ကိုတော့ သူတို့နှစ်ဦးက စောင့်ကြည့်ရပေမည်။ ခပ်ရိုင်းရိုင်း စိုက်ကြည့်တာဟာလဲ ထိရောက်သောစခြင်းပါပဲ။ ထို့ကြောင့် ရှိလာက စိုက်၍ကြည့်နေရာက ခပ်ပြတ်ပြတ်မေးလိုက်သည်။

"ရဲမှူးရှင်၊ အာမီတာ(ဂ်)ဆိုတာ ဘယ်သူလဲ"

"ကျွန်တော် ပြောပြီးပါပြီ၊ သူဟာ အလွတ်စုံထောက်တစ်ယောက်ဖြစ်တယ်လို့ သိရတာပဲ"





"မှတ်ပုံတင် မထားဘဲနဲ့တောင်မှ သူ့ကို သိတယ်ပေါ့"

"အဲသလိုတော့ မှတ်ပုံမတင်ထားပါဘူး ခင်ဗျား"

"တယ်လီဖုန်း လမ်းညွှန်စာအုပ်မှာကော သူ့နာမည် မဖော်ပြထားဘူးလား"

"ဟင့်အင်း… မဖော်ပြထားပါဘူး"

"မစ္စတာကရောဖို့နဲ့ ပတ်သက်ပြီး အသေးစိတ် သတင်းတွေပေးပြီး…တည်းက ကနေ့အထိ သူနဲ့ မတွေ့ရသေးဘူးလား၊ တော်တော်လေး…က်စုံစမ်းပြီးတာတောင်မှပေါ့လေ"

"မတွေ့ရသေးပါဘူး"

ရှိလာ၏အပြုံးက အီလေအား သနားသလို ပုံသဏ္ဍာန်ဆောင်…၏။

"ဒီလိုဆိုတော့ အားကိုးလောက်တဲ့ သတင်းပေးတစ်ယောက်လို့ …ခေါ်နိုင်ဖို့ အကြောင်းမရှိဘူးပေါ့၊ ဘယ်လိုသဘောရသလဲ"

"လက်ရှိအတိုင်း ပြောရရင် ခေါ်နိုင်ဖို့ ရှိကောင်းမှ ရှိပါမယ်"

"ဒါနဲ့တောင်မှ သူပေးတဲ့သတင်းကို မမေးမမြန်းဘဲ လက်ခံတယ်…ပေါ့နော်"

ရှိလာ၏ လေသံက အေးအေးကလေးနှင့် အီလေကို ဆွလိုက်သည်။ …လေမှာ ရှိလာ၏ ထောင်ချောက်ထဲသို့ သတိမထားမိဘဲ ရောက်သွားရ…၏။

သူ၏အဖြေမှာ ခပ်ဆတ်ဆတ် ဖြစ်လာလေပြီ။

"ဒီလို မဟုတ်ပါဘူးခင်ဗျာ၊ ရတဲ့သတင်းအားလုံးကို စစ်ဆေးကြည့်…ာ ရဲရဲ့ဝတ္တရား ဖြစ်ပါတယ်၊ သူပေးတဲ့သတင်းကို စစ်ဆေးကြည့်တဲ့…ခါမှာ မှန်ကန်ကြောင်းတွေ့ရလို့ ကျွန်တော်တို့က ရှေ့ဆက်ပြီး…ဆောင်ရွက်ရတာပါ"

"မှန်တယ်ဆိုတာကို ဘယ်လိုသိသလဲ"

"ကျွန်တော်ကိုယ်တိုင် စစ်ဆေးကြည့်လို့ ဖြစ်ပါတယ်"

"ဒါပေမယ့် ဒီသတင်းဟာ အတိအကျတော့ မမှန်ဘူး မဟုတ်လား၊ မှန်လို့လား"

"ရှေ့နေကြီး ဘာကိုရည်ညွှန်းပြီး ပြောနေတယ်ဆိုတာကို ကျွန်တော် သဘောမပေါက်ပါဘူးခင်ဗျာ"

"သဘောမပေါက်ဘူးလား"

အီလေမှာ ရှီလာ ထင်ထားသည်ထက်ပင် အချိန်စောၡ ဒေါပွနေလေပြီ။ ဒါကိုတွေ့ရသည့် ရှီလာက ပေါ်လာသည့် အခွင့်အရေးကို လက်လွှတ်မပေးဘဲ တိုက်စစ်ဆင်ရာ အီလေမှာ ခံစစ်ဘက်သို့ လုံးဝရောက်သွား၏။

"ကဲ... ဒါဖြင့် ကျွန်မ နမူနာတစ်ခု တင်ပြမယ်၊ နားထောင်နော်၊ ဘီ(လ်)ဆိုတဲ့လူက ဂိုင်း(လ်)ဆိုတဲ့လူကို မုန်းနေတယ် ဆိုပါတော့၊ ဒါကြောင့် ဘီ(လ်)က ဂိုင်း(လ်)ရဲ့ စပါးကျီကို မီးရှို့လိုက်တယ်၊ အဲသလို ရှို့တဲ့အခါမှာ ဂိုင်း(လ်)က သူ့စပါးကျီကို သူ့ဘာသာရှို့တယ်လို့ ထင်ရအောင် ဘီ(လ်)က အကွက်ဆင်ထားတယ်၊ ကောင်းပြီ၊ ဘီ(လ်)က ရဲကို ဂိုင်း(လ်)ဟာ သူ့စပါးကျီကို သူပြန်ပြီး မီးနဲ့ရှို့ပါတယ်လို့ ဖုန်းဆက်ပြီး အကြောင်းကြားရင် ရဲက ဘာဆက်လုပ်မလဲ"

"စုံစမ်းပါမယ်"

"ဘီ(လ်)က အဲဒီလို တိုင်တဲ့အတွက် ကံဆိုးတဲ့ ဂိုင်း(လ်)ကို ရဲကဖမ်းပြီး မီးရှို့မှုနဲ့ စွဲချက်တင်ရောလား"

ရှီလာ တမင်တကာ သရော်တော်တော် ပြောသည်မှာ အီလေအဖို့ ဝက်မင်ဘီးနဲ့ ပွတ်ဆွဲသလို အနေရခက်သွားသည်။

"မထင်ပါဘူးခင်ဗျာ"

"ဘာဖြစ်လို့ မထင်သလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ရဲက စုံစမ်းတဲ့အခါမှာ ဘီ(လ်)ဟာ လည်ဆယ်ပြီး တိုင်ခဲ့တယ်ဆိုတာ ပေါ်လာမို့ပါ"





"ဒါပေမယ့် ဘီ(လ်)ကို ထပ်ပြီးတော့ မစစ်ဆေးဘဲနဲ့ ဘယ်လို ပ်ပြီး ပေါ်လာနိုင်မလဲ"

"ဟုတ်ပါတယ်၊ သူ့ကို တစ်ခါထပ်ပြီး စစ်ရပါမယ်"

"ဒီအတိုင်းပါပဲ၊ ဒါပေမယ့် အခုကိစ္စမှာတော့ ရဲမှူးကြီးတို့က အာမီတာ(ဂ်)ကို တစ်ခါထပ်ပြီး မစစ်ဘူးမဟုတ်လား၊ စစ်ခဲ့ပါသလား"

ရှီလာ၏ မေးခွန်းမှာ အီလေအဖို့ အရှိက်ကို ပိတ်ထိုးလိုက်သကဲ့သို့ ားလိုက်ရသည်။ အဖြေကို ရုတ်တရက် ရှာမတွေ့နိုင်သေး။

"ကျွန်... ကျွန်တော် ထပ်စစ်ဖို့ အခွင့်အရေး မရလိုက်ပါဘူး"

မိပြီ။ အီလေကိုတော့ ရှီလာက လှုပ်လို့မရအောင် မိသွားလေပြီ။ လေအနေဖြင့် သိတာ နောက်ကျသွားပြီမို့ ဘာမှ မတတ်နိုင်၊ ကိုယ့် ယ်ကို အပြစ်တင်ဖို့သာ ရှိတော့သည်။ အခုနေမှာတော့ရှီလာက ုလိုချင်တာကို ဆက်မေးသည့်အခါမှာ ဖြေလိုက်ဖို့ပဲ ရှိတော့သည်။

"ဒီလိုဆိုရင် သူက လည်ဆယ်ပြီး တိုင်တယ်မတိုင်ဘူး ရဲမှူးကြီးတို့ ဘယ့်နှယ်လုပ်ပြီး သိနိုင်မလဲ၊ ခုနက ကျွန်မ တင်ပြခဲ့တဲ့ နမူနာ က ဂိုင်း(လ်)လိုပဲပေါ့၊ မစ္စတာကရောဖို့ကို အပြစ်ပုံကျအောင်လုပ်ပြီး ရားခံအစစ်က အာမီတာ (ဂ်)ဖြစ်ဖြစ်၊ သူနဲ့ပတ်သက်တဲ့ လူတစ်ယောက် ခံဖြစ် ဖြစ်နိုင်တာပေါ့"

အီလေက ဘာမှမဖြေတော့၊ နေလာက ထရတော့သည်။ အခြေ နေကတော့ မှိုင်းတိုက်ရမည့် အခြေအနေ ဖြစ်လာလေပြီ။ အကောင်းဆုံး ည်းကတော့ တစ်ဖက်ရှေ့နေကို သိက္ခာချဖို့ ဖြစ်နေသည်။ ထို့ကြောင့် ဘရားလုပ်ခံရ၍ မခံမရပ် ဖြစ်နေဟန်ဖြင့် ကန့်ကွက်သည်။

"တရားသူကြီးမင်းခင်ဗျာ၊ တစ်ဖက်က ရှေ့နေကြီးအနေနဲ့ အကြံပြု ဘယ်ဆိုရင် သူ့ဘာသာ ပြုနိုင်ပါတယ်၊ အခုလို မသက်ဆိုင်တဲ့ ခွန်းတွေကို ကျွန်တော်ရဲ့ သက်သေကို မေးနေဖို့ အကြောင်းမရှိပါဘူး၊ အီလေက ဒီလိုမသက်ဆိုင်တဲ့ မေးခွန်းတွေဖြေဖို့ရာ တာဝန်မရှိပါဘူး"

ရှီလာ၏ တုံ့ပြန်မှုမှာလည်း သိမ်မွေ့သည်။

"တရားသူကြီးမင်းရှင့်၊ တစ်ဖက်က ရှေ့နေကြီးကို အကဲပြုပါရစေ၊ အာမိတာ(ဂျ်)ကို ခေါ်ပေးမယ်ဆိုရင် သူ့ကိုပဲ ပြန်လှန်မေးခွန်းမေးပါ့မယ်၊ အဲဒီမေးခွန်းတွေကို ရဲမှူးကြီးကို မေးဖို့ လိုတော့မယ် မဟုတ်ပါဘူး"

နေလာမှာ ယမ်းပုံမီးကျ ဖြစ်သွားသည်။

"ကျွန်တော် ကန့်ကွက်ပါတယ် တရားသူကြီးမင်းခင်ဗျာ၊ တရားသူကြီးမင်း သိတဲ့အတိုင်း..."

"မစ္စရှီလာ အမှုအကြောင်းကို ဆက်ပြောပါ"

တရားသူကြီးက ဖြတ်၍ပြောလိုက်သည်။ သူ၏အသံက ကတ္တီပါသားလို ညက်ညောသော်လည်း မျက်လုံးအကြည့်ကတော့ ကျောက်သားလို မာကျောကျောနိုင်လှ၏။

နေလာကလည်း လူပါးမို့ တရားသူကြီး၏ အကြည့်ကို သဘောပေါက်သဖြင့် ဆက်မပြောတော့၊ ဒါပေမယ့် အီလေကိုတော့ သတိပေးတဲ့ အနေနဲ့ လှမ်း၍ကြည့်လိုက်သည်။

ရှီလာက ကျေနပ်သဘောကျစွာ ဆက်ပြောသည်။ သူ ထင်ထားတာ ထက်တောင် ဟန်ကျနေ၏။

"ရဲမှူးကြီးရှင့်၊ လူကြီးမင်းရဲ့ ရှေ့မှာရှိတဲ့ သွေးတွေ၊ ဆံပင်တွေကပ်နေတဲ့ ထင်းတုံးခံတဲ့ သံဘောင်ကြီးကို ကျေးဇူးပြုပြီး ကြည့်စေလိုပါတယ်"

"ဟုတ်ကဲ့"

"အဲဒါကို နှစ်ပိုင်းဖြုတ်လို့ ရတယ်မဟုတ်ဘူးလား၊ တစ်ပိုင်းနဲ့ တစ်ပိုင်း ဝက်အူရစ်ဖော်ပြီး ဆက်ထားတယ်"

"ဟုတ်ပါတယ်"

"ဒီလိုဆိုရင် ကျေးဇူးပြုပြီး ဖြုတ်လိုက်ပါ"

အီလေက ရှီလာ ခိုင်းတဲ့အတိုင်း ဖြုတ်နေရင်း အခြေအနေကို ပြန်လည်အဖတ်ဆယ်ဖို့ နည်းလမ်းကို စဉ်းစားကြည့်နေသည်။ ဒါပေမယ့် ရှီလာက သူ့ကို စဉ်းစားချိန်မပေး။

"ကဲ... သွေးနဲ့ ဆံပင်တွေကပ်နေတဲ့ အပိုင်းကို ယူလိုက်ပါရှင်"





အီလေက သံဘောင်ကို နှစ်ပိုင်းခွဲထုတ်လိုက်ရာ သွေးနှင့်ဆံပင်တွေ ကပ်နေသော အပိုင်းမှာ ကိုးလက်မခန့်ရှည်သော သံတုတ်တစ်ခုအသွင် ပေါ်လာသည်။ ထိုအပိုင်း၏ အပေါ်ဘက်တွင် ကြေးဘုတစ်ခုရှိပြီး အဖျားတစ်ဖက်၌ အရစ်များ ဖော်ထားသည်။

ရှီလာက ဆက်ပြောသည်။

"ဒီလိုဆိုတော့ လွယ်လွယ်ကူကူ လက်ထဲကိုင်သွားနိုင်တဲ့ လက်နက်တစ်ခု ဖြစ်မလာပေဘူးလားရှင်"

"ဟုတ်ပါတယ်"

အီလေ၏ ဝန်ခံချက်မှာ ရိုးရိုးနှင့် ဘွင်းဘွင်းဖြစ်သည်။ ဒီတစ်ခါမှာတော့ အငိုက်အမိမခံတော့။

"ကျေးဇူးတင်ပါတယ်"

ရှီလာက သူ့ကို ပြုံး၍ကြည့်သည်။ သူကတော့ ရှီလာကို စိတ်မချ၊ သူ့ကို ဘာတွေဆက်မေးဦးမလဲလို့ ထိတ်နေသည်။ ထိတ်နေသည့် အတိုင်း ရှီလာက မေးပြန်ချေပြီ။

"ရဲမှူးကြီးရှင့်၊ ရဲအရာရှိ တစ်ဦးအဖြစ် နှစ်ပေါင်းများစွာ ရရှိလာခဲ့တဲ့ အတွေ့အကြုံကို အခြေခံပြီး အခု ကျွန်မ တင်ပြမယ့်အချက်ဟာ 'ဖြစ်နိုင်သလား' ဆိုတာကို အဖြေပေးစေလိုပါတယ်၊ ဒီအချက်ကို အခုချိန်မှာတော့ 'ဖြစ်နိုင်သလား' အဆင့်မှာပဲ ထားဦးမယ်၊ လိုတဲ့အချက်ကတော့ ဒီလိုပါ အကယ်၍ တစ်စုံတစ်ယောက်က မစ္စတာကရောဖို့ အိမ်အပြန်ကို မှောင်ရိပ်ထဲကစောင့်ပြီး အိမ်ရှေ့တံခါးမကြီးကို သော့ဖွင့်နေတုန်း နောက်ကနေ ရိုက်လိုက်မယ်ဆိုရင် ဖြစ်နိုင်ပါသလား"

"ဟုတ်ကဲ့ ဖြစ်နိုင်ပါတယ်ခင်ဗျာ"

"ကောင်းပြီ၊ အဲဒီရိုက်လိုက်တဲ့လူက ရိုက်ပြီးတဲ့နောက် မစ္စတာကရောဖို့ကို မသွားပြီး မစ္စတာဂရယ်ဂေါ်ရီ လဲကျသေဆုံးနေတဲ့ အိမ်ဝမှာ သွားမယ်ဆိုရင်ကော၊ ဒါမှမဟုတ်ရင် မစ္စတာဂရယ်ဂေါ်ရီရဲ့ အိမ်ထဲက အပ်တဲ့ပစ္စည်းတွေကို ထုတ်ယူလာပြီး ဥပမာ သတ်တဲ့ နေရာမှာ

သုံးတဲ့ခွားကို ကရောဖို့ရဲ့ လက်ဝါးနဲ့ ဖိကပ်ပြီးတော့ ကရောဖို့ရဲ့ လက်ရာထင်အောင် နှိပ်မယ်၊ အဲဒီလိုပဲ ဗာဗိန်းဒူဗေလိုင်း အရက်ချိုထည့်ထားတဲ့ ပိုင်ကလပ်မှာလဲ ကရောဖို့ရဲ့ လက်ရာထင်အောင် နှိပ်မယ်ဆိုရင်ကော ဖြစ်နိုင်ပါသလား"

အီလေက ရှီလာ ဘယ်ကိုဦးတည်ပြီး မေးနေသည်ကို သဘောပေါက်သဖြင့် အနည်းငယ်တော့ ရှောင်သေးသည်။

"ဟုတ်ကဲ့ ဖြစ်နိုင်တယ်လို့တော့ ဆိုရပါမယ်၊ ဒါပေမယ့်..."

"ခဏကလေး သည်းခံလိုက်ပါဦးနော် ရဲမှူးကြီး"

သူမက အီလေ ရှောင်မပြေးနိုင်ခင် ဖမ်းပိတ်ထားလိုက်သည်။

"အဲဒီလူကလဲ အဲဒီညက မစ္စတာကရောဖို့ ဝတ်သွားတဲ့ အိုဗာကုတ်အင်္ကျီကို အိမ်ထဲယူသွားပြီး သေသူရဲ့ လက်သည်းတွေနဲ့ ခြစ်မိအောင် ပွတ်ပေးမယ်ဆိုရင် သိုးမွေးစတွေ ချည်စတွေဟာ လက်သည်းခွံတွေအောက်မှာ ဝင်နေနိုင်တာပေါ့နော်၊ အဲဒီနည်းအတိုင်းပဲ သေသူရဲ့ သွေးတွေဟာ အိုဗာကုတ်အင်္ကျီမှာ စွန်းသွားနိုင်တာပဲ၊ အခုပြောခဲ့တဲ့ အခြေအနေမျိုးမှာ သိပ္ပံနည်းနဲ့ စစ်ဆေးရင် ရရှိမယ့်အချက်နဲ့ ကရောဖို့က ဂရယ်ဂေါရီကို သတ်ကြောင်း အစိုးရဘက်က သက်သေတင်ပြတဲ့ သိပ္ပံနည်းစစ်ဆေး ရရှိချက်တို့ဟာ အတူတူပဲနေမလား"

အီလေက ခဏတော့ ဘာမှမပြောသေး၊ ဒါပေမယ့် ဘယ်လိုမှ မရှောင်နိုင်တော့သည်ဖြစ်၍ ခေါင်းညိတ်ရတော့သည်။

"ဟုတ်ပါတယ်၊ အတူတူပဲ နေပါလိမ့်မယ်"

"ကျေးဇူးပါပဲရှင်"

"ကဲ... ကျွန်မတို့ ယူဆချက်ကို ရှေ့တစ်ဆင့်တက်ပြီး စဉ်းစားကြည့်ကြရအောင်၊ မစ္စတာကရောဖို့ဟာ အဲဒီညက သူ့သော့တွဲ အခိုးခံလိုက်ရတာမို့ ဗိုလ်မှူးမေ့(တ်)လင်းရဲ့အိမ်မှာ အိပ်ခဲ့ရတဲ့အကြောင်းကိုကော သိပါသလား"

"သိပါတယ်၊ ဗိုလ်မှူးမေ့(တ်)လင်းက အဲဒီသဘောအတိုင်း ထွက်ဆိုခဲ့ပါတယ်။





"အဲ့ဒီညက သော့တွဲခိုးသွားတဲ့သူကို တားဆီး..."

"တကယ် အခိုးခံရရင်ပေါ့ခင်ဗျာ"

ရှီလာက အီလေ ဝင်ပြီးနှောက်လိုက်သည်ကို ကျင်လည်စွာ ရှောင်လိုက်သည်။

"ကျွန်မ ရဲမှူးကြီးကို ခုနက တင်ပြခဲ့တဲ့အတိုင်းပါပဲ၊ ယူဆချက်ကို တင်ပြနေတာပါ၊ အခု ဆက်ပြောပါ့မယ်၊ 'အကယ်၍ အဲဒီညက သော့တွဲ အခိုးခံရတယ်ဆိုရင် ကရောဖို့ မေ့လဲနေတုန်း သော့တွဲခိုးတဲ့သူက အဲဒီသော့နဲ့ အိမ်ထဲကိုဝင်မယ်၊ ဝင်ပြီးတော့ အာမီတာ(ဂျ်)လို့ လက်မှတ်ထိုးထားတဲ့စာကို စားပွဲအံဆွဲထဲမှာ ထည့်ထားမယ်ဆိုရင် မဖြစ်နိုင်ဘူးလား"

အီလေ၏ အဖြေမှာ ခပ်လေးလေး ထွက်လာသည်။ မဖြေချင်လို့တော့မရ။

"ဟုတ်ကဲ့... ဖြစ်နိုင်ပါတယ်"

"ကဲ ဒါဖြင့် ဆက်ပြီး ရုံးတော်ကို တင်ပြဖို့ကတော့ မစ္စတာဂရယ်ဂေါရီကို မစ္စတာကရောဖို့က သတ်ပါတယ်ဆိုတဲ့ ယူဆချက်အတွက် အထောက်အထားအဖြစ် အစိုးရဘက်က တင်ပြတဲ့ သက်သေထွက်ချက်တွေဟာ မစ္စတာ ဂရယ်ဂေါရီ သေဆုံးရခြင်းမှာ မစ္စတာကရောဖို့က သတ်လို့မဟုတ်ဘဲ သူသတ်သယောင်ယောင်ထင်အောင် တစ်စုံတစ်ဦးက ဖန်တီးပြီး အဲသလို ဖန်တီးတဲ့သူကပဲ သတ်လိုက်လို့ သေဆုံးရတာဖြစ်ကြောင်း အတွက်လဲ အထောက်အထားအဖြစ် ပြနိုင်နေပါတယ်"

သို့သော် အီလေက ဟာကွက်တစ်ခုကို တွေ့သည်နှင့် ဖမ်း၍ထောက်လိုက်သည်။

"ရှေ့နေကြီးခင်ဗျား၊ မစ္စတာကရောဖို့နဲ့ စာရေးကြီးရဲ့ ထွက်ချက်ကို သတိမထားမိဘူးနဲ့ တူပါတယ်၊ စားပွဲထဲမှာ တွေ့တဲ့စာဟာ ကရောဖို့ရဲ့ ဇနီးဘာကို အချင်းဖြစ်ပွားတဲ့ နေ့မတိုင်မီ နှစ်ရက်ကတည်းက ရောက်နေတဲ့အကြောင်း၊ အာမီတာ(ဂျ်)ကိုယ်တိုင်လဲ ကရောဖို့နဲ့ ချိန်းထားလို့

အဲဒီနေ့ မတိုင်မီ ရက်ပိုင်းလောက်က ချိန်ဘာကို ရောက်လာတဲ့အကြောင်း ထွက်ဆိုထားပါတယ်"

"ဒါတွေအားလုံး ကျွန်မ သိပြီးသားဖြစ်ပါတယ်"

ရှီလာ၏အသံမှာ မာမာ ထွက်လာသည်။

"ကျေးဇူးပြုပြီး အခု ကျွန်မ မေးတာကို ဖြေပါ၊ ကျွန်မ ခုနက ရဲမှူးကြီးကို တင်ပြခဲ့တဲ့ အချက်တွေထဲမှာ မစ္စတာကရောဖို့ကို တစ်စုံတစ်ယောက်က မတရားလုပ်ကြံနေတယ်ဆိုတာ မဟုတ်ပါဘူးလို့ ပြောနိုင်လောက်အောင် အချက်တစ်ခုခုများ ပါပါသလား"

အီလေက အသက်ကို ပြင်းစွာရှူလိုက်သည်။ တခြားလည်း ဘာမှမလုပ်နိုင်။

"မပါပါဘူးခင်ဗျာ"

"ကျေးဇူးတင်ပါတယ်"

ရှီလာက ထိုင်လိုက်သည်။ ရှီလာ ထိုင်သည်နှင့် နေလာက ပြန်ရှင်းမေးရန် ချက်ချင်းထလိုက်သည်။

"ကဲ ခုနက တစ်ဖက်ကရှေ့နေကြီး တင်ပြခဲ့တဲ့ အချက်တွေနဲ့ ပြောင်းပြန်စဉ်းစားကြည့်ကြရအောင်၊ ရဲမှူးအီလေ၊ သက်သေထွက်ချက်တွေထဲက ဘယ်အချက်မှာပဲဖြစ်ဖြစ် ကရောဖို့ဟာဖြင့် မတရားလုပ်ကြံခံရတာပါလို့ ဆိုနိုင်တဲ့အချက်တစ်ခုခုကိုများ တွေ့မိသလား"

"မတွေ့မိပါဘူးခင်ဗျာ"

နေလာ၏ ပြန်ရှင်းမေးခွန်းမှာ ထိထိရောက်ရောက် ရှိလှသည်။

ဒါကို ကြွားဖို့ရန် ရှီလာဘက်သို့ လှည့်ကြည့်လိုက်ရာ ရှီလာက ဟာမစ်နှင့် ခေါင်းချင်းဆိုင်၍ တီးတိုးတိုင်ပင်နေသည်မို့ အချည်းနှီးဖြစ်သွားပါသည်။

*



# အခန်း(၉)

"ဒေါက်တာဝင်ဘုံး ကျေးဇူးပြု၍ ကြွပါခင်ဗျာ"

နေလာက သူ၏ နောက်သက်သေတစ်ဦးအားခေါ်ရင်း မှတ်စုစာရွက်များကိုမွှေနှောက်၍ သူကြည့်လိုသည်ကို ကမန်းကတန်း ကြည့်နေသည်။

နေလာသည် ကိုယ်တိုင်ဝင်၍ အမှုကိုစီမံခန့်ခွဲနေရသည်ကို သောက်ရှု၍ ရှီလာ၏ အောင်မြင်မှုကို ခန့်မှန်းနိုင်ပေသည်။ သာမန်အားဖြင့် အရေးကြီးသည့် အခန်းထဲသို့ မရောက်မချင်း လက်ထောက်ရှေ့နေများဖြင့်သာ နေလာက လွှဲထားလေ့ရှိ၏။ ကရောဖို့၏ နည်းပရိယာယ်က ယခုအထိတော့ အောင်မြင်နေသေးသည်။ ဤအတိုင်း ထိန်းထားနိုင်ဖို့လိုသည်။ နေလာ အရင်က ရင်မဆိုင်ခဲ့ဖူးသည့် ရှီလာကို အလားအလာကောင်းရှိသော လက်ထောက်တစ်ယောက်နှင့် လွှတ်ပေးထားခြင်းဖြင့် နေလာ၏ အနေအထားကို အတော်အတန် ပျက်အောင်လုပ်ထားနိုင်ခဲ့သည်။

ဒေါက်တာဝင်ဘုံး ဝင်လာပြီး ကျမ်းကျိန်သည်။

နေလာက ဒေါက်တာ ဝင်ဘုံးအား မေးရိုး မေးစဉ် မေးခွန်းထုတ်သည်။

"ဒေါက်တာ၊ ဒေါက်တာဟာ စိန်ပေါလ်ဆေးရုံမှာ ရာဇဝတ်မှုခင်းဆိုင်ရာ ဆေးပညာဘာသာရပ် ကထိကအဖြစ် အမှုထမ်းနေပါသလား"

"ဟုတ်ပါတယ်"

"ပြီးခဲ့တဲ့ ဧပြီလ (၁၉) ရက်နေ့မှာ မစ္စတာ ဂရယ်ဂေါ်ရီရဲ့ အလောင်းကို ရင်ခွဲစစ်ဆေးကြည့်ပါသလား"

"ဟုတ်ကဲ့ ကြည့်ပါတယ်"

"ဘာတွေ့ပါသလဲ"

ဒေါက်တာ ဝင်ဘုံးက လက်ဆွဲအိတ်ထဲမှ ဖိုင်ကိုထုတ်ယူပြီး ငုံ့၍ ကြည့်သည်။

"ဂရယ်ဂေါ်ရီဟာ ကျန်းမာရေး ကောင်းမွန်ခဲ့တဲ့ အသက် ၇၅–၈၀ လောက် ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့တယ်၊ ကြီးကြီးကျယ်ကျယ် ရောဂါဖြစ်နေကြောင်း မတွေ့ရပါဘူး၊ ဓားဒဏ်ရာဟာ တစ်ချက်တည်းရှိပြီး လက်ဝဲဘက် နို့သီးခေါင်းအပေါ်က တစ်လက်မလောက်ကနေပြီး အောက်ဘက်ကို ထောင့်တန်းဖြတ်သွားပါတယ်၊ ဒဏ်ရာကို ရှာဖွေတဲ့အခါမှာ ဓားဟာ နှလုံးကို နေရာနှစ်နေရာမှာ ဖောက်ဝင်သွားတာ တွေ့ရပါတယ်"

"နှစ်နေရာမှာလား"

နေလာက အံ့သြစွာ မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ဒဏ်ရာဟာ နံရိုးတွေရဲ့ အောက်ဘက်မှာ နှစ်နေရာ ခွဲသွားပါတယ်"

"သေဆုံးသူဟာ ဓားနဲ့ နှစ်ကြိမ်အထိုးခံရတယ်ဆိုတာကို ညွှန်ပြနေတာပေါ့"

နေလာက ဒေါက်တာအား ဒဏ်ရာအကြောင်း ရှေ့သို့ဆက်ပြောရန် လမ်းကြောင်း၍ပေးသည်။

"ဖြစ်နိုင်ပါတယ်"

သို့သော် ဒေါက်တာက ဆက်၍စကားမရှည်ပေ၊ တုံးတိပင်ဖြတ်ထားသည်။ ဒါကြောင့် နေလာကလည်း တခြားအကြောင်းကို ပြောင်း၍ မေးရသည်။

"သေတဲ့အချိန်ကို မှန်းလို့ရပါသလား"





"ကျွန်တော် အလောင်းကို ပထမစပြီး စစ်တဲ့အချိန်ဟာ နံနက် ...နာရီခွဲ ဖြစ်ပါတယ်၊ အဲဒီအချိန်ကဆိုရင် သေတာ ၆ နာရီလောက် ...ပြီလို့ ခန့်မှန်းရပါတယ်၊ ဒီလိုဆိုတော့ သေတဲ့အချိန်ဟာ နံနက် (၁) ...ရီခွဲလို့ ဆိုရမှာပေါ့၊ ခန္ဓာကိုယ်ရဲ့ အပူရှိန် အတက်အကျကို ဟိုဘက် ...ဘက် နာရီဝက်စီထားပြီး ပြောရရင် သေတဲ့အချိန်ဟာ တစ်နာရီနဲ့ ...နာရီအကြားလို့ ဆိုရပါလိမ့်မယ်"

"ကျေးဇူးပြုပြီး ဒီဓားကိုကြည့်ပါ၊ ဒေါက်တာပြောခဲ့တဲ့ ဒဏ်ရာမျိုး ... ဒီဓားမျိုးနဲ့ ထိုးလို့ရစေနိုင်ပါသလား"

"ဒါဟာ ဖြစ်ပွားတုန်းက အသုံးပြုခဲ့တဲ့ဓားပဲ၊ ကျွန်တော် ကိုယ်တိုင်ပဲ အလောင်းက နှုတ်ယူခဲ့တာပဲ"

"ကျေးဇူးပါပဲ"

"ဒေါက်တာ... တရားခံရဲ့ခေါင်းက ဒဏ်ရာကိုကော သူ့ဆန္ဒ ...ရ စစ်ဆေးကြည့်ရှုပါသလား"

"ဟုတ်ကဲ့၊ ကျွန်တော် စစ်ဆေးကြည့်ခဲ့ပါတယ်"

"ဒီလိုဒဏ်ရာမျိုးရအောင် ခွန်အား ဘယ်လောက်သုံးဖို့ လိုပါ ...သလဲ"

"တော်တော်ကလေး လိုပါလိမ့်မယ်"

"ကျေးဇူးပြုပြီး ထင်းတုံးခံတဲ့ သံဘောင်ကို ကြည့်ပါခင်ဗျာ"

ရုံးပျာတာက သံဘောင်ကို ယူမည်အလုပ်၊ နေလာက တားလိုက်ပြီး ... အလိုရှိသလို ပုံစံမျိုးဖြစ်အောင် နေရာချစေသည်။

"ယူပြဖို့ မလိုပါဘူး၊ စားပွဲပေါ်မှာသာ မီးလင်းဖိုထဲမှာထားတဲ့ ...ပံမျိုးဖြစ်အောင် ချထားပါ၊ တော်ပါပြီ"

"ဒေါက်တာ၊ သံဘောင်ကို ကောင်းကောင်းမြင်ရပါရဲ့လား"

"မြင်ရပါတယ်"

"ဒေါက်တာရဲ့ ဆေးဘက်ဆိုင်ရာ အမြင်အရ တရားခံရဲ့ခေါင်းက ...ဏ်ရာဟာ သံဘောင်ပေါ်က ဘုကြီးပေါ် လဲကျပြီး ရိုက်မိလို့ဖြစ်တဲ့

ဒဏ်ရာမျိုးလို့ ဆိုနိုင်ပါသလား"

"ဆိုနိုင်ပါတယ်"

"အဲသလို ရိုက်မိလို့ရှိရင် အချိန်အတော်ကြာကြာ သတိမေ့နိုင်ပါသလား"

"ဒါတော့ ပြောရတာခက်တယ်၊ ခေါင်းမှာ ဒဏ်ရာရတဲ့အခါမှာ လူတစ်ယောက်နဲ့တစ်ယောက် မတူဘူး၊ တချို့က ချက်ချင်းသတိမေ့သွားတတ်တယ်၊ တချို့ကတော့လဲ မမေ့ဘူး၊ ဒါကြောင့် ခေါင်းမှာထိတဲ့ ဒဏ်ရာနဲ့ပတ်သက်ပြီး ယေဘုယျသဘော ပြောလို့မဖြစ်ဘူး"

ဒေါက်တာ၏ အဖြေက နေလာ လိုချင်သလို မဖြစ်လာ၊ ဒါကြောင့် နေလာက သူ လိုချင်တာရအောင် လှည့်ပတ်၍မေးပြန်သည်။

"ဒါပေမယ့်လို့ အခု ကျွန်တော် မေးမှာကို ကြိုးစားကြီး ဖြေကြည့်စမ်းပါဦး၊ ဒေါက်တာ ဒီလိုပါ၊ ခေါင်းမှာ အခုလို ဒဏ်ရာမျိုးရနေသူတစ်ဦးဟာ သတိမေ့မသွားခင် ကိုယ့်ကိုယ်ကို အားတင်းပြီး ကိုက်လေးငါးဆယ်လောက် လမ်းလျှောက်သွားနိုင်ပါ့မလား"

"ပုံသေကားကျတော့ မရှိဘူး၊ ဘာမဆို ဖြစ်နိုင်တယ်လို့ ပြောရမှာလဲ"

"ကျေးဇူးပဲ ဒေါက်တာ"

နေလာအဖို့ ဒေါက်တာဝင်ဘုံးအား မေးရသည်မှာ လိုချင်သည့် အဖြေ မရ။ ထို့ကြောင့် စိတ်ပျက်စွာ ထိုင်လိုက်သည်။

ရှီလာက မတ်တတ်ထ၍ လေအေးဖြင့်မေးသည်။

"ဘာမဆို ဖြစ်နိုင်တယ်လို့ဆိုတော့ ဒီလိုဒဏ်ရာကြီးမျိုးရတဲ့ လူတစ်ယောက်ဟာ တစ်ချက်တည်းနဲ့ သတိမေ့သွားပြီး တစ်နာရီနီးနီးလောက် သတိမရဘဲကော ဖြစ်နိုင်တဲ့အခြေအနေ မရှိဘူးလား"

"ဖြစ်နိုင်ပါတယ်"

"ကျေးဇူးပါပဲ၊ ဒီအကြောင်းနဲ့ပတ်သက်လို့တော့ ဆက်ပြီး အချိန်ဖြုန်းဖို့ မလိုတော့ပါဘူး"





ရှီလာက နေလာဘက်သို့လှည့်ပြီး ခပ်ပြုံးပြုံး ကြည့်လိုက်သည်။ တစ်ဖန် ဒေါက်တာကို ဆက်မေးသည်။

"ဒေါက်တာ၊ ကျွန်မ ရဲ့မှူးအီလေကို ထင်းတုံးခံတဲ့ သံဘောင်ကို ဖြတ်ခိုင်းတုန်းက ရုံးခန်းထဲမှာ ရှိပါသလား၊ ရှိတယ်ဆိုရင် ကျွန်မ ဘင်ပြခဲ့တာကိုလဲ ကြားမယ်လို့ ယူဆပါတယ်၊ ကြားလိုက်ပါရဲ့လားရှင်"

"ဟုတ်ကဲ့ ကြားလိုက်ပါတယ်"

"ကြားတယ်ဆိုရင် ကျွန်မ ဆက်မေးပါရစေ၊ ကရောဖို့ရဲ့ ခေါင်းက ဒဏ်ရာရဲ့ သဘာဝကို ကြည့်ခြင်းဖြင့် ကျွန်မ စောစောက ဘင်ပြခဲ့သလို သံဘောင်ရဲ့ အပိုင်းတစ်ပိုင်းကိုချွတ်ပြီး ခေါင်းကို ရိုက်လိုက်လို့ ရတာမဟုတ်ဘဲနဲ့ သံဘောင်ပေါ်ကို လဲကျလို့ ရတာသာဖြစ်ရမယ်လို့ ဆိုနိုင်လောက်တဲ့ အထောက်အထား တစ်စုံတစ်ရာရှိတယ်လို့ ဆိုနိုင်မလား"

"မဆိုနိုင်ပါဘူး"

"ကျေးဇူးတင်ပါတယ်၊ ဒါထက် ဒေါက်တာမှာ ပေတံတစ်ချောင်း များ ပါသလားမသိဘူး"

"မပါဘူးခင်ဗျ"

"မစ္စတာ ဟာမစ်မှာကော ပါသလား"

"ရှာလိုက်ဦးမယ်လေ"

ဟာမစ်က ဟိုရှာ ဒီရှာလုပ်နေတုန်း စာရေးကြီးက ရှီလာကို ငဲ့မင်ရင်းစွဲရှိနေသည်ကြောင့် ပေတံကို ဒေါက်တာဝင်ဘုံးသို့ လှမ်းပေးသည်။

"ဒီမှာ ရှိပါတယ် မစ္စရှီလာ"

"အို... ကျေးဇူးတင်လိုက်ရှင်"

ရှီလာကလည်း ပျာပျာသလဲ ကျေးဇူးတင်စကား ပြောလိုက်သည်။ ပြီးတော့ မေးခွန်းကို ပြန်၍စပြန်သည်။

"ဒေါက်တာ အခု ဒေါက်တာရဲ့ရှေ့မှာရှိတဲ့ စားကို စားသွားရဲ့ အကျယ်ဆုံးနေရာမှာ တိုင်းကြည့်စမ်းပါ"

ဒေါက်တာ ဝင်ဘုံးက အေးအေးဆေးဆေးပင် ဓားကို ပေတံဖြင့် တိုင်းသည်။ ဓားသွားမှာ ကပ်နေသည့် သွေးခြောက်တွေကို လက်သဲဖြင့်ပစ် ခြစ်ချလိုက်သေးသည်။ ဂျူရီအဖွဲ့ထဲက မိန်းမကြီးတစ်ယောက်ကတော့ အသည်းတုန် အူတုန်ရှိ၍ မျက်စိမှိတ်ထားသည်။

"တစ်လက်မ အတိအကျ ရှိပါတယ်"

"ရင်ခွဲရုံမှာ အလောင်းကို စစ်ဆေးတုန်းက ဒဏ်ရာရဲ့ အပေါက်ကို တိုင်းကြည့်ပါသေးသလား"

"တိုင်းကြည့်ပါတယ်၊ တစ်လက်မရှိကြောင်း တွေ့ရပါတယ်"

"ဒီလိုဆိုရင် တစ်ဖက် ရှေ့နေကြီးက ဂရယ်ဂေါရီဟာ ဓားနဲ့နှစ်ကြိမ် အထိုးခံရပါတယ်လို့ ဆိုခဲ့တာဟာ အလကားစကားလို့ ပြောခဲ့ရမှာပေါ့ မဟုတ်ဘူးလား"

ဒေါက်တာ ဝင်ဘုန်း၏ မျက်နှာပေါ်တွင် အပြုံးရိပ်ကလေး သမ်းသွားသည်။ တယ်လည်တဲ့ ရှေ့နေမကလေးပေပဲ။

"တစ်နေရာတည်းကို နှစ်ကြိမ်ထိုးနိုင်ဖို့အတွက် လက်ဆမှန်ဖို့ အတော်လိုပါလိမ့်မယ်"

"မဖြစ်နိုင်ဘူးလို့ကော မပြောနိုင်ဘူးလား၊ ဓားက သိပ်ထက်တဲ့ဓား ဖြစ်တော့ကာ နဂိုဒဏ်ရာရဲ့ လမ်းကြောင်းကနေ နည်းနည်းကလေး တစ်လက်မရဲ့ ၁၆ ပုံ ၁ ပုံလောက်ပဲဆိုပါတော့၊ တိမ်းသွားရင်တောင်မှ အသားပေါ်မှာ ဒဏ်ရာအသစ်ကို တွေ့နိုင်မယ်လို့ထင်တယ်၊ တွေ့နိုင်ပါ့ မလား"

"တွေ့နိုင်ပါတယ်"

"အဲသလိုဆိုတော့ကော လက်တွေ့ကျကျ စဉ်းစားကြည့်ရင် ဒုတိယအကြိမ် ထပ်ထိုးတယ်လို့ ပြောနိုင်ပါ့မလား"

ရှီလာက ကိုင်ထားသော ခဲတံဖြင့် ထိုးဟန်လုပ်ပြသည်။

ဒေါက်တာ ဝင်ဘုံးက ခေါင်းခါပြသည်။

"မပြောနိုင်ပါဘူး"





"ဒီလိုဆိုရင် ဒဏ်ရာဟာ နံရိုးရဲ့အောက်မှာရော နှလုံးမှာပါ နှစ်နေရာ ဖြစ်နေတာကို ဒေါက်တာ့အနေနဲ့ ကျေးဇူးပြုပြီး ရှင်းပြပေးစေ ချင်ပါတယ်"

ဒေါက်တာက ခဏကြာအောင် စဉ်းစားနေရသေးသည်။ ပြီးမှ ခပ်ဖြည်းဖြည်းပြောသည်။

"ဓားနဲ့ထိုးပြီးမှ တစ်ဝက်လောက် ဆွဲနှုတ်ပြီး တစ်ခါပြန်ထိုး လိုက်ရင်တော့ အဲသလို ကိုယ်ထဲမှာ ဒဏ်ရာနှစ်ချက် ဖြစ်နေနိုင်ပါတယ်"

"ကျွန်မလဲ အဲသလို စဉ်းစားမိပါတယ်၊ ကဲ ရှေ့တစ်ဆင့်တက်ကြ ရအောင်၊ ပထမတစ်ချက် ထိုးကတည်းက သေနိုင်တာပေါ့နော်"

"ဟုတ်ပါတယ်"

"ဆိုပါစို့၊ ဓားနဲ့ တစ်ချက်ထိုးလိုက်တယ်။ ထိုးပြီးမှ အကြောင်းတစ် ခုခုကြောင့် ဓားကိုပြန်နုတ်တယ်၊ နုတ်ပြီးမှ နှုတ်ခဲ့တဲ့ ပုံသဏ္ဌာန်မပေါ်အောင် လဲ ပြန်ပြီးနေရာမလွှဲစေဘဲ မူလ ဒဏ်ရာနေရာမှာပဲ ပြန်ထိုးလိုက်တယ်၊ အဲဒီလိုလဲ ဖြစ်နိုင်တယ်ပေါ့နော်"

"ဖြစ်နိုင်ပါတယ်"

"ကောင်းပြီ၊ အဲသလို အခြေအနေမျိုးမှာ ဓားကိုနှုတ်တဲ့သူဟာ ဓားက သိပ်ထက်တဲ့အတွက် နောက်တစ်ကြိမ် ပြန်ပြီးထိုးတော့ နံရိုး အောက်ကို ရောက်သွားတဲ့အခါမှာ မူလဒဏ်ရာလမ်းကြောင်းကနေ ချော်သွားတယ်ဆိုတာ မသိနိုင်ဘူးပေါ့"

"ဖြစ်နိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ဒါပါပဲ"

ရှီလာက ထိုင်လိုက်ပြီး နေလာအား မသိမသာ ကြည့်နေသည်။ ခုံထဲကတော့ သူ ကြိုးစားပြီး ဖော်လာခဲ့တဲ့ပုံကို ဒီလူကြီးက ဘယ် လောက်ဖျက်ပစ်ဦးမလဲ စိုးရိမ်မိနေသည်။

ကြာကြာမစောင့်လိုက်ရ၊ နေလာ၏ ထိုးနှက်ချက်က မြန်သည်။ ချက်ချင်းရောက်သည်။ သူက ဒေါက်တာ ဝင်ဘုံးကို တိုတိုပဲမေးသည်။

"ဖြစ်ကော ဖြစ်ရဲ့လား"

"ဘာဖြစ်တာလဲ"

"လမ်းကြောင်းက ချော်သွားတာလေ"

"မပြောတတ်ဘူးဗျာ"

"ဒီအတိုင်းပါပဲ၊ ကျေးဇူးပါပဲ ဒေါက်တာ"

ဒေါက်တာက သူ့နေရာတွင် ပြန်၍ထိုင်နေပေပြီ။ ရှီလာက သက်ပြင်းတစ်ချက် ချလိုက်သည်။ နေလာက ဒေါက်တာကို ဝင်၍နောက်လိုက်သဖြင့် ရှီလာ ကြိုးစားပြီး မေးထားတာတွေ အတော်ပျက်သွားသည်။ တော်ပါသေးသည်၊ ရှီလာ မေးနေတုန်းက ဂျူရီတွေက ဂရုစိုက်ပြီး နားထောင်နေတာ တွေ့လိုက်ရသည်။ ထို့ကြောင့် ဂျူရီတွေရဲ့ ခေါင်းထဲကိုတော့ သူ့ရဲ့ အတွေးအခေါ်တချို့ ရောက်သွားပြီလို့ ထင်ရသည်။ သို့သော် ရှီလာက ကြာကြာစဉ်းစားနေချိန်မရ၊ နေလာက တရားသူကြီးကို ဘာပြောနေသလဲမသိ၊ နားထောင်ရဦးမည်။

"တရားသူကြီးမင်းခင်ဗျား၊ ကျွန်တော် ယခု ဗိုလ်မှူးမေ့(တ်)လင်းရဲ့ ထွက်ချက်ကို ရည်ညွှန်းပါရစေ၊ သက်သေထွက်ချက်ဖိုင်တွဲ စာမျက်နှာ ၂၁ မှာဖြစ်ပါတယ်"

မေ့(တ်)လင်းဆိုတဲ့အမည်ကို ကြားလိုက်ရသည်ဆိုရင်ပဲ ရှီလာမှာ လက်ဖျားတွေ အေးလာတော့သည်။ သူတို့ အင်မတန် ကြောက်နေခဲ့သော အချိန်တော့ ရောက်လာပြီမို့ အားတင်း၍သာ ရင်ဆိုင်ရပေတော့မည်။ မေ့(တ်)လင်းနှင့် ပတ်သက်ပြီး ရှီလာရယ်၊ ဟာမစ်ရယ်ကတစ်ဖက်၊ ကရောဖို့ကတစ်ဖက် ငြင်းခဲ့ကြရသည်။ သူတို့နှစ်ဦးက မေ့(တ်)လင်းကို သက်သေအဖြစ် မသုံးချင်ကြ၊ သူတို့အတွက် အဆိုးသာဖြစ်စေမည်ဟု မြင်သည်။

ကရောဖို့ကတော့ ဘာမြင်သည်မသိ၊ မေ့(တ်)လင်းကို သက်သေအဖြစ် အလိုရှိသည်။ ယခုတော့ ဘယ်လိုမှ မတတ်နိုင်ပြီ။ နေလာက၍ ပြောနေလေပြီ။





တရားသူကြီးကလည်း သူ့ဖိုင်တွဲတွင် စာမျက်နှာ ၂၁ ကို ...တွေ့ပြီမို့ နေလာသို့ လှမ်း၍ပြောလိုက်သည်။

"ကောင်းပါပြီ မစ္စတာနေလာ"

"တရားသူကြီးမင်းခင်ဗျား၊ ဗိုလ်မှူးမေ့(တ်)လင်းဟာ တရားခံနဲ့ ...င်မတန်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက် ဖြစ်တဲ့အတွက် သူ့ထံက ...က်သေထွက်ချက် ရနိုင်ဖို့အရေးမှာ အခက်အခဲ အသင့်အတင့်တော့ ...တွေ့လိမ့်မယ်လို့ တင်ကြိုတွက်ထားပါတယ်၊ ရုံးတော်သို့ လာတာဟာလဲ ...သူ့ရဲ့ ဝန်ခံချက်နဲ့ လာတာဖြစ်ပါတယ်၊ အခုတော့ အစိုးရသက်သေအဖြစ် ...က်သေခံရန် ငြင်းဆိုတယ်လို့ သိရပါတယ်"

ရှီလာက စိတ်အလွန်ပျက်သွားသည်။ အတော် အသုံးမကျတဲ့လူပဲ။ ...မင်းရှေ့ကိုတောင် မရောက်သေးဘူး။ ပြဿနာက စနေပါပကောလို့ ...ွားမိသည်။ ရှီလာရဲ့ မျက်နှာပေါ်တွင် စိုးရိမ်စိတ်က အထင်းသား ...ပါနေသည်။ ဒါကိုမြင်လိုက်တဲ့ နေလာက ပြုံးသည်။

နေလာက လေအေးအေးကလေးဖြင့် ဆက်ပြောသည်။

"တရားသူကြီးမင်းခင်ဗျား၊ သူ့ကို သက်သေအဖြစ်ခေါ်ဖို့ ကြံရွယ် ...ားတာမှန်ပေမယ့် သူ ထွက်ဆိုမယ့် ထွက်ချက်ဟာ အထောက်အကူ ...ဖြစ်စေရုံလောက်သာရှိပါမယ်၊ တခြားသက်သေတွေရဲ့ ထွက်ချက်တွေနဲ့ပဲ ...ပျက်ပုံ အလုံးစုံကို ငုံမိပြီးဖြစ်ပါတယ်၊ အဲ ရုံးတော်က တစ်စုံတစ်ရာ ...ဖို့ မရှိဘူးဆိုရင်ပေါ့ခင်ဗျာ၊ ဒါကြောင့် ဗိုလ်မှူးမေ့(တ်)လင်းကို ...က်သေအဖြစ် ခေါ်တော့မည်မဟုတ်ကြောင်း တင်ပြအဆိုပြုလိုပါတယ်"

နေလာ၏ အဆိုပြုချက်မှာ ရှီလာနှင့် ဟာမစ်တို့က လုံးဝမမျှော် ...သော တင်ပြချက်ဖြစ်သည်။ သူတို့အဖို့မှာတော့ မေ့(တ်)လင်းကို ...က်သေအဖြစ် မခေါ်တော့ဘူးဆိုရင် ကောင်းကောင်းကြီး အသက်ရှူ ...ှင်သွားပေပြီ။ ဆွေးနွေးနေဖို့ အချိန်မရှိ၊ ဆုံးဖြတ်ချက်တစ်ခုကိုတော့ ...မြန်ပေးရပေတော့မည်။ နေလာ၏ အဆိုပြုချက်ကို လက်ခံလား၊ ...ကန့်ကွက်မလား၊ ဒီနှစ်ခုကို ရွေးရတော့မည်။

တရားသူကြီးက ရှီလာသို့မေးသည်။

"မစ္စရှီလာ"

ဟာမစ်က သူ သဘောတူကြောင်း ခေါင်းညိတ်ပြသည်။ ရှီလာကလည်း သဘောတူသည်မို့ မတ်တတ်ရပ်လိုက်သည်။

"ကျွန်မ သဘောတူကြောင်း လေးစားစွာ တင်ပြပါတယ် တရားသူကြီးမင်းရှင့်"

"မတူဘူး"

ဒါက ကရောဖို့ ဝက်ခြံထဲကနေ ပြောလိုက်သည့်အသံဖြစ်သည်။ အခုတော့ သူ ငြိမ်နေ၍မဖြစ်တော့။ ဝင်၍ပြောရပေပြီ။

ဟာမစ်က ဘာလုပ်ရမှန်းမသိတော့။ ကရောဖို့ကို တောင်းပန်ကြည့်သည်။

"ကရောဖို့ တဆိတ်ဗျာ..."

ရှီလာက တရားသူကြီးထံ ခွင့်ပန်သည်။

"တရားသူကြီးမင်းရှင့်၊ ကျွန်မရဲ့ အမှုသည်နဲ့ ခေတ္တတိုင်ပင်ဖို့ ခွင့်ပေးရန် လျှောက်ထားပါတယ်"

"ကောင်းပါပြီ မစ္စရှီလာ"

တရားသူကြီးကတော့ ကရောဖို့လို လူစားမျိုးကို ဒီကလေးမကလေး ဘယ်လိုလုပ်ပြီး နားချမလဲလို့ တွေးနေမိသည်။

ကရောဖို့က သူ့ထံလျှောက်လာသည့် ရှီလာကို စိုက်ကြည့်နေသည်။ သူ၏ ပခုံးများကို ရှို့၍ထားသည်မှာ သိန်းငှက်တစ်ကောင် တောင်ပံကို အုပ်ထားသကဲ့သို့ပင်။ ဒေါသကြောင့် နှုတ်ခမ်းများကို တင်းတင်းစေ့ထားသည်။

"မင်းကို ပြောထားတဲ့အတိုင်း ဘာဖြစ်လို့ မလုပ်သလဲ၊ မေ့(တ်)လင်းကို ခေါ်ရမယ်"

ရှီလာက နှုတ်ခမ်းကိုကိုက်၍ အားတင်းလိုက်သည်။

"အခုတောင်မှ သူ့ရဲ့ ခပ်ကြောင်ကြောင် ပြောပုံဆိုပုံ အမှုအရာ‌ေ





ကြောင့် ကျွန်မတို့မှာ ဒုက္ခရောက်နေရပြီ၊ သူ့ကိုခေါ်ရင် ပိုဆိုးမှာပေါ့၊ နေလာက သူ့ကို ဆွပေးထားလို့ စိတ်တော်တော်တိုနေပြီ၊ ကျွန်မတို့ အတွက် သိပ်အသုံးဝင်တော့မှာ မဟုတ်ဘူး"

"ဒါနဲ့ သူ့ကို သက်သေအဖြစ် ခေါ်မှာနဲ့ ဘာဆိုင်လို့လဲ"

"ဒါပေမယ့် မစ္စတာကရောဖို့ ဒီလူရဲ့ သက်သေခံချက်က"

"ဟော့ကောင်မလေး၊ ငါပြောတာ နားထောင်စမ်း၊ မင်းဟာ ရဲ့အရာရှိကို မေးခဲ့တာရော၊ ဆရာဝန်ကို မေးခဲ့တာရော တော်တော်ကောင်း ဘယ်၊ အဲဒီမှာပဲ တရားလိုဘက်ကို သံသယ တော်တော်ရှိနေကြပြီ၊ ဒါကိုဆက်ပြီးတော့ မေ့(တ်)လ်ရဲ့အိမ်မှာ အဲဒီညက ဆရာရှိနေတယ်ဆိုတဲ့ အလီဘိုင်နဲ့ တိုက်စစ်ဆင်လိုက်ရင် ဆယ်မိနစ်အတွင်းမှာ အားလုံးရှင်း သွားမှာပါ"

ရှီလာက အပြင်းအထန် စဉ်းစားရသည်။ အခုမလုပ်ရင် နောင် ဘယ်တော့မှ လုပ်၍ရမည် မဟုတ်တော့။ ဒါကြောင့် ကရောဖို့အား ရဲရဲ ဝံ့ဝံ့ပင် ရင်ဆိုင်လိုက်ရသည်။

"ဝမ်းနည်းပါတယ် ဆရာ၊ ဟိုညက မေ့(တ်)လင်းအိမ်မှာ ဆရာ ရှိနေပါတယ်ဆိုတဲ့ အလီဘိုင်ကို ကျွန်မ အားမကိုးရဲဘူး"

ကရောဖို့က ရှီလာကို ဒေါသဖြင့်ကြည့်နေသည်။ သူ၏ လည်ပင်းမှ ကြွက်သားများမှာ အမြှောင်းလိုက် ထနေပြီး အသက်ပြင်းပြင်းရှူနေ သောကြောင့် လှုပ်နေသည်။

"မေ့(တ်)လင်းကိုခေါ်ဖို့ မင်းကို ဆရာ ညွှန်ကြားတယ်ကွာ"

"ကျွန်မက မခေါ်နိုင်ဘူးလို့ ငြင်းပါတယ်၊ ကျွန်မ မှန်တယ်လို့ ထင်တာကို ကျွန်မ လုပ်ရပါမယ်၊ သူ့ကိုခေါ်မယ်ဆိုရင် မှားပါလိမ့်မယ်၊ သူ့ကိုခေါ်လို့ ကျွန်မကို ဆက်ပြီး တိုက်တွန်းနေမယ်ဆိုရင်တော့ ဒီအမှုမှာ ကျွန်မ ဆက်ပြီးလိုက်လို့ ဖြစ်နိုင်တော့မယ် မဟုတ်ပါဘူး"

ဒါဟာ နောက်ဆုံးလက်နက်ဖြစ်သည်။ ဒါကိုလည်း ရှီလာက သိပါသည်။ သိသော်လည်း သူ့မှာ တခြားနည်းလမ်း မရှိပါ။ အဲဒီနောက်

ဆုံးလက်နက်နဲ့တောင် သူ ရှုံးရပါပြီ။ ကရောဖို့က ရှီလာရဲ့ ခြိမ်းခြောက်ခြင်းကို မမှုပါ။

"ကောင်းပြီလေ၊ မလိုက်နိုင်ရင်လဲ မလိုက်နဲ့တော့ပေါ့"

ကရောဖို့၏ အဖြေက ရှီလာ၏လည်ပင်းကို ကြိုးနဲ့ရစ်ပြီး ဆွဲလိုက်သလို တင်းတင်းကျပ်ကျပ်ကြီး ခံစားလိုက်ရသည်။

"ကျွန်မ... သိပ် ဝမ်းနည်းပါတယ် ဆရာ..."

ရှီလာက မနည်းကြိုးစား၍ ပြောရသည်။ ပြောပြီးသည်နှင့် ချာကနဲ လှည့်ထွက်လာပြီး နေရာသို့ ပြန်လာသည်။ ဟာမစ်က လှမ်း၍ မေးသည်ကိုပင် မဖြေခဲ့။ မျက်လုံးကလည်း မျက်ရည်တွေ စို့လာပြီဖြစ်သဖြင့် အန်၍ထွက်မလာအောင် မနည်း အားတင်းရသေးသည်။

"ကဲ မစ္စရှီလာ..."

တရားသူကြီး၏အသံက အံ့သြစရာကောင်းလောက်အောင် ညင်သာနေသည်။

"တရားသူကြီးမင်းရှင့်"

အသံက တုန်လာသဖြင့် တစ်ခါထပ်ပြီး ပြောရသည်။

"တရားသူကြီးမင်းရှင့်၊... ကျွန်မဟာ ကျွန်မရဲ့ အမှုသည်ရဲ့ အကျိုးအတွက် ရှေ့ကိုဆက်ပြီး မဆောင်ရွက်နိုင်တော့ပါ၊ ညွှန်ကြားချက်များကိုလဲ ကျွန်မရဲ့ အမှုသည်က ကျွန်မထံမှ ပြန်လည်ရုပ်သိမ်းလိုက်ပါပြီ၊ ဒီလိုဖြစ်လာတဲ့ အခြေအနေကြောင့် ဒီအမှုကို လိုက်ပါဆောင်ရွက်တဲ့ ရှေ့နေအဖြစ်မှ ကျွန်မရဲ့ ကိုယ်စားလှယ်ပါဝါကို ပြန်လည်ရုပ်သိမ်းခွင့်ပြုဖို့ တင်ပြလိုပါတယ်"

ရှီလာက ဦးညွှတ်လိုက်ပြီး ရုံးခန်းထဲမှ မြန်မြန်ပင် ထွက်သွားသည်။ ရုံးခန်းထဲမှာတော့ သတင်းထောက်တွေက စာရွက်ပေါ်မှာ တဂျစ်ဂျစ် ရေးသံတွေသာ ကျန်ခဲ့တော့သည်။

တရားသူကြီးက ရှီလာ ထွက်သွားသည်ကို ကြည့်နေပြီးနောက် ကရောဖို့၏ဘက်သို့ လှည့်၍မေးသည်။





"မစ္စတာကရောဖို့၊ ခင်ဗျား ဘာဆက်လုပ်မယ်ဆိုတာ ပြောပြပါဦး"

"တရားသူကြီးမင်းခင်ဗျား၊ ကျွန်တော်က မိမိဘာသာ ထုချေလျှောက်လဲပိုင်ခွင့်နဲ့ မစ္စတာဟာမစ်ကို အတိုင်ပင်ခံအဖြစ်နဲ့ ဆက်လက်ထားဖို့ ရုံးတော်ရဲ့ ခွင့်ပြုချက်ရရှိရန် လျှောက်ထားပါတယ်"

"မစ္စတာဟာမစ်ကကော အတိုင်ပင်ခံအဖြစ် ဆက်လက်ဆောင်ရွက်ဖို့ ကျေနပ်ရဲ့လား"

ဟာမစ်ကတော့ ပထမတွင် မကျေနပ်ပါဟု ဖြေမည်ကြံသေးသည်။ တကယ့် တကယ်ကျတော့လည်း ပါးစပ်က ပြော၍မထွက်တော့။ ဒီလို ကိုယ်ထင်ရာ ကိုယ်လုပ်တတ်သည့် လူမျိုးကို တစ်ယောက်ယောက်ကတော့ အကူအညီပေးဦးမှ ဖြစ်ပေမည်။ ဒါကြောင့် မကျေမနပ်နဲ့ ဖြေလိုက်ရသည်။

"မစ္စတာကရောဖို့က လုပ်စေချင်တယ်ဆိုရင် ဆက်လက်ဆောင်ရွက်ဖို့ ကျေနပ်ပါတယ်"

"မစ္စတာနေလာကကော ကန့်ကွက်ဖို့ ရှိသေးသလား"

"မရှိပါဘူး တရားသူကြီးမင်းခင်ဗျာ"

နေလာရဲ့ မျက်လုံးကလေးများမှာ တစ်ပွဲတစ်လမ်း စမ်းရဦးတော့မည်ဟူသော မျှော်လင့်ချက်ဖြင့် အရောင်တောက်ပနေသည်။

"ဒီလိုဆိုရင် အဆိုပြုတဲ့ အတိုင်းပဲပေါ့"

ကရောဖို့က လက်ခံကြောင်း အနေဖြင့် ဦးညွှတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ် တရားသူကြီးမင်းခင်ဗျာ"

"အဆင်သင့်ဖြစ်ပြီလား၊ ဒါမှမဟုတ် လူကြီးမင်းရဲ့ အတိုင်ပင်ခံရှေ့နေနဲ့ တိုင်ပင်ဖို့ အချိန်လိုသေးသလား"

"ကျွန်တော် အဆင်သင့်ဖြစ်ပါပြီခင်ဗျာ"

ကရောဖို့က နဂိုနေသို့ ပြန်ရောက်သွားလေပြီ။ ခါတိုင်းလိုပင် ဟန်မာန်အပြည့်ဖြစ်သည်။ လွန်ခဲ့တဲ့ ရက်များကထက် အခုပိုပြီး ကိုယ့်ကိုယ်ကို ယုံကြည်စိတ်တိုးလာသည်။ စောစောကတည်းက ဘေးက

ကြည့်မနေဘဲ ဝိုင်းထဲကို ဝင်လိုက်ဖို့အကောင်းသားဟု တွေးမိသည်။ ကောင်မကလေးကိုတော့ သနားပါတယ်။ ဒါပေမယ့် သူမရှိတော့ အခု ပို၍ အဆင်ပြေသွားသည်။ ကရောဖို့က တရားသူကြီးကို ပြန်၍စိုက် ကြည့်လိုက်သည်။

"ကောင်းပြီ"

တရားသူကြီးက သူ သဘောတူကြောင်း ခေါင်းညိတ်ပြပြီး ဂျူရီ လူကြီးများဘက်သို့လှည့်၍ စကားလုံးကို သေချာကျနစွာရွေးကာ ပြောသည်။

"ဂျူရီအဖွဲ့ဝင်များခင်ဗျာ၊ အခုအမှုမှာ ပါဝင်ပတ်သက်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ပြည်သူအများ စိတ်ဝင်စားကြတဲ့သူများဖြစ်ကြောင်း လူကြီးမင်းတို့ သိပြီးဖြစ်ပါတယ်၊ တစ်ဖန် ခုနလေးတင်က ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကြောင့် ပြည်သူများက ပိုပြီးစိတ်ဝင်စားပါလိမ့်မယ်၊ ဒီလိုဖြစ်သွားတာဟာ ဂျူရီလူကြီးများနဲ့ ဘယ်လိုမှ ပတ်သက်ခြင်းမရှိပါဘူး၊ ဒါ့ပြင် တရားခံဟာ ထင်ရှားကျော်ကြားတဲ့ ရှေ့နေတစ်ဦးဖြစ်ပြီး အခုလဲ သူ့အမှုကို သူကိုယ်တိုင် လျှောက်လဲတဲ့အချက်ရယ်၊ သေသူဟာ ဘုရင်မရဲ့ တရားသူကြီးဖြစ်တဲ့ အချက်ရယ်ဟာ ဒီအမှုပေါ်မှာ ဘယ်လိုမှ အကျိုးသက်ရောက်မှု ရှိလိမ့်မယ် မဟုတ်ပါဘူး"

တရားသူကြီးက သူပြောခဲ့သည့် စကားများကို လေးနက်စေရန် ခေတ္တဆိုင်းငံ့နေပြီးမှ ကရောဖို့သို့ပြောသည်။

"ကဲ မစ္စတာကရောဖို့ စနိုင်ပါပြီ"

"တရားသူကြီးမင်းက ခွင့်ပြုမယ်ဆိုရင် တစ်ဖက်က ပညာရှိ မိတ်ဆွေကြီးက ဗိုလ်မှူးမေ့(တ်)လင်းကို ဆင့်ခေါ်ဖို့ အဆိုပြုပါတယ်"

နေလာက ဖြည်းဖြည်းချင်း ထလိုက်သည်။ ဒီလိုအပြုအမူကပင် ကရောဖို့ကို စော်ကားသည့်ပုံ ပေါက်နေသည်။ ပြောသည့် စကားက ပို၍ဆိုးသည်။

"တရားခံက ကျွန်တော့်ကို မိတ်ဆွေကြီးလို့မခေါ်ဖို့ ပြောလို့





ါတယ်၊ ယနေ့ ကျွန်တော်နဲ့သူနဲ့ အခြေအနေဟာ ယခင်ကလိုမျိုး မဟုတ်ဘဲ အတော်ပဲ ကွဲပြားခြားနားနေပါပြီ"

နေလာက အဲသလို ဆွလိုက်သည်ကို ကရောဖို့အနေဖြင့် ထမတော့ စိတ်ထွက်သွားသည်မို့ နေလာ၏ ထောင်ချောက်ထဲသို့ င်မိလုနီးနီး ဖြစ်သွားသည်။ သို့သော် အချိန်မီ နောက်ပြန်ဆုတ်နိုင်ခဲ့သည်။ သူက လေသံမှန်မှန်ဖြင့် တုံ့ပြန်လိုက်သည်။

"မိတ်ဆွေ ဟုတ်သည်ပဲဖြစ်စေ၊ မဟုတ်သည်ပဲဖြစ်စေပေါ့ ခင်ဗျာ၊ ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ ဗိုလ်မှူးမေ့(တ်)လင်းကိုတော့ ဆင့်ခေါ်ပါလို့"

တရားသူကြီးက နေလာအား မနှစ်မြို့စွာ ကြည့်မိသည်။ ပထမ တော့ ဝေဖန်ဦးမလို့ လုပ်သေးသည်။ နောက်မှ မဝေဖန်တော့ဘဲ ရိုးရိုးပဲ ပြောလိုက်သည်။

"မေ့(တ်)လင်းကို ဆင့်ခေါ်ပါ မစ္စတာနေလာ"

"တရားသူကြီးမင်းရဲ့ ဆန္ဒအတိုင်းပါခင်ဗျာ"

နေလာကတော့ ကြွက်ကဲ့သို့ အရေခွံထူ၏။ တရားသူကြီးက မနှစ်မြို့သည်ကိုလည်း ခံနိုင်ရည်ရှိသည်။ ယခုလည်း သူပြောချင်တာကို ဆက်၍ ပြောလိုက်သေးသည်။

"ဒါပေမယ့် လိုအပ်တဲ့အကြောင်း ပေါ်ပေါက်လာတဲ့အခါမှာ သူ့ကို ဆန့်ကျင်သော သက်သေအဖြစ် သတ်မှတ်နိုင်ခွင့် ကျွန်တော့်အား ပေးရန် လျှောက်ထားပါတယ်"

"ကောင်းပြီ၊ ခွင့်ပြုပါတယ်"

"ကျေးဇူးအထူးတင်ပါတယ်ခင်ဗျား၊ ဗိုလ်မှူးမေ့(တ်)လင်း သက်သေ နေရာသို့ ကြွပါခင်ဗျာ"

တံခါးပေါက်ရှိ အစောင့်ရဲအရာရှိက တံခါးကိုဖွင့်၍ အော်ခေါ်သည်။

"ဗိုလ်မှူးမေ့(တ်)လင်း"

ရုံးခန်းထဲရှိ ပရိသတ်မှာ ရင်တမမနှင့် ဖြစ်နေရာမှ အသက်ရှူ နည်းနည်း ချောင်သွားကြသည်။

မေ့(တ်)လင်းက ရုံးခန်းထဲသို့ ရင်ကော့၍ လျှောက်လာသည်။ သူ၏ အပေါ်နှုတ်ခမ်းမှာ ခပ်တင်းတင်း၊ သူ၏ ကော်လာကလည်း ခပ်တောင့်တောင့်။

"ကျမ်းကျိန်ဖို့ စာအုပ်ကို လက်ယာလက်နဲ့ ယူပါ၊ စာသားကို ကပ်ပြားမှာ ဖတ်ကြည့်ပါ"

မေ့(တ်)လင်းက ရုံးပျာတာက ကမ်းပေးသော ကျမ်းစာအုပ်နှင့် ကပ်ပြားကို လက်ဖြင့် ဖယ်ပစ်လိုက်သည်။

သူ့အသံကတော့ စစ်ရေးပြကွင်းထဲမှာ အမိန့်ပေးတဲ့ အသံမျိုး။

"ကျုပ် ကျမ်းကျိန်ဖို့ငြင်းတယ်၊ အပြစ်မရှိတဲ့သူ တစ်ဦးကို အပြစ်ကျစေဖို့ သက်သေခံဖို့ကိုလဲ ငြင်းတယ်"

သူက သတိအနေအထားဖြင့် ရပ်နေသည်။ မျက်လုံးများကလည်း ရှေ့တည့်တည့်သို့ မျက်တောင်မခတ် စိုက်ကြည့်နေသည်။

"ဗိုလ်မှူးမေ့(တ်)လင်း၊ ခင်ဗျားရဲ့ဆန္ဒက ခင်ဗျားရဲ့ မိတ်ဆွေကို အကူအညီပေးဖို့လို့ ယူဆတယ်၊ ဒါ မှန်ပါသလား"

တရားသူကြီးက ဝင်၍ပြောရတော့သည်။

"ဟုတ်ပါတယ်၊ တရားသူကြီးမင်းခင်ဗျာ"

"ဒီလိုဆိုရင် အခုလိုလုပ်နေတာက သူ့ကို အကူအညီပေးရာ မရောက်ဘူး၊ ခင်ဗျားက ကျမ်းမကျိန်ဘူးဆိုရင် သူက ခင်ဗျားကို မေးခွန်းမထုတ်နိုင်ဘူး၊ သူက မေးခွန်းမထုတ်နိုင်ရင် ခင်ဗျားက သူ့ကို ကူညီဖို့ ဘာမှတတ်နိုင်မှာ မဟုတ်တော့ဘူး"

"ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော် သဘာမပေါက်မိလိုက်ပါဘူး"

"ကောင်းပြီ၊ အခုပြောတဲ့အတိုင်းသာ လုပ်ပါ"

မေ့(တ်)လင်းက ဦးညွှတ်လျက် လိုက်နာမည်ဖြစ်ကြောင်း အဓိပ္ပာယ် ဖော်လိုက်သည်။

ဒီလိုမှ မေ့(တ်)လင်းက နားလည်သည်။ လူကြီးတစ်ယောက်က ဒါလုပ်လို့ ပြတ်ပြတ်သားသား အမိန့်ပေးရင် သူ လုပ်ရဲသည်။





ကြောင့် ကျမ်းကျိန်ဖို့ရှိသည်ကို ကျိန်သည်။

တရားသူကြီးက ရှေ့သို့ကုန်းကာ ထပ်ပြောပြန်သည်။

"အစိုးရရှေ့နေက ရုံးတော်ကို တင်ပြထားတာက သူက ခင်ဗျားကို အခိက မေးခွန်းထုတ်စရာ မရှိပါဘူးတဲ့၊ ဒါပေမယ့် နောင်ကို သူက ပြန်လည်စစ်ဆေးဖို့ အလိုရှိရင် ခင်ဗျားက ဖြေဖို့အသင့် ဖြစ်ရလိမ့်မယ်၊ မဖြေဘူးဆိုရင် ရုံးတော်ကို မထေမဲ့မြင် ပြုမှုနဲ့ အပြစ်ရနိုင်တယ်၊ ရှင်းပြီလား"

"ရှင်းပါတယ်ခင်ဗျား၊ ကျွန်တော့်အပေါ်မှာ အခုလို သက်ညှာတဲ့အတွက် အထူး ကျေးဇူးတင်ပါတယ် ခင်ဗျား"

မေ့(တ်)လင်း၏ ခပ်ကြောင်ကြောင် ပြောပုံကိုကြည့်ပြီး တရားသူကြီး မစ္စတာအော့(စ်)ဘွန်းလဲ နှာခေါင်းရှုံ့သွားရာမှ နေလာဘက်သို့ လှည့်၍ပြောသည်။

"ကဲ မစ္စတာနေလာ စတော့မလား"

နေလာက ကြောင်ဖားကြီးတစ်ကောင်လို အပျင်းဆန့်ရင်း ထလိုက်သည်။

"ဗိုလ်မှူးမေ့(တ်)လင်း၊ ဗိုလ်မှူးရဲ့နာမည် အပြည့်အစုံဟာ ဂု(ဂ်)ဖရက်(စ်)ဖို့မေ့(တ်)လင်း ဟုတ်ပါသလား၊ သီးခြားဝင်ငွေရှိပါသလား၊ အမှတ် ၃၊ ဂေါ်ဒွန်မြုံ့(စ်)မှာ နေပါသလား"

"ဟုတ်ပါတယ်"

"တခြား မေးဖို့မရှိတော့ပါ"

နေလာက ပြန်၍ထိုင်ပြီး အိပ်ချင်သည့်ပုံဖြင့် ထိုင်နေသည်။ ရှေ့နေဖို့က သူ၏ နေရာဖြစ်သော တရားခံဝက်ခြံထဲမှ မတ်တတ်ရပ်လိုက်သည်။

"ဗိုလ်မှူးမေ့(တ်)လင်း၊ လွန်ခဲ့တဲ့ ဧပြီလ ၁၈ ရက်နေ့ညကို သတိရပါလား"

"ဘာပြောတယ်၊ ဟုတ်ပြီ မှတ်မိတာပေါ့"

ပြောသာပြောလိုက်ရသည်။ သဘောမပေါက်သဖြင့် ပြောလက်စကို ဖြတ်၍ မေ့(တ်)လင်းက ကမန်းကတန်း ပြန်မေးနေသည်။

"ခင်ဗျား... ဘာကို..."

ကရောဖို့က အမေးမခံဘဲ ဖြတ်ပြောလိုက်သည်။

"ဒီလိုဆိုရင် တရားသူကြီးမင်းနဲ့ ဂျူရီအဖွဲ့ဝင်များကို အဲဒီညက အဖြစ်အပျက် အားလုံးကို ခင်ဗျားနဲ့ပတ်သက်သလောက် ရှင်းပြပါ"

"ဟုတ်ကဲ့၊ ဒါပေါ့ခင်ဗျာ၊ ဟုတ်ကဲ့ ကျွန်တော်... ကျွန်တော်က အဲဒီညနေက အိမ်မှာ ပါတီကလေးတစ်ခု လုပ်ပါတယ်၊ ခင်ဗျားကိုတောင် ဖိတ်သေးတာပဲ၊ ခင်ဗျားက မလာနိုင်လို့"

"မစ္စတာ ဂရယ်ဂေါ်ရီကော လာတဲ့ဧည့်သည်ထဲမှာ ပါသလား"

"ပါပါတယ်"

"ပါတီ ဘယ်အချိန်မှာ ပြီးသလဲ"

"စောစောပါပဲ၊ ကျွန်တော့်စိတ်အထင် နောက်ဆုံး ဧည့်သည်ပြန်တော့ ၁၁ နာရီခွဲလောက် ရှိပြီနဲ့တူတယ်"

သူက အချိန်ကို အတိအကျ နာရီမိနစ်နှင့်ပြောသည်။ ကရောဖို့က ဆက်မေးသည်။

"အဲ့ဒီနောက်ကော ခင်ဗျား ဘာတွေလုပ်သလဲ"

"ပန်းကန်ခွက်ယောက်တွေ နည်းနည်းရှင်းတယ်၊ ကျွန်တော့်အိမ်မှာ ညဥ့်အိပ်နေတဲ့ ကူဖော်လောင်ဖက် မရှိဘူးမဟုတ်လား၊ နေ့ခင်းပိုင်းမှာ လာပြီးရှင်းလင်းတဲ့ မိန်းမကြီးတစ်ယောက်ပဲရှိတယ်၊ ကျွန်တော်က မီးဖိုထဲမှာ အဲ့ဒီမိန်းမကြီး နောက်တစ်နေ့နံနက်မှာလာရင် ဆေးဖို့ ပန်းကန်တွေကို ထပ်ပေးတယ်"

"ပြီးတော့ကော"

"ပြီးတော့ အရက်တစ်ခွက် သောက်တယ်၊ ဆေးလိပ်သောက်တယ် နောက်ဆုံး ကျွန်တော့်ခွေးကလေးကို ခေါ်ပြီး လမ်းလျှောက်ထွက်တယ်"

"ဘယ်အချိန်မှာ အိမ်ကထွက်သလဲ"





"ထွက်တဲ့အချိန်က ၁၂ နာရီခွဲလောက်မှာပဲ"

"ဘယ်ဘက်ကို လျှောက်သလဲ"

"ခါတိုင်း လျှောက်နေကျ အတိုင်းပါပဲ၊ ဂေါ်ဒွန်လမ်းကို လျှောက်သွားပြီး ကလေရင်ဒွန်လမ်းရောက်ရင် ချိုးလိုက်တာပဲ၊ ပြီးတော့ စာတိုက်ကဖြတ်ပြီး အိမ်ကိုပြန်တာပဲ"

"တစ်မိုင်ကျော်ကျော် ဝေးတာပေါ့"

"ဟုတ်ပါတယ်၊ အားလုံးပေါင်းလိုက်ရင် တစ်မိုင်နဲ့ ကိုက်နှစ်ရာသုံးဆယ်ရှိတယ်၊ ကျွန်တော် တိုင်းထားတယ်"

"ဂေါ်ဒွန်မြူး(စ်)ကို ဘယ်အချိန် ပြန်ရောက်သလဲ"

"တစ်နာရီမထိုးခင် ၁၅ မိနစ်အလိုလောက် အဲ မိနစ် ၂၀လောက် အလိုပေါ့လေ"

အစိုးရအမှုလိုက် ညွန်ကြားရေးမှူးရုံးမှ အမျိုးသမီးကလေးတစ်ဦးက စာတစ်စောင် လာပေးသဖြင့် နေလာက ပိတ်ထားသော မျက်လုံးများကို ပျင်းပျင်းရိရိ ဖွင့်လိုက်ရသည်။ စာကို စိတ်ဝင်စားစွာဖတ်ပြီး သူ့လက်ထောက် ရှေ့နေများကိုလည်း ပြသည်။ ကရောဖို့က နေလာတို့၏ လှုပ်ရှားမှုကို သတိထားမိပေမယ့် ဂရုစိုက်သည့် အမူအရာမပြ၊ ဆက်၍သာ ပြောသည်။

"ဂေါ်ဒွန်မြူး(စ်)ကို ပြန်ရောက်လာတော့ ဘာဖြစ်သလဲ"

ဒီအပိုင်းကို ရောက်လာတော့ မေ(တ်)လင်းက သွေးပူလာသည်။ ပြောရတာ 'အာ' တွေ့လာသည်။

"ကျွန်တော့်ခွေးကလေးဘင်းက နှာခေါင်းရှုံ့ရှုံ့ပြီး အနံ့ခံနေတာ တွေ့ရတယ်၊ ခွေးတွေ အကျင့်အတိုင်းပေါ့ဗျာ၊ ပြီးတော့ တစ်ခါတည်း ခင်ဗျားအိမ် ခွေးကတက်ဘက်လှည့်ပြီး ဆူဆူညံညံ ဟောင်တော့တာပေါ့၊ ကျွန်တော် ထင်လိုက်တာက ဒီကောင်တော့ ကြောင်ဖြစ်ဖြစ် တစ်ခုခုကိုတော့ တွေ့နေပြီလို့၊ ဒါကြောင့် သူ့ကို ပြန်ခေါ်တယ်၊ မလာဘူးဗျ၊ ဒါနဲ့ ဘာဖြစ်နေသလဲ သိချင်တာနဲ့ သူ့ဆီသွားကြည့်တော့ ခင်ဗျား

လဲနေတာ တွေ့ရတာပဲ”

“သတိမေ့နေသလား”

“ဟုတ်တယ်၊ ခင်ဗျား သတိမေ့နေတယ်”

“ကျွန်တော် သတိမေ့နေတာတွေ့တော့ ခင်ဗျား ဘာလုပ်သလဲ”

“ကျွန်တော်က ခင်ဗျားကို ကျွန်တော့်အိမ်ကို သယ်လာပြီး ဒဏ်ရာကို ဆေးကြောသုတ်သင်ပေးရတာပေါ့၊ ပြီးတော့မှ ကျွန်တော် ဆရာဝန်ကို ဖုန်းဆက်တယ်၊ ဒါပေမယ့် သူ့ကိုမတွေ့ပါဘူး၊ ဒါနဲ့ ကျွန်တော်က ဆေးရုံနဲ့ ရဲကို ဖုန်းဆက်ပြီး အကြောင်းကြားမယ်လို့ လုပ်နေတုန်း ခင်ဗျား သတိရလာတာပဲ”

တရားသူကြီးက ခပ်ချဉ်ချဉ်ဖြင့် ကြားဖြတ်ဝင်ပြောလိုက်သည်။

“ဗိုလ်မှူးမေ့(တ်)လင်း၊ သက်သေအဖြစ် ထွက်ဆိုနေချိန်မှာ ဘောင်းဘီအိတ်ထဲမှာ လက်နှိုက်မထားပါနဲ့”

မေ့(တ်)လင်းက ကပျာကယာ လက်ကိုရုပ်လိုက်ပြီး တောင်းပန်သည်။

“ခွင့်လွှတ်ပါခင်ဗျာ”

နေလာနှင့် သူ့အဖွဲ့ကတော့ ဒိုင်ယာရီတစ်အုပ်ကို ဘယ်ကရလာသည်မသိ၊ ဝိုင်းအုံဖတ်နေကြပြီး ထွက်ချက်တွေမှာပါတဲ့ အချက်အချို့နဲ့ အပြန်ပြန်အလှန်လှန် တိုက်ကြည့်နေကြသည်။ သူတို့ကိုကြည့်ရသည်မှာ စိတ်လှုပ်ရှားမှုကို ချုပ်တည်းထားရသည့် အသွင်ရှိသည်။

ကရောဖို့က ဆက်လက်၍ မေးခွန်းထုတ်သည်။

“ကျွန်တော် သတိပြန်ရလာတော့ ခင်ဗျားနဲ့အတူ ကျွန်တော် ရှိနေသလား”

“တစ်နာရီခွဲလောက်အထိ ရှိနေပါတယ်၊ အဲဒီအချိန်ကကျော်တော့ ကျွန်တော် ခင်ဗျားကို အိမ်လိုက်ပို့တယ်၊ ဒါပေမယ့် ခင်ဗျားရဲ့ သော့တွဲ ပျောက်နေတာမို့လို့ အိမ်ကိုဝင်မရတာနဲ့ ကျွန်တော့်အိမ်ကို ပြန်လာပြီး အဲ့ဒီမှာပဲ ဒီညအဖို့ အိပ်ရတယ်”





“ခင်ဗျားအိမ်ကို ကျွန်တော်တို့ ပြန်လာတဲ့အချိန်မှာ ဘယ်နှစ်နာရီလောက်ရှိပြီလဲ”

“ကျွန်တော် ခင်ဗျားကို ဧည့်သည်အိပ်ခန်းမှာ ထားခဲ့တဲ့အချိန်ဟာ ဆိုရင် နှစ်နာရီတောင်ကျော်နေပြီ၊ တော်တော့်ကို ကျော်နေပါပြီ”

“နှစ်နာရီကျော်ပြီပေါ့”

ကရောဖို့က ရှေ့ဆက်မပြောခင် ဂျူရီလူကြီးများ၏ ခေါင်းထဲတွင် ...နေအောင် နာရီကို ဖြည်းဖြည်းချင်း ပြန်ပြောသည်။

“ကောင်းပြီ ဗိုလ်မှူးမေ့(တ်)လင်း၊ မစ္စတာဂရယ်ဂေါ်ရီ သေဆုံးတဲ့ အချိန်ဟာ တစ်နာရီနဲ့ နှစ်နာရီကြားလို့ ပြောတာကို ကျွန်တော်တို့ ...ရပြီးပြီ၊ အဲဒီအချိန်အတွင်း တစ်ချိန်ချိန်မှာ ခင်ဗျားရဲ့အိမ်ကဖြစ်ဖြစ်၊ ...ခင်ဗျားရဲ့ မျက်မှောက်ကဖြစ်ဖြစ် ကျွန်တော် ထွက်ခွာသွားတာ ရှိခဲ့သလား”

“မရှိပါဘူး၊ ခင်ဗျားဟာ ကျွန်တော်နဲ့ တစ်ချိန်လုံးရှိနေတာပဲ”

မေ့(တ်)လင်း၏ အဖြေမှာ ခိုင်ခိုင်မာမာဖြစ်သည်။ ဒါနဲ့တွင် ...ကျေနပ်သေး၍ ထပ်ဖြည့်လိုက်သေးသည်။

“ခင်ဗျားသတ်တာ မဖြစ်နိုင်ပါဘူးဗျာ၊ သူတို့ကိုလဲ ကျွန်တော် ...အတိုင်း ပြောခဲ့တာပဲ”

“ကျေးဇူးတင်ပါတယ် ဗိုလ်မှူး”

ကရောဖို့က ကျေနပ်စွာဖြင့် ထိုင်ချလိုက်သည်။

စောစောပိုင်းက ပေါချာချာနိုင်ပေမယ့် အခုတော့လည်း မေ့(တ်) ...င်းက အဟုတ်သား၊ ရိုးသားဖြောင့်မတ်သည့် သဏ္ဌာန်အပြည့်ရှိနေသည်။ ...တောတော နိုင်သည်ဆိုပေမယ့် ရိုးသားသော ပါခြင်းဖြစ်သည်။ ...ကြောင့် အဲ့ဒီညက မေ့(တ်)လင်းရဲ့အိမ်မှာ ရှိနေပါတယ်ဆိုသည့် ...သီဘိုင်မှာ ရေပေါက်မဝင်တော့ဟု ကရောဖို့က တွက်မိသည်။

သက်သေခံရသည့် ဝက်ခြံကလေးမှ ထွက်တော့မည်ပြင်နေသော ...(တ်)လင်းအား သူက ခေါင်းညိတ်ပြလိုက်သည်။

“ဗိုလ်မှူး ခဏကလေးနေပါဦး”

နေလာက မေ့(တ်)လင်းအား လက်တားပြီးပြောလိုက်သည်။

မေ့(တ်)လင်းက ဝက်ခြံတွင်းသို့ ပြန်ဝင်ပြီး နေလာအား ဒေါပွပွဖြင့် စိုက်ကြည့်လိုက်သည်။

"ကောင်းပါပြီ"

"ခင်ဗျား ခုနက ပြောသွားတဲ့အချိန်တွေဟာ သေချာရဲ့လား"

နေလာရဲ့ ချဉ်းကပ်ပုံကတော့ ခြိမ်းခြောက်သည့်ဟန်ဖြင့်

"သေချာပါတယ်"

"မှားနိုင်ဖို့ အကြောင်းမရှိဘူးလား"

"မရှိပါဘူး"

"အချိန်သိရအောင် တိုင်ကပ်နာရီဖြစ်ဖြစ်၊ လက်ပတ်နာရီဖြစ်ဖြစ် ကြည့်တယ်လို့ ယူဆရမှာပေါ့"

"ဟုတ်ပါတယ်"

"ဟုတ်လား၊ ဒါထက် ခင်ဗျား အိတ်ဆောင်ဒိုင်ယာရီ ထားလေ့ရှိသလား"

"ထားပါတယ်"

"ဒီလိုဆိုရင် ဧပြီလ ၁၉ ရက်နေ့ တနင်္ဂနွေနေ့ကို ဒိုင်ယာရီမှာ လှန်ကြည့်စေလိုပါတယ်"

"ကောင်းပါပြီ"

မေ့(တ်)လင်းက အိတ်တွင်းမှ ဒိုင်ယာရီကိုထုတ်၍ ထိုစာမျက်နှာကို လှန်သည်။ ကရောဖို့ကတော့ အသင့်အနေအထားဖြင့် ဂရုစိုက်ကြည့်နေသည်။ နေလာ ဘာလိုချင်လို့ ဒီမေးခွန်းကို မေးနေသည်ဆိုတာကို သူ မှန်းလို့မရသေး၊ နေလာအကြောင်းကို သူသိသည်။ သူဟာ အဓိပ္ပာယ်မရှိဘဲ ဘယ်အလုပ်ကိုမှ မလုပ်တတ်။

မေ့(တ်)လင်းက စာမျက်နှာကို ရှာတွေ့ကြောင်း ပြောသည်။

"ထိပ်ဆုံးမှာ ပါတာကို ဖတ်ပြပါခင်ဗျာ"

"ထိပ်ဆုံးမှာ 'တနင်္ဂနွေနေ့ ဧပြီလ ၁၉ ရက်'"





"ရှေ့ဆက်ဖတ်ပါဦး"

နေလာ၏ အသံကတော့ စိတ်ရှည်ရှည် ပြောနေသည့်ပုံ ပေါ်နေသည်။

"ရေးထားတာကတော့ 'နံနက် ၇း၃ဝနာရီ၊ အလွန်ဆိုးသော သတင်း…"

"ပုံနှိပ်ထားတဲ့ စာလုံးကိုသာဖတ်ပါ"

"နံနက် ၂ နာရီထိုးတွင် ဗြိတိသျှ နွေရာသီ စံတော်ချိန် အစပြုသည်"

နွေရာသီ စံတော်ချိန် ဒီလိုဆိုရင် မေ့(တ်)လင်း ထွက်ဆိုချက်ထဲက အချိန်တွေဟာ ဘယ်စံတော်ချိန်နဲ့ ယူရမှာလဲ။ နွေရာသီစံတော်ချိန်ဆိုရင် ိုးရိုး စံတော်ချိန်ထက် တစ်နာရီ ပို၍စောသည်။ ကရောဖို့မှာ ကျောက်ရုပ်အဖြစ် ပြောင်းသွားသကဲ့သို့ မလှုပ်မယှက် ထိုင်နေသည်။

နေလာကတော့ တစ်ဖက်က အကွက်မှားသည်ကို အလွတ်မပေး တော့။ မေ့(တ်)လင်းကို ဆက်၍မေးသည်။

"သဘောပေါက်ပါသလား"

"ပေါက်ပါတယ်"

"အဲဒီလိုဆိုတော့ အဲဒီ စနေနေ့ညက ဗြိတိန်နိုင်ငံမှာ လူတိုင်းဟာ အိပ်ရာမဝင်မီ မိမိတို့ရဲ့ နာရီတွေကို တစ်နာရီ ရှေ့ကိုရွှေ့ထားရမယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့"

"ဟုတ်ပါတယ်"

"ခင်ဗျားကော အဲဒီညက နာရီကို တစ်နာရီရှေ့ကို ရွှေ့ထားရဲ့လား"

မေ့(တ်)လင်းကတော့ ခေါင်းရှုပ်ရှုပ်နှင့် ခေါင်းရမ်းပြသည်။

"မတိုးခဲ့ပါဘူး"

"ကျေးဇူးတင်ပါတယ်"

ကရောဖို့က တစ်ဖန်မေးရပြန်သည်။

"ဘယ်တော့မှ ရွှေ့လိုက်သလဲ"

မေ့(တ်)လင်းက ဗလုံးဗထွေးနှင့်ဖြေသည်။

“ကျွန်တော်... ကျွန်တော် ဝမ်းနည်းပါတယ်ဗျာ၊ မေ့သွားတယ်၊ ကျွန်တော့်အိမ်ဖော် မစ္စစ်ရိုက်(စ်)က တနင်္ဂနွေနေ့မှာ ရွှေ့လိုက်လိမ့်မယ်”

“မစ္စတာကရောဖို့ ပြန်ပြီး ကြားဖြတ် မေးခွန်းမေးခြင်းဟာ ထုံးစံမဟုတ်ဘူး”

တရားသူကြီးက ရုံးလုပ်ထုံး လုပ်နည်းနဲ့ ဆန့်ကျင်နေသည်ကို ထောက်ပြကာ သက်သေမေ့(တ်)လင်းအား နေရာသို့ ပြန်ခွင့်ပေးလိုက်သည်။

ကရောဖို့က တရားသူကြီးကို ဦးညွှတ်လျက် တောင်းပန်သည်။ သူကား ချက်ချင်းပင် အိုသွားသလို ထင်ရသည်။ သူ့မျက်လုံးများကလည်း ဘယ်ကိုမျှမကြည့်၊ သူ အားထားခဲ့တဲ့ အလီဘိုင်က အခုတော့ ယိုင်နေပေပြီ။

ဟာမစ်က သူ့ကို စကားပြောမည်လုပ်ပြီးမှ မပြောတော့ဘဲ အပြင်ဘက်သို့ ထွက်သွားသည်။

နေလာက တရားသူကြီးအား တင်ပြနေသည်။

“တရားသူကြီးမင်းခင်ဗျား၊ ယခုပြောတာနဲ့ ဆက်စပ်ပြီး ဒေါက်တာဝင်ဘုံးကို ပြန်ခေါ်ခွင့် လျှောက်ထားပါတယ်”

တရားသူကြီးက ကရောဖို့ဘက်သို့လှည့်၍ မေးလိုက်သည်။

“မစ္စတာကရောဖို့၊ ကန့်ကွက်ဖို့ရှိပါသလား”

ကရောဖို့ကတော့ ကြားဟန်မတူ၊ ဒါကြောင့် တရားသူကြီးက ခပ်ဆတ်ဆတ် ထပ်ပြောသည်။

“မစ္စတာကရောဖို့”

ဒီတစ်ခါတော့ ကရောဖို့က မတ်တတ်ရပ်လိုက်သည်။

“ဒေါက်တာ ဝင်ဘုံးကို ပြန်ခေါ်တာကို ကန့်ကွက်ဖို့ရှိသလား”

“မရှိပါဘူးခင်ဗျာ”

သူ၏အသံမှာ အသက်မပါသလိုပင်၊ တိတ်ခွေအမြန်နှုန်းကိုလျှော့၍





...ှင့်သည့်အခါ ထွက်လာသည့်အသံမျိုးနှင့် တူနေသည်။

တရားသူကြီးက ဒေါက်တာဝင်ဘုံးကို ခေါ်လိုက်သည်။

“ဒေါက်တာဝင်ဘုံး သက်သေခံဖို့ရာ နေရာကိုကြွပါ”

“ဒေါက်တာ အရင်တစ်ခါကတည်းက ကျမ်းကျိန်ပြီးပြီနော်”

နေလာက ဆရာဝန်အား မေးနေသည်ကို ကရောဖို့ကတော့ ...ာမှမကြားသလိုပင်၊ ရှီလာကတော့ ဟာမစ်နဲ့အတူ ရုံးခန်းထဲ ပြန်ဝင် ...ာရင်း မေးခွန်းကို ကြားလိုက်ရသည်။ သူကတော့ သံယောဇဉ်ရှိနေသေး ...သည်မို့ စိတ်ပူ၍ ပြန်လာခြင်းဖြစ်သည်။

ဆရာဝန်ကတော့ ထုံးစံအတိုင်းဖြေသည်။

“ဟုတ်ပါတယ်”

“ဒေါက်တာ ပြောခဲ့တာက အလောင်းကို နံနက် ၇ နာရီခွဲမှာ ...စ်ဆေးခဲ့တယ်လို့ ဆိုပါတယ်”

“ဟုတ်ပါတယ်”

“ဒေါက်တာရဲ့ နာရီကိုကြည့်ပြီး အချိန်ကိုပြောတာလား”

“ဟုတ်ပါတယ်”

“ဒေါက်တာရဲ့ နာရီကိုကော ဗြိတိသျှ နွေရာသီစံတော်ချိန်နဲ့အညီ ...ရွှေ့ထားပါသလား”

“ဟုတ်ပါတယ်”

“ဟုတ်... တယ်... နော်...”

နေလာက စကားလုံးကို တစ်လုံးချင်းပြောပြီးနောက် ဆက်မေး ...သည်။

“ဒေါက်တာက အလောင်းဟာ သေပြီးတာ ၆ နာရီခန့်ကြာပြီလို့ ...ဲ ပြောခဲ့သေးတယ်”

“ဟုတ်ပါတယ်”

“သေတဲ့အချိန်ကို နံနက်တစ်နာရီနဲ့ နှစ်နာရီကြားလို့ သတ်မှတ် ...ာဟာ ဗြိတိသျှ နွေရာသီစံတော်ချိန်နဲ့ပေါ့”

"ဟုတ်ပါတယ်"

"သို့သော် ဗိုလ်မှူးမေ့(တ်)လင်းလို ဒေါက်တာရဲ့ နာရီကို အဲဒီညက မရွှေ့မိဘူးဆိုပါတော့၊ အဲသလိုဆိုရင် သေတဲ့အချိန်ကို ဘယ်အချိန်က ဘယ်အချိန်အကြားလို့ သတ်မှတ်မလဲ"

ဒေါက်တာ ဝင်ဘုံး၏အဖြေမှာ ကြားနိုင်ရုံလောက်အောင် တိုးတိုးလေး ထွက်လာသည်။

"သန်းခေါင်အချိန်နဲ့ တစ်နာရီအကြားမှာ သတ်မှတ်ပါမယ်"

"မေ့(တ်)လင်းရဲ့ အချိန်အရဆိုရင်တော့ ၁၂ နာရီ ၄၅ မိနစ်အထိ ကရောဖို့ကို သူ မတွေ့သေးဘူး၊ ကျေးဇူးတင်ပါတယ် ဒေါက်တာ"

အောင်နိုင်သူတစ်ယောက်၏ အသံဖြင့် နေလာက ပြောနေသည်ကို ကြားရသည့် ရှီလာကတော့ နေလာကို အော့နှလုံးနာနေသည်။

သူက နံရံကိုမှီကာ မျက်စိကို မှိတ်ထားသည်။

ဟာမစ်က ရှီလာကို ဖေးမလျက် အားပေးနေသည်။

*

# အခန်း(၁၀)

နေရာကတော့ အိုး(လ်)လေဘီ တရားရုံးကြီးထဲမှာပင်ဖြစ်သည်။ ဘရားစစ်ဆေးသည့် ရုံးခန်းတော့မဟုတ်၊ တရားခံနှင့် သူ၏ရှေ့နေ ဘိုင်ပင်ရန် သတ်မှတ်ထားသည့် အခန်းဖြစ်သည်။ ထိုအခန်းထဲသို့ ရှီလာနှင့် ဟာမစ်တို့ကို ယူနီဖောင်းဝတ် ထောင်မှူးတစ်ဦးက လိုက်ပို့ပေးသည်။ သူတို့နှစ်ဦးလုံးမှာ စိတ်ပျက်လက်ပျက်နှင့် အင်အားမရှိတော့သည့် ဖြင့် အခန်းတွင်းသို့ ဝင်လာသည်။

ရှီလာက ဟူးကနဲ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး ရှေ့နေခေါင်းအုပ် ဆံပင်တုနှင့် လက်မွေ့အိတ်တို့ကို စားပွဲပေါ်သို့ စ်တင်လိုက်သည်။

"ကျွန်မတို့ ဘာလုပ်ရမှာလဲ"

"အခုတော့ ဘာလုပ်လို့ရတော့မှာလဲ"

ဟာမစ်၏အသံက မခံချင်သည့်လေသံ ပေါက်နေသည်။

"နောက်ကျနေပြီဗျ၊ ဒါကို ကရောဖို့ အသိဆုံးပဲလေ၊ ကျွန်တော် ဘို့က ဘယ်လိုပဲ တားခဲ့တားခဲ့၊ သူပဲ မေ့(တ်)လင်းအိမ်မှာ အဲဒီည အဲဒီ အချိန်မှာ ရှိနေပါတယ်ဆိုတဲ့ အလီဘိုင်ကို အားကိုးခဲ့တယ်မဟုတ်လား၊ ခုတော့ အဲဒါကြီးက ရေစုန်မျောသွားပြီကပဲ"

ယနေ့မျှလေး

"အာမီတာ(ဂ်)ကို ရှာလို့တွေ့ရင်တော့ တစ်မျိုးပေါ့လေ"

ရှီလာက သူ့ လက်ပွေ့အိတ်ထဲ၌ စီးကရက်ကိုရှာရင်း ဟာမစ်ကို လှမ်းပေးသည်။

"အာမီတာ(ဂ်)ကိုလား၊အင်း... သုံးပတ်အတွင်းမှာတောင် ရှာလို့မတွေ့တာ၊ အခု ၁၂ နာရီအတွင်းမှာကော တွေ့ပါဦးမလား၊ ဒါလဲ စဉ်းစားဦးလေ"

ဟာမစ်က ကုလားထိုင်ပေါ်တွင်ထိုင်ရင်း သူ့လက်ဆွဲအိတ်ထဲတွင် လက်နှိုက်၍ ပစ္စည်းတစ်ခုကို ရှာနေသည်။ ရှာမတွေ့သည်နှင့် စိတ်တိုဇိုဖြင့် အိတ်ကြီးကိုမှောက်၍ စားပွဲပေါ်သို့ သွန်ချလိုက်သည်။ သူရော၊ ရှီလာရော စိတ်တိုနေကြသည်။ တိုလောက်ပါပေသည်။ သူတို့ဘက်က အရေးနိမ့်နေသည် မဟုတ်လား။

ရှီလာက ဟာမစ်သို့ လှမ်း၍မေးလိုက်သည်။

"ရှင့်အဲဒီ အလီဘိုင်ကို စိတ်တုံးတုံးချ မယုံဘူးမဟုတ်လား"

"ခင်ဗျားကော ယုံရဲ့လား၊ မေ့(တ်)လင်းနဲ့ ပြောပြီးတဲ့ နောက်ပိုင်းမှာလေ"

"ထားပါတော့လေ၊ ဒါထက် ကျွန်မက သူတို့ မေ့(တ်)လင်းကို ခေါင်းရှုပ်သွားအောင် လုပ်လိုက်လိမ့်မယ် ထင်နေတာ"

"ဒီမေ့(တ်)လင်းကြောင့်ပေါ့ဗျာ"

ဟာမစ်က စိတ်တိုတိုဖြင့် တစ်ချက် ရေရွတ်လိုက်သည်။

"ကျွန်တော်တို့ဘက်ကလဲ လိုပါတယ်လေ၊ စံချိန်ပြောင်းသွားတဲ့ ကိစ္စကို ကြိုတင်မမြင်မိခဲ့ဘူး၊ ကြိုတင်မြင်ခဲ့ရင် ကရော့ဖို့ရဲ့ အလီဘိုင်ကြီးကို ဘယ်သုံးမလဲ၊ အခုတော့ ခံလိုက်ရပြီ၊ နေလာဟာ တော်တော့ကို တော်တဲ့လူပါပဲဗျာ၊ စံတော်ချိန် ပြောင်းတဲ့အချက်ကို အကွက်မိအောင် သုံးလိုက်နိုင်တာ ချီးမွမ်းလောက်ပါပေတယ်"

ဟာမစ်က ပြောရင်းနှင့် သူ့ဆေးတံကိုထုတ်၍ ကလော်လိုက်၊ မီးညှိလိုက်၊ ဖွာလိုက်နှင့် အလုပ်ရှုပ်နေသည်။ အဲသလို အလုပ်များနေရင်းက





ဘက်ကနဲထပြီး အခန်းပေါက်သို့သွား၍ ခပ်ကျယ်ကျယ် လှမ်းပြောလိုက်သည်။

"ဗျို့ဆရာ မြန်မြန်လုပ်ပါဗျ၊ ကျုပ်တို့မှာ အချိန်သိပ်မရဘူး"

အခန်းပြင်မှ ပြေသံမကြားရသဖြင့် ဟာမစ်က တစ်ယောက်တည်း ဘတွတ်တွတ် ပြောနေသည်။

"အချုပ်ခန်းက လူတွေကလဲ ဘယ်လိုလဲ မသိပါဘူး၊ ကရော့ဖို့ကို အခုထက်ထိ မခေါ်လာသေးဘူး"

ရှီလာက ဝင်ပြောသည်။

"မစ္စတာကရော့ဖို့ မလာတော့ဘူးနဲ့တူတယ်"

"လာမှာပါ"

ဟာမစ်၏ ဆေးတံမှာ ဟန်ကျသွားပြီဖြစ်၍ ဟာမစ်က သဘော်ခေါင်းတိုင်က မီးခိုးတွေ ထွက်နေသည့်အလား မနားတမ်း ဖွာနေသည်။ ဖွာရင်းနှင့် ရှီလာကို ဆက်ပြောပြန်သည်။

"နေ့လယ်စာစားချိန် ရုံးခေတ္တနားတုန်း တရားသူကြီး မစ္စတာ အော့(စ်)ဘွန်းက အချုပ်ခန်းမှာ ကရော့ဖို့ကို သွားတွေ့တာ သိလိုက်လား"

"အော့(စ်)ဘွန်းက သွားတွေ့သလား"

ရှီလာကတော့ မယုံနိုင်သလို ပြန်မေးသည်။

"ဟုတ်ပါတယ်၊ သူတို့နှစ်ဦးက သိကျွမ်းလာတာလဲ ကြာပြီမဟုတ်လား၊ သာမန်ဆိုရင်တော့ တရားသူကြီးက တရားခံကို သွားတွေ့တယ်ဆိုတာ တစ်မျိုးကြီးပေါ့၊ ဒါပေမယ့် အခုကိစ္စကတော့ သာမန်လို့ ပြောနိုင်ဘူးလေ၊ ဘာမဆို လုပ်ရင်ဖြစ်တယ်"

ဟာမစ်က ရှင်းပြသည်ကို မယုံသေး၍ ရှီလာက ထပ်မေးပြန်သည်။

"ရှင့်ကို ကရော့ဖို့က ပြောတာလား"

"ကရော့ဖို့က မဟုတ်ဘူး၊ တရားသူကြီးက ပြောတာပါ၊ ဒါကြောင့် ကျွန်တော့်ကို သူက တွေ့ချင်တယ်လို့ လူလွှတ်ခေါ်တာပေါ့"

"ဘာဖြစ်လို့ တရားသူကြီးက ကရောဖို့ကို သွားတွေ့တာတဲ့လဲ"

"ကြည့်ရတာတော့ တရားသူကြီးက အခြားတစ်နည်းပြောင်းပြီး လျှောက်လဲဖို့ နည်းလမ်းရှာနေတယ်နဲ့ တူတယ်၊ ဖြစ်နိုင်စရာအကြောင်းရှိရင် သူကပါ ထောက်ခံလိမ့်မယ်လို့ ထင်တာပဲ"

"ဘယ်လိုတစ်နည်းပြောင်းပြီး လျှောက်လဲမှာလဲ"

မေးသာမေးရသည်၊ ရှီလာကတော့ အဖြေကို ကြိုတင်သိထားသည့်နှယ် ရင်ထဲတွင် ပူလောင်နေသည်။ ထိုအဖြေအတိုင်း ဆိုရင်တော့ ကရောဖို့က လူသတ်မိကြောင်း ဝန်ခံရတော့မည်ဖြစ်သည်။

"အချင်းဖြစ်ပွားတဲ့ အချိန်တုန်းက ကိုယ့်ကိုယ်ကို တာဝန်မယူနိုင်တဲ့ စိတ်အခြေအနေ ရှိနေပါတယ်လို့ အသနားခံဖို့ပေါ့ဗျာ၊ ဒီအချိန်တုန်းက ကရောဖို့ဟာ သမီးလဲဆုံးပြီးခါစ၊ အကြီးအကျယ်လဲ မမာပြီးခါစမဟုတ်လား၊ စိတ္တဇဝေဒနာလဲ ခံစားနေရတယ်လို့ ဆိုနိုင်တာပေါ့"

"တရားသူကြီး မစ္စတာအော့(စ်)ဘွန်းကြီးက အတည်ပြောတာလား"

"အတည်ပြောသွားတာပေါ့၊ အမှန်လဲ အမှန်ပဲမဟုတ်လား"

ဟာမစ်က ရှီလာ၏ မျက်နှာကို တည့်တည့်ကြည့်၍ မပြော၊ အပေါ်သို့ မော့၍သာပြောသည်။ ရှီလာ ဘယ်လောက် စိတ်ထိခိုက်မည်ကို သူ သိထားပြီးဖြစ်သည်။

ရှီလာသည် တုန်တုန်ရီရီဖြင့် မနည်းကြိုးစား၍ ရပ်နေရသည်။ ဟာမစ်ကို မေးမည့်မေးခွန်းကို ပါးစပ်မှ မနည်းကြိုးစား၍ ထွက်အောင်မေးရသည်။

"ရှင်ကကော ကရောဖို့ သတ်တယ်ဆိုတာကို ယုံသလား"

ဟာမစ်က ရှီလာဘက်သို့ လှည့်လိုက်သည်။ ရှောင်နေ၍ မဖြစ်တော့။

"အမီတာ(ဂ်)ရဲ့ စာမှာပါတဲ့အတိုင်းဆိုရင် ခင်ဗျားကော မယုံဘူးလား ရှီလာ"





"ဟင့်အင်း သူမသတ်ပါဘူး၊ သူ မသတ်ဘူးဆိုတာ ကျွန်မ သိပါတယ်"

ရှီလာ၏ ပြောပုံက ပြောမိပြောရာ ပြောသည့်ပုံ ပေါက်နေသည်။

"ခင်ဗျား ဘယ်လိုလုပ်သိသလဲ၊ သူကိုယ်တိုင်တောင် သူ သိရဲ့လား၊ အဲဒီအချိန်တုန်းက သူဟာ စိတ်မှန်နေတာမှ မဟုတ်ဘဲ"

သူလည်း ပြောသာပြောလိုက်ရသည်။ စိတ်ကတော့ သိပ်မကောင်းလှပေ။ ရှီလာကတော့ မျက်နှာမှာ သွေးမရှိတော့သလို ဖြူဖတ်ဖြူရော်ဖြင့် ဟာမစ်ကိုသာ စိုက်ငေးကြည့်နေသည်။ ဟာမစ်ကလည်း ကြာကြာ အားတင်းမထားနိုင်တော့။

"ဘာဖြစ်လို့ ကျွန်တော့်ကို အဲဒီလို ကြည့်နေရတာလဲဗျ၊ ကျုပ်ကကော ပျော်နေတယ်လို့ ခင်ဗျား ထင်နေလို့လား"

ဒီတော့မှ ရှီလာက သတိထားမိလာကာ ဟာမစ်အား တိုးတိုးကလေး မေးသည်။

"သူ… သူ… ထောင်ကျမလားဟင်"

"လွတ်ဖို့တော့ မမြင်ဘူး"

"ကျွန်မတို့ကို ဘာဖြစ်လို့ ယုံယုံကြည်ကြည်နဲ့ ဖွင့်မပြောသလဲ မသိဘူး၊ ကျွန်မတို့အားလုံးဟာ သူ့ကို ကူညီဖို့ အဆင်သင့်ပဲဟာ"

ရှီလာက ကရုဏာဒေါသောဖြင့် ပြောလိုက်သည်ကို ဟာမစ်က လက်တွေ့ကျကျဖြေသည်။

"ဘာဖြစ်လို့ဆိုတော့ သူဟာ 'ကရောဖို့' ဖြစ်လို့ပေါ့"

ရှီလာက စိတ်တိုသွားပြန်သည်။

"ဒါ အဖြေလား လို့…"

ရှီလာက ဒေါပွပွဖြင့် ဟာမစ်အား ဆက်ပြောသည်။

"ဒီမှာ မစ္စတာဟာမစ်၊ ကျွန်မ သူ့ချိန်ဘာမှာ ဘယ်လောက်ကြာပြီထင်သလဲ၊ လေးနှစ်ရှိပြီ၊ အဲဒီ လေးနှစ်အတွင်းမှာ တစ်ခါမှ ကျွန်မကို ခရီးမွှမ်းဖူးသေးဘူး၊ 'ဒါလေးကွယ်၊ ဆရာ့ကို ကူပြီးလုပ်ပေးစမ်းပါ' လို့

အကူအညီ မတောင်းခဲ့ဖူးဘူး၊ ခိုင်းစရာရှိတာကိုသာ ခိုင်းသွားတာပဲ။ အခုတော့ အကူအညီမလိုတဲ့လူကြီး ဒုက္ခလှလှကြီးတွေ....”

ရှီလာ၏စကား မဆုံးသေးမီမှာဘဲ ကရောဖို့က အခန်းပေါက်ဝတွင် ထောင်မှူးတစ်ဦးနှင့်အတူ ရပ်နေသည်။ ရှီလာလည်း ကရောဖို့ကိုမြင်၍ စကားကိုရပ်လိုက်သည်။

ဟာမစ်က ရှီလာ ဒေါပွပွဖြင့် ပြောနေခဲ့တာတွေကို တတ်နိုင်သလောက် ဖုံးဖိတဲ့အနေဖြင့် ကရောဖို့ထံ လျှောက်သွားပြီး နှုတ်ဆက်သည်။

“စောင့်လိုက်ရတာဗျာ လာ... လာ... ထိုင်၊ ဒီနေ့အဖို့ ခင်ဗျားဘယ်လောက်ပင်ပန်းနေပြီဆိုတာကိုတော့ သိပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့နဲ့ ဆက်ပြီးတော့ ထိုင်လိုက်ဖို့ရှိသေးတယ်ဗျို့၊ ခင်ဗျားကိစ္စကြီးက မပြတ်သေးဘူး မဟုတ်လား”

ဟာမစ်က ကရောဖို့ကို ဟန်နှင့်ပန်နှင့် ပြောလိုက်ရသော်လည်း သူ စိတ်လှုပ်ရှားနေသည်ကိုတော့ လုံးဝ မပေါ်အောင် မဖုံးနိုင်ပေ။

ကရောဖို့ကတော့ ဟာမစ် ပြောနေသည်ကို မကြားသည့်ပုံသဏ္ဌာန်ဖြင့် ဟာမစ်၏ လက်ကိုသာ လှုပ်ရမ်းနှုတ်ဆက်သည်။ ဒါပေမယ့် လက်ဆွဲနှုတ်မဆက်ရသည်မှာ ကြာသွား၍လားတော့မသိ၊ အချိုးမကျဖြစ်နေသည်။

“ကဲ ဟာမစ်၊ ခဏကလေးဗျာ၊ အခန်းထဲက ထွက်ပေးစမ်းပါ”

ဟာမစ်၏ မျက်နှာမှာတော့ အံ့သြခြင်းအပြည့်ဖြင့်

“ကျွန်တော် ရှီလာကို စကားနည်းနည်း ပြောချင်လို့ပါ”

ဟာမစ်က ကရောဖို့၏ မျက်နှာကို ကြည့်လိုက်သည်။ ဘာအဓိပ္ပာယ် မှတော့ ဖော်လို့မရ။ ဒါပေမယ့် အလျင်အမြန် ပြောချင်နေတဲ့ပုံတစ်ခုတည်းသာ ပေါ်နေသည်။

“ဖြစ်ပါတယ်...”

ဒါပေမယ့် ဟာမစ်၏ တာဝန်က တာဝန်ကျ အကျဉ်းထောင်အရာရှိကို လေချိုသွေးပြီး အခန်းထဲမှခေါ်ထုတ်သွားဖို့ လိုသေးသည်။ ဒါကြောင့်





ဘိုပုဂ္ဂိုလ်အား ချဉ်းကပ်၍ စကားတစ်ခွန်းနှစ်ခွန်း ပြောရသည်။ ဘိုပုဂ္ဂိုလ်ကလည်း တရားခံ ထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်း လက်စွဲဥပဒေစာအုပ်မှ တရားခံနှင့် တရားခံ၏ ရှေ့နေကို တွေ့ဆုံခြင်းအတွက် သတ်မှတ်ထားသော အချက်ကို အခြေအနေနှင့် လိုက်လျောအောင် သူ့သဘောနှင့်သူ အဓိပ္ပာယ်ကောက်ယူကာ ကရောဖို့နှင့် ရှီလာတို့အား အခန်းထဲတွင် ထားခဲ့ပြီး သူနှင့် ဟာမစ်တို့ကတော့ အခန်းပြင်သို့ ထွက်လာကြသည်။

ရှီလာကတော့ ကရောဖို့ အခန်းတွင်းသို့ ဝင်လာပြီးကတည်းက နံရံဘက်သို့ လှည့်နေသည်မှာ မလှုပ်ရှားသေး။ စောစောက သူ၏ စိတ်လှုပ်ရှားမှု အရှိန်ကတော့ ကုန်သွားပြီဖြစ်သည်။ အခုတော့ ဟာတာတာကြီး ဖြစ်နေသည်။ ကရောဖို့ လျှောက်လာတော့ ခြေသံ၊ ကုလားထိုင်ကို ဆွဲ၍ထိုင်လိုက်သံ၊ ပြီးတော့ သူ့ကို ကရောဖို့က ပြောသံတို့ကို ကြားလိုက်ရသည်။

“ထိုင်ပါဦး ရှီလာ”

ရှီလာက လှည့်၍ စားပွဲဆီသို့ ဖြည်းဖြည်းလျှောက်လာပြီး ကရောဖို့၏ လက်ဝဲဘက်က စားပွဲစွန်းရှေ့တွင် ထိုင်သည်။ ကရောဖို့က စားပွဲပေါ်မှ ရှီလာ၏ စီးကရက်ဘူးကိုမြင်၍ ရှီလာထံမှ စီးကရက်ကို တောင်းသည်။

“ဆေးလိပ်တစ်လိပ်လောက် သောက်ပါရစေကွာ”

“သောက်ပါ ဆရာ၊ ဒါပေမယ့် ပြင်သစ်စီးကရက်တော့ ပြင်သစ်စီးကရက်ပဲ”

“ဖြစ်ပါတယ်၊ ပဲရစ်မြို့က ဘာစကီး ထောင်မှာလဲ ပလေးယားစီးကရက်ကို သူတို့ သောက်ချင် သောက်ကြမှာပေါ့၊ ဘယ်သူပြောနိုင်မလဲ”

“ဟုတ်တာပေါ့ ဆရာ”

ရှီလာက သူ့မီးခြစ်ကိုခြစ်၍ ကရောဖို့၏ ပါးစပ်မှ စီးကရက်ကို မီးညှိပေးသည်။

"ရှိလာ၊ ဆရာဟာ ကလေးဘဝကတည်းက အမှားလုပ်မိရင် ဝန်ခံတတ်တဲ့ အလေ့ရှိတယ်၊ မင်းလဲပဲ ငါ့လိုပဲလို့ထင်တယ်"

"ဟုတ်ပါတယ် ဆရာ"

"ဒါပေမယ့် ဆရာက မမှားခဲ့ဖူးဘူးဆိုတော့ ဝန်မခံခဲ့ရဘူးပေါ့၊ ဆရာ မှားတယ်လို့ ပြောခံရဖူးပါတယ်၊ ဒါပေမယ့် ဆရာ ကျေနပ်အောင် သက်သေမပြနိုင်ခဲ့ကြဘူး"

ဤမျှလောက် ပြောမိတော့ ရှိလာက သူ့ကို ရည်ရွယ်၍ ပြောနေကြောင်း ရိပ်မိလာသည်။

"ဆရာ ဝင်လာတုန်းက မင်း ဒေါပွပြီး ပြောနေတဲ့စကားတွေကို ကြားလိုက်ရပါတယ်၊ အခန်းပြင်ဘက်ကတည်းက ကြားလိုက်ရတယ်၊ မင်း ဒေါပွနေတာက မင်းတို့တစ်တွေရဲ့ စကားကို နားမထောင်လို့ ငါဟာ လူသတ်မှုနဲ့ အပြစ်ပေးခံရတော့မယ်၊ နောက်ပြီးတော့ လေးနှစ်လုံးလုံး ဆရာ့ချိန်ဘာမှာ လုပ်လာခဲ့တာ တစ်ခါမှ မျက်နှာကောင်းမရခဲ့ဘူး… အစရှိသည်ဖြင့်ပေါ့ကွာ"

ရှိလာ၏ မျက်နှာက နီနေသည်။ ဘာပြန်ပြောရမှန်းတောင် မသိတော့၊ ပြောမိပြောရာကိုသာ ပြောချလိုက်သည်။

"ဆရာ ကျွန်မ တကယ်ပြောတာ မဟုတ်ပါဘူး၊ ကလေးတစ်ယောက်လို ပြောမိခဲ့တာပါ"

"ဟ… တကယ်မဟုတ်ဘဲနဲ့ ဘာလို့ပြောရမှာလဲ"

ကရောဖို့၏ ယုတ္တိဗေဒက တိုတိုနှင့် ထိရောက်သည်။ ဒါကို ရှိလာက ထစ်ထစ်ငေါ့ငေါ့နဲ့ ရှင်းရပြန်သည်။

"ဟုတ်ပါတယ် ဆရာ၊ ပြောတုန်းကတော့ တကယ်ပါပဲ၊ ဒါပေမယ့် ကျွန်မ ပြောရတာက…"

ရှိလာမှာ ရှေ့ကိုလည်းဆက်၍ မပြောနိုင်၊ ထစ်အ ထစ်အနဲ့သာ တစ်နေသည်။ ကရောဖို့က ရှိလာ၏ စကားကိုဝင်၍ ဖြည့်ပေးလိုက်သည်။





"မင်းပြောလိုတာက ငါ့အမှုမှာ ငါ အသုံးမကျလို့ ထောင်ဒဏ်တစ်သက် အပြစ်ပေးခံရမှာကြောင့် စိတ်ထိခိုက်သွားတယ်လို့ ပြောချင်တာ မဟုတ်လား"

"ဒါတင်မကသေးပါဘူးဆရာ၊ အများကြီးပါပဲ၊ သက်သေထွက်ချက်တွေအားလုံးဟာ လုပ်ကြံထားတဲ့အကြောင်း၊ နေလာဟာ ယုတ်မာတဲ့လူကြီး ဖြစ်တဲ့အကြောင်း၊ မေ့(တ်)လင်းကလဲ ဆရာ့ကို ချောက်ချသွားတဲ့အကြောင်း၊ အာမိတာ(ဂျ်)ဆိုတဲ့လူကို မတွေ့တဲ့အကြောင်း၊ ဆရာက အမှန်ကိုပြောရက်နဲ့ လူတွေက မယုံတဲ့အကြောင်း… မတရားတဲ့ကိစ္စတွေ စုံလို့ပါပဲ ဆရာရယ်"

ရှိလာသည် တစ်ကိုယ်လုံး တုန်နေသည်။ သူသည် စိတ်ထိခိုက်မှုဒဏ်ကို အပြင်းအထန် ခံစားနေရသည်။

"ရှိလာ၊ မင်းဟာ ငါ့အမှုကိုလိုက်တဲ့ ရှေ့နေတစ်ယောက်ဖြစ်တယ်၊ ရှေ့နေကို တိုင်ပင်ဖို့ ငှားထားတာ၊ ရှေ့နေဟာ စဉ်းစားဆင်ခြင်ရမယ်၊ သူ့အမှုသည်ကို အကြံပေးရမယ်၊ လုပ်စရာရှိတာကို လုပ်ရမယ်၊ တရားတယ် မတရားဘူးစတဲ့ အသုံးမကျတဲ့ စိတ်ကူးတွေကို မင်းခေါင်းထဲမှာ လက်ခံထားရင် ခုန ကပြောတဲ့ အလုပ်တွေကို ဘယ့်နှယ်လုပ်ပြီး လုပ်နိုင်မှာလဲ"

အခုလို က ရာဖို့က မညှာမတာ ပြောလိုက်တော့လည်း ရှိလာက ဒေါပွလာပြန်သည်။

"ဒါတွေ ကျွန်မ သိပါတယ်"

"အေး မင်း သိတယ်ဆိုရင် လုပ်ပေါ့ကွ၊ မလုပ်ရင် မင်း လေးနှစ်လုံးလုံး စိတ်အငြိုအငြင်ခံပြီး ဒုက္ခခံလာခဲ့တာ အလကားဖြစ်သွားမှာပေါ့၊ မင်းအတွက် ဘယ်လိုမှ မဖြစ်ပါဘူးဆိုရင်တောင် ငါ့အဖို့တော့ မင်းကိုငါ အလုပ်သင်ပေးရတာ အလဟဿ ဖြစ်သွားမှာပေါ့"

ကရောဖို့၏ စကားလုံးများက ရှိလာ၏ ခေါင်းထဲဝယ် သံမှိုနှက်သကဲ့သို့ စွဲသွားသည်။

"ကျွန်မကို ခွင့်လွှတ်ပါ ဆရာ၊ ခုလို ဖြစ်သွားတာ ကျွန်မ ဝမ်းနည်းပါတယ်"

"အေး ငါလဲ ဝမ်းနည်းတာပဲကွ"

အခုတော့ ကရောဖို့က လေသံမှန်မှန်၊ အမူအရာ အေးအေးဆေး ဆေး ဖြစ်သွားလေပြီ။

"ကဲ တို့အခုလို နားလည်မှုရသွားပြီဆိုတော့ မှားခဲ့တာတွေ ဘယ်လိုပြင်မလဲဆိုတာ စဉ်းစားကြည့်ကြရအောင်၊ ပထမပြောချင်တာက မင်းစိတ်မငြိမ်မသက်ဖြစ်ပြီး ပြောချင်တာတွေကို ပြောခဲ့တာကို ဆရာက အပြစ်တင်တာနဲ့ပဲ ဆရာ့အတွက် မင်း စိတ်ပူနေတာကို ဆရာက အမှတ်တမဲ့နေတယ်လို့ မထင်ပါနဲ့၊ မင်းကို ဆရာက သိပ်ပြီးကျေးဇူးတင် ပါတယ်"

ကရောဖို့မှာ အရင်က ကရောဖို့ မဟုတ်တော့သည့်သဏ္ဌာန် ဆောင်နေပါပကော။

ဒုက္ခနှင့် ကြုံတွေ့ရပြီမို့ ဘဝကို သဘောပေါက်လာလေသလား၊ အရင်ကလို ထောင်လွှားသည့်မာန မရှိတော့သည့်ပုံ ဖြစ်နေသည်။

ရှီလာက ရှက်သွေးဖြန်းကာ မနေတတ် မထိုင်တတ်ဖြစ်နေ၏။ သူ့ဆရာ ဦးမာနကြီးက တောင်းပန်စကားပြောတော့မည် ပြင်နေတော့ လည်း နားထောင်ရမှာ အားနာနေပြန်သည်။

"ဆရာ..."

ကရောဖို့က စကားကိုသာ ဆက်ပြောသည်။

"ဒုတိယ ပြောချင်တာက ဆရာ့ချိန်ဘာမှာ မင်း လေးနှစ်အလုပ် သင်လာတာနဲ့ ပတ်သက်လို့ ပြောချင်တယ်၊ မင်း မကျေနပ်တာကို ဆရာ သဘောပေါက်ပါတယ်၊ ဆရာ့မှာ အပြစ်ရှိပါတယ်ကွာ၊ ဒါပေမယ့် ဒီလိုရှိတယ်ကွ၊ ဆရာ ရှင်းပြမယ်၊ တို့ ရှေ့နေလောကထဲမှာ အစွမ်းအစရှိတဲ့ အလုပ်သင် ရှေ့နေကလေးတွေကို သိပ်မတွေ့ရလှဘူး၊ ကံကောင်းထောက် မလို့ တွေ့လို့ရှိရင် သူတို့ကို ဂရုစိုက်ပြီး ကိုင်တွယ်ဖို့လိုတယ်၊ အဲသလို





အစွမ်းအစရှိတဲ့ လူငယ်လေး ဆယ်ယောက်မှာ ကိုးယောက်ဟာ ကိုယ့်ကိုယ် ကို အထင်ကြီးလေ့ရှိတယ်၊ အဲဒီတော့ အဲဒီကိုးယောက်ဟာ တောက်ပြောင် ဘဲ့ ကြယ်ပွင့်တွေ ဖြစ်လာရမယ့်အစား ကိုယ့်ကိုယ်ကို အထင်ကြီးပြီး ဘဝင်မြင့်တဲ့ သူလိုငါလို ရွက်ကြမ်းရေကျိုပဲ ဖြစ်လာတတ်တယ်"

ကရောဖို့က ရှီလာကို စိုက်ကြည့်နေသည်။ ရှီလာမျက်နှာပေါ်တွင် စိတ်လှုပ်ရှားသော အရိပ်အရောင်များ တော်တော်ပင် ပျောက်သွားချေပြီ။ မျက်လုံးညိုကြီးတွေမှာတော့ စိတ်လှုပ်ရှားမှု အကြွင်းအကျန်ကလေးတွေကို တွေ့နိုင်သေးသည်။ ထိုမျက်လုံးညိုကြီးတွေက သူ့မျက်လုံးတွေကို ပြန်၍ စိုက်ကြည့်နေသည်။ ကရောဖို့က စိတ်မလုံသည်နှင့် သူပြောလိုက်သည့် အသံသည်ပင် နည်းနည်းကြမ်းသွားသယောင်ယောင် ထင်ရသည်။

"ဆရာက အဲ့သလို ရွက်ကြမ်းရေကျိုမျိုး မင်းကိုဖြစ်မလာစေချင် ဘူး"

သူတို့နှစ်ဦးမှာ အခုမှ ပထမဦးဆုံး တကဲ့နားလည်မှု ရလာကြ သည်။ နားလည်မှု ရလာသည်ဆိုတော့လည်း ခင်မင်မှု၊ တွယ်တာမှုတို့က အရှိန်အဟုန်ပြင်းစွာ ပေါ်ထွက်လာကြသည်။

"ကျွန်မက အဲသလိုမှန်းမှ မသိဘဲ"

ရှီလာက ကရောဖို့၏ မျက်လုံးများကို ရင်မဆိုင်တော့။ မျက်လွှာချ သွားသည်။

"ဆရာကလဲ မင်းမသိအောင် ဂရုစိုက်ပြီး ထိန်းထားခဲ့တာကိုး"

ကရောဖို့က မရယ်ချင်ရယ်ချင်နှင့် ရယ်၍ပြောလိုက်သည်။

"အဲ့ဒီနေရာမှာ ဆရာ မှားခဲ့တာဖြစ်မယ်၊ မင်းကို စောစော ကတည်းက ပြောခဲ့ရင် အကောင်းသား၊ ဆောရီးပဲကွာ၊ ဟိုတုန်းက မပြောခဲ့မိတာ အခုပြောရမှာပေါ့"

သူက ရှီလာ မျက်လွှာချထားသည်ကို မရမက မျက်လုံးချင်းလိုက်၍ ဆိုင်သည်။ ရှီလာ၏ လက်ဖမိုးတစ်ဖက်က စားပွဲစွန်းတွင် တင်ထားသည်ကို သူက သူ၏ လက်မဖိုးဖြင့် အသာအယာ ဆုပ်နယ်ပေးသည်။ ရှီလာ၏

လက်ချောင်းကလေးများက-သူ၏ လက်ချောင်းကလေးများ အကြားတွင် ယှက်ရက်သား။ ကရောဖို့၏ အသံကတော့ ကမန်းကတန်း ပြောလိုက်ရပုံ ပေါက်နေ၏။

"ရှီလာ မင်းမှာ တောက်ပြောင်တဲ့ အစွမ်းအစရှိတယ်ကွဲ့၊ အဲဒါကို မင်းဆက်ပြီး ထိန်းထားပေတော့"

သူတို့နှစ်ဦးမှာ ကိုယ်ချင်းစိတ်ချင်း နီးကပ်နေကြသည်။ ဒီလောက် နီးကပ်ရင်းနီးလာတော့ ယုယမှုကလေးတွေက ပေါ်လာချင်ကြသည်။ ကြင်နာချင်တာလေးတွေလည်း ရှိလာချင်ကြသည်။ သို့သော် အခုလို အခါနဲ့ အခုလိုနေရာမှာတော့ အခွင့်မသာပါ။ ထို့ကြောင့် ကရောဖို့က သူ၏ လက်ကို ရုပ်လိုက်ပြီး ရှီလာကို ပြောလိုက်ရသည်။

"ကဲ ရှီလာ၊ မင်း သွားပြီးတော့ ဘာလေးညာလေး စားလိုက် သောက်လိုက်ဦး၊ ဟာမစ်ကို လွှတ်လိုက်ပါ"

ရှီလာက ဘာမှပြန်မပြော၊ သူ့လက်ပွေ့အိတ်ကို ကောက်ယူကာ တံခါးဆီသို့သွားသည်။ တံခါးဖွင့်ပေးရန် ဘဲ(လ်)ကို နှိပ်ရာ ဘဲ(လ်)သံမှာ မီးသတ်ခေါင်းလောင်းသံတမျှ သူ့နားထဲတွင် ဆူညံသွားသည်ဟု ထင်မိသည်။

"ရှီလာရေ..."

ကရောဖို့ ခေါ်လိုက်သည့်အသံကို ရှီလာက တစ်ခါမှ မကြားဖူးခဲ့ အခုတော့လည်း နည့်ပျော့ပျောင်းလှပါတကား။

ဒီအသံက သူတို့နှစ်ဦး၏အကြား၌ ဖြစ်ပေါ်လာသော ဆက်ဆံရေး အတိုင်းအတာကို ဖော်ပြလိုက်သလိုပင်။

ရှီလာက သူ့ကိုလည်း ပြန်ကြည့်လိုက်သည်။

ကရောဖို့က ရှီလာကို ပြုံးဖြဲဖြဲဖြင့် ပြောလိုက်သည်။ ရှီလာအဖို့ တော့ ကရောဖို့၏အပြုံးကို မြင်လိုက်ရသည်ကြောင့် အခုလို နှစ်လိုဖွယ် ရာမရှိသော မွဲခြောက်ခြောက် ပတ်ဝန်းကျင်သည်ပင်လျှင် တောက်ပပြောင် လက်ပြီး သာယာစိုပြေသည့် ပတ်ဝန်းကျင်ဟု ထင်မိယောင်မှားမိသည်။





"ဒီတစ်ခါမှာတော့ မင်းရဲ့အကူအညီကို ဆရာ တကယ်လိုနေပြီကွာ"

အခန်းတံခါး ပွင့်လာပြီး ထောင်မှူးဝင်လာသည်။

ရှီလာကတော့ ဘာမှပြန်မဖြေပါ။ ဒါပေမယ့် သူ့အမူအရာကို ကြည့်လျှင်ပင် အဖြေကို ထုတ်ပြောနေဖို့ မလိုတော့ပေ။

ရှီလာတစ်ယောက် မရှိတော့သည့်အတွက် ဒီအခန်းသည်ပင် ကရောဖို့အဖို့ မူလအတိုင်း မွဲခြောက်ခြောက် ထိုင်းတိုင်းတိုင်းနဲ့သာ ကျန်နေခဲ့ပါသည်။

*

## အခန်း(၁၁)

ဟာမစ် အခန်းထဲသို့ ပြန်ရောက်လာသည့်အချိန်မှာ ကရောဖို့က ကုလားထိုင်ပေါ်တွင် ဖိမ်ကျကျ ထိုင်နေသည်။ ကုလားထိုင်ကို နောက်သို့ စောင်းပြီး ထရံတွင် မှီထားသည်။ ခြေထောက်ကတော့ စားပွဲပေါ်မှာ တင်ထားလျက်သားရှိနေ၏။ ထိုင်နေရာက ဟာမစ်ကို လှမ်း၍ ခရီးဦးကြိုပြု နေသည်။

"လာဗျို့ ဟာမစ်၊ ညှော်ခံစရာတော့ ရေပဲရှိတယ်"

ဟာမစ်က သူ့ဘေးတွင် ဝင်ထိုင်လိုက်သည်။ ဟာမစ်ကတော့ ကရောဖို့ ဘာကြောင့် ဒီလောက် စိတ်ရွှင်နေသည်ကို သိချင်နေသည်။

ကရောဖို့က စကားပလ္လင် ဘွင်းဘွင်းပဲ စပြောလိုက်သည်။

"ကျွန်တော် လုပ်လိုက်တာကတော့ တော်တော် အခြေအနေ ဆိုးသွားတာပဲဗျို့"

"ဟုတ်တယ်ဗျ၊ အခုဆိုရင်တော့ ခင်ဗျား နည်းနည်းစဉ်းစဉ်း စားစား လုပ်ဖို့ကောင်းပြီ"

ဟာမစ်က ကရောဖို့နှင့် အကျယ်တဝင့် ငြင်းမနေတော့၊ သူလို ချင်တာကိုသာ ပြောလိုက်သည်။

"ဟုတ်ပါတယ်လေ"





ကရောဖို့က ဝန်ခံသည်ကို ဟာမစ်က မယုံတစ်ဝက် ယုံတစ်ဝက် …သာ နားထောင်နေသည်။ ဘာမှတော့ ဝေဖန်ချက်မပေးပေ။

ကရောဖို့က ဟာမစ်၏ မျက်နှာထားကိုကြည့်၍ သွေးတိုးစမ်း …ိုက်သည်။

"ဒါထက်ဗျာတရားသူကြီးကိုကျွန်တော်က …ောင်းပန်ပါတယ်လို့ ပြောလိုက်ပါ"

"ပြောဖို့အချိန်တွေ ရှိပါသေးတယ်"

"သူ ခင်ဗျားကို တွေ့ပြီးပြီလား"

"ခဏတော့ တွေ့လိုက်ရပါတယ်"

"ဒါဖြင့် သိပြီးပြီပေါ့"

"ဟုတ်ပါတယ်၊ သိပြီးပါပြီ"

"အင်း"

ကရောဖို့က ဟာမစ်ကိုကြည့်၍ အခြေအနေကို သုံးသပ်နေသည်။ …ခုအထိတော့ သူတို့နှစ်ဦး စကားပြောရတာ အံမဝင်သေး။

ဟာမစ်က ကရောဖို့ကို မကျေနပ်သံဖြင့် မေးလိုက်သည်။

"ကရောဖို့၊ ခင်ဗျားဆီကို တရားသူကြီး မစ္စတာအော့(စ်)ဘွန်း …ာတွေ့သွားတာကို ဘာဖြစ်လို့ ကျွန်တော့်ကို မပြောတာလဲဗျ"

"သိပ်အကြောင်းထူးမယ် မထင်လို့ပါ"

"ကျွန်တော်သာ သိလိုက်ခဲ့ရင် သူ့ကို ခင်ဗျားပြောလိုက်တာမျိုး …ပြောလိုက်စေရဘူး"

"ဒါကြောင့်မို့လဲ ကျွန်တော်က ခင်ဗျားကို မပြောတာ"

"ခင်ဗျား တော်တော်ခေါင်းမာတဲ့လူပဲဗျ"

"ကျွန်တော်က ငြင်းနေတာ မဟုတ်ပါဘူးဗျ"

ဟာမစ်ကတော့ ကရောဖို့နှင့် ပြိုင်ပြော၍ မနိုင်နိုင်ကြောင်း …သိသည်မို့ စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ထားပါတော့ဗျာ၊ အော့(စ်)ဘွန်း တိုက်တွန်းတဲ့လမ်းစဉ်က

မကောင်းဘူးလားဗျ ကရောဖို့ရ"

"ခင်ဗျား ဆိုလိုတာက အချင်းဖြစ်ပွားတဲ့ အချိန်တုန်းက ကိုယ့်ကိုယ်ကို တာဝန်မယူနိုင်တဲ့ စိတ်အနေအထား ရှိနေပါတယ်လို့ အသနားခံဖို့လား"

"ဟုတ်တယ်"

ကရောဖို့သည် စောစောကတည်းက ဒီစကားကို မျှော်လင့်ထားပြီး ဖြစ်သည်ကြောင့် ဟာမစ်ထံက ဒီစကားကို ကြားရတော့ သူက ချေပဖို့ အဆင်သင့်ဖြစ်နေပေပြီ။

"သူတိုက်တွန်းတာက မဖြစ်နိုင်တာကြီးဘဲ၊ အော့(စ်)ဘွန်းကိုလဲ ကျွန်တော်က ဒီလိုပြန်ပြောလိုက်တာပဲ"

"ဟုတ်ပါတယ်၊ သူကလဲ ကျွန်တော့်ကို ခင်ဗျား ဒီလိုပြောသွားတယ်ဆိုတာ ပြန်ပြောပါတယ်"

ဟာမစ် ကရောဖို့လိုတော့ ချက်ကျကျ ပြန်ဖြေနိုင်ဖို့ စကားလုံးမရွေးတတ်၊ ဒါပေမယ့် သူ့မှာ ပြောဖို့အချက်တွေ အများကြီးရှိသည်။

"ခင်ဗျား သိလိုက်ရဲ့လား ကရောဖို့၊ ဒီနေ့ နေ့လယ်ခင်းတုန်းက တရားသူကြီး မစ္စတာအော့(စ်)ဘွန်းဟာ သူ့တိုက်တွန်းချက်အတိုင်း လုပ်နိုင်အောင် ကျွန်တော်တို့ကို ကူညီဖို့ သူက အသင့်ရှိနေတယ်ဆိုတာကို"

"ကူညီဖို့၊ ဘယ်လိုကူညီမှာလဲ"

"ဒီနေ့ မွန်းလွဲပိုင်းမှာ သူတရားစစ်နေတာကို စောစောရပ်လိုက်ဖို့ ရည်ရွယ်ထားတယ်၊ ဒါမှ မေ့(တ်)လင်းကို မွန်းလွဲပိုင်းမှာ မခေါ်နိုင်ဘဲ နက်ဖြန်မှ ခေါ်နိုင်အောင်လို့၊ ကျွန်တော်တို့လဲ ဒီနေ့ညမှာ ခင်ဗျားနဲ့ ဆွေးနွေးပြီး ခင်ဗျားကို တိုက်တွန်းဖို့ အချိန်ရအောင်လို့ပေါ့ဗျာ"

"သူက ဒီလောက်တောင် အသေအချာ တွက်ထားတာကိုး"

ကရောဖို့၏ အသံကတော့ မယုံနိုင်သည့်အသွင် ရှိသည်။ သို့သော် ကရောဖို့မှာ စိတ်ထိခိုက်မှုကို ဆက်တိုက်ခံစားခဲ့ရသည်မို့ ကိုယ့်ကိုယ်ကို ယုံကြည်မှုနည်းလာသည်။





ဒါကိုမြင်ရသည့် ဟာမစ်က အခွင့်အရေး အလွတ်မခံဘဲ သူပြော င်တာကို ဆက်၍ပြောတော့သည်။

"ဟုတ်တယ်၊ သူ တွက်ထားသလို ကျွန်တော်လဲ တွက်ထားတာပဲ"

ကရောဖို့ကတော့ ခေါင်းမာမာနှင့် ပြန်ပြောသည်။

"ခင်ဗျားတို့ပြောတာ ကျွန်တော် နားမထောင်နိုင်ဘူးဗျာ"

"ဒီမှာ ကရောဖို့၊ ခင်ဗျားအတွက် အကောင်းဆုံးဖြစ်အောင် ကျွန်တော်တို့က ဝိုင်းလုပ်ပေးနေတာပါဗျ"

ကရောဖို့က ဒေါသဖြစ်လွန်းသဖြင့် ခုန်၍ထလိုက်ရာ သူ့ကုလား ထိုင်မှာ နောက်သို့ပင် လဲကျသွားသည်။

"ဒါပေမယ့် ခင်ဗျားတို့ စိတ်ကူးထားတဲ့ အယူအဆက တစ်လွဲကြီး ဗျ"

သူက ဟာမစ် အနားကနေ အခန်း၏ အခြားဘက်သို့ သွားပြီးရပ် နေသည်။ စကားပြောတော့လည်း အခန်းထောင့်ကိုသာ ကြည့်၍ပြော သည်။

"ကျုပ် အဲဒီလူကို မသတ်ပါဘူးဗျ၊ ဒါ အမှန်ပါ၊ ကျုပ် ကျမ်း ကျိန်ပြောရဲပါတယ်"

ဟာမစ်က ဖြည်းဖြည်းချင်းကုန်း၍ လဲနေသည့် ကုလားထိုင်ကို ကောက်ယူ၍ ထောင်သည်။

"ဒီအတိုင်း ခင်ဗျားပြောလာခဲ့တာပဲ၊ ကျွန်တော် လက်ခံပါတယ်"

"လက်ခံတယ်ဆိုရင် အခု ကျွန်တော် ပြောခဲ့တာကို ဖျက်ပြီး ဟုတ်ပါတယ်၊ ကျွန်တော် သတ်ခဲ့ပါတယ်၊ ဒါပေမယ့် အဲဒီအချိန်တုန်းက ကျွန်တော့်စိတ်ကို ကျွန်တော် အစိုးမရပါဘူး၊ ဒါကြောင့် ကျွန်တော့်မှာ တာဝန်မရှိပါဘူးလို့ ပြန်ပြောခိုင်းနေတာ ဘာသဘောလဲဗျ၊ ကျွန်တော် တကယ်မသတ်ခဲ့ပါဘူး၊ ကျွန်တော်လဲ စိတ္တဇဝေဒနာ မခံစားခဲ့ရပါဘူး၊ ကျွန်တော် အဲသလိုပြောရင် ကျွန်တော် လိမ်ရာကျမှာပေါ့"

"ခင်ဗျားကိုယ် ခင်ဗျား သေချာလို့လား မစ္စတာကရောဖို့"

ဟာမစ် မေးလိုက်သည်ကို ကရောဖို့က မဖြေနိုင်သေး၊ ဟာမစ်ကို ခဏမျှ စိုက်ကြည့်နေသည်။

"သေချာပါတယ်"

ကရောဖို့ကို ကြည့်ရသည်မှာ ခွန်အားမရှိသော အဘိုးကြီး တစ်ယောက်နှင့် တူနေပေသည်။ ရပ်နေရာမှ ပြန်လျှောက်လာပြီး ကုလားထိုင်တွင် ထိုင်လိုက်သည်။

ဟာမစ်က လေသံပျော့ကလေးဖြင့် မေးပြန်သည်။

"ခုနတုန်းက ခင်ဗျား ချက်ချင်းမပြောဘူး၊ ခဏတွေးနေသေးတယ်၊ ဘာဖြစ်လို့လဲ"

"ခင်ဗျား ဆိုလိုတဲ့ အဓိပ္ပာယ်ကို ကျွန်တော် ကောင်းကောင်း နားမလည်လို့ ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့်ပါ"

"အမှန်တော့ ခင်ဗျား နားလည်တယ် မဟုတ်လား၊ ခင်ဗျားဟာ **စိတ္တဇဝေဒနာ** ခံစားနေခဲ့ရတယ်ဆိုတာ..."

ကရောဖို့က ခါးခါးသီးသီး ငြင်းသည်။

"ကျွန်တော် နည်းနည်း စိတ်ဂယောက်ဂယက် ဖြစ်တာလောက်ပဲ ရှိတာပဲ၊ ဒါတွေလဲ ကျွန်တော်တို့ ပြောခဲ့ပြီးပြီပဲ"

ကရောဖို့၏ ပြောပုံက ပျော့တော့တော့မို့ ဟာမစ်က အလျှော့မပေးဘဲ ဆက်ပြော၏။

"ဒီလိုရှိသေးတာကိုး ကရောဖို့ရ၊ ကျွန်တော်တို့ ပြောခဲ့တာက သိပ်ပြီးတော့မှ လိပ်ပတ်မလည်ခဲ့ဘဲ"

"တော်ပါတော့ဗျာ ဟာမစ်ရာ"

"မတော်နိုင်သေးဘူးဗျ၊ ဆက်ပြောရဦးမယ်"

အခုအနေထားမှာတော့ ဟာမစ်က ရှေ့ဆောင်၊ ကရောဖို့က နောက်လိုက်ဖြစ်နေလေပြီ။ ဟာမစ်ကလည်း နိုင်နေတုန်းမို့ ဖိ၍သာ ပြောတော့သည်။

"ဒီမှာ ကျုပ် ပြောတာကို နားထောင်ကိုယ့်လူ၊ စိတ်ဆိုတာ





အင်မတန် ဆန်းကြယ်တယ်ဆိုတာ ကိုရင် အသိသားမဟုတ်လား၊ ခင်ဗျားဟာ ဆိုးဝါးတဲ့ အပြုအမူတစ်ခုခုကို လုပ်မိတယ်ဆိုပါတော့၊ ဒါဟာ စဉ်းစားဉာဏ်ရှိသူတိုင်းအဖို့ မနှစ်မြို့စရာကြီးပေါ့၊ ဒါပေမယ့် လုပ်တုန်းက မူလစိတ်မှ မဟုတ်ခဲ့ဘဲကိုး၊ ဆင်ခြင်တုံတရားနဲ့ယှဉ်ပြီး မစဉ်းစားခဲ့ဘူးပေါ့၊ အဲဒီ မနှစ်မြို့စရာအလုပ်ကို ခင်ဗျားရဲ့ 'မသိစိတ်' လို့ ခေါ်တဲ့ စိတ်တစ်မျိုးကဝင်ပြီး ဖုံးထားတတ်တယ်၊ ခင်ဗျား ပုံမှန်စိတ် ပြန်ဖြစ်လာတဲ့အခါမှာ ကျူးလွန်မိခဲ့တာကို သတိမရတော့ဘူး၊ မသိစိတ်က ဖုံးထားလိုက်တာကိုး၊ အဲဒီသဘောအတိုင်းပဲ၊ ခင်ဗျားဟာ ဟိုနေ့ညတုန်းက ခင်ဗျားရဲ့ စိတ္တဇဝေဒနာကြောင့် မူလစိတ်ပျောက်ပြီး ကျူးလွန်မိတဲ့အဖြစ် ရောက်သွားခဲ့မိမှာပေါ့၊ အခုတော့ ခင်ဗျားရဲ့ မသိစိတ်က ဖုံးထားခဲ့လို့ ခင်ဗျား မသိရတာ ဖြစ်မှာပေါ့"

"ကျွန်တော် ဘာမှမဖြစ်ခဲ့ပါဘူး"

ကရောဖို့၏ အသံမှာ စိတ်ပျက်အားလျော့သည့် အသွင်ဆောင်နေပြီ မျက်နှာတွင်လည်း ချွေးတွေက ရေစီးသကဲ့သို့ စီးကျနေသည်။

"ကျွန်တော့်ကို ဆေးရုံက လုံးဝပျောက်ပြီဆိုပြီး ဆင်းခိုင်းလို့ ဆင်းလာခဲ့တာပဲဗျ"

"ဟုတ်တယ်လေ၊ အဲဒီကိစ္စမတိုင်ခင် တစ်လခွဲလောက်အထိတော့ ခင်ဗျားဟာ လူကောင်းပဲ၊ ဒါပေမယ့် ပြန်ပြီးဖြစ်နိုင်တာပဲ၊ အဲဒီတစ်လခွဲ ကာလအတွင်းမှာ ခင်ဗျားစိတ်ကို ထိခိုက်စေတဲ့ အဖြစ်အပျက် တစ်ခုခုရှိလာရင် ခင်ဗျားရဲ့စိတ်က မူမမှန် ပြန်ဖြစ်နိုင်တာပဲ"

"ဘာကဘယ်လို ပြန်ဖြစ်ရမှာလဲဗျ၊ ကျွန်တော် သိသမျှ အားလုံး ပြောပြပြီးပြီ"

"ဟုတ်ပါတယ်၊ ခင်ဗျားရဲ့ သာမန်စိတ်က သိနေတဲ့အတိုင်းကတော့ အားလုံးပြောပြီးပြီပေါ့၊ ဒါပေမဲ့ ခင်ဗျားရဲ့ မသိစိတ်က မပြောချင်တာကို ခင်ဗျားကိုယ်တိုင်တောင် မသိတော့ ဘယ်ပြောလို့ရမလဲ"

"ဘယ်လိုဟာမျိုးလဲ"

"ဟိုဗျာ ခင်ဗျားက အာမိတာ(ဂျ်)ကို တကယ်တွေ့ခဲ့ရက်သားနဲ့ မတွေ့ဘူးလို့ ပြောတာမျိုးပေါ့"

"မဟုတ်ပါဘူးဗျာ၊ တကယ့်ကို မတွေ့ခဲ့ရပါဘူး"

"အာမိတာ(ဂျ်)ရဲ့ သတင်းပေးချက်ကြောင့် ခင်ဗျားရဲ့ မမှန်တဲ့စိတ်က ခင်ဗျားကို စေ့ဆော်ပြီး လူသတ်စေတယ်၊ ဒီလိုသတ်ခဲ့တာကို ခင်ဗျားရဲ့ မသိစိတ်က လက်မခံတော့ ခင်ဗျား ဘာလုပ်ခဲ့တယ်ဆိုတာကို ခင်ဗျားကိုယ်တိုင် မမှတ်မိဖြစ်နေတယ်၊ ဒါပဲ"

ကရောဖို့မှာ တစ်ကိုယ်လုံး တုန်သွားပြီး မျက်နှာကို လက်ဝါးဖြင့် အုပ်ထားသည်။ သူ၏ ခေါင်းကိုလည်း ဒူးနှစ်လုံးကြားတွင် ငုံ့ထားသည်။

"ခင်ဗျားပြောတာ မဟုတ်ပါဘူးဗျာ"

"ဒါပေမယ့် ဖြစ်နိုင်တယ်ဗျ"

"မဖြစ်နိုင်ပါဘူး"

"ဒီမှာ ကရောဖို့၊ ကျုပ်ပြောတာ သေသေချာချာ နားထောင်စမ်းပါ၊ ခင်ဗျား သတ်ကောင်းသတ်မိနိုင်တယ်ဆိုတဲ့ အချက်ကို ခင်ဗျားကိုယ်ကို ခင်ဗျားပြန်ပြီး ဝန်ခံစမ်းပါ"

ဟာမစ်၏ အသံက ကရောဖို့အား မောင်းထဲသို့ ထည့်ထောင်းနေသည့်ပမာ သူ၏ခံနိုင်ရည်ကို တဖြည်းဖြည်း လျော့လာစေသည်။

"ဒီမှာ ဟာမစ်၊ ခင်ဗျားက အကြောင်းစုံမသိသေးဘူး၊ ကျွန်တော်က ဂရယ်ဂေါ်ရီကို သိပ်ခင်တာဗျ"

"ဟုတ်ပါတယ်၊ ခင်ဗျားတို့ အင်မတန် ခင်ကြတာကိုလဲ ကျွန်တော် သိပါတယ်၊ ဒါပေမယ့် အော့(စ်)ဘွန်းနေရာ၊ ရှိလာ့နေရာ၊ ကျွန်တော့်နေရာမှာ ခင်ဗျားကိုယ် ခင်ဗျားထားပြီး စဉ်းစားကြည့်စမ်းပါ၊ ခင်ဗျားကိုယ်ကို ခင်ဗျား မေ့လိုက်ပြီး ဘေးလူအနေနဲ့ စဉ်းစားကြည့်စမ်းပါ။ ခင်ဗျားသာ တခြားတစ်ယောက်ယောက်ကို အကြံပေးရမယ်ဆိုရင် အဲဒီလူက ခင်ဗျားရဲ့ အခုအခြေအနေမျိုးမှာရှိပြီး လုပ်ရမှာက နည်းနှစ်နည်းပဲ ရှိတယ်၊ တစ်နည်းက လူသတ်မှုနဲ့ ထောင်ဒဏ် တစ်သက်ကျမယ်။





ဘခြားနည်းက စိတ္တဇဝေဒနာ ခံစားနေရသူအဖြစ်နဲ့ ကုသမှုခံယူရမယ်၊ ဘယ်နည်းကိုလိုက်ဖို့ ခင်ဗျား အကြံပေးမလဲ"

"ဟာမစ် တော်တော့ဗျာ၊ ကျွန်တော် ဒီလိုတော့ မလုပ်နိုင်ဘူး"

ကရောဖို့က ကြိုးစား၍ ငြင်းကြည့်သေးသည်။ ဒါပေမယ့် ဟာမစ်ကတော့ မလျှော့။

"လုပ်ရလိမ့်မယ် ကရောဖို့ရေ၊ ကဲ ပြောဗျာ၊ ခုနက ကျွန်တော် မေးတာကို ခင်ဗျားသာဆိုရင် ဘယ်လိုအကြံပေးမလဲ"

ကရောဖို့မှာ မိမိကိုယ်ကို မနည်းထိန်းချုပ်ယူရပြီးမှ ဖြေနိုင်တော့သည်။

"အင်း... ခင်ဗျားတို့ အခု ကျွန်တော့်ကို ပြောသလိုပဲ ပြောရမှာပါပဲ"

ဟာမစ်မှာ အခုမှ ဟင်းချနိုင်တော့သည်။ အဆိုးဖြစ်ဖြစ် အကောင်းဖြစ်ဖြစ် ကိစ္စကတော့ ပြီးသွားပြီလို့ ဆိုနိုင်နေပြီဖြစ်သည်။ သူက ကရောဖို့အား ခေတ္တနားစေပြီးမှ ဆက်မေးသည်။

"ဒီလိုဆိုရင် ခင်ဗျား ကျွန်တော်တို့ အကြံပေးသလို လုပ်မယ်ပေါ့"

"မပြောတတ်သေးဘူးဗျာ"

ကရောဖို့ကတော့ ဘာကိုမှ ဂရုမစိုက်၊ ဘာကိုမှ မျှော်လင့်ချက်မထားသလို ဖြစ်နေသည်။

"ကောင်းပြီ၊ ဒီလိုဆိုရင် ဒေါက်တာ ဟီလာရီရဲ့ စမ်းသပ်မှုလောက်ကိုတော့ ခံပါဗျာ"

"ကောင်းပြီလေ၊ ခံပါ့မယ်၊ ထောင်ပိုင်ကြီးနဲ့သာ ကြည့်ပြီးစီစဉ်ကြပါ"

ဟာမစ်မှာ ရှေ့ဆက်လုပ်ရမည့် လုပ်ငန်းစဉ်ကို စဉ်းစားနေသည်။ လုပ်ရမယ်ဆိုရင် အခုစရမည်ဖြစ်သည်။ ဒါပေမယ့် ကရောဖို့ကိုလည်း ဒီအတိုင်း ထားမပစ်ရက်ပေ။

တံခါးမှ သော့ဖွင့်သံကြားရပြီး ထောင်အရာရှိအပေါ်လာသည်။

သူဟာ ဟာမစ်ကို လှမ်း၍ပြောလိုက်သည်။

"မစ္စတာ ကရောဖို့ရဲ့ စာရေးက လူကြီးမင်းကို တွေ့ချင်လို့ပါတဲ့၊ ကြာဦးမလားခင်ဗျာ"

ဟာမစ်က အခုလို အမေးခံလိုက်ရသည်ကို စိတ်အနည်းငယ် တိုသွားသည်။ သိက္ခာ အနည်းငယ်ကျသွားသည်ဟု ထင်မိသည်။ ဒါကြောင့် ထောင်အရာရှိကလေးအား ခပ်မာမာပြောလိုက်သည်။

"ကျုပ် ဒီမှာ လိုသည်ထက် ပိုမနေပါဘူး၊ အဲဒီစာရေးကလေးကို အခန်းထဲကို လွှတ်လိုက်ပါ"

"ကောင်းပါပြီခင်ဗျာ"

ထောင်အရာရှိကလည်း ဟာမစ်၏ အသံနှင့်အတူ အမူအရာကို ကြည့်ပြီး သူကလည်း စိတ်တိုလာသည်။ ကြားကခံရသူမှာတော့ ပါစီ ဖြစ်သည်။ သူက ပါစီကို ခပ်ငေါက်ငေါက် ပြောလိုက်သည်။

"ကဲ... အထဲဝင်ဗျာ"

ပါစီက အခန်းထဲသို့ ရွံ့တွန့်တွန့် ဝင်လာသည်။ တံခါးက နောက်ကနေ ဂျောက်ကနဲ ပိတ်သွားတော့ ပို၍ ရွံ့လာသည်။

"ပါစီ ဘာလဲဟေ့"

ဟာမစ်က ခပ်မာမာ မေးလိုက်သည်။

ပါစီက ခေါင်းကို ဆတ်ကနဲထောင်လိုက်ပြီးမှ ပါးစပ်ထဲမှ စကားလုံးများကို ညှစ်ထုတ်၍ ပြောရသလိုပြောသည်။

"ခွင့်လွှတ်ပါ ဆရာ၊ စာရေးကြီး မစ္စတာ ချားလ်စ်အတွက် ရုံးကို တယ်လီဖုန်းလာပါတယ်၊ မစ္စတာ ကရောဖို့ကို ခြိမ်းခြောက်တဲ့ ကိစ္စလို့ ပြောပါတယ်"

ပါစီ ပြောလိုက်သည်ကို ကရောဖို့က ကြားတော့ကြားလိုက်သည်။ ဒါပေမယ့် သူ၏ခေါင်းမှာ ထုံနေပြီမို့ အဓိပ္ပာယ်ကောင်းကောင်း မပေါက်လှသေး။ ဒါကြောင့် သူက ခေါင်းကိုသာ ဖြည်းဖြည်းထောင်၍ ပါစီကိုကြည့်ပြီး 'အင်း' တစ်ခွန်းသာ ပြောသည်။





"မစ္စတာချားလ်စ်က ဒီနေ့ညနေမှာ ဝင်ချက်စတာကို သွားနေလို့ ကျွန်တော်ပဲ နားထောင်လိုက်ရပါတယ်၊ ဆရာတို့ ဒီသတင်းကို အမြန်ဆုံးသိရအောင် ချက်ချင်းလာပြောတာပါ"

"ပြောတဲ့လူက ဘယ်သူတဲ့လဲ၊ အကျိုးအကြောင်းကကော"

"လက်ရေးတို စာရေးတစ်ယောက်ပဲဆရာ၊ နာမည်ကတော့ ကင်နွန်းဆိုလား၊ ဂင်နွန်းဆိုလားတော့ မသိဘူး"

ပါစီက သူ့အိတ်ထဲမှ စာရွက်ညစ်တစ်တစ် တစ်ခုကို ထုတ်၍ ကြည့်လိုက်သည်။

"သူပြောတာက လိုဂန်ဆိုတဲ့လူကို သတိရသေးသလားတဲ့၊ အဲဒီလိုဂန်ဟာ ၁၉၄၃ ခုနှစ်တုန်းက ဆရာမစ္စတာကရောဖို့နဲ့ စစ်ဆေးတဲ့ တရားသူကြီးတို့က သူ့ကို ထောင်ဒဏ်ချလိုက်တော့ ကြိမ်းဝါးသွားတယ်တဲ့၊ ကင်နွန် အဲ... ဂင်နွန်က အသေးစိတ်တော့ မမှတ်မိဘူးတဲ့၊ ဒါပေမယ့် လူနာမည်နဲ့ နေ့စွဲကိုတော့ သေသေချာချာ မှတ်မိတယ်တဲ့၊ စစ်အတွင်းမို့ အမှုစစ်နေတုန်း မီးတွေအကုန်လုံး ငြိမ်းသွားတာမို့ အဲဒီနေ့ကို မှတ်မိနေတယ်တဲ့"

ပါစီ ပြောပြီးသွားသည်အထိ ကရောဖို့က အတော်ကြာအောင် ငြိမ်နေသည်။ ပါစီရဲ့ စကားလုံးများ၏ အဓိပ္ပာယ်မှာ ပထမတော့ တဖြည်းဖြည်းသာလျှင် သူ့ခေါင်းထဲသို့ စိမ့်ဝင်သည်။ နောက်တော့ အရှိန်ရလာသည်မို့ ကရောဖို့မှာ သွက်လက်လာသည်။ ပါစီ ပြောလိုက်သည့် စကားလုံးများက သူ့ကို အားသစ်လောင်းပေးလိုက်သည်။

ပါစီကို သူက မေးလိုက်သည်။

"ဘယ်တရားရုံးမှာ စစ်ခဲ့တုန်းကလဲကွ"

ပါစီက ဟိုဟိုဒီဒီ လှည့်ပတ်ကြည့်လိုက်ပြီးမှ ဖြေသည်။

"ဟောဒီ အိုး(လ်)ဘေလီမှာပဲ ဆရာ"

လိုဂန်ဆိုတဲ့အမည်က ကရောဖို့၏ ဦးနှောက်ထဲတွင် ငယ်ငယ်ကရခဲ့ပြီး အခု ကောင်းကောင်းမမှတ်မိတော့သော သီချင်းတစ်ပုဒ်ကို ပြန်ဆို

သလိုပဲ ဖြစ်နေသည်။ သူက တံခါးဆီသို့သွားပြီး ဘဲလ်ကို တီးလိုက်သည်။

"လိုဂန်... အဲ... လိုဂန်"

ဤနာမည်က သူ့ဦးနှောက်ထဲက မှတ်ဉာဏ်ဆိုင်ရာ အပိုင်းထဲတွင် ပျံလွှားငှက် ပျံသလို ဝေ့ကာဝဲကာနှင့် နီးလာလိုက် ဝေးသွားလိုက် ဖြစ်နေသည်။

ဟာမစ်ကတော့ စိတ်အားထက်သန်မှုမရှိလှ။ ကရောဖို့ကို ဝတ်ကျေဝတ်ကုန်သာ မေးလိုက်သည်။

"ခင်ဗျား အဲဒီ လိုဂန်ဆိုတဲ့လူကို စဉ်းစားလို့ရပြီလား"

"ဝိုးတိုးဝါးတားပဲ စဉ်းစားလို့ရတယ်"

ကရောဖို့က စိတ်မရှည်တော့သဖြင့် တံခါးကို ခေါက်ပြန်သည်။ တံခါးပွင့်လာပြီး ထောင်အရာရှိက အဝတွင်ရပ်နေသည်ကို တွေ့ရသည်။

"ပြီးပြီလား ဆရာ"

"မပြီးသေးဘူး၊ ဒါပေမယ့် ကျွန်တော့်ကို တစ်ခုလုပ်ပေးစမ်းပါ"

"ဟုတ်ကဲ့ဆရာ"

ထောင်အရာရှိ ပြန်ပြောလိုက်သည့် အသံတွင် စိတ်ပျက်သံကလေး နှောနေသည်။ သူ့အဖို့ ဒီနေ့ညနေခင်း ဘီယာစုပ်ဖို့ အချိန်တော်တော် တောင် လွန်လာပြီလားမို့ သူက သိပ်မကြည်လှပါ။

"ထောင်မှူးကြီးကို ပြောပေးစမ်းပါ၊ မစ္စရှီလာကို ဖုန်းဆက်ပေးပါလို့၊ ရှီလာက စားသောက်ခန်းမှာ ရှိပါလိမ့်မယ်၊ ပြောရမှာက လိုဂန်ဆိုတဲ့ လူတစ်ယောက်ရဲ့ အမှုကို စစ်တုန်းက အမှုတွဲကို အမှုတွဲထိန်းဌာနက ရှာပြီး ယူလာပေးပါလို့၊ အဲ... ပါစီရေ၊ ၁၉၄၃ ခုနှစ်နော်"

ကရောဖို့က ပြောရင်းနှင့် ပါစီဘက်သို့လှည့်၍ မေးရပြန်သည်။

"ဟုတ်ပါတယ် ဆရာ"

"ကဲ ဒါဖြင့် ရဲဘော် မှတ်မိပြီနော်၊ လိုဂန်ရဲ့ အမှုစစ်တုန်းက အမှုတွဲ ၁၉၄၃ ခုနှစ်မှာ စစ်တယ်၊ ဟောဒီ မစ္စတာဟာမစ် အမည်နဲ့ ငှားလာခဲ့ပါလို့"





ထောင်အရာရှိကတော့ လေးတွဲတွဲဖြင့် သေချာအောင် ထပ်မေးသည်။

"လိုဂန်၊ ၁၉၄၃ ခုနှစ်လား ဆရာ"

"အေး ဟုတ်တယ်ကွ၊ ခပ်မြန်မြန်ကလေး သွားပေးစမ်းပါ"

ပါစီလည်း သူ့ဆရာကို နှုတ်ဆက်ပြီး အခန်းထဲမှ ထွက်သွားသည်။

ကရောဖို့ကတော့ သူ့ဦးနှောက်၏ မှတ်ဉာဏ်ဆိုင်ရာ အပိုင်းကို အပြင်းအထန် အလုပ်ပေးကာ လိုဂန်ဆိုသောလူ၏ပုံကို ဖော်ထုတ်နေသည်။

ဟာမစ်ကလည်း ကုလားထိုင်မှာထိုင်ရင်း တစ်ခုခု သူ့အတွက် လိုနေသည်ကို စဉ်းစားဖော်ထုတ်နေသည်။ သူကတော့ လွယ်လွယ်နှင့်ပဲ ဖော်ထုတ်နိုင်သည်။ လိုနေသည်မှာက သူ့ဆေးတံ။ ဒါကြောင့် ဆေးတံကို ထုတ်ကာ ဆေးထည့်ပြီး အေးအေးဆေးဆေး သောက်တော့သည်။ ရှီလာ မလာမချင်း အလုပ်မဖြစ်သေးဘူး မဟုတ်လား။ လာရင်တောင်မှ မသေချာသေး။

"အင်း ခင်ဗျားရဲ့ စာရေးကြီး ချားလ်စ်က တော်တော် အလုပ်လုပ်တာပဲ၊ ဒီသတင်းတွေ သူ ဘယ်ကရလာလဲ မသိဘူး"

"ချားလ်စ်လို သစ္စာရှိတဲ့လူမျိုးအဖို့ ဘာကို ဘယ်ကရသလဲတွေ ဘာတွေ မေးနေဖို့မလိုတော့ဘူး၊ သူ့မှာ ထူးထူးဆန်းဆန်း အဆက်အသွယ်တွေ ရှိတယ်ဗျ"

"ဒီတစ်ခါတော့ ခိုင်ခိုင်မာမာ ဖြစ်ပါစေလို့ မျှော်လင့်ရတာပဲဗျာ"

"ဖြစ်ရမှာပေါ့ ဟာမစ်ရာ"

နှစ်ဦးစလုံး ဆက်မပြောကြတော့ဘဲ တစ်မိနစ်ခန့် ငြိမ်ပြီး စဉ်းစား ခန်းဝင်နေကြသည်။ ဒီတစ်ကြိမ်သည်သာ နောက်ဆုံးအခွင့်အရေးပဲ ဆိုသည်ကို သိပြီးဖြစ်နေကြလေပြီ။ ဤအချက် မအောင်မြင်လျှင် ဘာဖြစ်မည်ကိုလည်း သိကြသည်။ အရဲစွန့်လို့တော့ မဖြစ်ချေ။ ကြာလာတော့ တိတ်နေရခြင်းကို သည်းမခံနိုင်သဖြင့် စကားပြောရတော့သည်။

"အဲဒီတုန်းက တရားသူကြီးက ဘယ်သူလဲဗျ၊ ခင်ဗျား မှတ်မိသလား"

"မမှတ်မိဘူးဗျ"

"ဂရယ်ဂေါ်ရီတော့ မဖြစ်နိုင်ဘူးထင်တယ်၊ အဲဒီတုန်းက သူ တရားသူကြီးမှ မဖြစ်သေးဘဲ"

"ဖြစ်ပြီ၊ ၁၉၄၃ ခုနှစ်မှာ စဖြစ်တာပဲ၊ လူး(စ်)တရားရုံးမှာ ထိုင်တုန်းက ကျွန်တော်တောင် နှစ်ခါလောက် သူ့ရုံးမှာ လိုက်ဖူးသေးတယ်"

"အဲဒီတုန်းကတော့ သူ တရားသူကြီး ဖြစ်ခါစနဲ့တူတယ်"

"ဟုတ်ပါတယ်"

ကရောဖို့ကို ကြည့်ရသည်မှာ သိပ်ပြီး မျှော်လင့်ထားပုံရသည်။ ဒါကို ဟာမစ်ကမကြိုက်၊ အမျှော်လင့်ကြီး မျှော်လင့်ပြီးမှ ဖြစ်မလာလျှင် ကရောဖို့ ခံနိုင်ရည်ရှိပါဦးမလား။ ကရောဖို့အဖို့ ခံရတာများနေပြီ။ ဒါကြောင့် ကရောဖို့ စိတ်တည်ငြိမ်အောင် ဟာမစ်က စကားကို အဆက်မပြတ် ပြောပေးနေရ၏။

"အဲဒီ လိုဂန်က ဘာပြောသွားတယ်ဆိုတာ ခင်ဗျား မမှတ်မိနိုင်တော့ဘူးလား"

"သေသေချာချာတော့ မမှတ်မိတော့ဘူး၊ ကြိမ်းဝါးသွားတဲ့ စကားမျိုးပဲ"

"ကောင်းပြီ၊ ကြိမ်းဝါးသွားတယ်ပဲ ထားပါတော့၊ ပြီးခဲ့တဲ့ ဆယ်ရက်အတွင်းမှာ ဒီလိုအမှုမျိုး ဘယ်နှစ်ခုလောက် ပြန်လိုက်လို့ရသလဲ"

နှစ်ဦးလုံးက အပြင်ဘက်စင်္ကြံမှ ရှီလာ၏ ခြေသံကို မကြားလိုက်ကြ။ တံခါးဖွင့်သံကို ကြားတော့မှ လန့်ပြီး ပြိုင်တူမော့ကြည့်ကြသည်။

ရှီလာက သူတို့ထံလျှောက်လာသည်။ လက်ထဲတွင် ကြိုးနီအရောင် မှိန်မှိန်ဖြင့် ချည်ထားသော ဖိုင်တွဲညိုညိုတစ်ခု ပါလာသည်။

"ကျွန်မလဲ အမြန်ဆုံးလာခဲ့တာပဲ ဆရာ၊ ဆရာ လိုချင်တာ ဒါတွေလား"

ပြောရင်းနှင့် ရှီလာက ဖိုင်တွဲညိုကြီးကို စားပွဲပေါ်တွင် တင်လိုက်သည်။





"လိုဂန် အမှုမှတ်တမ်း အမှုတွဲလား"

"ဟုတ်ပါတယ် ဆရာ၊ ရဲက စစ်တုန်းက ထွက်ချက်တွေလဲ ပါပါတယ်"

"ကျေးဇူးတင်ပါတယ်ကွာ"

ကရောဖို့ကတော့ အဝါရောင်သမ်းနေသော စာရွက်များထဲတွင် လိုချင်တာကို မွှေနှောက်၍ ရှာနေသည်။

ရှီလာက ဟာမစ်ကို အလောသုံးဆယ် မေးသည်။

"ဘာထူးခြားလာလို့လဲ"

"နောက်ထပ် သတင်းတစ်ခု ရလာလို့ပါ၊ ချိန်ဘာကနေ ပါစီ ယူလာတာပဲ"

ကရောဖို့ကတော့ ကျေနပ်နေလေပြီ။

"ကျွန်တော် တွက်ထားတာ မှန်တယ်ဗျ ဟာမစ်ရ၊ အဲဒီတုန်းက ဂရယ်ဂေါ်ရီပဲ၊ စီရင်ချက်ချပြီးတော့လို့ ပါစီ ပြောသွားတယ် မဟုတ်လား"

ကရောဖို့က အဆုံးနားက စာရွက်ကို လှန်၍ဖတ်ပြသည်။

"တွေ့ပြီဗျ၊ နားထောင်၊ ကျွန်တော် ဖတ်ပြမယ် 'တရားသူကြီး မစ္စတာဂရယ်ဂေါ်ရီက ဤသို့ စီရင်ချက်ချသည်။ တရားခံလိုဂန်၊ မောင်မင်းသည် ရက်စက်ကြမ်းကြုတ်စွာ ပစ္စည်းလုယူကြောင်း အခိုင်အမာဆုံးသော သက်သေအထောက်အထား တွေ့ရှိရသဖြင့် အပြစ်ရှိကြောင်း ထင်ရှားပေသည်။ မောင်မင်း၏ ရက်ရက်စက်စက် ပြုလုပ်ပုံကြောင့် လူသုံးဦးမှာ ပြင်းထန်စွာ အနာတရ ဖြစ်ခဲ့ရသည်။ တစ်ဦးမှာ ခြေထောက် ကျိုးသွားသဖြင့် တစ်သက်လုံး လူစဉ်မမီ ဖြစ်ရပေတော့မည်။ ထိုလူများသည် သူတို့၏ နေ့စဉ် လုပ်ငန်းဆောင်တာများကို မည်သူ့ကိုမျှ ကြောက်ရွံ့ဖို့မလိုဘဲ စိတ်အေးချမ်းသာစွာ လုပ်ကိုင်နိုင်သည့် အခွင့်အရေး ရှိသည့်အတိုင်း လုပ်ကိုင်ဆောင်ရွက်နေကြသူများ ဖြစ်ပေသည်။ သင်၏ ပြုမူမှုကြောင့် တစ်ဦးမျှ အသက်မဆုံးရှုံးခဲ့သည်မှာ သင့်အတွက် ကံကောင်းသည်ဟု မှတ်ယူလေ။ အကယ်၍ သေဆုံးခဲ့ပါမူ သင့်အတွက် သွားရာ

လမ်းမှာ စက်တိုင်သို့သာ ဖြစ်ပေမည်။ ထိုစဉ်က သင်၏ ရက်စက်ကြမ်းကြုတ်သော ပြုမူမှုနှင့် ယခုအမှုကို စစ်ဆေးနေစဉ် ကာလတစ်လျှောက်လုံးတွင် တွေ့ရသော သင်၏ အမူအရာ၊ အပြောအဆို၊ အနေအထိုင်တို့ကို ထောက်ရှု၍ သင်သည် ပြည်သူများအတွက် ဘေးအန္တရာယ်ဖြစ်စေမည့် အကြင်နာကင်းမဲ့ပြီး ကြောက်စရာကောင်းလှသော ရာဇဝတ်ကောင်တစ်ဦး ဖြစ်သည်မှာ ထင်ရှားနေပေသည်။ သင်ကဲ့သို့သော ကြောက်မက်ဖွယ်ရာကောင်းသည့် ရာဇဝတ်ကောင်မျိုး၏ အန္တရာယ်မှ ပြည်သူများအား အကာအကွယ် ပေးရမည်ဖြစ်သည့်အလျှောက် ဤတရားရုံးတော်က သင့်အား ထောင်ဒဏ်တစ်သက် ချမှတ်လိုက်သည်။' စီရင်ချက်ကို ကြားရသောအခါ လိုဂန်က တရားသူကြီး မစ္စတာဂရယ်ဂေါ်ရီနှင့် အစိုးရရှေ့နေ မစ္စတာကရောဖို့တို့အား လက်ညှိုးဖြင့်ထိုးလျက် 'ခင်ဗျားတို့နှစ်ယောက်လုံးကို ကျုပ်ကိုယ်တိုင်သတ်မယ်'ဟု ကြိမ်းဝါးပါသည်"

ကရောဖို့က စာရွက်များကို ပစ်ချလိုက်ပြီး ဟာမစ်နှင့် ရှီလာကို ဝမ်းသာအားရ ပြောလိုက်သည်။

"ဒီအတိုင်းဆိုရင် ကျွန်တော်တို့ အလုပ်စရတော့မယ်နဲ့တူတယ်ဗျို့"

"ဖြစ်ကောင်း ဖြစ်နိုင်ပါလိမ့်မယ်"

ဟာမစ်ကတော့ ကမန်းကတန်း လုပ်တတ်သူမျိုး မဟုတ်၍ အေးအေးဆေးဆေးပဲ ပြောသည်။

"တစ်ဆင့်ပြီးတစ်ဆင့် စဉ်းစားကြရအောင်ဗျာ၊ အဲ့ဒီလူရဲ့ ပုံသဏ္ဌာန်ကို ဖော်လို့ရပြီလား"

"ဟာမစ်ရာ၊ ခင်ဗျားလဲ သိတဲ့အတိုင်းပဲ၊ နှစ်ပေါင်း အစိတ်ကျော်လာခဲ့ပြီဟာ၊ ဘယ့်နှယ်လုပ်ပြီး မှတ်မိနိုင်မှာလဲ၊ ဘယ်ရှေ့နေမဆို ဝက်ခြံထဲက တရားခံရဲ့ရုပ်ကို အမှုစစ်ပြီးလို့ ငါးမိနစ်ကြာတာနဲ့ မေ့သွားတာပဲ"

"ဒါလဲ ဟုတ်ပါတယ်"

"တစ်ခုတော့ ကောင်းကောင်းမှတ်မိတယ်ဗျို့"





ကရောဖို့က ဖုန်တက်နေသည့် ဖိုင်တွဲညိုကြီးကို လှမ်းကြည့်ရင်း ဆက်ပြောသည်။

"ဒီလူ့ မျက်စိက ကာလာဘလိုင်း ဖြစ်နေတယ်၊ အရောင်မခွဲနိုင်ဘူး"

ဟာမစ်ကတော့ မအံ့သြနိုင်၊ သူကတော့ အချက်အလက် ပြည့်ပြည့်စုံစုံ သိချင်သည်။

"အဲဒါ ဘယ်လိုလုပ်ပြီး ခင်ဗျားက သိသလဲ"

"အဲသလို အရောင်မခွဲနိုင်လို့ သူ အဖမ်းခံခဲ့ရတာပေါ့"

ကရောဖို့က သူ၏ နားထင်ကို နှိပ်၍စဉ်းစားရာက ဆက်ပြောသည်။

"သူတို့ ဘဏ်ကို ဝင်စီးကြတုန်းက ကားမောင်းတဲ့သူ ဒဏ်ရာရသွားတယ်၊ ဒါကြောင့် ထွက်ပြေးတဲ့အခါကျတော့ ကားကို လိုဂန်ကိုယ်တိုင် မောင်းရတယ်၊ မဖြစ်ခင်တစ်ညက ဂျာမန်လေယာဉ်ပျံတွေလာပြီး ဗုံးကြဲသွားလို့ သူတို့ကားနဲ့ မောင်းပြေးတဲ့လမ်းဟာ ကျင်းကြီးချိုင့်ကြီးတွေ ဖြစ်နေတယ်၊ အဲဒါတွေကိုပြင်ဖို့ အဲဒီလမ်းကို ကားတစ်စီးသွားသာရုံပဲ ဖွင့်ထားပြီး မီးစိမ်းမီးနီ အချက်ပြမီးနဲ့ ယာဉ်ထိန်းရဲက ကားတွေကို လွှတ်ပေးတယ်၊ လိုဂန်ရဲ့ မျက်စိက အရောင်ကို မခွဲနိုင်တာမို့ မီးနီပြရက်သားနဲ့ ဖြတ်မောင်းတော့ ရဲက သူ့ကို ရပ်ခိုင်းတာပေါ့၊ ရပ်ခိုင်းတုန်းကတော့ ထုံးစံအတိုင်း ရပ်ခိုင်းတာပါ၊ ဒါပေမယ့် ဒဏ်ရာရလာလို့ ကားမမောင်းနိုင်တဲ့ လူဆိုးကို ကားထဲမှာ သွေးတွေနဲ့တွေ့လိုက်တဲ့အခါ ရဲက ဘယ်နေတော့မလဲ၊ ဖမ်းသွားတာပေါ့"

"ခင်ဗျား ဒီလိုဂန်ဆိုတဲ့လူကို အခုထက်ထိ လူပုံပန်းသဏ္ဌာန်ကို စဉ်းစားလို့ မရသေးဘူးလား"

ဟာမစ်က နွားတစ်ကောင် စားမြုံ့ပြန်နေသလို သူ့နှုတ်ခမ်းအတွင်းသားတွေကို လျှာဖြင့်လျက်ရင်း ပြောပြန်၏။

ကရောဖို့က ခေါင်းခါသည်။

ရှီလာက ဝင်၍ လမ်းစ ဖော်ပေးသည်။

"ဆရာ စဉ်းစားကြည့်ပါဦး၊ ဒီလူက ပညာတတ်လား"

ကရော့ဖို့၏ မျက်နှာမှာ ဝင်းလက်သွားသည်။

"ဟုတ်တာပေါ့၊ ဒါ အချက်ပဲ၊ ဒီကောင်ဟာ ဒီလိုဓားပြတိုက်မှုတွေမှာ ဆရာလုပ်ပြီး ခေါင်းဆောင်လာတာပဲ၊ ရဲက သူ့ကို လိုက်နေတာ တော်တော်ကြာပြီ"

ဟာမစ်က စားမြုံ့ပြန်သလိုနေရင်းက ဝင်ပြောသည်။

"နေကြပါဦး၊ ဒီလူကို ၁၉၄၃ ခုနှစ်မှာ အပြစ်ဒဏ်ပေးလိုက်တာနော်"

ကရော့ဖို့က မျက်နှာရှုံ့သွားသည်။ ဟာမစ် ဘာကိုရည်ရွယ်ပြီး မေးသည်ကို သူ သိသည်။

"ခင်ဗျား လိုချင်တာက လူတစ်ယောက်ဟာ ဒီလောက် နှစ်ပေါင်းကြာအောင် လက်စားချေဖို့ စောင့်နေတယ်လို့ ယူဆနိုင်ရဲ့လားပေါ့လေ ဟုတ်လား"

ရှီလာက ဟာမစ်၏ အချက်ကိုဝင်၍ ဖျက်လိုက်သည်။

"ကျွန်မကတော့ မယူဆနိုင်စရာ အကြောင်းမရှိဘူးလို့ ထင်တယ်၊ လူတစ်ယောက်ဟာ အဲသလို ကြိမ်းဝါးလောက်အောင် စိတ်ထားရှိနေတယ်ဆိုရင် ကြိမ်းဝါးတဲ့အတိုင်း သူ တကယ်ဆက်လုပ်မှာပေါ့"

ဟာမစ်က ပြန်၍ မေးခွန်းထုတ်သည်။

"သူ တကယ်ဆက်လုပ်မယ်လို့ ကျွန်တော်တို့က ဘာကိုအခြေခံပြီး ပြောမလဲ"

"ပြောစရာတော့ မရှိဘူး"

ရှီလာက ခပ်ဆောင့်ဆောင့် ပြန်ပြောသည်။

ရှီလာကပင် စကားကို ပြန်ဆက်သည်။

"ဒီမှာ မစ္စတာဟာမစ်၊ ကျွန်မတို့က ဒီလမ်းကြောင်းအတိုင်း လိုက်မယ်ဆိုရင် လိုဂန်က သူ ကြိမ်းဝါးတဲ့အတိုင်း တကယ်လုပ်လိမ့်





မယ်ဆိုတာကို ယူဆချက်အဖြစ်နဲ့ ထားရလိမ့်မယ်၊ ထောင်ထဲမှာ အနှစ် (၂၀) နေခဲ့ရတာဟာ သူ့စိတ်ကို ပြောင်းလဲသွားစေမလား၊ ကျွန်မကတော့ သူဟာ စိတ်မပြောင်းတဲ့အပြင် လက်စားချေဖို့ အသေးစိတ် အကြံထုတ်ပြီး နည်းလမ်းအမျိုးမျိုးကို အချိန်ရှိသရွေ့ စဉ်းစားနေလိမ့်မယ်လို့ထင်တယ်"

ဟာမစ်က ရှီလာအား သရော်သလို ဝင်၍ထောက်လိုက်သည်။

"ထောင်ကထွက်လို့ ငါးနှစ်လောက် ထိုင်စောင့်ပြီးမှ အခုလို ထပြီးလုပ်တယ်ပေါ့"

ကရော့ဖို့က မနေနိုင်တော့၊ သူ့ရှေ့မှ စားပွဲကို လက်ဝါးဖြင့် ဖြန်းကနဲပုတ်လိုက်ပြီး ရှီလာဘက်မှ ဝင်၍ကူရတော့သည်။

"ငါးနှစ်ထိုင်စောင့်နေတယ်လို့ ခင်ဗျား ပြောနိုင်သလား ဟာမစ်၊ ရှီလာ ပြောတာ ဖြစ်နိုင်တယ်"

စစ်ကူရပြီမို့ ရှီလာက ဟာမစ်ကို အလျှော့မပေးဘဲ ပြန်လည်ထိုးစစ်ဆင်သည်။

"ဟုတ်ပါတယ်၊ ကျွန်မက သေချာလို့ပြောနေတာ၊ လိုဂန်ဟာ ထောင်ထဲမှာနေတုန်းက ဒီကိစ္စကို အောင်မြင်အောင် ဆောင်ရွက်ဖို့ အကြံထုတ်လာခဲ့တယ်၊ ထွက်လာတော့လဲ ဒီကိစ္စကို သံမှိုနှက်သလို သူ့ခေါင်းထဲမှာ စွဲထားတယ်၊ သူ့ကို ထောင်တစ်သက်ချပစ်တဲ့ လူနှစ်ယောက်ကို မစ္စတာကရော့ဖို့နဲ့ မစ္စတာဂရယ်ဂေါ်ရီနဲ့ပေါ့ရှင်၊ ချေမှုန်းပစ်ရမယ်ဆိုတာ သူ့ရဲ့ခေါင်းထဲမှာ အမြဲတွေးနေတဲ့ အတွေးပဲ"

ကရော့ဖို့က ရှီလာ၏ ယူဆချက်ကို ဆက်၍ ယုတ္တိဗေဒနည်းကျကျဖြင့် နိဂုံးဆွဲပေးလိုက်သည်။

"ဒီနှစ်ယောက်လုံးကို တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘောနဲ့ အပျောက်ရှင်းပစ်လိုက်ဖို့ပေါ့ဗျာ"

ဟာမစ်တော့ လက်မခံ၊ သူ့ခေါင်းကို ပြင်းပြင်းထန်ထန်ခါ၍ ကန့်ကွက်သည်။

"ခင်ဗျားတို့ ယူဆချက်က တကယ်မဖြစ်နိုင်တာဘဲ"

"လိုဂန်ဟာ စိတ္တဇဝေဒနာ ခံစားနေတဲ့လူဆိုရင် ဖြစ်နိုင်တာပေါ့၊ ဒါ မဆန်းပါဘူး၊ ခုနကလေးတင်ကပဲ ကျွန်တော်ဟာ စိတ္တဇဝေဒနာ ခံစားနေခဲ့တယ်လို့ ကျွန်တော့်ကို စွပ်စွဲခဲ့သေးရင် လိုဂန်ကိုကော မထင်နိုင်ဘူးလား"

အခုလို တည့်တည့်ကြီး အပြောခံလိုက်ရတော့ ဟာမစ်၏ မျက်နှာမှာ နီရဲလာသည်။ ကရောဖို့က ဒါကိုတွေ့ပေမယ့် မညှာနိုင်တော့၊ အခွင့်သာတုန်း ဖိပြောတော့သည်။

"အဲ့ဒီ အစွဲကြီးနဲ့ သူ ထောင်ကထွက်လာတယ်၊ ထွက်လာပြီး သူ ဘာဆက်လုပ်မလဲ"

"ဒါက ခင်ဗျားတို့ ယူဆချက်ပဲ၊ ခင်ဗျားတို့ပဲပြောပါဦး"

ဟာမစ်က ဂရုမစိုက်သည့် အမူအရာဖြင့် ပခုံးကိုတွန့်၍ ပြန်ဖြေသည်။

ရှီလာ စိတ်တိုလာလေပြီ။ စောင်နီနီကို မြင်လိုက်ရသည့် နွားသိုးကြီးလို ဖြစ်လာသည်။

"ဒီမှာ မစ္စတာဟာမစ်၊ အရှင်းကြီးပဲ၊ လိုဂန်ဟာ ဘာမဆို စေ့စေ့စပ်စပ် လုပ်တတ်တဲ့သူ၊ မစ္စတာကရောဖို့ကို အမှုဆင်ပြီး ချထည့်လိုက်တာ ရေပက်မဝင်ဘူး၊ ကြည့်ပါလား၊ လွတ်ပေါက်ကို မရှိဘူး"

ရှီလာ၏ တင်ပြချက်ကို ဟာမစ်က ဝန်ခံရတော့သည်။

ရှီလာက အရှိန်ရနေပြီဖြစ်၍ မရပ်တော့။

"ကဲ... ကျွန်မတို့ စဉ်းစားကြည့်ကြရအောင်၊ ဒီလို ချနိုင်ဖို့ လိုဂန်အတွက် ဘယ်လောက် အချိန်လိုမလဲ၊ သူ စီစဉ်ရမှာတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် ငါးနှစ်ဆိုတဲ့အချိန်ဟာ မများလှပါဘူး၊ သူဟာ မစ္စတာကရောဖို့ရဲ့အကြောင်းကို အသေးစိတ်ကလေးတွေကအစ သိအောင် လေ့လာရမယ်၊ မစ္စတာဂရယ်ဂေါ်ရီရဲ့ အကြောင်းရောပေါ့လေ၊ သူတို့နှစ်ဦးရဲ့ နေ့စဉ်ဘဝမှာ ဘယ်လိုနေကြထိုင်ကြ ဆက်ဆံကြတယ်ဆိုတာ





စိတ်ရှည်ရှည်နဲ့ စောင့်ကြည့်နေခဲ့ရမယ်၊ အမှန်တော့ လိုဂန်ဟာ မစ္စတာကရောဖို့နဲ့ မစ္စတာဂရယ်ဂေါ်ရီတို့ရဲ့ အကြောင်းကို သေသေချာချာ သိကိုသိနေမှ သူလုပ်ချင်တာကို အောင်မြင်အောင် လုပ်နိုင်မှာဖြစ်တယ်"

ဟာမစ်၏ မျက်လုံးများကတော့ ရှီလာ၏ ယူဆချက်ကို လက်မခံနိုင်သည့်အသွင် ဆောင်နေပြန်သည်။

"ရှီလာ၊ ခင်ဗျားက မစ္စတာကရောဖို့ကို ချတဲ့သူဟာ မိတ်ဆွေတစ်ယောက် ဖြစ်ရမယ်လို့ ဆိုချင်တာလား"

"မိတ်ဆွေအဖြစ်နဲ့ လက်ခံအောင် အကြံအစည်နဲ့ သူတို့နှစ်ဦးရဲ့ အသိုင်းအဝိုင်းထဲကို အရောက်ဝင်လာတဲ့သူ ဖြစ်ရမှာပေါ့၊ အပြင်လူဆိုရင် သူသိသလို ဘယ်သိမလဲ၊ သူဟာ မစ္စတာကရောဖို့နဲ့ မစ္စတာဂရယ်ဂေါ်ရီတို့ရဲ့ မိတ်ဆွေအဖြစ်နဲ့ အခြေခိုင်အောင် နေပြီးတော့မှ သူချရမယ့် အချိန်ကို စောင့်နေခဲ့မှာပေါ့"

"အချိန်ကို စောင့်ရမယ် ဟုတ်လား"

ဟာမစ်ကတော့ မူလကတည်းက ရှီလာ၏ ယူဆချက်ကို လက်မခံ၊ အခုလို ရှီလာက ပိုပြီး အခိုင်အမာ တင်ပြလာတော့ မနေနိုင်တော့၊ ပြန်၍ငြင်းရပြန်သည်။

ကရောဖို့ကတော့ ရှီလာ၏ အယူအဆကို အကြွင်းမဲ့လက်ခံသည်။ သူကတော့ ရှီလာနဲ့ ဟာမစ်တို့ ငြင်းနေသည်ကို ဂရုမစိုက်နိုင်၊ ရှေ့ကို ကြိုတင်ပြီးတော့ တွေးနေသည်။ သူက ဖိုင်တွဲကြီးကို ချည်ထားသော ကြိုးနီကို ပြန်ဖြေနေသည်။

အဲဒီအချိန်တွင် ထောင်အရာရှိက တံခါးကိုဖွင့်၍ ဝင်လာပြန်သည်။

"ခွင့်လွှတ်ပါခင်ဗျာ၊ မစ္စတာဟာမစ်အတွက် လာတာပါ"

ဟာမစ်ကတော့ ထောင်အရာရှိအား ခေတ္တစောင့်ခိုင်းပြီး ရှီလာနှင့် ဆက်၍ပြောနေသည်။

"ကဲ အဲဒီ သူစောင့်နေတဲ့အချိန်က ရောက်မလာတော့ရော"

ရှီလာက စိတ်မရှည်တော့၊ လေသံမာမာဖြင့် ပြန်ပြောသည်။

"အချိန်မရောက်သေးရင် သူက ဆက်ပြီးစောင့်မှာပေါ့၊ စောစော ရောက်လာရင် ကြာကြာမစောင့်ရဘူးပေါ့၊ သူ့အတွက် ကိစ္စမရှိလှဘူး မဟုတ်လား၊ ဒီလောက်မှ ရှင် မသိဘူးလား"

"မသိဘူး၊ ကျွန်တော်သိတာက ခင်ဗျားဟာ အရမ်းစိတ်ကူးယဉ် နေတယ်ဆိုတာပဲ"

"ကျွန်မ ယူဆချက်မှန်တယ်ဆိုတာ သေချာပါတယ်၊ ဒီလမ်းပဲ လိုက်ဖို့ ရှိတာပဲလေ၊ ဒါ သူ့ရဲ့ နောက်ဆုံးအခွင့်အရေးပဲ၊ ဒီနည်းကို စမ်းကြည့်ကြပါစို့ရှင်"

ရှီလာက လေသံကို ပြန်၍ပျော့ကာ ဟာမစ်နှင့် စေ့စပ်ရေးလုပ် သည်။

"ဟုတ်ပါတယ်၊ သူ့အတွက် နောက်ဆုံးအခွင့်ရေးဖြစ်လို့မို့ ကျွန်တော်တို့က အဖြစ်မှန်ပေါ်မှ မူတည်ပြီးလုပ်ဖို့ ကောင်းတာပေါ့၊ စိတ်ကူးနဲ့ ရမ်းလုပ်လို့ ဘယ်ဖြစ်မလဲ"

ဟာမစ်က ဆက်မပြောတော့ဘဲ စောစောက သူ့ကို လာခေါ်သည့် ထောင်အရာရှိဘက်သို့ လှည့်မေးလိုက်သည်။

"ဘာကိစ္စလဲ ရဲဘော်"

"လူကြီးမင်းရဲ့ရုံးက အမျိုးသမီးတစ်ယောက် ဖုန်းဆက်ပါတယ်၊ အရေးကြီးတယ် ပြောပါတယ်"

ဟာမစ်က တံခါးဆီသို့ ထွက်သွားရင်း ရှီလာသို့ လှမ်းပြောသွား သည်။

"ကဲ... ကျွန်တော် လိုက်သွားလိုက်ဦးမယ်၊ ကျွန်တော် အခုပဲ ပြန်လာပါ့မယ်"

ရှီလာကတော့ ဟာမစ် ထွက်သွားရာဘက်သို့ မကျေမနပ်ဖြင့် စိုက်ကြည့်နေသည်။ ဟာမစ်၏ အမူအရာနှင့် ရည်ရွယ်ချက်ကို ရှီလာက





နားမလည်နိုင်၊ ဘာကြောင့် ဒီလောက် အတိုက်အခံ လုပ်နေသလဲ စဉ်းစား၍မရပေ။

ရှီလာက ကရောဖို့ဘက်သို့ စကားပြောရန် လှည့်လိုက်သည်။ ဒါပေမယ့် ကရောဖို့ ဖြစ်နေပုံတွေ့ရ၍ စကားမပြောနိုင်ဘဲ အံ့အားသင့်စွာ ကြည့်နေမိသည်။

ကရောဖို့သည် သူ၏ ကုလားထိုင်တွင် မလှုပ်မရှား တောင့်တောင့် ကြီး ထိုင်နေသည်။ နားထင်နှစ်ဖက်ရှိ အကြောကြီးများကလည်း ထောင်နေသည်။

အတန်ကြာမှ ရှီလာက မေးဖို့စကားလုံး ရှာတွေ့တော့သည်။

"ဆရာ ဘာဖြစ်လို့လဲ"

ကရောဖို့က လက်ထဲမှ ဓာတ်ပုံနှစ်ခုကို ရှီလာအား ထောင်၍ပြ လိုက်သည်။

"စာအိတ်ထဲမှာ အဲဒီဓာတ်ပုံနှစ်ပုံကိုတွေ့တယ်"

"ဘယ်သူ့ပုံတွေလဲ"

"လိုဂန်ရဲ့ ပုံတွေလေ၊ သူ့ကို ဖမ်းပြီးခါစက ရိုက်ထားတာ"

ရှီလာက ကရောဖို့ထံမှ ဓာတ်ပုံများကိုယူ၍ မီးရောင်တွင် သေသေချာချာကြည့်သည်။ ကြည့်နေရင်းက ရှီလာ၏ မျက်လုံးများမှာ ဓာတ်ပုံရှင်အား မှတ်မိသည့်အသွင်ဖြင့် ပို၍ စူးစူးစိုက်စိုက် ကြည့်မိသည်။ သူ၏ မျက်နှာမှာ သွေးမရှိတော့၊ ဖြူဖတ်ဖြူလျော် ဖြစ်သွားသည်။

လေသံကလေးဖြင့်သာ ရှီလာထံက ပြောသံကြားရသည်။

"ဖြစ်နိုင်ပါ့မလားဟင်"

ကရောဖို့က ရှင်းပြရသည်။

"ပုံထဲက မျက်လုံးတွေကြည့်စမ်း၊ နောက်ထပ် အနှစ်နှစ်ဆယ်မှာ ဘယ်လိုပုံရှိမလဲဆိုတာ စဉ်းစားပြီး မျက်လုံးတွေကို သေသေချာချာကြည့်၊ မျက်လုံးဟာ ဘယ်တော့မှ မပြောင်းဘူး၊ ပြောင်းလို့လဲ မရဘူး၊ မင်း အဲ့ဒီမျက်လုံးတွေကို ဘယ်မှာမြင်ဖူးသလဲ၊ စဉ်းစားကြည့်စမ်း"

တကယ်တော့ ကရောဖို့၏ မေးခွန်းက ဖော်ပြချက်သာဖြစ်သည်။ သူ မသိလို့မေးတာမှ မဟုတ်ဘဲ။

*

## အခန်း(၁၂)

တရားရုံးအမှတ် (၁)တွင် လူပြည့်နေလေပြီ။ ရှေ့နေဝတ်လုံ အနက်ရောင်နှင့် ဝတ်စုံအရောင်များမှာ ရုံးခန်းထဲတွင် ရောရှက်နေသည်။

ကရောဖို့ကတော့ တရားခံ ဝက်ခြံတွင်းရှိ သူ့နေရာတွင် စောင့်ရသည်ကို စိတ်မရှည်ဖြစ်နေသည့်ပုံဖြင့် ထိုင်နေသည်။ သူ၏ လျှောက်ထားချက်အရ သူ့ကို ရုံးစောစော ထုတ်လာခြင်းဖြစ်သည်။ စောစော ရောက်မှ ရှီလာတို့နှင့် တိုင်ပင်ချိန်ရမည်ဖြစ်သည်။ အခုတော့ သူ ရောက်လာသည်မှာ နာရီဝက်တောင် ရှိလာသော်လည်း သူတို့နှစ်ဦး၏ အရိပ်အရောင်ကို မမြင်ရသေး။ သူတို့ ဘာကြောင့် နောက်ကျနေရသည်ကို စဉ်းစား၍မရပေ။ သူတို့နှစ်ဦး မနေ့ညက ညလုံးပေါက် အလုပ်လုပ်ကြရမည်ကိုတော့ သူ သိပြီးဖြစ်ပါသည်။ သို့သော်လည်း ရုံးကို အချိန်မီ ရောက်လာဖို့ အချိန်တွေအများကြီး ရပါသည်။

"ဒါနဲ့တောင် ဘာလို့ မရောက်ကြသေးသလဲ၊ ဘာများဖြစ်လို့ ပါလိမ့်"ဟု သို့လောသို့လော တွေးနေမိသည်။ ရုတ်တရက် အကြံတစ်ခု ပေါ်လာသဖြင့် ဝက်ခြံရှေ့သို့ကုန်း၍ သူ့စာရေးကြီးအား ခေါ်လိုက်သည်။

"ချားလ်စ်"

"ဟုတ်ကဲ့ဆရာ"

ချားလ်စ်က ရှေ့နေစာရေးများနှင့်အတိုင်ပင်ခံ ရှေ့နေများအတွက် သတ်မှတ်ထားသော နေရာမှ သူ့ဆရာထံသို့ ထလာသည်။

"သူတို့နှစ်ယောက် ဘယ်ရောက်နေလဲကွ"

"ကျွန်တော်လဲ မသိဘူးဆရာ၊ မနေ့ညကတည်းက မတွေ့ဘူး၊ ဒီနေ့မနက် ကျွန်တော် ချိန်ဘာကိုရောက်တော့ သူတို့ ထွက်သွားကြပြီ၊ ပါစီကိုပါ ခေါ်သွားတယ်၊ မစ္စရှီလာကတော့ ကျွန်တော့်စားပွဲပေါ်မှာ စာတစ်စောင် ထားသွားတယ်၊ သူတို့ တတ်နိုင်သလောက် တရားရုံးကို မြန်မြန်ရောက်အောင် လာပါ့မယ်တဲ့"

သူတို့ပြောနေကြစဉ်မှာပင် တရားသူကြီး လာပြီဖြစ်ကြောင်း ရုံးပျာတာ၏ ခေါက်သံသုံးချက်ကို ကြားရပြီးနောက် မတ်တတ်ရပ်ကြရန် ပြောသံကိုပါ ကြားရသည်။

တရားသူကြီး မစ္စတာအော့(စ်)ဘွန်းက ထုံးစံအတိုင်း တာဝန်ကျ ကောင်စီလူကြီး၊ ရှေ့နေများနှင့် ဂျူရီအဖွဲ့ဝင်များတို့ကို ဦးညွှတ်နှုတ်ဆက်သည်။ တရားရုံးအမှတ် (၁)၏ တစ်နေ့တာကား အစပြုလေပြီ။

"ကဲ... မစ္စတာနေလာ"

တရားသူကြီးမှာ ကောင်းကောင်းနေကောင်းပုံမပေါ်၊ ပိန်လည်းပိန်လှသည်။ နေလာက နေရာမှထ၍ တရားသူကြီးကို ဦးညွှတ်အလေးပြုသည်။

"တရားသူကြီးမင်းရဲ့ ခွင့်ပြုချက်အရ တင်ပြပါရစေခင်ဗျာ၊ မနေ့က သေဆုံးသူ မစ္စတာဂရယ်ဂေါ်ရီရဲ့ဇနီး မစ္စစ်ဖီလစ် ဂရယ်ဂေါ်ရီ နေမကောင်းလို့ ကျွန်တော့်ရဲ့အမှုကို အဆုံးမသတ်နိုင်ခဲ့ပါဘူး၊ ယနေ့တော့ နေကောင်းသွားပါပြီ။ မစ္စစ်ဖီလစ် ဂရယ်ဂေါ်ရီ ကျေးဇူးပြုပြီး ကြွပါခင်ဗျား"

တံခါးပေါက်ရှိ တာဝန်ကျ ရဲအရာရှိက ဖီလစ်ဂရယ်ဂေါ်ရီကို ခေါ်ယူလိုက်သဖြင့် ဖီလစ်ဂရယ်ဂေါ်ရီက ရုံးခန်းထဲသို့ ဖြည်းဖြည်းလျှောက်၍ဝင်လာသည်။ အနက်ရောင် ဝတ်စုံကို ဝတ်ထားပြီး လည်ပင်းတွင် ပုလဲဆွဲကြိုးတစ်ကုံးသာ ဆွဲထားသည်။ သူ့မျက်လုံးများမှာ ခပ်မှိုင်းမှိုင်း





နှင့် အရောင်မတောက်တော့ပေ။ လက်ချောင်းများမှာ အနည်းငယ်တုန်နေသည်။

ရုံးပျာတာက လက်ပြ၍ခေါ်ရာဘက်သို့ လျှောက်သွားရင်း ကရောဖို့အား ပတောင်းပန်လိုသည့် ပုံသဏ္ဌာန်ဖြင့် လှမ်းကြည့်သည်။ သို့သော် ကရောဖို့က မျက်နှာချင်း မဆိုင်သဖြင့် ဆက်၍လျှောက်သွားရသည်။

ထုံးစံအတိုင်း ကျမ်းကျိန်ပြီးနောက် နေရာတွင် ငြိမ်သက်စွာထိုင်နေသည်။ သူ၏ လှုပ်ရှားမှုမှန်သမျှမှာ အတင်းအဓမ္မ တိုက်တွန်း၍ လုပ်ရသလို ပုံသဏ္ဌာန်ရှိနေသည်။

နေလာက မေးခွန်းမေးရန် ထလိုက်သည်။ သူ၏အသံက အသတ်ခံရသည့် လူတစ်ယောက်၏ ဇနီးအား မေးခွန်းထုတ်ရသည့် အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ခပ်အုပ်အုပ်ဖြစ်သည်။ သူကား သရုပ်ဆောင်ကောင်းသော သူတစ်ယောက်ပါပေ။

"မစ္စစ်ဂရယ်ဂေါ်ရီရဲ့ အမည်အပြည့်အစုံက ဖီလစ်ချာပီယန် ဂရယ်ဂေါ်ရီဖြစ်ပြီး သေဆုံးသူ မက်သယူးဂရယ်ဂေါ်ရီရဲ့ ကျန်ရစ်သူ မုဆိုးမ ဟုတ်ပါသလားခင်ဗျာ"

"ဟုတ်ပါတယ်"

"အခုလိုဖြေရမှာ မစ္စစ်ဖီလစ် ဂရယ်ဂေါ်ရီအတွက် စိတ်ထိခိုက်လိမ့်မယ်ဆိုတာ သိပါတယ်၊ ဒါကြောင့် တိုတိုပဲ မေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်"

"ဧပြီလ ၁၉ ရက်၊ တနင်္ဂနွေနေ့ နံနက် ၇ နာရီလောက်မှာ အော်တာရီမြို့ကနေ အိမ်ကိုပြန်လာတော့ ခင်ဗျားရဲ့ခင်ပွန်းဟာ စာကြည့်ခန်းထဲမှာ လဲကျသေဆုံးနေတာကို တွေ့ရပါသလား"

"သူ ဓားထိုးခံရပြီး သေဆုံးနေပါတယ်"

"ခင်ဗျားက မစ္စတာကရောဖို့ကို ချက်ချင်းပဲ ခေါ်ပြီးတဲ့နောက် သူနဲ့ ဗိုလ်မှူးမေ့(တ်)လင်းတို့ နှစ်ဦးက ခင်ဗျားကို ပြုစုစောင့်ရှောက်ပြီး ခင်ဗျားရဲ့ကိုယ်စား ရဲကို အကြောင်းကြားပါသလား"

"ဟုတ်ပါတယ်"

"ဒီနောက် ရဲတွေရောက်လာတဲ့အခါမှာ ရဲမှူးအီလေကို အဲဒီ သေဆုံးနေတဲ့အလောင်းဟာ ခင်ဗျား ယောက်ျားရဲ့ အလောင်းအမှန် ဖြစ်ကြောင်း အစစ်ခံခဲ့ပါသလား"

"ဟုတ်ပါတယ်"

နေလာက ဆက်မမေးသေး။ သူ့ မှတ်စုစာရွက်များကို ကြည့်နေသလိုဟန် လုပ်နေသည်။ တကယ်တော့ ကရောဖို့နဲ့ ဖီလစ်တို့၏ ခင်မင်ရင်းနှီးမှုကို သူ သိပြီးဖြစ်သည်မို့ ဖီလစ်ထံမှ သူလိုချင်တဲ့အဖြေရအောင် မေးဖို့ရာ သိပ်လွယ်လိမ့်မည်မဟုတ်ကြောင်း ကောင်းကောင်းကြီး သိပြီးဖြစ်သည်။ ထို့ကြောင့် သူက ဖြည်းဖြည်းချင်းစသည်။

"မစ္စစ်ဖီလစ် ခင်ဗျား၊ တရားခံနဲ့ ဘယ်လောက်ရင်းနှီးသလဲ"

ဖီလစ်၏ တစ်ကိုယ်လုံး တောင့်သွားသည်ကို သူ တွေ့လိုက်ရသည်။

"တော်တော် ရင်းနှီးပါတယ်၊ ကျွန်မရဲ့ခင်ပွန်းနဲ့ ကျွန်မတို့ဟာ သူနဲ့ ဆက်ဆံလာခဲ့ကြတာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ"

"ဘယ်လို ဆက်ဆံခဲ့ကြတယ်ဆိုတာကို ရှင်းပြပါလား ခင်ဗျာ"

"သူဟာ ကျွန်မ ခင်ပွန်းရဲ့ ချိန်ဘာကို အလုပ်သင်တပည့်အဖြစ်နဲ့ ၁၉၃၇ ခုနှစ်မှာ ဝင်လာပါတယ်"

ဖီလစ်မှာ နောက်ကြောင်းများကို ပြန်ပြောနေရတော့ စိတ်ကို ခိုင်ခိုင်မထားနိုင်တော့ဘဲ ရှိုက်ချင်လာသည်။ မနည်းကြိုးစားပြီးထိန်းကာ ဆက်ပြောရသည်။

"၁၉၄၁ ခုနှစ်မှာတုန်းက သူက ရေတပ်မတော်မှာပါ၊ ခွင့်နဲ့ပြန်လာတုန်း ဗုံးဒဏ်ကြောင့် သူ့ဇနီးဆုံးပါတယ်၊ သူလဲ ဒဏ်ရာအကြီးအကျယ် ရခဲ့ပါတယ်၊ သူ့သမီးကလေး ဂျိုဝါနာက အဲဒီတုန်းက နှစ်ခါလည်ပဲ ရှိပါသေးတယ်၊ ဒါကြောင့် ကျွန်မတို့က သူ့ကိုယ်စား သမီးကလေးကို မွေးထားရပါတယ်၊ သူ ဆေးရုံကဆင်းလာတော့ ကျွန်မယောက်ျားကပဲ သူ့ကို ကျွန်မတို့အိမ်နားက အိမ်တစ်အိမ်က လုလွတ်နေတာနဲ့ အဲဒီအိမ်မှာပဲ နေစေပါတယ်"





"အဲဒီနောက်ကော"

နေလာကတော့ ဖီလစ်ဘာသာ ဆက်ပြောအောင် လွှတ်ပေးလိုက်သည်။ ဖီလစ်ကလည်း ဆက်၍ပြောသည်။

"နောက် သူလဲ ရှေ့နေပြန်လိုက်ပါတယ်၊ တော်တော်လေး အောင်မြင်ပါတယ်"

"ခင်ဗျားခင်ပွန်းရဲ့ ချိန်ဘာမှာပဲလား"

"ဟုတ်ပါတယ်"

"အဲဒီကာလတစ်လျှောက်လုံးမှာ ခင်ဗျားယောက်ျား ဆုံးတဲ့အချိန် အထိ ဂေါ်ဒွန်မြူး(စ်)မှာ အိမ်နီးချင်းတွေပေါ့"

"ဟုတ်ပါတယ်"

နေလာက အခုမှ အသက်မှန်မှန် ရှူနိုင်ပေတော့သည်။ အခုတော့လည်း အဘွားကြီးက သူမျှော်လင့်ထားတာထက်တောင် ပြောနေပါသလား။

"မစ္စစ်ဖီလစ် ဂရယ်ဂေါ်ရီ ပြောတဲ့အထဲမှာ ၁၉၄၁ ခုနှစ်မှာ သူဟာ သမီးကလေးနဲ့ အတူကျန်နေပြီး ခင်ဗျားယောက်ျားက သူ့ကို ကူညီခဲ့ရတယ်လို့ ပါတယ်၊ ဒီလိုဆိုတော့ သူ့မှာ မိသားစု မရှိဘူးပေါ့"

"မရှိပါဘူး"

"ဒီလိုဆိုရင် သူဟာ ခင်ဗျားတို့ လင်မယားအပေါ်မှာ မိသားစု အနေနဲ့ သဘောထားပြီး ခင်ဗျားတို့ရဲ့ ဆက်ဆံမှုဟာ ရင်းနှီးတဲ့ မိတ်ဆွေအချင်းချင်း ဆက်ဆံမှုမျိုးမဟုတ်ဘဲ မိသားစု ဆက်ဆံမှုမျိုးလို့ပြောရင် မလွန်ပါဘူးထင်တယ်"

ဖီလစ်က ဟုတ်ကြောင်းခေါင်းညိတ်ပြ၏။

"ကျေးဇူးတင်ပါတယ်"

နေလာက ကျေးဇူးတင်စကားပြောပြီးနောက် နောက်တစ်ချက်သို့ မသိမသာ လမ်းကြောင်းပြောင်း၍ မေးသည်။

"ခင်ဗျားရဲ့ခင်ပွန်းက ကားမောင်းတတ်တယ်နော်"

"ဟုတ်ပါတယ်"

"ကားမောင်းတဲ့အခါမှာ ဘယ်လိုနေသလဲ၊ ဂရုတစိုက်ရှိရဲ့လား"

နေလာ မေးခဲ့တဲ့ မေးခွန်းတွေအနက် ဒီမေးခွန်းမှာ တုံးတိတိ အနိုင်ဆုံးဖြစ်သည်။ ဘာကိုရည်ရွယ်ပြီး မေးတာကိုလည်း ဖီလစ်က သတိထားပြီဖြစ်သည်။ သူမက မဖြေသေး၊ ကရောဖို့ဘက်သို့ လှည့်ကြည့်လိုက်သည်။ ကရောဖို့ကတော့ အခုထက်ထိ မျက်နှာကို လွှဲထားတုန်းပင်။

နေလာက ညင်ညင်သာသာ ထပ်၍တိုက်တွန်းသည်။

"ကျွန်တော် မေးတာကလေးကို ကျေးဇူးပြု၍ ဖြေပါဗျာ"

ဖီလစ်ကတော့ မဖြေလိုဘဲနဲ့ ဖျစ်ညှစ်၍ ဖြေလိုက်သည်။

"ဂရုတစိုက် မောင်းလေ့တော့ မရှိပါဘူး"

"ခင်ဗျားခင်ပွန်း ကားမောင်းပုံနဲ့ ပတ်သက်ပြီး ကရောဖို့က ဘယ်လိုများ သဘောရသလဲ"

"ကျွန်မခင်ပွန်း မောင်းတဲ့ကားကို သူ စီးရမှာကြောက်တယ်လို့ ပြောလေ့ရှိပါတယ်"

"ဘာကြောင့်တဲ့လဲ"

"ကရောဖို့က ကျွန်မယောကျ်ား မောင်းတာကို စိတ်မချလို့ပါ"

နေလာက ဖီလစ်စကားများကို ပြန်ရွတ်နေသည်။

"စိတ်မချလို့..."

နေလာအဖို့ အရေးကြီးဆုံးမေးခွန်းကို မေးရတော့မည်။ မေးသည့် နေရာမှာတော့ ပါးနပ်ဖို့လိုသည်။

"သူနဲ့ ခင်ဗျားတို့ မိသားစုလို ခင်မင်နေတာကြောင့် ကရောဖို့က ခင်ဗျားကို အတွင်းရေးကိစ္စတွေ တိုင်ပင်စရာရှိရင် တိုင်ပင်မှာပေါ့နော်"

"တိုင်ပင်လေ့ရှိပါတယ်"

"သူ့သမီးဆုံးတဲ့ညက သူနဲ့အတူ ဆေးရုံမှာ ခင်ဗျားရှိနေတယ် မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ ရှိနေပါတယ်"





"အဲဒီအချိန်တုန်းကကော ခင်ဗျားကို အတွင်းရေးကိစ္စ တစ်ခုခုကို မပြောဘူးလား"

"ရှေ့နေကြီး ဘာကိုဆိုလိုတာလဲဆိုတာ ကျွန်မ နားမလည်ပါဘူးရှင်"

နေလာက ဟန်နှင့်ပန်နှင့် ဦးညွတ်၍ တောင်းပန်သည်။

"ကျွန်တော့် ချွတ်ယွင်းချက်ပါ၊ ကျွန်တော် ရှင်းပြပါမယ်"

ဖီလစ်ကတော့ နေလာ၏ ယဉ်ယဉ်ကျေးကျေး ဆက်ဆံခြင်း၏ ရည်ရွယ်ချက်ကို သိပြီးဖြစ်သည်။ နေလာ၏ ကတ္တီပါအိတ်စွပ်ထားသော သံလက်သီးကို ဘယ်လိုပြန်၍ ခံရမည်ကို စဉ်းစားနေသည်။

"သူ့သမီး ဆုံးပြီဆိုတဲ့သတင်းကို ကြားရတော့ ခင်ဗျားကို သူက ဘာများပြောသလဲ"

"သူ သိပ်ပြီး စိတ်ထိခိုက်သွားတယ်၊ ဂျိုဝါနာဟာ ကားတိုက်ခံရပြီး ရုတ်တရက် ဆုံးသွားတာကိုး..."

နေလာက ဖီလစ်ကိုကြည့်ပြီး သူ ဆက်ပြီးမေးသင့်မမေးသင့် ချိန်ဆနေသည်။ ဖီလစ်ကတော့ မျက်ရည်တွေတွေ ကျလျက်ရှိသည်။ နေလာက ကြာကြာမစောင့်တော့၊ ဆက်၍မေးသည်။

"စိတ်ထိခိုက်သွားတယ်ဆိုတာ ဘာကိုဆိုလိုတာလဲ"

"ဒီလိုပါ၊ ပြောရရင်တော့ သူဟာ ပင်ကိုစိတ် ပျောက်လုနီးနီး အခြေအနေကို ရောက်သွားပါတယ်"

ပြောရင်းနှင့် ဖီလစ်စကားကို ဖြတ်လိုက်ပြီး မျက်ရည်ကျနေသည်ကို လူတွေမမြင်စေရန် ခေါင်းငုံ့ထားသည်။

နေလာကတော့ ဆက်ပြောဖို့ ဖီလစ်ကို မညှာမတာ တိုက်တွန်းသည်။

"ဆက်ပြောပါဦးခင်ဗျာ"

"သူ သူက ကျွန်မယောကျ်ားကိုပြောတယ်၊ ဂျိုဝါနာကို ကားနဲ့ တိုက်သတ်သွားတဲ့သူကိုတွေ့ရင် သူ သူကိုယ်တိုင် သတ်ပစ်မယ်တဲ့"

ဖိလစ်မှာ မနည်းကြိုးစားပြီး ပြောလိုက်ရသည်ကြောင့် အားကုန်ပြီး လူတစ်ကိုယ်လုံး တုန်လှုပ်နေသည်။ ကြည့်ရသည်မှာ သိပ်ပြီး သည်းခံနိုင်တော့မည့်ပုံမရှိ၊ ဒါပေမယ့် နေလာက နောက်ဆုံးတစ်ချက်ကို ဖော်ထုတ်ရန် ကျန်သေးသည်မို့ ဖိလစ်ကို မလွှတ်နိုင်သေး။ သူကတော့ အတွေ့အကြုံ ရင့်နေပြီမို့ ဒီလို အရေးအကြီးဆုံး မေးခွန်းမျိုးကို ခပ်ပေါ့ပေါ့ ပုံသဏ္ဍာန်ဖြင့်ပင် မေးသည်။ ဒါမှ ဖြေသူက အမှတ်တမဲ့ ဖြေပေမည်။

"မစ္စစ် ဂရယ်ဂေါ်ရီခင်ဗျာ၊ အချက်ကလေးတစ်ခုလောက်ပဲ ကျွန်တော် သိချင်ပါတော့တယ်၊ ဒါပြီးရင် ပြီးပါပြီ၊ ခင်ဗျားတို့အိမ်မှာ တာဝိန်းဒုဗေလိုင်း အရက်ချိုမျိုးကို ဘယ်သူသောက်ပါသလဲ"

"မစ္စတာ ကရောဖို့တစ်ယောက်ပဲ သောက်ပါတယ်"

နေလာက မသိတဲ့ပုံမျိုးဖြင့် တအံ့တသြ မေးလိုက်သည်။

"ဒီလိုဆိုရင် ဒီအရက်ကို ဘာဖြစ်လို့ ထားတာလဲ"

"ကရောဖို့အတွက် တမင်တကာ ထားတာပါ၊ အမှန်တော့ သူတစ်ယောက်တည်း အဲဒီအရက်ကို ကြိုက်တယ်၊ တခြား ဘယ်သူကမှ တို့တောင်မတို့ဘူး၊ ဒါကြောင့် သူ့ကို နောက်တဲ့သဘောနဲ့ ထားတာပါ"

"ကျေးဇူးတင်ပါတယ်ခင်ဗျား"

နေလာက ဖိလစ်ကို ဦးညွှတ်အလေးပြုကာ ထိုင်လိုက်သည်။ သူကတော့ သိပ်ကျေနပ်နေသည်။ စိတ်ဒုက္ခရောက်နေသော သက်သေကို မေးသည့်အခါတွင် ဂျူရီလူကြီးများ၏ အငြိုအငြင်ကို မခံရဘဲ မေးဖို့ အတော်ခက်သည်။ ယခု သူ ဖိလစ်ကို မေးရာတွင် ဂျူရီလူကြီးများ၏ အငြိုအငြင်ကို မခံခဲ့ရ၊ ဒါကြောင့် သူ၏ အောင်မြင်မှုမှာ ထူးထူးခြားခြား အောင်မြင်မှုဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ သူက ထိုင်ရင်းနှင့် ကရောဖို့၏ ဘက်သို့ စိတ်မဝင်စားသည့်ပုံဖြင့် လှည့်ကြည့်လိုက်သည်။

ကရောဖို့က ဖြည်းဖြည်းချင်း ထလိုက်ပြီး ငြိမ်သက်စွာ ရပ်နေသည်။ အမှန်တော့ သူက ဖိလစ်အတွက် အချိန်ပေးနေခြင်းဖြစ်သည်။ ဒီလို





အချိန်ပေးမှလည်း ဖိလစ်က ကိုယ့်ကိုယ်ကို အားတင်းကာ အမူရပ်ကို အမူလုပ်ပြီး ဣန္ဒြေဆောင်နိုင်ပေမည်။ ခဏမျှကြာတော့ ဖိလစ်က ကရောဖို့သို့ လှမ်းကြည့်လိုက်သည်။ ကရောဖို့က သူ့ကို ပြန်၍ပြုံးပြသည်။ အဲဒီလိုပြုံးပြတာကို တွေ့တော့မှ ဖိလစ်မှာ အားရှိလာသည်။ ဒါပေမယ့် သူက ကရောဖို့ကို တော်တော်နှင့် ရင်မဆိုင်သေး၊ သူက ကရောဖို့ကို ရင်ဆိုင်၍ ကြည့်တော့မှပဲ ကရောဖို့က ညင်ညင်သာသာ စ၍မေးသည်။

"ဖိလစ်၊ ခင်ဗျား ဆက်ပြောနိုင်ပါ့မလား"

"ရပါတယ်၊ အခု ကျွန်မ ဟန်ကျသွားပါပြီ"

ဖိလစ်၏ တောင်းပန်သံက ကရောဖို့အား စိတ်မကောင်းစေပါ။ ထို့ကြောင့် သူလည်း သူ့ရှေ့က မှတ်စုစာရွက်တွေကို ပြန်၍ လှန်လှောနေသည့်ပုံဖြင့် ခေတ္တအချိန်ဖြုန်းလိုက်သည်။ ထို့နောက်မှ ရိုးရိုးအေးအေးပင် ဖိလစ်ကို မေးခွန်းထုတ်သည်။

"ကျွန်တော်တို့နှစ်ယောက် တစ်ဦးအကြောင်း တစ်ဦးကောင်းကောင်းကြီး သိကြတယ်နော်"

"ဟုတ်ပါတယ်"

"ခင်ဗျားရဲ့ခင်ပွန်း ဂရယ်ဂေါ်ရီဟာ ဂျိုဝါနာကို ကားနဲ့တိုက်ပြီး မရပ်ဘဲ မောင်းပြေးတယ်ဆိုတာကို ကျွန်တော့်က ယုံတယ်လို့များ ခင်ဗျားက ပြောနေသလားလို့ပါ"

"ရှင် သိသားပဲ ကရောဖို့၊... ကျွန်မ ဒီလို ထင်လဲမထင်ဘူး၊ ပြောလဲ မပြောဘူးဆိုတာ"

"ကျေးဇူးပဲ ဖိလစ်"

သူတို့နှစ်ဦးအဖို့ အခုတော့ တရားရုံးတွင် ရှေ့နေနှင့် သက်သေတို့ အသွင်မရှိတော့၊ နှစ်ပေါင်းအစိတ်လောက် ရင်းနှီးဆက်ဆံလာကြသူများ ဖြစ်လို့မို့ သူတို့ ဘယ်နေရာမှာ ဘယ်လိုအခြေအနေမျိုးဖြင့် ဆက်ဆံနေကြရသည်ကိုပင် မေ့နေကြသည်။

ကရောဖို့က ဖြည်းဖြည်းပင် ဆက်၍ပြောသည်။

“ခုနက ကြားလိုက်ရတယ်၊ ကျွန်တော်တို့ရဲ့ ဆက်ဆံရေးဟာ မိသားစုဆက်ဆံရေးဖြစ်ပြီး ကျွန်တော်က အတွင်းရေးကိစ္စတွေကို တိုင်ပင်စရာရှိရင်လဲ ခင်ဗျားကို တိုင်ပင်တယ်လို့”

“ဟုတ်တယ်၊ ကျွန်မ ပြောခဲ့ပါတယ်”

“ခင်ဗျားကလဲ ကျွန်တော့်ကို အတွင်းရေးကိစ္စတွေကို တိုင်ပင်တာပဲ မဟုတ်လား”

“တိုင်ပင်ပါတယ်”

“မနှစ်က ဖေဖော်ဝါရီလထဲမှာ အော်တာရီမြို့မှာရှိတဲ့ ခင်ဗျားအမေရဲ့အိမ်မှာ ခင်ဗျား ရောက်နေတုန်း ကျွန်တော် ခင်ဗျားဆီလာတာ မှတ်မိသေးလား”

“မှတ်မိပါတယ်”

“ကျွန်တော် ဘာကိစ္စနဲ့လာတာလဲ”

“ကျွန်မက ကျွန်မယောကျ်ားနဲ့ ရန်ဖြစ်ပြီး အိမ်ကဆင်းလာတယ်၊ ပြန်လာဖို့ ရှင်က ကျွန်မကိုလာပြီး တိုက်တွန်းတာပါ”

ဖီလစ်ကတော့ အပြင်ပန်းအားဖြင့် အေးအေးဆေးဆေး ဖြေနေတယ်လို့ ထင်ရပေမယ့် အဖြစ်ဟောင်းတွေက အသစ်ဖြစ်လာသည်မို့ စိတ်ထဲကတော့ မရွှင်လှပေ။ လက်အိတ်ဖြူစွပ်ထားသော လက်ဖဝါးနှစ်ဖက်ကိုသာ အားတင်းသလို ပွတ်နေသည်ကို တွေ့ရသည်။ ဒါကိုမြင်ရသည့် ကရောဖို့က ဖီလစ် စိတ်မကောင်းအောင် လုပ်မိ၍ သူလည်း စိတ်မကောင်းပေ၊ ဒါပေမယ့် ဆက်မေးရပေဦးမည်။

“ခင်ဗျား အိမ်အပြန် ကားထဲမှာ ကျွန်တော့်ကိုပြောတာကို မှတ်မိသေးရဲ့လား”

“သိပ်ကြာပြီ မဟုတ်လား၊ မမှတ်မိတော့ဘူး”

“ခင်ဗျားရဲ့ခင်ပွန်းကို ခင်ဗျားချစ်တာနဲ့ ပတ်သက်လို့လေ”





“ကျွန်မတော့ မမှတ်မိတော့ဘူး၊ အဲဒီတုန်းကတော့ ပြောတာတွေ အများကြီးပဲ”

“အဲဒီတုန်းက ခင်ဗျားက ကျွန်တော့်ကို မေးခဲ့တယ်၊ မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်ကို သိပ်ချစ်လို့ရှိရင် တစ်ခါတစ်ခါမှာတော့ အဲဒီမိန်းမဟာ သူချစ်တဲ့ ယောကျ်ားကို သေစေချင်တဲ့အထိ ဆန္ဒဖြစ်ပေါ်လာတယ်ဆိုတာကို ဘယ်လိုသဘောရသလဲ… တဲ့”

မေးခွန်းကို ကြားလိုက်ရတဲ့ ဖီလစ်အဖို့ ထိတ်လန့်သွားပြီး ကရောဖို့ကို အတော်ကြာ ငေးကြည့်နေမိသည်။ ကရောဖို့က မညှာမတာ ထပ်၍မေးပြန်သည်။

“အဲ့သလိုမေးခဲ့တာ မှတ်မိသလား”

“အဲဒီတုန်းက ကျွန်မ ပြောခဲ့တာ တကယ်ပြောတာ မဟုတ်ပါဘူး၊ ကျွန်မက ဂရယ်ဂေါ်ရီအပေါ်မှာလဲ စိတ်ဆိုးနေတယ်၊ စိတ်ကလဲ ဂယောက်ဂယောက်ဖြစ်နေတော့ အဓိပ္ပာယ်မရှိတဲ့ စကားတွေကို ပြောမိခဲ့တာပါ”

“ဟုတ်ပါတယ်၊ ဒါကို ကျွန်တော် သိပါတယ်”

ကရောဖို့က အခုမှ ဖြေ၍ပြောလိုက်သည်။ ဒီတော့မှ ဖီလစ်အဖို့လည်း စိတ်အလွန် လှုပ်ရှားခြင်းမှ သက်သာရာရလာသည်။

“ကျွန်တော် အခု မေးချင်တာက ကျွန်တော် ဟိုအချိန်တုန်းက ဂျိုဝါနာကို ကားနဲ့တိုက်သွားတဲ့လူကို သတ်ပစ်မယ်လို့ ပြောတာဟာ ခင်ဗျား ကားထဲမှာ ပြောခဲ့တာနဲ့ အခြေအနေချင်း ယှဉ်ကြည့်ရင် ဘယ့်နှယ်နေမလဲ၊ အဲ့ဒီတုန်းက ကျွန်တော့်ရဲ့ ဒေါသအရှိန်က ခင်ဗျား ထက်လျော့မလား၊ ဒါမှမဟုတ် စိတ်ဂယောက်ဂယက် ဖြစ်လာဟာ ခင်ဗျား ဖြစ်တာထက် ပိုမလား၊ ဒါမှမဟုတ် ကျွန်တော်က ခင်ဗျားလို မဟုတ်ဘဲ ပြောတဲ့အတိုင်း လုပ်ဖို့အခြေအနေ ပိုပြီးရှိနေသလား”

“မရှိပါဘူး… မရှိပါဘူး”

“ကျေးဇူးတင်ပါတယ် ဖီလစ်”

ကရောဖို့ကတော့ ဖီလစ်၏ ခံစားရပုံကိုကြည့်ကာ သနားမိ၍ နောက်ထပ် ပြောမထွက်တော့၊ ဒါကြောင့် ထိုင်ချလိုက်ပြီး ခေါင်းငုံ့ကာ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထားသည်။

ဖီလစ် ခြေထောက်ရှုပ်တိုက်၍ ထွက်သွားသံ၊ ရုံးပျာတာက တွဲသွားရသည့် အသံတို့ကိုသာ ကြားလိုက်ရသည်။

သူတို့နှစ်ဦးမှာ တစ်ဦးကိုတစ်ဦး မကြည့်လိုက်ကြပေ။

*

## အခန်း(၁၃)

"တရားသူကြီးမင်း ခင်ဗျား၊ တရားလိုဘက်က တင်ပြဖို့ရှိတာကတော့ ဒါပါပဲ"

နေလာက သူ တင်ပြနေသောအမှုကို သဘောကျ ကျေနပ်စွာဖြင့် အဆုံးသတ်ကာ နေရာတွင် ထိုင်လိုက်သည်။ သူ၏ ဝတ်လုံနက်ကြီးက သူ့အား ပတ်ခြုံထားသလို ဖြစ်နေသည်။

ကရောဖို့ကတော့ သူ့ဝက်ခြံမှနေ၍ ကုန်းကာ သူ့ စာရေးကြီးကို ခေါ်ရသည်။

"ချားလ်စ်"

"ဟုတ်ကဲ့ဆရာ"

"သူတို့ကို မြန်မြန်သွားခေါ်စမ်းပါ"

ချားလ်စ်က သူ့ဆရာခိုင်း၍သာ ရုံးခန်းအပြင်သို့ ထွက်လာရသည်။ ရှီလာနှင့် ဟာမစ်တို့ကို ဘယ်လိုက်ရှာရမှန်း မသိပေ။ အချိန်လည်း သိပ်မရလှ။ သူ ရုံးခန်းထဲက ထွက်လာတုန်းကပင် တရားသူကြီးက ကရောဖို့ကို စတင်ပြောနေသည်ကို ကြားခဲ့ရသည်။

"မစ္စတာကရောဖို့"

တရားသူကြီး မစ္စတာအော့(စ်)ဘွန်း၏ အသံက သိပ်မမာလှပါ။ ဒါပေမယ့် ရုံးခန်းထဲမှ တီးတိုးသံများကိုတော့ တိတ်ဆိတ်သွားစေပါသည်။

ကရောဖို့က မတ်တတ်ရပ်လိုက်ပြီးဖြေသည်။

"ဟုတ်ကဲ့ပါ တရားသူကြီးမင်း"

"ကျွန်တော် အခုပြောမယ့် စကားတွေကို ခင်ဗျားလဲ သိပြီးဖြစ်တယ်၊ ဒါပေမယ့် ကျွန်တော် ဝတ္တရားအရ ပြောရလိမ့်မယ်၊ ဒီလိုပါ၊ ခင်ဗျားရဲ့အပေါ်မှာ စွပ်စွဲထားတာနဲ့ ပတ်သက်ပြီး ပြန်လည်ချေပပြောဆိုလိုက ပြောဆိုနိုင်တယ်၊ မပြောလိုကလဲ နေနိုင်ပါတယ်၊ အကယ်၍ ပြောလိုတယ်ဆိုရင် ခင်ဗျားအတွက် နည်းလမ်းနှစ်ရပ် ရှိပါတယ်၊ တစ်နည်းက သက်သေအဖြစ်နဲ့ ကျမ်းကျိန်ပြီး သက်သေခံချက်ပေးဖို့ဖြစ်တယ်၊ အဲဒီလိုဆိုရင် အစိုးရရှေ့နေကြီးက ခင်ဗျားကို စစ်ဆေးမေးခွန်းထုတ်ပါလိမ့်မယ်၊ နောက်တစ်နည်းကတော့ တရားခံနေရာကပဲ ရုံးတော်ကို ဖြောင့်ချက်ပေးနိုင်ပါတယ်၊ အဲသလိုဆိုရင်တော့ ခင်ဗျားကို ပြန်လှန်မေးခွန်း မထုတ်နိုင်ဘူး၊ ဘယ်နည်းကိုပဲလိုက်လိုက် ခင်ဗျားက သက်သေများကို ဆင့်ခေါ်နိုင်ခွင့်ရှိပါတယ်၊ ဘယ်နည်းကိုရွေးချယ်မယ်ဆိုတာ ရုံးတော်ကို တင်ပြစေလိုပါတယ်"

ကရောဖို့ကတော့ သူ့လူတွေကို စောင့်နေတုန်းဖြစ်၍ အချိန်လိုချင်သည်။ ဘယ်လိုလုပ်ရင် ကောင်းမလဲ သူ့ဦးနှောက်ကို အပြင်းအထန်အလုပ်ပေးကာ နည်းလမ်းရှာနေသည်။ ဒါကိုပဲ အသုံးပြုရတော့ပေမည်။

"တရားသူကြီးမင်းခင်ဗျား၊ ခုနပြောတဲ့ နည်းလမ်းများအတိုင်း မဆောင်ရွက်မီ တစ်ခုလျှောက်ထားလိုပါတယ်၊ ခွင့်ပြုပါခင်ဗျား"

"ဘယ်လိုအကြောင်းနဲ့ လျှောက်ထားမှာလဲ"

တရားသူကြီးက မေးစမ်းပြီးမှ လက်ခံလိုသည့်အသွင်ဖြင့် ပြန်မေးသည်။

"ဒီလိုပါခင်ဗျား၊ အာမီတာ(ဂျ်)ဆိုတဲ့ ပုဂ္ဂိုလ်ကို ကျွန်တော့်အနေနဲ့ ပြန်လှန်မေးခွန်းထုတ်ခွင့် မရခဲ့ပါဘူး၊ ဒါကြောင့် ထိုပုဂ္ဂိုလ်အား ရုံးတော်ကို ဆင့်ခေါ်ရန်နဲ့ သူ့ကို မတွေ့မချင်း ဤအမှုဟာ ကြားနာလို့ မပြီးဆုံးသေးသဖြင့် ရွှေ့ဆိုင်းထားရန် တရားသူကြီးမင်းအား ပန်ကြားပါတယ်၊





တရားလိုဘက်က သူတို့အတွက် တင်ပြလို့ ပြီးဆုံးသွားပြီလို့ ဆိုပါတယ်၊ ကျွန်တော် တင်ပြလိုတာကတော့ အဲဒီပုဂ္ဂိုလ်ကို ပြန်လှန်မေးခွန်းထုတ်ခွင့် ကျွန်တော့်ကို မပေးရသေးဘဲနဲ့ အမှုကို ပိတ်လို့မရဘူးဆိုတဲ့ အချက်ဖြစ်ပါတယ်"

တရားသူကြီးကတော့ ခေါင်းကို ဖြည်းဖြည်းညိတ်နေသည်။ သူကတော့ ဒီလိုလာလိမ့်မည်ဆိုသည်ကို တွက်မိပြီးသားမို့ သိပ်မအံ့သြလှ။ သို့သော်လည်း သိပ်ပြီး ခိုင်ခိုင်မာမာ ရှိသည်လို့ မထင်ထားပေ။ ဤသို့မထင်သော်လည်း နေလာကိုတော့ ကလီချင်သေးသည်။ ဒါကြောင့် နေလာအား မေးလိုက်သည်။

"မစ္စတာနေလာ ဘယ်လိုသဘောရပါသလဲ"

နေလာက မကျေနပ်သည်သည့် အမူအရာဖြင့် ထလိုက်သည်။

"တရားသူကြီးမင်းခင်ဗျား၊ ဒီကိစ္စအတွက် အတော်ကလေး စဉ်းစားပြီးပါပြီ"

"အဖြေ ဘယ်လိုရသလဲ၊ ခေါင်းကိုက်တာပဲလား"

တရားသူကြီးက ဖြတ်ပြောလိုက်သည်ကို ပရိသတ်က ရယ်ကြသည်။ သူ့မျက်နှာထားကတော့ မပြုံးမရယ်။

"တရားသူကြီးမင်းရဲ့ရှေ့မှာ အရင်အကြိမ်တွေက လျှောက်လဲရတာထက်တော့ ပိုပြီးမကိုက်ပါဘူး"

နေလာက တရားသူကြီးကို ပြန်၍ချေသည်။ ဒါပေမယ့် ကြာကြာမဆိုင်းရဲ။ ပရိသတ်ရဲ့ ရယ်သံတွေက တရားသူကြီးက မေးလိုက်တုန်းကထက် ပိုကျယ်နေရင် သူ့အဖို့ ခက်သွားနိုင်သည်။ ဒါကြောင့် သူတင်ပြလိုတာကိုသာ မြန်မြန်ဆက်ပြောတော့သည်။

"တရားသူကြီးမင်းခင်ဗျား၊ တရားခံရဲ့ တင်ပြချက်ကို ကန့်ကွက်ပါတယ်၊ ဒီအချက်ကို အောက်ရုံးမှာလဲ တင်ပြပြီးပါပြီ၊ ထိုစဉ်ကတည်းက အောက်ရုံးတရားသူကြီးက တရားခံကို စွဲချက်တင်နိုင်လောက်အောင် ခိုင်လုံတဲ့ သက်သေပြချက် ရှိတယ်ဆိုပြီး ခွင့်မပြုခဲ့ပါဘူး၊ ဒါကြောင့်မို့

လို့လဲ တရားခံကို ရုံးတင်စစ်ဆေးဖို့ အမိန့်ချလိုက်တာပါ၊ ဒီရုံးတော်ရှေ့မှောက်မှာလဲ ဒီသက်သေပြချက်ပါပဲ၊ ဒါကြောင့် ဂျူရီလူကြီးများက စဉ်းစားဆုံးဖြတ်ကြရန် ဖြစ်ပါတယ်၊ အကယ်၍ တရားခံက ရှာမတွေ့သူ တစ်ဦးက လုပ်ခဲ့ပါတယ်လို့ ယူဆရတဲ့ ဆောင်ရွက်ချက်အပေါ်မှာ အခြေခံလျှောက်လဲမယ်ဆိုရင်လဲ လျှောက်လဲပါစေခင်ဗျား"

"တရားသူကြီးမင်းခင်ဗျား၊ တစ်ဖက်က ကျွန်တော်၏ မိတ်ဆွေကြီး ခွင့်လွှတ်ပါခင်ဗျား၊ ကျွန်တော် အပြောမှားသွားပါတယ်၊ အစိုးရရှေ့နေကြီးကို လေးစားစွာဖြင့် တင်ပြလိုပါတယ်"

ကရောဖို့က နေလာ၏ဘက်သို့လှည့်၍ ဦးညွှတ်လိုက်သည်။ သူပြောလိုက်သည်မှာ နေလာကို ကောင်းကောင်းကြီး ထိသွားသဖြင့်လည်း ဝမ်းသာသွား၏။

"ကျွန်တော် အခုလို လျှောက်ထားရခြင်းဟာ တရားလိုဘက်က အဲဒီ ရှာမတွေ့တဲ့လူရဲ့ သတင်းပေးချက်အပေါ်မှာ အထူးအလေးပေးထားတဲ့အတွက် ဖြစ်ပါတယ်၊ အဲဒီတော့ အဓိက သက်သေမတင်ပြနိုင်တာနဲ့ ပတ်သက်ပြီး တရားလိုဘက်ကို ခွင့်လွှတ်ရမလား၊ အထူးအခွင့်အရေးပေးပြီး ချွင်းချက်ထားရမလားဆိုတာ မေးပါရစေ"

နေလာ၏ မျက်နှာကြီးမှာ ညိုပုပ်ပုပ် ဖြစ်လာသည်။

"တရားသူကြီးမင်းခင်ဗျား၊ ဒါဟာ အလွန်မလျော်ကန်တဲ့ စွပ်စွဲချက်ဖြစ်ပါတယ်"

တရားသူကြီးက စိတ်မရှည်တော့သည့်ပုံဖြင့် လက်ကို ဇော့ရမ်းရင်း ဝန်ခံသည်။

"ဟုတ်ပါတယ်... ဟုတ်ပါတယ် မစ္စတာနေလာ"

တရားသူကြီးအတွက်လည်း အရေးကြီးလာလေပြီ။ ဒါကြောင့် အခြေအနေကို ငြိမ်ငြိမ်ထိုင်ပြီး စဉ်းစားရသည်။ ဘယ်လမ်းကို လိုက်ရမည်ကို သေသေချာချာ စဉ်းစား၍ ရွေးရတော့မည်ဖြစ်သည်။ အနည်းငယ်မျှ တိမ်းစောင်းသွားသည်ဆိုလျှင်ပင် အယူခံမှုတွင် သူ အဝေဖန်ခံရမည်





ဖြစ်သည်။ ဒါကြောင့် သူလည်း စိတ်ချရတဲ့လမ်းစဉ်ကို ရွေးရတော့မည်ဖြစ်သည်။

"ရဲမှူးအီလေ၊ သက်သေနေရာကို ပြန်လာစေလိုပါတယ်"

အီလေက တရားသူကြီးကို ဦးညွှတ်လိုက်ပြီး သက်သေနေရာသို့ လျှောက်လာသည်။ သူကလည်း သတိထား၍ နေရသည်။ သူ့စိတ်ထဲတွင် ဒီအဘိုးကြီး ဒီကနေ့ ထူးခြားနေသည်ဟုထင်သည်။ ခါတိုင်းလိုမဟုတ်ဘဲ တရားခံဘက်ကို ဖေးနေသလိုလို တွေ့နေရသည်။

"ရဲမှူး ခင်ဗျား၊ ကျမ်းကျိန်ပြီးဖြစ်ကြောင်း ထပ်ပြောဖို့ မလိုတော့ဘူးနော်"

"မှန်ပါတယ်ခင်ဗျား"

"အာမိတာ(ဂျ်)ဆိုတဲ့လူက ရဲထံကို ပထမဦးဆုံးလာတော့ ခင်ဗျားကိုယ်တိုင် စကားပြောလိုက်ရရဲ့လား"

"ပြောလိုက်ရပါတယ်ခင်ဗျား"

"ဒီလူရဲ့ ရိုးသားဖြောင့်မတ်မှုနဲ့ပတ်သက်လို့ ခင်ဗျား ဘယ်လို သဘောရသလဲ၊ ကျေနပ်ရဲ့လား"

"ယုံမှားသံသယဖြစ်ဖို့ အကြောင်းမရှိပါဘူးခင်ဗျား"

ထိုအချက်ကို တရားသူကြီးက စာဖြင့်ရေး၍ မှတ်ထားသည်။

"အဲဒီအချိန်က လိပ်စာပေးသွားသလား"

"ပေးသွားပါတယ်ခင်ဗျာ၊ ကျွန်တော် သွားရှာတော့ သူ ပြောင်းသွားပြီလို့ သိရပါတယ်"

"ဘယ်သူကပြောတာလဲ"

"အိမ်ရှင်ကပါ"

"သူနေခဲ့တာက ဘယ်လိုဟာမျိုးလဲ၊ အိမ်ခန်းလား၊ အခန်းတစ်ခုတည်းလား၊ ဘာလဲ"

"ဘော်ဒါဆောင်ပါ၊ နေတဲ့သူတွေက အခန်းသီးခြားဖြစ်ပေမယ့် ထမင်းစားခန်းမမှာ စုပေါင်းစားရပါတယ်"

"အိမ်ရှင်နဲ့ တခြားအခန်းတွေမှာ နေတဲ့သူတွေကို အာမိတာ(ဂျ်) အကြောင်း စုံစမ်းကြည့်သေးသလား"

"မေးကြည့်ပါတယ်ခင်ဗျား၊ အာမိတာ(ဂျ်)ဟာ အဲဒီနေရာမှာ (၁၂) လလောက် လာလိုက် မလာလိုက်ပါဘဲတဲ့၊ အိမ်ရှင်ရဲ့ အပြောအတိုင်း ဆိုရင် အာမိတာ(ဂျ်)ဟာ အဲဒီအခန်းကို လန်ဒန်မြို့ကို ရောက်လာရင် နေဖို့ငှားတာလို့ ဆိုပါတယ်"

"ဘယ်လောက်ကြာကြာ နေသွားသတဲ့လဲ"

တရားသူကြီးက အသေးစိတ် အချက်အလက်များကို မလွတ်အောင် ဘီးစိပ်တိုက်သလို မေးသည်။

"အကြာဆုံးနေသွားတဲ့ အခေါက်ကတော့ ၁၀ ရက်လို့ဆိုပါတယ်"

"ကောင်းပြီ၊ နောက်ဆုံးအကြိမ် ပြန်သွားတုန်းက ဘယ်ကိုသွားမယ်၊ ဘယ်တော့ပြန်လာမယ်ဆိုတာ အိမ်ရှင်ကို ပြောမသွားဘူးလား"

"မပြောသွားပါဘူး"

"ခင်ဗျားအနေနဲ့ သူ့ကို ရှာတွေ့ဖို့ ဘယ်လိုအစီအစဉ်တွေ လုပ်ထားသလဲ"

အဲဒီတော့မှပဲ အီလေ အသက်ရှူချောင်တော့သည်။ ဒီလိုရှာဖို့ ဖွေဖို့ ကိစ္စတွေကတော့ သူ့အဖို့ မဆန်းပါ။ သူ လုပ်ကိုင်ထားတာတွေကို ဘယ်သူကမှ အပြစ်ပြောနိုင်မည် မဟုတ်ပါ။ သူ့အလုပ်ကို သူသိပါသည်။ ဒါကြောင့် တရားသူကြီး၏ မေးခွန်းကို သူက စီကာစဉ်ကာ ဖြေလိုက်သည်။

"သူ့ရဲ့ ပုံသဏ္ဌာန် အပြည့်အစုံကို လွန်ခဲ့တဲ့ ရက်သတ္တသုံးပတ်ကတည်းက ရဲဌာနတွေအားလုံးကို ဖြန့်ဝေထားပြီးပါပြီ၊ ကျွန်တော့်ဌာနက စုံထောက်နှစ်ဦးဟာလဲ အဲဒီအချိန်အတွင်းမှာ သဲလွန်စရသမျှကို လိုက်နေခဲ့ပါတယ်၊ အခုအထိတော့ မအောင်မြင်သေးပါဘူး"

တရားသူကြီးက ခေါင်းညိတ်လျက် ခဲတံကို ရေးမည့်ဟန်ပြင်ကိုင်ထားသည်။





"ကောင်းပါပြီ၊ ခင်ဗျားအနေနဲ့ ဒီထက်တော့ ပိုပြီးမဆောင်ရွက်ထားနိုင်ဘူးလို့ ထင်ပါတယ်"

အီလေက ဦးညွှတ်လိုက်သည်။

"ကျေးဇူးပါပဲ တရားသူကြီးမင်းခင်ဗျား"

"ဒါပေမယ့် ဒီလူကို ဆက်ပြီးရှာဖို့ ကျုပ် အကြံပေးပါတယ်၊ အကယ်၍ တရားခံဟာ အပြစ်ရှိကြောင်း တွေ့ရတယ်ဆိုရင် အာမိတာ(ဂျ်)ကို တွေ့သလား၊ မတွေ့ဘူးလားဆိုတဲ့ အချက်ဟာ အယူခံရုံးရောက်ရင် အရေးပါတဲ့အချက် ဖြစ်လာလိမ့်မယ်"

"ဟုတ်ပါတယ်ခင်ဗျား"

"မစ္စတာကရောဖို့၊ ရဲမှူးကိုမေးဖို့ မေးခွန်းရှိသေးလား"

"မရှိပါဘူးခင်ဗျား"

"ကောင်းပါပြီ၊ ကျေးဇူးတင်ပါတယ် ရဲမှူး"

တရားသူကြီးက ခဏမျှဆိုင်းပြီးနောက် ကရောဖို့အား ပြောသည်။

"မစ္စတာကရောဖို့၊ ခင်ဗျားရဲ့ တင်ပြချက်က အခြေအမြစ်ရှိကြောင်း ကျွန်တော့်ရဲ့ ဆုံးဖြတ်ချက်မှာ ညွှန်ထားပါတယ်၊ သို့သော်လဲ အာမိတာ(ဂျ်)ကို ရှာတွေ့တဲ့အထိတော့ မရွှေ့ဆိုင်းနိုင်ပါဘူး"

"တရားသူကြီးမင်းရဲ့ ဆန္ဒအတိုင်းပါပဲ ခင်ဗျာ"

ကရောဖို့က ယဉ်ကျေးစွာ ဦးညွှတ်၍ဖြေသည်။ အမှန်တော့ သူကလည်း ရွှေ့လိမ့်မည်ဟု မတွက်ထားပါ။ အချိန်လိုချင်၍သာ လျှောက် ထားခဲ့ခြင်းဖြစ်သည်။

တရားသူကြီးက တရားခွင်မှနေ၍ နေလာနှင့် ရဲမှူးအီလေတို့ထံသို့ ချွေကြည့်ကာ ကရောဖို့ကို ဆက်၍ပြောပြန်သည်။

"ဒါပေမယ့် ဂျူရီများက ဆုံးဖြတ်ချက်မပေးမီ မည်သည့်အချိန်မှာမဆို အာမိတာ(ဂျ်)ကို အစိုးရဘက်က ရှာလို့တွေ့ရင် ခင်ဗျားက သူ့ကို ပြန်လှန်မေးခွန်း မေးနိုင်ဖို့ အခွင့်အရေးရပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျား"

"ဒီလိုဆိုရင် စောစောက မေးခဲ့တာကို အဖြေပေးစေလိုပါတယ်၊ ကျမ်းကျိန်ပြီးတော့ သက်သေခံလိုပါသလား၊ ဒါမှမဟုတ် တရားခံနေရာကပဲ ဖြောင့်ချက်ပေးလိုပါသလား"

"ကျွန်တော် ကျမ်းကျိန်ပြီးတော့ သက်သေခံပါ့မယ် ခင်ဗျား"

ကရောဖို့က သူ၏ စာရွက်စာတမ်းများကို စုဆောင်းကာ အသင့်ပြင်ဆင်လျက် ဝက်ခြံတံခါးလေးအား အစောင့်အရာရှိက သော့ဖွင့်ပေးမည်ကို စောင့်နေသည်။ အခုအချိန်အထိ ရှီလာနှင့် ဟာမစ်တို့လာသည်ကို မတွေ့ရသေး။ လက်ရှိအခြေအနေကတော့ ခေါင်းရှုပ်ဖွယ်ဖြစ်သည်။ ဒါကြောင့် သူက အခြားကိစ္စများကို အာရုံစိုက်မနေနိုင်တော့၊ ရှီလာနှင့် ဟာမစ်တို့ လာသည်အထိ တတ်နိုင်သမျှ အချိန်ဆွဲရန်သာဖြစ်သည်။ တရားခံနေရာ ဝက်ခြံကလေးမှ သက်သေနေရာ ဝက်ခြံကလေးသို့ လိုက်သွားရာ၌လည်း ခပ်အေးအေးပင် လိုက်လာသည်။ အမှန်ကတော့ သူ၏ အေးဆေးမှုမှာ ကြိုးတန်းလျှောက်ပြသော ဆပ်ကပ်သမားလို ကြိုးစားပြီး ခေါင်းအေးအေးထားရသည့် အေးဆေးခြင်းမျိုးဖြစ်သည်။ သက်သေအဖြစ် နေရမည့်နေရာ ဝက်ခြံကလေးသို့ ကရောဖို့ ဝင်တော့မည့်ဆဲဆဲတွင် ဟာမစ်နှင့် ရှီလာတို့ ရုံးခန်းထဲဝင်လာကြသည်။ အခန်းထဲ၌ လူတွေအနည်းငယ် လှုပ်လှုပ်ရွရွဖြစ်သံ ကြားလိုက်ရ၍ သူက လှည့်ကြည့်တော့မှ သူ့တို့ကို မြင်သည်။

"တရားသူကြီးမင်းခင်ဗျား၊ ပထမဦးဆုံး ကျွန်တော့်ရဲ့ အတိုင်ပင်ခံ ရှေ့နေနဲ့ ခေတ္တ စကားပြောခွင့်ပြုဖို့ လျှောက်ထားပါတယ်"

ကရောဖို့၏အသံမှာ စိုးရိမ်သံပါနေသည်။ ဒါကို တရားသူကြီးကလည်း သတိထားမိသဖြင့် ကရောဖို့ကို စေ့စေ့စပ်စပ် ကြည့်လိုက်သည်။

"ကောင်းပြီ ခွင့်ပြုပါတယ်"

"ကျေးဇူးပါပဲ ခင်ဗျာ"

ခွင့်ပြုချက်ရသည်နှင့် ကရောဖို့က ရှီလာတို့ထံ ကမန်းကတန်း





သွားသည်။ သူတို့နှစ်ဦးကို ကြည့်ရသည်မှာ မနေ့ညက အိပ်ခဲ့ရသေးဟန်မတူ၊ အမူအရာကလည်း သွက်သွက်လက်လက် ရှိလှသည်မဟုတ်သဖြင့် သွားသည့်ကိစ္စမှာ မအောင်မြင်ခဲ့ကြောင်း သိသာနေပေသည်။

ဟာမစ်က ကရောဖို့ကို တောင်းပန်သည်။

"ကျွန်တော်တို့လဲ တတ်နိုင်သမျှ အချိန်မီအောင် လာတာပဲဗျို့"

"ကိစ္စမရှိပါဘူး၊ သွားတဲ့ကိစ္စ အဆင်ပြေခဲ့ရဲ့လား"

ကရောဖို့က လိုဂန်နဲ့ပတ်သက်၍သာ အမြန်ဆုံး သိချင်နေသည်။

ဟာမစ်ကတော့ မအောင်မြင်ခဲ့တဲ့အကြောင်း ပြောရမည်မို့ စိတ်ပျက်လက်ပျက်ဖြင့် ထိုင်နေသည်။

"ကျွန်တော်တို့တော့ ရေလိုက်လွှဲသွားပြီ၊ လိုဂန်က သေပြီပဲ"

"သေပြီ ဟုတ်လား"

ကရောဖို့ကတော့ သေပြီဆိုတာကို မယုံနိုင်သလို ပြန်မေးလိုက်သည်။

"လိုဂန်သေတာ နှစ်ပေါင်း အတော်ကြာနေပြီကပဲ"

"ဘုရားရေ..."

ကရောဖို့မှာ စိတ်ပျက်အားလျော့သွားသဖြင့် ခေါင်းငိုက်စိုက်ကျသွားသည်။

ဟာမစ်က ကရောဖို့၏ လက်မောင်းကို ဆုပ်ကိုင်ရင်း အလျင်စလိုပြောလိုက်သည်။ အမှန်ကတော့ ဟာမစ်မှာ စကားကို ဒီလို ကမန်းကတန်း ပြောလေ့ရှိသူ မဟုတ်ပေ။

"ကျွန်တော်တို့လဲ တတ်နိုင်သမျှ ကြိုးစားပြီးပြီ၊ ခင်ဗျားအနေနဲ့ တခြားနည်းတော့ မရှိဘူးဗျာ၊ ကျွန်တော်တို့ အရင်ပြောခဲ့တဲ့ နည်းတစ်ခုပဲ ရှိတော့တယ်"

"ကျေးဇူးပါပဲဗျာ"

ကရောဖို့ကတော့ ကျေးဇူးတင်စကားပြောပြီး ခေါင်းငိုက်စိုက်ဖြင့် ထွက်သွားသည်။ သူကတော့ လုံးဝအားလျော့လိုက်သည့်ပုံဖြင့် ဖယောင်း

ပုဆိုးခင်းထားသော ကြမ်းပြင်ကိုသာ ငုံ့ကြည့်၍ သက်သေနေရာသို့ လျှောက်သွားသည်။ ဟာမစ်က ခဏမျှ စောင့်ကြည့်နေသေးသည်။ ရှိလာက လက်တို့၍ခေါ်တော့မှပင် သူတို့နေရာတွင် ပြန်ထိုင်သည်။

သက်သေနေရာ ဝက်ခြံထဲတွင် ကရောဖို့က ခြေထောက်ကိုကား၍ မတ်တတ်ရပ်နေသည်။ မျက်နှာ အမူအရာကတော့ ခပ်မာမာပင်။

ထုံးစံအတိုင်း ကျမ်းကျိန်ဆိုပြီး၍ ခဏကြာတော့မှ စတင်၍ ထွက်ဆိုသည်။

"တရားသူကြီးမင်းနှင့် ဂျူရီအဖွဲ့ဝင် လူကြီးများခင်ဗျား၊ ကျွန်တော့် အပေါ်မှာ စွဲချက်တင်ထားတာဟာ အချက်သုံးချက်ပေါ်မှာ အခြေခံပြီး တင်ထားကြောင်း တင်ပြလိုပါတယ်၊ အဲဒီသုံးချက်ကတော့ တစ် – သိပ္ပံနည်းဖြင့် ဖော်ထုတ်ရယူချက်၊ နှစ် – ကျူးလွန်စေသည့်အကြောင်းရင်း၊ သုံး – ကျွန်တော် တင်ပြသော အလီဘိုင်မှာ မခိုင်လုံကြောင်း သက်သေပြချက်။ အဲဒီ သက်သေပြချက်ကတော့ အဲဒီအချိန်မှာ ကျွန်တော့်မှာ ကျူးလွန်နိုင်တဲ့ အခွင့်အလမ်းရှိခဲ့ကြောင်း သက်သေပြခြင်းဖြစ်ပါတယ်၊ ယခု ကျွန်တော် ပြောလိုတာက ကျွန်တော့်မှာ ကျူးလွန်နိုင်တဲ့ အခွင့်အလမ်းရှိခဲ့ကြောင်းဆိုတဲ့ အချက်ကတော့ မှန်ကြောင်း ဝန်ခံပါတယ်၊ ဒါပေမယ့်တခြား ဘယ်အချက်ကိုမှ ဝန်မခံပါဘူး"

ကရောဖို့ အဲဒီလိုပြောတာကို ကြားရတဲ့ ဟာမစ်ကတော့ ဒေါပွသွားကာ သူ့နေရာမှ ကရောဖို့ကို အရောင်ထွက်မတတ် မျက်လုံးကြီးများဖြင့် စိုက်ကြည့်နေသည်။ ကရောဖို့ကလည်း ပြန်အကြည့်နှင့်မို့ မျက်လုံးချင်းဆိုင်မိကြသည်။ ဟာမစ်ကမင် အကြောင်းမထူးတော့ပြီမို့ ပခုံးတစ်ချက်တွန့်ပြီး မျက်နှာချင်းလွှဲလိုက်ရသည်။ ကရောဖို့ကတော့ အရှိန်ရလာပြီမို့ အားနှင့်မာန်နှင့် ပြောနေသည်။

"ကျွန်တော် မစ္စတာ ဂရယ်ဂေါရီကို မသတ်ခဲ့ပါဘူး၊ သတ်ဖို့ရာ အကြောင်းလဲ ကျွန်တော့်မှာ မရှိပါဘူး၊ ကျွန်တော့်သမီး သေရတာ သူ့မှာ တာဝန်ရှိတယ်လို့ တစ်ခါမှ ကျွန်တော့်ခေါင်းထဲမှာ အရင်ကလဲ





မထင်မိခဲ့ပါဘူး၊ အခုလဲပဲ မထင်ပါဘူး၊ ဒါပေမယ့် အာမီတာ(ဂျ်)ဆိုတဲ့ လူက ကျွန်တော် အဲဒီလိုထင်နေပါတယ်လို့ ယိုးစွပ်တာကို ရဲက ယုံပါတယ်၊ အဲ့ဒါကို ကျွန်တော်ကလဲ ယုံပါတယ်လို့ ရဲက ကျွန်တော့်ကို စွပ်စွဲပါတယ်၊ ဂရယ်ဂေါရီက ကျွန်တော့်သမီးကို မသတ်ခဲ့သလို ကျွန်တော်ကလဲ သူ့ကို မသတ်ခဲ့ပါဘူးခင်ဗျာ၊ ရဲက သက်သေခံပစ္စည်းများအဖြစ် လက်ဗွေရာတွေ၊ သွေးစွန်းတဲ့အကွက်တွေ၊ ဆံပင်စတွေနဲ့ ကျွန်တော့်ရဲ့ အိုဗာကုတ်အင်္ကျီကို တင်ပြပြီးပါပြီ၊ အိုဗာကုတ်အင်္ကျီနဲ့ ပတ်သက်ပြီး ရှင်းပါရစေခင်ဗျား၊ အဲဒီ အိုဗာကုတ်ဟာ ရဲကလာပြီး သိမ်းတုန်းက ရှာလို့မတွေ့နိုင်တဲ့ နေရာမှာ ဝှက်ထားတာ မဟုတ်ပါဘူး၊ အိမ်ရှေ့ခန်းမှာ မြင်မြင်ထင်ထင် ချိတ်ထားတာပါ၊ ကျွန်တော့်အနေနဲ့တော့ အဲဒီ သက်သေခံပစ္စည်းတွေကို ရဲက ဘယ်ကနေ ဘယ်လိုရခဲ့သလဲ ဆိုတာကို မတွေးတတ် မထင်တတ်ပါဘူး၊ ကျွန်တော့်အမှုကို လိုက်ခဲ့တဲ့ ရှေ့နေ မစ္စရှိလာက ဖြစ်နိုင်တဲ့ အချက်တစ်ရပ်ကို လူကြီးမင်းများကို တင်ပြသွားပြီးပါပြီ၊ ရဲက အဲဒီ သက်သေခံပစ္စည်းတွေကို တင်ပြစဉ်က မစ္စရှိလာက ချေပတဲ့အနေနဲ့ အဲဒီအချက်ကို တင်ပြခဲ့တာကို လူကြီးမင်းများ မှတ်မိကောင်း မှတ်မိပါလိမ့်မယ်၊ သူ့ရဲ့ တင်ပြချက်က မှန်မယ်ဆိုရင် မှန်နိုင်ပါတယ်၊ မှန် မမှန်ကိုတော့ ကျွန်တော် အတိအကျမပြောနိုင်ပေမယ့် သေချာတဲ့အချက်တစ်ချက်ကိုတော့ ကျွန်တော် ပြောလိုပါတယ်၊ ဒါက ဘာလဲဆိုတော့ တစ်စုံတစ်ယောက်သောသူဟာ မစ္စတာဂရယ်ဂေါရီကို သတ်လိုတဲ့အကြောင်း ရှိရမယ်၊ အဲသလို မစ္စတာဂရယ်ဂေါရီ အသတ်ခံရတဲ့အတွက် ကျွန်တော့်ကို အပြစ်ဒဏ်ခံစေရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စီစဉ်လုပ်ကြံခဲ့ခြင်း ဖြစ်တယ်ဆိုတာပါပဲ၊ ဒါကြောင့်မို့ အဲဒီ တစ်စုံတစ်ယောက်သောသူဟာ တစ်နေရာရာမှာရှိနေပြီး သူ့ရဲ့ လိမ်လည်ကောက်ကျစ်တဲ့ လုပ်ကြံမှုကြောင့် အခု ကျွန်တော်က ကျွန်တော်မကျူးလွန်ခဲ့တဲ့ လူသတ်မှုနဲ့ အစွပ်စွဲခံရပြီး လူကြီးမင်းတို့ရဲ့ ရှေ့မှောက်မှာ ရောက်နေပါတယ်"

ကရောဖို့သည် ဝက်ခြံထဲမှနေ၍ ဂျူရီအဖွဲ့ဝင်လူကြီးများအား တစ်ဦးစီ မျက်လုံးချင်းဆိုင်၍ လိုက်ကြည့်နေသည်။ သူ၏ လက်ချောင်းများမှာ ဝက်ခြံဘောင်တန်းများကို တအားညှစ်၍ အားပြုကိုင်ထားသဖြင့် သွေးရောင်ပင်မရှိတော့ဘဲ ဖြူရော်ရော်ဖြစ်နေသည်။ တစ်ဦးချင်းကြည့်ပြီးသော် အားလုံးကိုခြုံကာ မျက်လုံးဝေ့ကြည့်ပြန်သည်။ ကြည့်ရင်းနှင့် ဆက်လက်တင်ပြသည်။

"ဂျူရီလူကြီးမင်းများခင်ဗျား၊ လူကြီးမင်းများကို ကျွန်တော့်ရဲ့အကြောင်း တင်ပြခဲ့တာဟာ အမှန်တရားဖြစ်ပါတယ်၊ မစ္စတာဂရယ်ဂေါရီ သေရခြင်းအတွက် ကျွန်တော့်မှာ တာဝန်ရှိတယ်လို့ လူကြီးမင်းတို့ကို အစိုးရရှေ့နေကြီးက တင်ပြသွားတာဟာ မမှန်တဲ့အချက် ဖြစ်ပါတယ်၊ ဒါပေမယ့် လိမ်ဆယ်လှည့်ဖြားထားတာတွေကို ရှင်းပစ်နိုင်မှသာလျှင် တရားမျှတမှုကို ရနိုင်မယ်ဖြစ်ပါတယ်"

ပြောပြီးတဲ့အခါ၌ ကရောဖို့မှာ ဂျူရီလူကြီးများ၏ စူးစူးစိုက်စိုက်ကြည့်ခြင်းကို ခံရသဖြင့် ဟန်အနည်းငယ် ပျက်သွားသည်။ သူ့မျက်လုံးများကို ဂျူရီလူကြီးများထံမှခွာပြီး တရားသူကြီးအား ခေတ္တမျှကြည့်ကာ ခေါင်းအောက်စိုက်၍ ပြောလိုက်သည်။

"တရားသူကြီးမင်းခင်ဗျာ၊ ကျွန်တော် တင်ပြထွက်ဆိုလိုတာက ဒါပဲဖြစ်ပါတယ်"

နေလာ ထိုင်နေသော နေရာဘက်မှာ ပိုးဝတ်လုံသ တရွမ်းရွမ်းကြားရသဖြင့် နေလာ သူ့နေရာမှထ၍ ပြန်လှန်မေးခွန်းမေးတော့မည်ကို သူ သိလိုသည်။

*



# အခန်း(၁၄)

"အခုကိစ္စမှာ လိမ်ဆယ်လှည့်ဖြားချက်တွေဟာ ခင်ဗျားကိုယ်တိုင်လုပ်ထားတာ မဟုတ်ဘူးလား"

နေလာက ဤမေးခွန်းဖြင့် သူ၏ တန်ပြန်ထိုးစစ်ကို စတင်လိုက်သည်။ သူ့အသံက ကြောက်စရာမကောင်းလှပေမယ့် အဓိပ္ပာယ်ကတော့ ခြိမ်းခြောက်မှုအပြည့်ရှိသည်။

ရုံးခန်းတွင်းရှိ ပရိသတ်မှာ ထိုပုဂ္ဂိုလ်နှစ်ဦး တစ်ဦးနှင့်တစ်ဦး ရန်စောင်နေကြခြင်းကို သတိထားမိကြသည်။ ထို့ကြောင့် ပွဲကြီးပွဲကောင်း တစ်ပွဲတော့ ကြည့်ကြရတော့မည်ဟူသော မျှော်လင့်ချက်ဖြင့် မျက်စိကိုဖွင့် နားကိုစွင့်ထားကြ၏။ သူတို့နှစ်ဦးမှာ ကာလကြာရှည်စွာကပင် ပြိုင်ဘက်ဖြစ်ခဲ့ရာ ယခုလည်း အပြိုင်ကြီးကြဦးတော့မည်ဖြစ်သည်။

နေလာ၏အမေးကို ကရောဖို့က သံပြတ်ဖြင့် ဖြေသည်။

"မဟုတ်ဘူး"

"ကောင်းပြီ၊ ဒီလိုဆိုရင် အခြေအနေကို အသေးစိတ်ဆန်းစစ်ကြည့်ကြရအောင်"

နေလာကတော့ အတွေ့အကြုံ ကြွယ်ဝပြီးဖြစ်သည့် ပြဇာတ်ဇာတ်ဆောင်ကဲ့သို့ ဂျူရီလူကြီးများ၏ အာရုံစိုက်မှုကို ရယူနိုင်ရန် အသံကိုရော ဟန်အမူအရာကိုပါ ကောင်းစွာအသုံးချနေသည်။

"ခင်ဗျားဟာ ခင်ဗျားရဲ့သမီးကို သိပ်ချစ်တယ်နော်"

"ဟုတ်တယ်"

"သိပ်ချစ်တာမှ သမီးသေပြီးတဲ့နောက် ကားနဲ့ တိုက်သွားတဲ့လူကို သတ်ပစ်ဖို့ သန္နိဋ္ဌာန်ချခဲ့တယ်နော်"

"မချခဲ့ပါဘူး"

"မချဘူးလို့သာဆိုတယ်၊ ခင်ဗျားက မစ္စစ်ဖီလစ် ဂရယ်ဂေါ်ရီနဲ့ သူ့ယောက်ျားတို့ကို အကယ်၍များ ကားနဲ့တိုက်သွားတဲ့လူကိုတွေ့ရင် ခင်ဗျားက သတ်ပစ်မယ်လို့ ပြောခဲ့တယ်ဆိုပါလား"

"ကျွန်တော့်သမီး ဆုံးပြီးလို့ ဆယ်မိနစ်လောက်အကြာမှာ သမီးအတွက် ယူကျုံးမရလဲဖြစ်၊ ကားနဲ့တိုက်တဲ့လူကိုလဲ အလွန်စိတ်ဆိုးနေတဲ့ အချိန်မှာ ပြောခဲ့တာပါ"

"ဒီလိုဆိုရင် ဒေါသဖြစ်တဲ့အခါမှာပြောတဲ့ သတ်ပစ်မယ်လို့ ခြိမ်းခြောက်တာဟာ ခြိမ်းခြောက်မှုမြောက်လောက်အောင် မလေးနက်ဘူးလို့ ခင်ဗျားက ဆိုလိုတာလား"

"ယခုပြောခဲ့တဲ့ အခြေအနေမှာတော့ ဟုတ်ပါတယ်"

"အဲဒီ အခြေအနေဆိုတာက ခင်ဗျားရဲ့ ခြိမ်းခြောက်မှုကို ခင်ဗျား ကြိုက်သလို အဓိပ္ပာယ်ပေးနိုင်အောင် ထွင်ထားတဲ့ အခြေအနေကို ပြောတာလား"

"လုံးဝမဟုတ်ဘူးဗျ"

"သိပါပြီ"

နေလာက ခဏငြိမ်နေ၏။ သူက မေးမည့်မေးခွန်းကို အစီအစဉ်တကျ ရွေးချယ်နေပုံရသည်။ ရွေး၍ရတော့မှ သူက ဆက်မေး၏။

"ခင်ဗျား ဘာဖြစ်လို့ အလွတ်စုံထောက်တွေငှားပြီး ကားနဲ့တိုက်သွားတဲ့လူကို လိုက်ရှာခိုင်းခဲ့သလဲ၊ ရဲက သူတို့လုပ်နိုင်သလောက် အားလုံးလုပ်နေတာပဲ"

မေးခွန်းမှာ ချက်ကောင်းကို ထိသွားသည်မို့ ကရောဖို့မှာ ခေါင်းထောင်လာရသည်။





"ရဲတွေ စုံစမ်းနေတာ အကြောင်းမှမထူးဘဲ"

"ခင်ဗျား ရဲကို အထင်မကြီးဘူး မဟုတ်လား"

"မဟုတ်ပါဘူး၊ ကျွန်တော် ရဲကို လေးလဲလေးစားတယ်၊ အထင်လဲကြီးပါတယ်"

"တကယ်ပဲလားဗျ"

နေလာ၏အသံမှာ သရော်သံထွက်လာသည်။

"ခင်ဗျားသမီးကို ကားနဲ့တိုက်သွားတဲ့လူကို တွေ့အောင်ရှာတဲ့ကိစ္စမှာလဲ ရဲကို ခင်ဗျား အားမကိုးခဲ့သလို အဲဟိုညက ခင်ဗျားရဲ့ခေါင်းကို ရိုက်ပြီး သော့တွဲယူသွားတဲ့လူကိုလဲ တွေ့အောင်ရှာဖို့ ရဲကို အားမကိုးခဲ့ဘူး မဟုတ်လား၊ ပြောစမ်းပါဦး"

"ကျွန်တော့်ကိုရိုက်ပြီး သော့တွဲယူသွားတဲ့ လူကိုရှာဖို့ ရဲကို အားကိုးတယ်... အားမကိုးဘူးဆိုတာနဲ့ ပတ်သက်လို့ ပြဿနာမရှိခဲ့ဘူး"

"အခု အဲဒီအချက်ကိုပဲ ကျွန်တော် ပြောနေတာ၊ ခင်ဗျား အဲဒီကိစ္စကို ရဲကိုတိုင်ခဲ့သင့်တယ်၊ ဒါပေမယ့် ခင်ဗျားက ရဲကို မတိုင်ခဲ့ဘူး"

"နောက်တစ်နေ့မှာ အဲဒီအကြောင်းကို ရဲက အပြည့်အစုံသိရတာပဲ မဟုတ်လား"

"ဒါပေမယ့် ဖြစ်တဲ့ညကတော့ ရဲကိုမတိုင်လို့ ရဲက မသိဘူးမဟုတ်လား"

"ဟုတ်ပါတယ်၊ အဲဒီညကတော့ မသိခဲ့ပါဘူး"

ကရောဖို့၏ ဖြေသံက အားမာန်မပါလှ။

"မသိခဲ့ပါဘူး ဟုတ်လား"

ဖြေသံဖြင့် အားမာန်မပါသည်ကို နေလာက လှောင်သလိုလို ပြန်ပြောသည့်အခါ၌ အင်အားထည့်လိုက်သည်။ တစ်ဖန် ကရောဖို့၏ အကွက်ကို ထပ်၍ဖျက်ပြန်သည်။

"ဒါကတော့ ခင်ဗျားရဲ့ ခေါင်းကဒဏ်ရာ ဘယ်လိုရခဲ့တယ်ဆိုတာကို မရှင်းပြရင် မဖြစ်တာမို့ လံကြွတ်ဒီပနီဖွင့်ပြီး ရဲကို ပြောပြရတာ

မဟုတ်ဘူးလား"

"ဒါ မမှန်ပါဘူး"

"ခင်ဗျား ပြောတာကို ဂျူရီလူကြီးတွေက ကြားပါတယ်လေ"

ကရောဖို့ လုပ်ကြံပြောနေပါတယ်လို့ တိုင်သည့်ပုံဖြင့် နေလာက ဂျူရီလူကြီးများဘက်သို့ လှည့်ကြည့်ကာ ပြောသည်။

"ခင်ဗျားရဲ့သမီး သေဆုံးခဲ့တဲ့ကိစ္စကို ပြန်ပြောပြကြရအောင်၊ အဲဒါနဲ့ပတ်သက်ပြီး ခင်ဗျားကို မေးချင်တာက ကားနဲ့တိုက်ပြေးတဲ့လူကို ရှာဖို့ အလွတ်စုံထောက် ငှားထိုက်တယ်လို့ ခင်ဗျား ဘာကြောင့်ယူဆသလဲ၊ ရဲကို အကူအညီပေးဖို့ ငှားတာလား၊ ဒါမှမဟုတ် အဲဒီလူကို ခင်ဗျားကိုယ်တိုင် စီရင်မလို့ ငှားတာလား၊ အဖြစ်အပျက် အမှန်ကတော့ အဲဒီလူကို ခင်ဗျားကိုယ်တိုင် အပြစ်ဒဏ်ပေးဖို့ အကြံအစည်တစ်ရပ်အဖြစ် ပေါ်လာလို့ ငှားခဲ့တာ မဟုတ်လား"

နေလာက ရုတ်တရက် ဟန်ပြောင်းသွားသည်။ ကရောဖို့အား လေအေးအေးဖြင့် လျောင်သလို ပြောနေရာက ခပ်ထန်ထန်ဟန်သို့ ပြောင်းလာသည်။ သူသည် စားပွဲရှေ့သို့ ကုန်း၍ပြောနေရာ သူ၏ ဝတ်လုံမှ လက်ပွပွကြီးနှစ်ခုမှာ ပုံမကျသည့် ရွက်ကြီးများကဲ့သို့ ဖားလျားကျနေသည်။ နှစ်ပေါင်းများစွာ ပြိုင်ဘက်အဖြစ် တရားရုံးတွင် ရင်ဆိုင်လာခဲ့ကြရာမှ ယနေ့တွင် သူက 'ဆွဲချ'အဖြစ် ကရောဖို့က တရားခံအဖြစ်ဖြင့် တွေ့ကြရာတွင် စောင့်စည်းအပ်သည့် ဓလေ့ထုံးစံကိုပင် မလိုက်နာနိုင်တော့။ အခုတော့ နေလာမှာ လူ့ယဉ်ကျေးမှု မထွန်းကားခင်ခေတ်က လူရိုင်းအသွင် ပေါက်နေ၏။

ကရောဖို့အား မုန်းတီးသည့်အမူအယာကို မဖုံးကွယ်နိုင်တော့ဘဲ မျက်နှာတွင် အတိုင်းသားပေါ်နေသည်။

ထို့ကြောင့် နေလာက ကရောဖို့အား မေးခွန်းကို ဝေါက်၍မေးလိုက်သည်။

"မဟုတ်ဘူးလား"





သက်သေဝက်ခြံတွင်းရှိ ကရောဖို့ကလည်း သူတို့ရဲ့ အဖြစ်ဟောင်းတွေကို စဉ်းစားနေသည်။ သို့သော် သူ၏ပုံက အဲဒီအချိန်မှာတော့ အေးအေးဆေးဆေးပင်၊ သူက ပြုံး၍ ခပ်ဖြည်းဖြည်းပင်ဖြေသည်။

"ကျွန်တော့်ခေါင်းထဲမှာ အဲသလို အတွေးကလေး နည်းနည်းတော့ ပေါ်လာခဲ့ပါတယ်၊ ဒါပေမယ့် အကြံအစည်တစ်ရပ် အဆင့်အထိရောက်အောင်တော့ ဆက်ပြီး မစဉ်းစားခဲ့ပါဘူး"

"အကြံအစည်တစ်ရပ် အဆင့်အထိရောက်အောင် ခင်ဗျား စဉ်းစားခဲ့ပါတယ်၊ အဲသလို စဉ်းစားခဲ့ပြီး အဲဒီလူကိုရှာဖို့ အလွတ်စုံထောက်တွေကို ငှားခဲ့တာပေါ့၊ ရှာလို့တွေ့ရင် ခင်ဗျားကိုယ်တိုင်သတ်ဖို့ အကြံအစည်နဲ့လေ"

နေလာ၏စကားကြောင့် ကရောဖို့မှာ တွန့်ကနဲဖြစ်သွားသည်။

"ကျွန်တော် မကြံစည်ခဲ့ပါဘူး၊ ကျွန်တော် ငှားခဲ့တဲ့ အလွတ်စုံထောက်တွေကလဲ တစ်ယောက်မှ တွေ့အောင်မရှာနိုင်ခဲ့ပါဘူး"

"အို... ဒီလိုမလှည့်နဲ့လေ၊ တစ်ယောက်ကတော့ တွေ့အောင်ရှာနိုင်ခဲ့ပါတယ်"

နေလာက တဖြည်းဖြည်းနှင့် ကရောဖို့၏ လွတ်ပေါက်ကို ပိတ်၍ ကျဉ်းလိုက်သည်။

"ခင်ဗျားကို စာနဲ့ရေးပြီး တွေ့ပြီဆိုတာကို အကြောင်းကြားခဲ့တဲ့ အာမီတာ(ဂျ်)လေ"

"အဲဒီ ရေးတယ်လို့ဆိုတဲ့စာကို ကျွန်တော် မတွေ့ခဲ့ပါဘူး၊ ကျွန်တော့် ချိန်ဘာကို ရောက်လာတဲ့ စာအိတ်ထဲမှာ စာရွက်လွတ်ပဲပါတယ်"

"ကားနဲ့တိုက်သွားတဲ့လူကို အာမီတာ(ဂျ်)က တွေ့အောင်ရှာပြီး ခင်ဗျားကို အကြောင်းကြားခဲ့တယ်ဆိုတာ ခင်ဗျား ငြင်းလို့မရခဲ့ပါဘူး"

"မဟုတ်ပါဘူး"

"တွေ့လဲတွေ့ရော ခင်ဗျားက အဲဒီလူကို သတ်တာပဲ"

"မဟုတ်ပါဘူး"

အခုတော့ နှစ်ဦးသားမှာ ရင်ဆိုင်တွေ့နေကြလေပြီ။ မျက်လုံးချင်းပြိုင်ကြည့်နေကြသည်။ ဒါပေမယ့် ကရောဖို့ကတော့ အခုအခြေအနေမှာ သားကောင်၊ နေလာက မုဆိုးဖြစ်နေသည်။ တစ်ဦး၏အကြောင်းကို တစ်ဦးက သိနေသည်မို့ တစ်ကွက်အမှားမခံရဲပေ။ သို့သော်လည်း ကရောဖို့ကတော့ လွတ်အောင်ပြေးခဲ့ရလွန်း၍ မောပန်းအားကုန်နေပေပြီ။

ချောင်ပိတ်မိနေသည့် သားကောင်ကို လက်စတုံးပစ်ရန် ရှေ့သို့ တစ်လှမ်းချင်း တိုးလာသည့် မုဆိုးကဲ့သို့ နေလာကလည်း သူ၏မေးခွန်းများကို အစီအစဉ်ကျကျ တစ်ဆင့်ပြီးတစ်ဆင့် မေးသည်။

"မစ္စတာကရောဖို့၊ ခင်ဗျားဟာ ဥပဒေဘက်မှာ အတွေ့အကြုံရင့်ကျက်တဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်တယ်နော်"

"ဟုတ်ပါတယ်"

"အဲသလို အတွေ့အကြုံအရ တရားလိုဘက်က အမှုဟာ အင်မတန်ခိုင်မာတယ်လို့ ခင်ဗျား မယုံကြည်ဘူးလား"

ကရောဖို့က တစ်ချက်ပြုံးလိုက်သည်။

"ဒါပေမယ့် တရားလိုဘက်က အမှုမှာ အဓိကအားနည်းချက်တစ်ခု ရှိတယ်၊ ဒါက ဘာလဲဆိုတော့ မမှန်တဲ့အဖြစ်အပျက်အပေါ်မှာ အခြေခံထားနေတာပဲ"

"ဟုတ်သလား"

နေလာက လှောင်ပြုံးပြုံးရင်း ခနဲ့လိုက်သည်။

"ကောင်းပြီ၊ ခင်ဗျားပြောတာကို ဆန်းစစ်ကြည့်ရအောင်၊ ယေဘုယျအားဖြင့်ဆိုရင် ရဲတွေဟာ အမှန်တရားကိုသာ လက်ကိုင်ထားပြီး ဆောင်ရွက်တယ်လို့ ယူဆရမယ်ဆိုတာကိုတော့ ခင်ဗျား သဘောတူပါလိမ့်မယ်ထင်တယ်"

"ဟုတ်ပါတယ်၊ ကျွန်တော် တင်ပြနေတဲ့အချက်က..."

"ခဏလေးဗျာ..."





နေလာက ကရောဖို့ ရှင်းပြသည်ကို ဖြတ်လိုက်သည်။

"ကျွန်တော့်ရဲ့ တင်ပြချက်ကို လိပ်ပတ်လည်အောင် ရှင်းပါရစေဦး၊ ဂရယ်ဂေါ်ရီကို တစ်စုံတစ်ဦးက သတ်သွားတယ်လို့ ရဲကဆိုတယ်၊ ဒါ အမှန်ပဲ၊ ပြီးတော့ တစ်စုံတစ်ယောက်က သတင်းပေးချက်အရ ခင်ဗျားကို စုံစမ်းစစ်ဆေးဖို့ သူတို့မှာ တာဝန်ရှိတယ်ဆိုတာလဲ အမှန်ပဲ"

"အဲ့ဒီ သတင်းပေးချက်က မှန်မှ မမှန်ဘဲ"

"ဟုတ်ပါပြီလေ၊ ရဲက မှန်မမှန်ကို စုံစမ်းစစ်ဆေးပြီးမှ သိမှာပေါ့၊ စုံစမ်းစစ်ဆေးပြီးတော့ ဘာတွေ့သလဲ၊ ခင်ဗျားရဲ့သမီးကို ကားနဲ့တိုက်သတ်သွားတဲ့သူကို ခင်ဗျားကိုယ်တိုင် သတ်ပစ်မယ်လို့ အတိအလင်း ခြိမ်းခြောက်ချက်ရယ်၊ ဂရယ်ဂေါ်ရီဟာ အဲဒီကားကို မောင်းတဲ့သူဖြစ်ပါတယ်ဆိုတာကို ဖော်ပြထားတဲ့စာရယ်၊ အဲ့ဒီစာမှာ ဂရယ်ဂေါ်ရီ မသေခင် နှစ်ရက်လောက်က ရက်စွဲထိုးထားတယ်၊ ပြီးတော့ အချင်းဖြစ်ပွားတဲ့နေရာက ရရှိတဲ့ ပစ္စည်းတွေကို သိပ္ပံနည်းနဲ့ စစ်ဆေးကြည့်လို့ ရရှိတဲ့ သက်သေခံချက်တွေဟာ ခင်ဗျားလိုလူမျိုးကိုတောင် မဟုတ်ဘူး၊ ဂိုဏ်းချုပ်ဘုန်းတော်ကြီးတစ်ပါးကိုတောင် အပြစ်ကျစေနိုင်တယ်၊ အဲ့ဒီကိစ္စတွေအားလုံးမှာ ရဲရဲ့တင်ပြချက်ဟာ အမှန်တွေချည်းပဲ"

"ဒါပေမယ့် အခြေခံတဲ့ အကြောင်းအချက်တွေက မဟုတ်မမှန်တဲ့အချက်တွေပဲ၊ သိပ္ပံနည်းအရ ဖော်ထုတ်ရရှိတဲ့ သက်သေခံပစ္စည်းတွေကလဲ တမင်တကာ လုပ်ကြံထားတဲ့ဟာတွေပဲ"

"ဒါက ခင်ဗျားကပြောတာကိုး၊ ရဲက တင်ပြတဲ့ အမှန်တရားကို ဂျူရီလူကြီးတွေရဲ့ မျက်မှောက်မှာ ချေပနိုင်ဖို့ ခင်ဗျားရဲ့ အမှန်တရားက ဘယ်လောက်ခိုင်လုံလို့လဲ"

"ကျွန်တော် ဂရယ်ဂေါ်ရီကို မသတ်ပါဘူး"

"လုပ်ပါ... ဆက်ပြောပါ..."

နေလာကတော့ အောင်နိုင်သူမို့ ဂျူရီလူကြီးတွေရဲ့ရှေ့မှာ သူမှုမှုတတရှိကြောင်း ပြချင်သည်။ ဒါကြောင့် ကရောဖို့ကို အခွင့်အရေးပေး

ကြောင်း ပြသည့်အနေဖြင့် ဆက်၍ပြောခိုင်းသည်။ ဒါကို ရှိလာတွေ့ရတော့ ငိုချင်သည်။ သူက နေလာကို အတော်ပင် မုန်းတီးရွံ့ရှာသွား၏။

ကရောဖို့က သူ့လက်ဝါးများကို မျက်နှာမှ တဖြည်းဖြည်းချင်း ခွာပြီး မော့်ကြည့်လိုက်သည်။

"ကျွန်တော် ဒီစကားကို အကြိမ်တစ်ထောင်လောက် ပြောခဲ့ပြီး ပါပြီ၊ အခုလဲ ဆက်ပြောရဦးမယ်၊ အာမိတာ(ဂ်)က ရဲကိုပေးတဲ့သတင်းဟာ လီဆယ်ပေးတာပါ"

သူ့အသံမှာ ခပ်ပျော့ပျော့နှင့် ရှုံးနေပြီးကို ဝန်ခံသည့်ပုံပေါက်နေသလို ဖြစ်နေသည်ကို သူ့ဘာသာပြန်၍ သတိထားမိသဖြင့် ကရောဖို့က အားတင်းပြီး သူ့အမူအရာကို ပြင်လိုက်သည်။ ပြီးတော့ အားမာန်အပြည့်ဖြင့် ဆက်၍ရှင်းသည်။

"ဒီလူကို ကျွန်တော် တစ်ခါမှ အလွတ်စုံထောက်အဖြစ် မငှားခဲ့ဖူးပါဘူး၊ သူ့ဆီကလဲ စာတစ်စောင်မှ မရဘူးပါဘူး၊ သူ ဘယ်သူလဲဆိုတာကိုတောင် မသိပါဘူး"

"လီဆယ်ပြီးပေးတဲ့ သတင်းပေးချက်ဆိုရင် အဲဒီသတင်းအရ ရဲက ရှာလို့ စစ်ဆေးဖို့ တွေ့ရတဲ့အချက်တွေဟာ ဘာဖြစ်လို့ အဲဒီသတင်းနဲ့ လာပြီး ညီညွှတ်နေသလဲ"

"ဘာဖြစ်လို့လဲဆိုတော့ အဲဒီလူက ရဲတွေရှာရင် ဘာကိုတွေ့မယ်၊ ဘယ်လိုအချက်တွေ ရလာမယ်ဆိုတာ ကြိုတင်သိထားလို့ပေါ့၊ ဒါကြောင့် ကျွန်တော်က သူထောင်ထားတဲ့ ထောင်ချောက်ထဲကို မသိလိုက်ဘဲနဲ့ ရောက်သွားရတာပေါ့"

"အဲဒီထောင်ချောက်က ခင်ဗျား တစ်ခါမှမတွေ့ဖူးတဲ့ အာမိတာ(ဂ်)ဆိုတဲ့လူက ထောင်တာလို့ ဆိုချင်တာလား"

"သူကိုယ်တိုင်ဖြစ်ဖြစ်၊ သူနဲ့ပတ်သက်နေတဲ့ သူတစ်ယောက်က ဖြစ်ဖြစ် ထောင်တာဖြစ်ရမယ်"

"ဒါဟာ ခင်ဗျားရဲ့ တစ်ခုတည်းသော ရှင်းလင်းချက်ပဲလား"





နေလာက မယုံနိုင်သည့်ပုံဖြင့် ပြန်၍မေးသည်။

"ဟုတ်ပါတယ်"

ကရောဖို့ကတော့ တင်းမာသောအပြုံးဖြင့် ဖြေလိုက်သည်။

သူက အခုတော့ ရှိသမျှအင်အား အကြွင်းအကျန်ကလေးများကို ဖျစ်ညှစ်၍ထုတ်ကာ ကြိုးရပေတော့မည်။ ဒါကြောင့် နေလာကိုရော တရားသူကြီးနှင့် ဂျူရီလူကြီးကိုရော ခပ်တင်းတင်း ရင်ဆိုင်လိုက်သည်။ သို့ဖြင့် ဂျူရီလူကြီးများထံမှ အထင်ကြီးမှုကို ရနိုင်သလောက် ယူလိုက်သည်။

ဒါကို သတိပြုမိသည့် နေလာက အချိန်မီ ပြန်လည်တိုက်စစ်ဆင်ရတော့သည်။

"ဒါဖြင့်ရင် ခင်ဗျားကို ကျွန်တော်မေးမယ်၊ ဟောဒီ အချက်နှစ်ချက်မှာ ဘယ်အချက်က ပိုပြီး ယုံနိုင်စရာအကြောင်းရှိသလဲ၊ လက်ခံနိုင်တဲ့အချက် ဖြစ်မလဲဆိုတာကို ဖြေစမ်းပါ၊ ပထမအချက်က ခင်ဗျားရဲ့သမီးကို ကားနဲ့တိုက်သွားတဲ့လူကို ရှာတွေ့လို့ ခင်ဗျားက သတ်ပစ်တယ်ဆိုတဲ့ အချက်ဖြစ်တယ်၊ ဒုတိယအချက်ကတော့ ခင်ဗျားမှာ ခင်ဗျားကို အင်မတန်မုန်းတဲ့ ရန်သူတစ်ယောက်ရှိပြီး အဲဒီရန်သူဟာ ခင်ဗျား ဒုက္ခရောက်ဖို့အရေးအတွက် အပြစ်မရှိတဲ့သူတစ်ဦးကို သတ်ခဲ့ပြီး သတ်တဲ့လက်သည်ဟာ ခင်ဗျားဖြစ်တယ်လို့ ရဲကထင်အောင် သဲလွန်စတွေကို စနစ်တကျချထားပစ်ခဲ့တယ်၊ ကဲ... ဘယ်အချက်က ပိုပြီး ယုံနိုင်စရာရှိသလဲ၊ လုပ်ပါ၊ ဖြေပါ"

နေလာက ပြောပြီးတဲ့နောက် စိတ်ပျက်ခေါင်းရှုပ်သွားတဲ့ အမူအရာဖြင့် ကရောဖို့ကို ကြည့်လိုက်သည်။ တစ်ဖန် ထပ်၍တွန့်လိုက်ပြန်သေးသည်။

"ခင်ဗျားလို အတွေ့အကြုံရှိတဲ့ လူတစ်ယောက်က အခု ခင်ဗျားပြောခဲ့တာတွေကို ဂျူရီလူကြီးတွေက ယုံလိမ့်မယ်လို့ထင်တာတော့ အလွန်အံ့သြဖို့ကောင်းတာပဲဗျို့"

"ဒီမှာ မစ္စတာနေလာ၊ ဂျူရီလူကြီးတွေက ယုံမယ် မယုံဘူးဆိုတာက သူတို့ဆုံးဖြတ်ရမယ့်အလုပ်၊ ခင်ဗျားက ဝေဖန်ဖို့မဟုတ်ဘူး၊ ဒါပေမယ့် ကျွန်တော် ပြောနေတာဟာ အမှန်တရားသာ ဖြစ်တယ်ဆိုတာကို အခုလဲ ထပ်ပြောတယ်"

နေလာက ဂျူရီလူကြီးတွေနဲ့ ကရောဖို့ကို တိုက်ပေးသည်ကို ကရောဖို့က ပြန်တွယ်လိုက်သဖြင့် တစ်ချက်တော့ ခံသွားရသည်။

နေလာမှာ အခုတော့ ကရောဖို့ကို စားတော့ဝါးတော့မလို ကြည့်နေ၏။ သူ၏ လည်ပင်းကြောကြီးများမှာလည်း ဒေါသအရှိန်ကြောင့် ထောင်လျက်ရှိသည်။ အခုတော့ဖြင့် မုန်းတီးမှုကို ဖုံးကွယ်မထားနိုင်တော့၊ မျက်နှာတွင် အထင်းသားပေါ်နေသည်။

"အမှန်တရားကတော့ စာထဲမှာပါတဲ့ အကြောင်းဟာ ခင်ဗျားအဖို့ မနှစ်မြို့ဖွယ် အချက်ဆိုတာကို ခင်ဗျား သိပြီးဖြစ်တယ်၊ သိတာနဲ့ အဲဒီစာထဲမှာ ဖော်ပြထားတဲ့လူကို သတ်ဖို့ကြံခဲ့တယ်၊ ဒါပဲ"

"မဟုတ်ဘူး"

"အဲဒီညက ခင်ဗျားကို ဘယ်သူကမှ ချောင်းရိုက်ခဲ့တာ မဟုတ်ဘူး၊ အဲဒီညက ခင်ဗျား လုပ်ခဲ့တာဟာ မစ္စတာဂရယ်ဂေါ်ရီရဲ့ အိမ်ကိုသွားတယ်၊ သူတစ်ယောက်တည်းရှိတာကိုလဲ ခင်ဗျား သိပြီးသားပဲ၊ သွားတော့ မစ္စတာ ဂရယ်ဂေါ်ရီက သူဟာ ခင်ဗျားသမီး သေအောင် ကားနဲ့တိုက်မိခဲ့ကြောင်း ဖွင့်ပြီးဝန်ခံတယ်"

"မဟုတ်ပါဘူး..."

"အဲ့ဒီတော့ ခင်ဗျားက သူ့ကို သတ်ပစ်လိုက်တယ်"

"မဟုတ်ပါဘူး..."

သူတို့နှစ်ဦးမှာ တစ်ယောက်ကိုတစ်ယောက် စိုက်၍ အတန်ကြာအောင် ကြည့်နေကြသေးသည်။ နေလာကစ၍ မျက်နှာလွှဲလိုက်ပြီး မထီလေးစားသော အမူအရာဖြင့် သူ၏ပခုံးကျယ်ကြီးကို တွန့်လိုက်ပြီး ထိုင်ချလိုက်သည်။





ရုံးခန်းတစ်ခုလုံးမှာတော့ အပ်ကျသံပင် ကြားရတော့မလောက် တိတ်သွားသည်။ ထိုတိတ်ဆိတ်မှုကို တရားသူကြီးက ဖြိုခွဲလိုက်သည်။

"မစ္စတာကရောဖို့၊ ခင်ဗျားရဲ့ အရင်က ထွက်ဆိုချက်ကို ထပ်ဖြည့်ဦးမလား"

"မဖြည့်တော့ပါဘူး ခင်ဗျာ"

"ဒါဖြင့်ရင် တရားခံနေရာကို ပြန်နိုင်ပါပြီ"

ကရောဖို့က တရားသူကြီးဘက်သို့ ခပ်ဆတ်ဆတ် ဦးညွှတ်လိုက်ပြီး သက်သေနေရာမှ တရားခွင်ရှေ့ကိုဖြတ်ပြီး သွက်လက်သော ခြေလှမ်းများဖြင့် လျှောက်သွားသည်။ အကျဉ်းအကျပ်နှင့် ကြုံလာရပြီမို့ သူ၏စိတ်ထဲတွင် ယခုတော့ သို့လောသို့လော ဒွိဟဖြစ်မနေတော့ပေ။ ဘာလုပ်ရမည်ဆိုတာကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား မြင်နိုင်လာပေပြီ။ အဲ့သလို ပြတ်သားတဲ့ ဆုံးဖြတ်ချက်ကို ချလိုက်နိုင်သည်မို့ သူ့တွင် အားမာန်ပြန်၍ ပြည့်လာသည်။ ဒါကြောင့် အစောင့်အရာရှိက တရားခံနေရာ ဝက်ခြံတံခါးကို ဖွင့်တာကိုပင် စိတ်မရှည်နိုင်ဖြစ်မိသည်။

ဝက်ခြံထဲပြန်ရောက်သည်နှင့် တစ်ပြိုင်နက် တရားသူကြီးသို့ တင်ပြတော့သည်။

"တရားသူကြီးမင်းခင်ဗျား၊ ကျွန်တော်၏ အတိုင်ပင်ခံ ရှေ့နေနှင့် တိုင်ပင်ဆွေးနွေးခွင့်ပြုဖို့ နောက်တစ်ကြိမ် အခွင့်အရေး ထပ်၍တောင်းပါရစေခင်ဗျာ"

ကရောဖို့၏အသံတွင် ပြန်လည်ဆန်းသစ်လာသော အားမာန်အပြည့်ရှိသည်ကို တရားသူကြီး အော့(စ်)ဘွန်းက ဂရုပြုမိသည်။ ကရောဖို့ကို ကြည့်ရသည်မှာ စောစောကနှင့် မတူတော့၊ စိတ်သစ်လူသစ် ခွန်အား အပြည့်၊ မာန်အပြည့်၊ တရားသူကြီးကလည်း အံ့သြနေသည်။

"ကောင်းပြီ၊ ဒါပေမယ့် သိပ်မကြာစေပါနဲ့"

"ဟုတ်ကဲ့ပါခင်ဗျာ၊ ကျေးဇူးကြီးလှပါပြီ"

ကရောဖို့က ဝက်ခြံ၏ ဘောင်ပေါ်မှ ရှေ့သို့ကုန်း၍ ဟာမစ်နှင့်

ရှီလာတို့အားခေါ်သည်။ သူတို့ကလည်း မခေါ်ခင်ကပင် လာနေကြပေပြီ၊ ကရောဖို့ကတော့ အချိန်ကုန်မခံတော့၊ ခပ်မြန်မြန်ပဲ မေးလိုက်သည်။

"လိုဂန် သေတယ်ဆိုတာက ဘယ်တုန်းက သေတာလဲ၊ ဘယ်လို သေတာလဲ"

ရှီလာနဲ့ ဟာမစ်တို့ထံသို့ ကရောဖို့၏ ဓာတ်ကူးသွားပုံရသည်။ သူတို့နှစ်ဦးမှာလည်း မောပန်းလာတာကို မေ့သွားသည်။

ရှီလာက ဖြေသည်။

"ရထားကို ဗုံးထိတုန်းက သေသွားတယ်၊ ၁၉၄၄ ခုနှစ်ထဲမှာပေါ့"

"ဟင်... ဒီတုန်းက လိုဂန်က ထောင်ထဲမှာပဲ ရှိသေးတာလဲ"

"သူ့ကို မိ(ဒ်)စတုန်းထောင်ကနေ ဒတ်မူးထောင်ကို ပြောင်းတယ်၊ သူတို့တစ်တွေစီးတဲ့ ရထားကို ဂျာမန် ညတိုက်လေယာဉ်ပျံတွေက စက်သေနတ်နဲ့ လိုက်ပစ်တော့ သူတို့စီးတဲ့တွဲ မီးလောင်သွားတယ်၊ အဲဒီတွဲထဲမှာ လိုဂန်ရယ်၊ တခြား ထောင်သားနှစ်ဦးရယ်၊ အစောင့်နှစ်ဦး ရယ် ပါလာတယ်၊ သူတို့အားလုံး သေကုန်တယ်လို့ ဆိုတာပဲ"

ကရောဖို့က မယုံနိုင်ကြောင်း ခေါင်းခါပြသည်။

"သေတာ သူဖြစ်ကြောင်း ဘယ့်နှယ်လုပ်သိသလဲ"

ဟာမစ်က ဝင်ပြောသည်။

"သူတို့က ပြောတာပဲ"

"ဘယ်... သူတို့က ပြောတာပဲ"

"ထောင်က..."

"သူသေတာကို ထုတ်ပြန်ကြေညာသလား"

"သတင်းစာတွေထဲမှာတော့ မပါဘူး၊ စစ်အတွင်းမဟုတ်လား၊ ကျွန်မ ရှာကြည့်သေးတယ်"

ရှီလာက တစ်ဖန်ဝင်၍ပြောသည်။

"လိုဂန်ဟာ တစ်နည်းနည်းနဲ့ ထောင်အရာရှိတွေကို လှည့်စားပြီး ထွက်ပြေးတာဖြစ်ရမယ်၊ ဒါ အဖြစ်နိုင်ဆုံးပဲ၊ တို့တွေ့ထားတဲ့ ဓာတ်ပုံတွေ





ကိုကြည့်ရင်း ဒီကောင် အသက်ရှင်နေသေးတယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး"

ကရောဖို့၏ ဦးနှောက်မှာ အလွန်အလုပ်များနေသည်။ ဖြစ်နိုင်တဲ့ အချက်များ စုစည်းလိုက်၊ မဖြစ်နိုင်တာတွေကို ဖယ်ထုတ်လိုက် စသည်ဖြင့် ကွန်ပျူတာစက်ကဲ့သို့ အဖြေကို ရွေးထုတ်နေသည်။

ဟာမစ်က ကရောဖို့နှင့် အမီလိုက်ရန် ကြိုးစားသည့်အနေဖြင့် ဝင်၍ အကြံပေးသည်။

"ကောင်းပါပြီ၊ ဖြစ်နိုင်တယ်ပဲထားပါတော့၊ ကျွန်တော်တို့ ဘယ်လို လုပ်ပြီး သက်သေပြမလဲ"

"လက်ဗွေပုံစံတွေကော၊ ထောင်မှတ်တမ်းဌာနကို မသွားခဲ့ဘူးလား"

"ကျွန်တော် သွားခဲ့ပါတယ်၊ လိုဂန်နဲ့ ပတ်သက်တဲ့ မှတ်တမ်းတွေကို ဖျက်ဆီးပြီးပါပြီ"

"ဖျက်ဆီးပစ်လိုက်တယ်၊ ဟုတ်လား"

ကရောဖို့က မယုံနိုင်သဖြင့် ပြန်မေးသည်။

ရှီလာက ဝင်၍ရှင်းပြသည်။

"အကျဉ်းသားတစ်ဦး သေဆုံးပြီး ဆယ်နှစ်ကြာရင် သူနဲ့ဆိုင်တဲ့ မှတ်တမ်းတွေကို ဖျက်ဆီးပစ်တာဟာ လုပ်ရိုးလုပ်စဉ်ပါပဲ"

"ဟုတ်ပြီ"

ကရောဖို့က အစမှပင် ပြုံးနိုင်သည်။ သူ အမိဖွာယ်ကောက်လွဲမိတာကိုလည်း သဘောကျမိသည်။ ဟာမစ်ဘက်သို့လှည့်၍ မေးပြန်သည်။

"ခင်ဗျားဆီမှာ ဟိုစာမိတ္တူ ရှိတယ်မဟုတ်လား"

"ရှိပါတယ် ဒါပေမယ့်..."

"ဒါပေမယ့်တွေ ဘာတွေ လုပ်မနေနဲ့တော့ဗျာ၊ ကျွန်တော့်ကို ပေးထားစမ်းပါ၊ ဒါ့အပြင် မနေ့ညက ကျွန်တော်တို့ ရှာလို့တွေ့တဲ့ လိုဂန်ရဲ့ ဓာတ်ပုံတွေလဲပေးပါ၊ ဖိုင်တွဲကြီးရောပေါ့လေ"

"ဒါဖြင့် ခင်ဗျား ရှေ့ဆက်လုပ်တော့မှာပေါ့"

"လုပ်ရတော့မယ်လေ၊ ဒါ ကျုပ်ရဲ့ တစ်ခုတည်းသော ထွက်ပေါက်ပဲ"

"ဒါပေမယ့် ခင်ဗျား အခု သက်သေမှ မပြနိုင်ဘဲ"

"သိပါတယ်၊ ဒါပေမယ့် တစ်နည်းနည်းနဲ့တော့ လုပ်ရမှာပေါ့၊ ခြောက်တန်ခြောက် ချော့တန်ချော့ပြီး ဒီကောင့်ကို ဖော်ထုတ်ရမှာပဲ"

ရှီလာက စိုးရိမ်စိတ်ဖြင့် ဝင်မေးလိုက်သည်။

"ဘယ်လိုဖော်ထုတ်မှာလဲ၊ အခုဆိုရင် မူလအစီအစဉ်အတိုင်းတော့ လုပ်လို့မရတော့ဘူး"

ကရောဖို့က ရှီလာအား ခပ်ပြုံးပြုံးဖြင့် အားရှိအောင် ပြန်ပြောလိုက်သည်။

"အကုန်လုံး အတိအကျတော့ လုပ်လို့မရဘူးပေါ့ ရှီလာရယ်၊ ဒါပေမယ့် ဖြစ်ပါတယ်"

ဝက်ခြံ လက်တန်းပေါ်တွင် အားပြု၍ တင်ထားသည့် ရှီလာ၏ လက်များမှာ အေးစက်နေသည်။ ကရောဖို့က ရှီလာ၏ လက်ဖမိုးကလေးကို ဆုပ်ကိုင်ရင်း အားပေးတော့မှ နွေးလာသည်။

ကရောဖို့က ရှီလာ အားတက်လာအောင် ဆက်ပြောသည်။

"မီးစဉ်ကြည့်ပြီးတော့ ကရမှာပေါ့လေ၊ ဒါထက် စစ်ရုံးချုပ်ကို သွားစုံစမ်းသေးသလား"

ရှီလာက ခေါင်းညိတ်၍ဖြေသည်။ ကရောဖို့နဲ့ အသားချင်းထိလိုက်ရသည်မို့ ရှီလာမှာ စိတ်အားတက်လာသည်။ အခုတော့ ယုံကြည်မှု အပြည့်ဖြစ်လာသည်။

"သွားခဲ့တယ်ဆရာ၊ သူနဲ့ဆိုင်တဲ့ မှတ်တမ်းတွေကိုလဲ မတွေ့ခဲ့ရဘူး"

"ကောင်းပြီလေ၊ ဒီအချက်ဟာ စပြောဖို့အတွက် အသုံးကျလိမ့်မယ်"





သူတို့ပြောနေစဉ်မှာပဲ တရားသူကြီးအသံက ကြာပွတ်ရိုက်လိုက်သကဲ့သို့ ထွက်လာရာ တစ်ရုံးလုံး ငြိမ်သွားကြသည်။

"အဆင်သင့်ဖြစ်ပြီလား မစ္စတာကရောဖို့၊ ဒါမှမဟုတ်ရင် ရုံးခေတ္တနားဖို့လိုမလား"

"အဆင်သင့်ဖြစ်ပါပြီ... တရားသူကြီးမင်း"

ကရောဖို့က ဟာမစ်ထံမှ စာရွက်များကို ယူလိုက်ပြီး တရားခွင်သို့ မျက်နှာမူလိုက်သည်။

ရှီလာက လေသံဖြင့် ကရောဖို့ကို နှုတ်ဆက်ကာ ဟာမစ်နှင့်အတူ သူ့နေရာသို့ ပြန်၍ထိုင်သည်။ ကရောဖို့ကို 'ကံကောင်းပါစေ'လို့ ဆုတောင်းခဲ့ပြီးနောက် ယခုလည်း ကရောဖို့အတွက် ဘုရားသခင်ထံ တိုးတိုးကလေး ဆုတောင်းနေသည်။ အားတင်း၍ သူ၏ လက်ဖွေးဖွေးကလေးများကို ဆုပ်ထားသည်မှာ လက်ဖဝါးတွင် လက်သည်းရာတွေပင် ထင်နေသည်။

တရားသူကြီးက တစ်ရုံးလုံး ငြိမ်သက်သွားသည်အထိ စောင့်နေပြီးမှ ထပ်၍ပြောသည်။

"သက်သေဆင့်ခေါ်ဖို့ အစီအစဉ်ရှိသလား"

"မရှိပါဘူးခင်ဗျား၊ ဒါပေမယ့် မနေ့ညနေက ရုံးဆင်းသွားပြီးတဲ့ အချိန်နောက်ပိုင်းမှာ ကျွန်တော့်ထံမှာ အချက်အလက်တချို့ ရရှိခဲ့ပါတယ်၊ အဲဒီ အချက်အလက်များအရ တရားလိုပြ သက်သေတစ်ဦးကိုတော့ ပြန်လည်ဆင့်ခေါ်ဖို့ ရုံးတော်ရဲ့ ခွင့်ပြုချက်ကို လျှောက်ထားပါတယ်"

နေလာက တစ်ခဏချင်းပင် မတ်တတ်ထပြီး ဖြစ်နေပေပြီ။ ဒီတစ်ကြိမ်မှာတော့ သူက မှန်နေသည်။ ဒီလိုကန့်ကွက်ဖို့ သူ့တွင် အခွင့်အရေး အပြည့်အဝရှိသည်။ သူ ဒေါပွမည်ဆိုရင်လည်း ပွလောက်ပါပေသည်။

"တရားသူကြီးမင်းခင်ဗျား၊ ကျွန်တော် ကန့်ကွက်ပါတယ်၊ တရားခံဘက်က တင်ပြဖို့ ပြီးဆုံးသွားပါပြီ"

"ကျုပ် ဒီအချက်ကို ကောင်းစွာသိပါတယ်၊ မစ္စတာနေလာ"

တရားသူကြီးက နေလာကို မျက်မှန်းကျိုးနေသည်မှာ ကြာပေပြီ။ ဒီတစ်ကြိမ် နေလာကို 'အုပ်'လိုက်ရသည်မှာ သူ့အတွက် အလွန်အရသာရှိသွားသည်။ ထို့အပြင်လည်း ကရောဖို့၏ ခြေလှမ်းသစ်က ဘာကို ရည်ရွယ်၍ လှမ်းနေသည်ဆိုတာကိုလည်း သူ သိချင်သေးသည်။ သို့သော် ပုဂ္ဂိုလ်အနေဖြင့် သူ သိချင်သည်ကို မပေါ်စေရအောင် သူက တစ်မျိုးလှည့်၍ ခွင့်ပြုချက်ပေးသည်။

"ဒါပေမယ့် အခုလို အတော်ကလေး ထူးခြားတဲ့ အခြေအနေမျိုးမှာတော့ တရားခံဘက်ကို တတ်နိုင်သလောက် ခုခံဖို့ အခွင့်အရေးပေးရလိမ့်မယ်"

ကရောဖို့က အဘိုးကြီး၏ ရည်ရွယ်ရင်းကို ရိပ်မိသဖြင့် စိတ်ထဲမှ ပြုံးမိသေးသည်။ အခုအထိတော့ ဟန်ကျနေပေသည်။ သို့သော် ကရောဖို့က တရားသူကြီးအား ပုံစံကျကျ ဦးညွှတ်အလေးပြုပုံကတော့ဖြင့် ကရောဖို့ ဘာတွေကြံစည်နေတာကို မပေါ်လွင်စေပါ။

"ကျေးဇူးကြီးလှကြောင်းပါ တရားသူကြီးမင်းခင်ဗျား"

"တရားလိုပြ သက်သေထဲက ဘယ်သူ့ကို ပြန်ခေါ်ချင်တာလဲ"

တရားသူကြီး၏ မေးပုံကတော့ ပုဂ္ဂိုလ်ရေးအသွင် လုံးဝမပေါ်။

"ပထမဦးဆုံး ခေါ်လိုတာက ကျွန်တော်ရဲ့ စာရေးကြီး မစ္စတာ ချားလ်စ် ဖြစ်ပါတယ်ခင်ဗျား"

"ကောင်းပြီ"

တရားသူကြီးက သဘောတူကြောင်း ခေါင်းညိတ်လိုက်ပြီး ချားလ်စ်ကို ခေါ်ယူလိုသည်။

"မစ္စတာချားလ်စ်၊ သက်သေနေရာကို ပြန်ပြီးလာစေလိုပါတယ်"

ကရောဖို့က ချားလ်စ်၏ မျက်လုံးများနှင့် ရင်ဆိုင်မိအောင် ကြည့်ပြီး ချားလ်စ် စိတ်အေးလက်အေးရှိအောင် ပြုံးပြလိုက်သည်။ ချားလ်စ်ကို သတိပေးဖို့ အချိန်မရခဲ့သည်မှာ သိသာနေပေပြီ။





ချားလ်စ်ကတော့ သူ့နေရာတွင် နေသားတကျ ဖြစ်နေသည်မို့ မသက်မသာ ထလာရသည်။ ကရောဖို့ ဘာစိတ်ကူးနဲ့ သူ့ကို ပြန်ခေါ်တာလဲဟု တွေးနေသည်။ ဘာပဲဖြစ်ဖြစ် ကောင်းတာပဲဖြစ်လိမ့်မည်ဟုသာ တွက်ထားသည်။ သူ့တာဝန်ကတော့ ဖြစ်တဲ့နည်းနဲ့ ကရောဖို့ကို ကူညီဖို့ပဲလို့သာ မှတ်ထားလိုက်သည်။

"မစ္စတာချားလ်စ်... ကျမ်းကျိန်ပြီးပြီနော်"

"ဟုတ်ပါတယ်ခင်ဗျား"

"အာမိတာ(ဂျ်)ဆိုတဲ့လူနဲ့ ပတ်သက်ပြီး ခင်ဗျားရဲ့ အကူအညီ လိုချင်လို့ပါ"

"ကောင်းပါပြီခင်ဗျာ"

"မနေ့က ဒီရုံးတော်မှာပဲ ဆေးရုံက သူနာပြုဆရာမကြီးက သက်သေခံသွားတယ်၊ ကျွန်တော် ဆေးရုံတက်တုန်းက အာမိတာ(ဂျ်)ဟာ ကျွန်တော့်ကိုတွေ့ဖို့ ဆေးရုံကို နှစ်ကြိမ်လာသွားပါတယ်တဲ့၊ ဖန်နဝါရီလ ထဲမှာပေါ့ဗျာ၊ ကျွန်တော်ကတော့ နှစ်ကြိမ်လုံးမှာ သူနဲ့မတွေ့လိုက်ရပါဘူး"

"ဟုတ်ကဲ့ခင်ဗျာ"

"နောက်တော့ မစ္စတာနေလာရဲ့ အမေးကို ခင်ဗျားက ပြန်ဖြေတဲ့ အခါမှာ အာမိတာ(ဂျ်) တစ်ခါလာတုန်းကတော့ ခင်ဗျားကိုယ်တိုင်နဲ့ စကားပြောလိုက်ရတယ်လို့ ခင်ဗျားက ထွက်ဆိုခဲ့တယ်"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်က ဆရာ့ထံ လာသတင်းမေးပြီး ပြန်တော့မယ်လို့ ထွက်လာတုန်းကပါ၊ သူက ကျွန်တော့်ကို မှတ်မိလို့ ဆရာ့အခန်း ဘယ်မှာလဲလို့ ကျွန်တော့်ကို မေးပါတယ်"

"သူက ခင်ဗျားကို မှတ်မိရတဲ့အကြောင်းက ဟိုစောစောပိုင်းတုန်းက ကျွန်တော့်ကိုတွေ့ဖို့ ကျွန်တော်တို့ရဲ့ ချိန်ဘာကို လာတုန်းက ခင်ဗျားနဲ့ စကားပြောလိုက်ရလို့ ဆိုပါတော့၊ ခင်ဗျား နေ့စွဲအတိအကျ ပြန်ပြော နိုင်ပါ့မလား"

"ပြောနိုင်ပါတယ်ခင်ဗျာ၊ ဆရာနဲ့ ချိန်းထားလို့ဆိုပြီး ဆရာ့ချိန်ဘာကို လာတွေ့တုန်းက စက်တင်ဘာလ (၉)ရက်နေ့ ဖြစ်ပါတယ်"

"ဆေးရုံမှာ ခင်ဗျားနဲ့တွေ့တဲ့ နေ့ကကော ဘာနေ့လဲ"

"ဇန်နဝါရီလ (၁၈) ရက်ပါခင်ဗျာ"

"ဘယ်အချိန်လဲ"

"မွန်းလွဲ (၃) နာရီပါခင်ဗျာ"

"၃ နာရီနော်၊ ကျေးဇူးတင်ပါတယ်"

ကရောဖို့က ဆက်မပြောခင် နေ့စွဲနှင့် အချိန်တို့ကို သေသေချာချာ ရေးမှတ်ထားသည်။

"ခင်ဗျားရဲ့ ထွက်ချက်ထဲမှာ ဧပြီလ ၁၇ ရက်၊ သောကြာနေ့ တုန်းက ကျွန်တော့်အမည်နဲ့ လိပ်တပ်ထားတဲ့ မှတ်ပုံတင်စာတစ်စောင် ကျွန်တော်တို့ချိန်ဘာကို ရောက်လာတယ်၊ စာအိတ်ပေါ်မှာ အနီနဲ့ လက်နှိပ်စက်ရိုက်ထားတယ်၊ အဲဒီစာကို မစ္စရှိလာက လက်မှတ်ထိုးပြီး လက်ခံထားလိုက်တယ်လို့ပါတယ်၊ အဲဒါ ဟုတ်သလား"

"ဟုတ်ပါတယ်ခင်ဗျာ"

ကရောဖို့က ဂျူရီလူကြီးများဘက်သို့ လှမ်း၍ကြည့်လိုက်သည်။ တရားသူကြီးကဲ့သို့ပင် သူတို့လည်း သိလိုစိတ် ပြင်းပြနေကြပုံပေါ်သည်။ သူတို့၏ ဦးခေါင်းများမှာ တရားခံနေရာ ဝက်ခြံဘက်နှင့် သက်သေနေရာ ဝက်ခြံဘက်တို့ကို တစ်လှည့်စီ လိုက်ကြည့်နေရသဖြင့် တင်းနစ်ရိုက် နေသည်ကို ကြည့်သည့်ပုံမျိုး ဖြစ်နေသည်။ ကရောဖို့က သူတို့ကြည့်ရတာ လွယ်သွားအောင် ဝက်ခြံရှေ့တန်းပေါ် တတောင်ဆစ်တင်လျက် မေးခွန်း ထုတ်သည်။ အခုတော့ သူက ယုံကြည်မှုအပြည့်ဖြင့်ပင်၊ စကားလုံးများကို အလွယ်ဆုံးရွေး၍ အချက်အလက်လဲ မလွတ်သွားအောင် အေးအေးဆေး ဆေးနှင့် ထိထိမိမိရှိအောင် ပြောသည်။

"ကောင်းပြီ၊ မစ္စရှိလာက ခင်ဗျားကို ပြန်လည်မေးခွန်းမေးတုန်း ကတော့ အခု ကျွန်တော်မေးမယ့် မေးခွန်းကို တိတိကျကျ မေးမသွားခဲ့ ဘူး၊ အခု အဲဒါကို ကျွန်တော် မေးပါ့မယ်၊ ဒီလိုပါ၊ အာမီတာ(ဂျ်) ကျွန်တော့်ဆီ လာတွေ့တာတွေရယ်၊ အခုစာရယ်ဟာ ကျွန်တော် အပြစ်





ခံရအောင် တမင်တကာ လုပ်ကြံထားတဲ့ သက်သေခံပစ္စည်းတွေထဲက တချို့ဖြစ်တယ်လို့ ကျွန်တော်ရဲ့ တင်ပြချက်ကို ခင်ဗျားက ဘယ်လို သဘောရသလဲ"

"ကျွန်တော်လဲ ဆရာနဲ့ တစ်သဘောတည်းပဲလို့ ပြောနိုင်ပါလိမ့်မယ် ခင်ဗျာ"

"ခင်ဗျားက ကျွန်တော်နဲ့ တစ်သဘောတည်းလို့ ထွက်ဆိုတာဟာ အချက်အလက် အထောက်အထား ခိုင်လုံမှုပေါ်မှာ မူတည်ပြီးပြောတာ လား၊ ဒါမှမဟုတ် ကျွန်တော်ဟာ ခင်ဗျားရဲ့ ဆရာဖြစ်နေလို့ ပြောတာ လား"

"ဆရာ့အကြောင်း ကျွန်တော်သိလို့ သဘောချင်းတူတယ်လို့ ပြောတာပါ"

ဤနေရာတွင် ချားလ်စ်မှာ ဟန်လုပ်နေသော်လည်း အသံမှာ တိမ်ဝင်သွား၍ အတော်ကြိုးစားပြီး သံမှန်ဖြင့် ပြန်ပြောရသည်။

"ဆရာဟာ လူသတ်မှုကျူးလွန်မယ့် ပုဂ္ဂိုလ်မျိုးမှ မဟုတ်ဘဲ"

"အေးဗျာ ဒီလိုထင်တာ ကျေးဇူးပါပဲ"

ချားလ်စ်၏ စိတ်လှုပ်ရှားမှု ငြိမ်သက်အောင် ခေတ္တစောင့်ပြီးမှ ကရောဖို့က ညင်ညင်သာသာ ဆက်၍မေးသည်။

"မစ္စတာချားလ်စ်၊ ခင်ဗျား ကျွန်တော့်ကိုသိတာ ဘယ်လောက် ကြာပြီလဲ"

"ကျွန်တော် ဆရာ့ချိန်ဘာမှာ ၁၉၅၀ ခုနှစ်ကတည်းက ဝင်လုပ်လာ တာဆိုတော့ (၁၈) နှစ်နီးပါး ရှိပါပြီခင်ဗျာ"

"အဲဒီနှစ် မတိုင်မီကကော ဘာလုပ်ခဲ့ပါသလဲ"

"မစ္စတာရော့(ဘ်)ဆင်ရဲ့ ချိန်ဘာမှာ လက်ထောက်စာရေးအဖြစ် (၄)နှစ် လုပ်ခဲ့ပါတယ်ခင်ဗျာ"

"ဒီမတိုင်ခင်ကကော"

"ကျွန်တော် တပ်မတော် (ကြည်း)မှာ အမှုထမ်းခဲ့ပါတယ်၊

စစ်ပြီးလို့ တပ်ကထွက်ရတဲ့ အချိန်ကစပြီး မစ္စတာရော့(ဘ်)ဆင်ထံမှာ လုပ်ခဲ့ပါတယ်"

"ခင်ဗျား စစ်ကာလတစ်လျှောက်လုံး တပ်မှာပဲ အမှုထမ်းခဲ့တယ်နော်၊ ၁၉၃၉ ခုကတည်းကပေါ့"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဘုရင့်အချက်ပြ ဆက်သွယ်ရေးတပ်လို့ ခင်ဗျား ကျွန်တော့်ကို ပြောဖူးတယ်ထင်တယ်"

"ဟုတ်ပါတယ် ခင်ဗျာ"

"အရာခံဗိုလ်အဆင့်အထိ ရခဲ့တယ်နော်"

"ဟုတ်ပါတယ် ခင်ဗျာ"

ချားလ်စ်က တပ်ထဲက အမှုအရာအတိုင်း ကိုယ်ကိုတောင့်၍ သတိအနေအထားဖြင့် ဖြေလိုက်သည်။ ပုံကလည်း အရာခံဗိုလ်တစ်ဦး အသွင်ကဲ့သို့ ဖြစ်လာသည်။ ဒါကိုမြင်တဲ့ ကရောဖို့က အေးအေးဆေးဆေး ပြုံးလျက် ဆက်၍မေးသည်။

"(၁၈) နှစ် ကြာခဲ့တဲ့အချိန်မှာ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်အကြောင်းကို တစ်ယောက် ဘယ်လောက်သိကြသလဲ မစ္စတာချားလ်စ်"

"တစ်ယောက်အကြောင်း တစ်ယောက် အတော်ကလေး သိကြတယ်လို့ ပြောရလိမ့်မယ် ထင်ပါတယ်"

"ဒီလို သိကြတယ်ဆိုရင် ကျွန်တော့်ကိစ္စ တစ်စုံတစ်ခုအတွက် စိတ်အနှောင့်အယှက် ဖြစ်နေတယ်ဆိုရင် ကျွန်တော့်ချိန်ဘာက လူတွေထဲက ခင်ဗျားကိုသာ ဖွင့်ဟတိုင်ပင်တာ သဘောဝအကျဆုံးပဲပေါ့နော်"

"ဟုတ်တာပေါ့ခင်ဗျာ"

"အာမီတာ(ဂျ်)ဆိုတဲ့ နာမည်ကို ကျွန်တော် ပြောခဲ့ဖူးတယ်လို့များ ခင်ဗျား မှတ်မိသလား၊ ခင်ဗျားနဲ့သူနဲ့ မတွေ့ခင်ကပဲဖြစ်စေ၊ တွေ့ပြီးမှပဲ ဖြစ်စေပေါ့ဗျာ"





"မမှတ်မိပါဘူးခင်ဗျာ"

"ပြီးတော့ မစ္စတာ ဂရယ်ဂေါရီနဲ့ ပတ်သက်တဲ့ စာတစောင်လဲ သူ့ထံက ရခဲ့တယ်လို့ ခင်ဗျားကို ကျွန်တော် ပြောခဲ့ဖူးတယ်လို့ကော အမှတ်ရပါသလား"

"မပြောခဲ့ပါဘူး ခင်ဗျာ၊ သေချာပါတယ်"

"ဒီလိုဆိုရင် အာမီတာ(ဂျ်)ဆိုတာ တကယ်ရှိတဲ့လူတစ်ယောက် မဟုတ်ဘူးလို့ ကျွန်တော်က တင်ပြရင် ခင်ဗျား သဘောတူပါ့မလား"

ရုံးခန်း တစ်ခန်းလုံးက ရင်ကိုမ၍ နားကို ပို၍စွင့်ထားကြသည်။ ဘာဆက်လာဦးမလဲဆိုတာ မသေချာသေး၍ မျှော်လင့်တကြီး စောင့်နေကြသည်။ နေလာ၏ဘက်မှ ပိုးဝတ်လုံ တရွှမ်းရွှမ်းသံကိုလည်း ကြားရသည်။ တစ်ခန်းလုံး မလှုပ်မယှက် ငြိမ်သက်နေသဖြင့် အသံက အတော်ပင် ကျယ်သည်။

"ဟုတ်ကဲ့ခင်ဗျာ၊ တူတယ်လို့ ပြောနိုင်ပါတယ်"

ချားလ်စ်က ကရောဖို့ ကြောင်းပေးသည့် လမ်းကြောင်းအတိုင်း လိုက်၍လျှောက်သည်။

ကရောဖို့က ထိုအချက်ကိုပင် ပြန်ဆက်သည်။

"ပြီးတော့ အာမီတာ(ဂျ်)ဆိုတာဟာ ကျွန်တော့်ကို ဒုက္ခဖြစ်အောင် ရည်ရွယ်ပြီး တစ်စုံတစ်ယောက်က အယောင်ဆောင်ထားတာ ဖြစ်တယ် ဆိုတာကိုကော ဘယ်လိုသဘောရသလဲ"

"ဆရာပြောတာ အမှန်ပဲလို့ ထင်ပါတယ်ခင်ဗျာ"

"ခင်ဗျားက သူ့ကို နှစ်ကြိမ်တောင် တွေ့လိုက်ရတယ်နော်"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဒီလိုဆိုရင် ခင်ဗျား ကျွန်တော့်ကို မကူညီနိုင်ဘူးလား"

ကရောဖို့၏အသံတွင် တောင်းပန်သံ နှောနေသည်။

"ခင်ဗျားက သူ့ကို လုံးလုံးကို ပုံဖော်လို့မရဘူးနော်"

ချားလ်စ်က ခေါင်းကို ရိုရိမ်းဒီရိမ်းနှင့် ကြိုးစားပြီး စဉ်းစားသည်။

"ကျွန်တော်ဆရာ့ကို သိပ်ကူညီချင်ပါတယ် ခင်ဗျာ၊ ဒါပေမယ့် အဲဒီလူ ဝတ်လာတဲ့ အဝတ်ရယ်၊ မျက်မှန်ထူကြီးရယ်၊ ဆံပင်ပုံစံရယ်ကို ကြည့်ပြီး ပြောရရင် ဘယ်သူမဆို ဖြစ်နိုင်တယ်လို့ ပြောရပါမယ်"

"ဒီလိုဆို ကျွန်တော့်ရဲ့ နီးစပ်တဲ့ မိတ်ဆွေထဲကတောင် ဖြစ်နိုင်တာပေါ့၊ ခင်ဗျား မြင်ရင် မှတ်မိမယ့်လူမျိုးပေါ့ဗျာ"

ကရောဖို့က အကွက်လှည့်၍ မေးလိုက်ရာ ချားလ်စ် ကရောဖို့၏ လှည့်ကွက်ထဲသို့ ဝင်သွားသည်။

"ဖြစ်နိုင်ပါတယ်ခင်ဗျာ"

"ဟောဒီ ရုံးခန်းထဲမှာ ရှိနေတဲ့ လူတွေထဲကတောင် ဖြစ်နိုင်တာပေါ့ မဟုတ်ဘူးလား"

ချားလ်စ်က ရုံးခန်းထဲသို့ ဖြည်းဖြည်းချင်း ခေါင်းလှည့်၍ ကြည့်လိုက်သည်။ သူ့ဆရာ ဘယ်လောက်အတိုင်းအတာအထိ လိုက်၍ ပြောစေချင်သည်ကို သူ ဝေခွဲ၍မရ၊ ဘယ်သူ့ကို ညွှန်း၍ပြောနေသည်ကိုလည်း သူမသိ၊ ဒါကြောင့် သူက သိပ်ပြီးတော့ အခိုင်အမာမပြောရဲ၊ လွဲသွားရင် ကိစ္စများနေဦးမည်။ ဒါကြောင့် သူက မယုတ်မလွန်ဘဲ ဖြေသည်။

"ဒီလိုရှိပါတယ်ခင်ဗျာ၊ အဲဒီလူက ရုပ်ဖျက်ထားတယ်ဆိုရင်လဲ ကျွန်တော်က ရုပ်ဖျက်ထားမှန်းမသိတော့ အခု ပြန်ပြီး စဉ်းစားတဲ့အခါမှာ ပုံမပေါ်ဘူး ဖြစ်နေတယ်၊ ခုနက ကျွန်တော် ပြောခဲ့တဲ့အတိုင်းပါပဲ၊ ဘယ်သူမဆို ဖြစ်နိုင်တယ်လို့ ဆိုရမှာပါပဲ"

"ကျေးဇူးတင်ပါတယ် မစ္စတာချားလ်စ်"

ကရောဖို့လည်း ချားလ်စ်က ဒီလိုပဲ ဖြေလိမ့်မယ်ကို မျှော်လင့်ထားသည်။ သူကလည်း ဒီလိုအဖြေမျိုးကိုပဲ လိုချင်ပေသည်။ သူက တရားသူကြီး ထံထပ်၍ ခွင့်တောင်းပြန်သည်။

"တရားသူကြီးမင်းခင်ဗျား၊ ဗိုလ်မှူးမေ့(တ်)လင်းကို ထပ်ခေါ်ခွင့်ပြုရန် လျှောက်ထားပါတယ်"

ယနေ့မန္တလေး



ဖီလစ်က မေ့(တ်)လင်း၏ဘေးတွင် ထိုင်နေရာ မေ့(တ်)လင်းက ထ၍ သက်သေနေရာသို့ လာသည့်အခါ ကြောက်လန့်တကြား နေရာဖယ်ပေးသည်။ ဖီလစ် အထင်ကတော့ ခုနက မေးခွန်းထုတ်နေတဲ့ အတိုင်းဆိုရင် ကရောဖို့နဲ့ ချားလ်စ်တို့ ပြောနေတဲ့ မိတ်ဆွေဆိုတာ မေ့(တ်)လင်း ဖြစ်နေကောင်း ဖြစ်နေမည်ဟု ထင်မိသည်။

•

# အခန်း(၁၅)

"ဗိုလ်မှူး... ကျမ်းကျိန်ထားပြီးပြီနော်"

တရားခွင်တွင် ရောက်နေသည်ဖြစ်သည့်အလျှောက် ကရောဖို့က မေ့(တ်)လင်းအား ရှေ့နေနှင့် သက်သေတို့ မေးပုံမျိုးနှင့်ပဲ မေးလိုက်သည်။

"အဲ... ဟုတ်တယ်... ဟုတ်တယ်..."

မေ့(တ်)လင်း၏ ပုံကတော့ အေးအေးဆေးဆေးပင်။ ကရောဖို့ကို တတ်နိုင်သမျှ အကူအညီပေးလိုဟန်ဖြင့် ကရောဖို့ဘက်သို့ ကြည့်နေသည်။

"ဗိုလ်မှူးရဲ့ အိတ်ဆောင်ဒိုင်ယာရီကို ထပ်ထုတ်ပါဦး၊ ဇန်နဝါရီလ ၁၈ ရက်နေ့ကို လှန်လိုက်ပါခင်ဗျာ"

"ဇန်နဝါရီ ၁၈ ရက်နော်"

"ဟုတ်ပါတယ်၊ ဗိုလ်မှူးဟာ ဒိုင်ယာရီကို စွဲစွဲမြဲမြဲ ရေးတတ်တယ်နော်၊ နေ့စဉ်တစ်ခုခုတော့ ရေးတယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီလိုဆိုရင် ဇန်နဝါရီလ ၁၈ ရက်နေ့ မွန်းလွဲပိုင်းအတွက် ရေးထားတာကို ဖတ်ပြစေလိုပါတယ်"

"မွန်းလွဲပိုင်းအတွက်လား၊ ဟုတ်ကဲ့ ဖတ်ပြပါမယ်"

မေ့(တ်)လင်းက မျက်စိမှုန်သဖြင့် သူရေးထားသော စာလုံးများကို လက်ညှိုးဖြင့်ထောက်၍ ဖတ်ရသည်။





"ကလပ်၌ နေ့လည်စာစားသည်၊ ဟာ... မဟုတ်သေးဘူး၊ နေဦး၊ မွန်းလွဲပိုင်းဆိုတော့ လက်အိတ်တစ်စုံဝယ်သည်၊ ပြီးတော့..."

မေ့(တ်)လင်းက ချောင်းတစ်ချက် ဟန့်လိုက်ပြီး ရက်တတ်တတ် အမူအရာဖြင့် ကရောဖို့ကို ကြည့်နေ၏။

ကရောဖို့ကတော့ ဆက်၍သာ ဖတ်ခိုင်းသည်။

"ပြီးတော့ ဘာဖြစ်သလဲ"

"အီဒင်ပန်းခြံကိုသွားသည်"

"ဘယ်ကိုသွားတယ်ဗျ"

တရားသူကြီးက မယုံနိုင်သဖြင့် ဖြတ်၍မေးလိုက်သောအသံမှာ ရုံးခန်းထဲမှ ပရိသတ်က အဖြေကို သဘောကျ၍ တဝါးဝါး ရယ်နေသည့် အသံတွေကြားမှ ဖောက်၍ထွက်လာ၏။

"အီဒင်ပန်းခြံ ကလပ်ပါခင်ဗျာ"

မေ့(တ်)လင်းက ကလပ်အကြောင်းကို ရှင်းပြမည် လုပ်နေတုန်း ကရောဖို့ကပဲ ဝင်၍ရှင်းပြသည်။

"အဲဒီကလပ်မှာ အမျိုးသမီးကလေးတွေ ဝတ်လစ်စလစ်နဲ့ ကပါတယ်၊ နေရာကတော့ ဒင်းလမ်းမှာပါ"

"ကျေးဇူးတင်ပါတယ် မစ္စတာကရောဖို့၊ ကျွန်တော်လဲ ကလပ်နာမည်ကို ကြားဖူးသလိုလိုရှိလို့ သေချာအောင် မေးကြည့်တာပါ"

ကရောဖို့က တရားသူကြီးအား ကလပ်အကြောင်း ရှင်းပြပြီးသည့်နောက် ဦးညွှတ်လိုက်ပြီး မေ့(တ်)လင်းဘက်သို့လှည့်ကာ မေးခွန်းကို ပြန်ဆက်ရပြန်သည်။

"ဗိုလ်မှူးက အီဒင်ပန်းခြံကလပ်ကို ဘယ်အချိန်မှာရောက်ပြီး ဘယ်အချိန်မှာ ပြန်ထွက်လာပါသလဲ"

"၂ နာရီခွဲလောက်မှာ ရောက်တယ်၊ ပြန်ထွက်လာတဲ့ အချိန်ကတော့ အဲ... ညနေ ၆ နာရီလောက် ရှိပါပြီ"

"ဒါဖြင့် ဗိုလ်မှူးက ကပွဲကို နှစ်ပွဲဆက်ကြည့်တာပေါ့"

"အစကတော့ နှစ်ပွဲဆက်ကြည့်ဖို့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကြည့်ရင်းနဲ့ အိပ်ပျော်သွားတာနဲ့ နှစ်ပွဲဆက်သွားတာပါ"

"ခင်ဗျား အသက် ဘယ်လောက်ရှိပြီလဲ"

တရားသူကြီးက သိလိုစိတ်ကို မချိုးနှိမ်နိုင်၍ နောက်တစ်ကြိမ် မေးပြန်သည်။

"၅၈ နှစ် ရှိပါပြီခင်ဗျာ"

"အင်း... ဒါကြောင့် အိပ်ပျော်သွားတာ ဖြစ်မှာပေါ့"

ပရိသတ်ကတော့ ဝါးကနဲ ရယ်ကြပြန်သည်။ ဒါပေမယ့် ကရောဖို့က အချိန်ကုန်မခံနိုင်၊ ရယ်သံတွေကြားထဲကပဲ ဆက်၍မေးရသည်။

"ဗိုလ်မှူးနဲ့အတူ အဖော်ပါသေးလား"

"မပါပါဘူး"

"ဒါဖြင့်ရင် ခင်ဗျား ကလပ်ကို ၂ နာရီခွဲမှာ ရောက်တယ်၊ ၆ နာရီမှာ ပြန်ထွက်လာတယ်ဆိုတာကို ပြောနိုင်တဲ့သူ မရှိဘူးပေါ့"

စောစောက ရယ်နေကြသူများမှာ အခုတော့ ထိုမေးခွန်းကြောင့် တိတ်သွားကြသည်။ ရုံးခန်းတစ်ခုလုံးလည်း ငြိမ်ကျသွားသည်။

"ဟုတ်ပါတယ်၊ မရှိပါဘူး"

မေ့(တ်)လင်းက အလွန်အံ့သြသည့်အသံဖြင့်ဖြေသည်။

"ကျွန်တော့်စကားကို မယုံနိုင်စရာ အကြောင်းရှိလို့လား၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားဟာ ကလပ်မှာ ခင်ဗျားပြောတဲ့ အချိန်ထိအောင် မနေခဲ့ဘူး၊ ဒါမှမဟုတ်ရင်လဲ ကလပ်ကို လုံးလုံးမသွားခဲ့ဘူးဆိုတာကော မဖြစ်နိုင်ဘူးလား"

"ဒါပေမယ့် ကျွန်တော် ကလပ်မှာ တစ်ချိန်လုံးရှိနေတာပဲ၊ ခင်ဗျားပြောတာ ကျွန်တော် နားမလည်"

"နေဦး... နေဦး၊ ဟောသလို မဖြစ်နိုင်ဘူးလား၊ ခင်ဗျားဟာ မျက်မှန်ထူထူကြီးကိုတပ်၊ ခပ်နွမ်းနွမ်း ဝတ်စုံကိုဝတ်ပြီး ကျွန်တော်





ဆေးရုံတက်နေတုန်းက ဆေးရုံကို အာမီတာ(ဂျ်)အဖြစ်နဲ့ လာတွေ့သလိုလုပ်"

"ဘာဝတ်တယ်..."

"ပြီးတော့ ကျွန်တော့် စာရေးကြီးနဲ့ သူနာပြုဆရာမကြီးကို ကျွန်တော့်အခန်း ဘယ်မှာလဲလို့မေး"

မေ့(တ်)လင်း၏ မျက်လုံးများမှာ ငယ်ထိပ်ကို ပုဆိန်ဖြင့် အထုခံလိုက်ရသည့် နွားသိုးကြီးလို ပြူးထွက်လာသည်။

"မဟုတ်ဘူး... မဟုတ်ဘူး... ကရောဖို့..."

"မဟုတ်ဘူးသာဆိုတယ်၊ အားလုံး ကိုက်နေတာပဲ၊ ကျွန်တော် မလာနိုင်ဘူးဆိုတာ သိတဲ့ညနေမှာ ဒင်းနားပါတီလုပ်တယ်၊ အဘိုးကြီး ဂရယ်ဂေါ်ရီက အရက်ဝင်မိရင် ဘာမှသိပ်သိတာ မဟုတ်ဘူး၊ အဲဒီတော့ ခင်ဗျားလုပ်သလို ခံရမှာပဲ၊ နောက်ပြီးတော့ ကျွန်တော် အိမ်ပြန်လာတဲ့ အခါမှာ ခင်ဗျားက မှောင်ရိပ်ကစောင့်ပြီး..."

"အို... ကရောဖို့ ခင်ဗျား ဘာတွေပြောနေတာလဲ"

"ဇာဗိုင်းဒူဗေလိုင်း အရက်ကို ကျွန်တော်တစ်ယောက်ပဲ သောက်တယ်ဆိုတာလဲ ခင်ဗျားသိတယ်၊ ဒဏ်ရာရပြီး ခင်ဗျားရဲ့အိမ်ထဲမှာ ကျွန်တော် သတိမေ့နေတုန်းလဲ ခင်ဗျားက ရဲကို အကြောင်းမကြားခဲ့ဘူး၊ ကျွန်တော့်သော့တွေ ပျောက်သွားတယ်၊ ကျွန်တော့် အံဆွဲထဲမှာ စာကိုတွေ့ရတယ်၊ ဒါတွေကို ပေါင်းပြီးကြည့်လိုက်ရင် ခင်ဗျားမှာ အဲသလိုလုပ်နိုင်တဲ့ အခွင့်အလမ်းတွေ အများကြီးရှိနေတယ်ဆိုတာကို တွေ့ရတယ်"

မေ့(တ်)လင်းက ဆို့သွားသည့် အသံကြီးဖြင့် ပြန်၍အော်သည်။

"ကရောဖို့ တော်ပါတော့ဗျာ၊ သူ့ကို ကျွန်တော်က သတ်တယ်လို့ ခင်ဗျားပြောနေတယ်၊ ကျွန်တော် မသတ်ပါဘူး၊ ဘာဖြစ်လို့ ကျွန်တော်က သတ်ရမှာလဲ၊ သတ်ဖို့ ဘာအကြောင်းမှ မရှိပါဘူး"

"ခဏကလေး သည်းခံပြီးစောင့်ပါ မေ့(တ်)လင်း၊ ကျွန်တော် ရှင်းပြပါမယ်"

ကရောဖို့ကတော့ မေ့(တ)လင်းက အားပျော့လာလေလေ သူက အားတက်လာလေလေ ဖြစ်နေသလိုပင်။ သူက တရားသူကြီးဘက်သို့ လှည့်၍ ခွင့်တောင်းပြန်သည်။

“တရားသူကြီးမင်းခင်ဗျာ၊ အာမိတာ(ဂျ်) ရေးတဲ့စာကို ကြည့်ခွင့်ပြုပါတယ်ခင်ဗျာ၊ သက်သေခံပစ္စည်းအမှတ် (၆) ဖြစ်ပါတယ်”

ရှေ့ဖတ်စာရေးက စာကိုရှာနေတုန်း ကရောဖို့ကတော့ စိတ်မရှည်သည့်ပုံဖြင့် လက်ဖြောက်တီး၍ စာကိုတောင်းနေသည်။ ရုံးမင်းစေက ထုံးစံအတိုင်း လိပ်၏သွားနှုန်းဖြင့် လျှောက်လာပြီး စာကိုယူလာသည်။ ကရောဖို့ကတော့ လက်လှမ်းမီသည်နှင့်ပင် ဇတ်ကနဲ စာကိုလှမ်းယူလိုက်သည်။

ယူပြီးသည့်နောက် သူက စာကို ဖြည်းဖြည်းချင်းဖတ်သည်။ ဖတ်ရင်းနှင့် အမှားတွေ့လိုက်ရ၍ အံ့သြသွားသည့်ပုံဖြင့် ပါးစပ်ဟလိုက်သည်။ သူ၏ပုံမှာ တစ်ထစ်ပြီးတစ်ထစ် အားလျော့လာသလို ထင်ရသည်။ ခဏမျှကြာသော် သူက တရားသူကြီးဘက်သို့လှည့်ကာ ကျိုးနွံသောအသံဖြင့် ခွင့်တောင်းပြန်သည်။

“တရားသူကြီးမင်းခင်ဗျာ၊ ကျွန်တော် အလွန်တရာ ပေါ့လျော့ခဲ့ပါတယ်၊ အခု သက်သေကို ပြန်လှန်မေးခွန်း ဆက်လက်ထုတ်ဖို့မှာ မစ္စတာချားလ်စ်ကို မေးတုန်းက အချက်တစ်ချက် ကျန်သွားပါတယ်၊ အဲ့ဒီအချက်ဟာ ယခု ကျွန်တော် မေးနေတဲ့ ဇာတ်လမ်းမှာ အလွန်အရေးကြီးတဲ့အခန်းက ပါဝင်ပါတယ်၊ ဒါကြောင့် မစ္စတာချားလ်စ်ကို နောက်တစ်ကြိမ် ပြန်ခေါ်ခွင့်ပြုဖို့ လေးစားစွာ လျှောက်ထားပါတယ်”

နေလာကတော့ ကန့်ကွက်ဖို့ အခွင့်ကောင်းရပြီဖြစ်၍ ထ၍ ကန့်ကွက်သည်။ သူ၏ဟန်က စိတ်ရှည်ရှည်ထား၍ သည်းခံနေရသည့်ပုံမျိုးဖြစ်သည်။ ပြောတော့လည်း တရားသူကြီးအား ခပ်ထေ့ထေ့ကလေးပြောသည်။





“တရားသူကြီးမင်းခင်ဗျား၊ တရားခံကို အတတ်နိုင်ဆုံး အကူအညီပေးမည့် ဆန္ဒရှိကြောင်း တရားသူကြီးမင်းကိုယ်တိုင် ဖော်ထုတ်ပြောပြပြီးမို့ အထူးမပြောလိုပါခင်ဗျား၊ ဒါပေမယ့် တရားသူကြီးမင်းရဲ့ အလိုလိုက်မှုဟာ သက်သေနေရာ ဝက်ခြံကို ပြင်သစ်ဇာတ်ပြောင်ထဲက အိပ်ခန်းပေါက်မှာ တစ်ယောက်ဝင်တစ်ယောက်ထွက် ဖြစ်နေသလို ဖြစ်အောင် အတိုင်းအတာအထိတော့ မရောက်စေသင့်ဘူး ထင်ပါတယ်၊ တစ်နည်းပြောရရင် သက်သေနေရာဟာ ဈေးအိမ်သာလို ဝင်ချင်သလိုဝင် ထွက်ချင်သလိုထွက်ဖြစ်နေမှာစိုးရပါတယ်”

ကရောဖို့ကတော့ ချုပ်တည်းထားရတာ ကြာပြီဖြစ်သော ဒေါသအိုးပေါက်ကွဲလေပြီ။

“ဒီလိုအခြေအနေမျိုးမှာ ခင်ဗျားလဲ ကျွန်တော့်လိုပဲ လုပ်မှာပဲလို့ ထင်တယ်၊ ကိုယ်ချင်းစာတယ်ဆိုရင်ပေါ့လေ”

“တော်လောက်ပါပြီ”

တရားသူကြီးက စောင့်စည်းအပ်တဲ့ သိက္ခာကို ထိန်းသိမ်းနိုင်ရေးအတွက် ဟန့်တားလိုက်သည်။ တစ်ဖန် လေသံကို နှိမ့်၍ဆက်ပြောသည်။

“မစ္စတာကရောဖို့ ဒီလောက်နဲ့ပဲ ရပ်ပါတော့”

“ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ”

တရားသူကြီးအော့(စ်)ဘွန်းမှာ ရန်ဘက်နှစ်ဦးကြားမှ ဘာဆက်လုပ်ရမည်ကို အတော်ကလေး စဉ်းစားရသည်။ ပြီးမှ မည်သူ့ကိုမျှ ဦးတည်၍မပြောဘဲ မေ့(တ်)လင်းကိုသာ ပြောလိုက်သည်။

“ဗိုလ်မှူးမေ့(တ်)လင်း၊ ခဏနေရာဖယ်ပေးပြီး ရုံးခန်းထဲမှာစောင့်နေပါ၊ မစ္စတာချားလ်စ် ကျေးဇူးပြုပြီး သက်သေနေရာကို ပြန်သွားလိုက်ပါဦး”

မေ့(တ်)လင်းကတော့ သက်သေဝက်ခြံတွင်းမှ ယောင်ကန်းကန်းနှင့်ထွက်လာသည်။ သူ့ကို ကြည့်ရသည်မှာ ဖွန်ဘီဟုခေါ်သော ဖုတ်ကောင်ကြီးတစ်ဦး လျှောက်လာသလိုပင်။ လက်ကားယား ခြေကားယား၊

မျက်စိကြီးကလည်းပြူး၊ ပါးစပ်ကြီးကလည်း ဟနေသည်။ ရဲအရာရှိတစ်ဦးက သူ့ကိုတွဲ၍ နေရာသို့ရောက်အောင် ခေါ်သွားသည်။ ဒီလိုဖြစ်လည်း ဖြစ်ထိုက်ပါပေသည်။ ကရောဖို့၏ စွပ်စွဲချက်များက သူ့အဖို့ ပြင်းထန်လှ သည် မဟုတ်ပါလား။ ဘာကြောင့်မှန်းတော့မသိ၊ ရဲအရာရှိက မေ့(တ်)လင်းနားက မခွာဘဲ ကပ်၍ထိုင်နေသည်။

ချားလ်စ်က တတိယအကြိမ် သက်သေဝက်ခြံထဲသို့ ရောက်လာရပြန်ပါပြီ။

ကရောဖို့ကတော့ အားနာသော အမူအရာဖြင့် ချားလ်စ်ကို တောင်းပန်ပြီးမှ သူ မေးချင်တာကို မေးသည်။

"နောက်တစ်ကြိမ်ထပ်ပြီး ဒုက္ခပေးရတာ အားနာပါတယ်ဗျာ၊ ခုနတုန်းက ကျွန်တော် အချက်တစ်ချက် မေးဖို့ကျန်သွားလို့ပါ၊ ဒီလိုပါ ကျွန်တော့်ချိန်ဘာကို ရောက်လာတဲ့ အနီရောင် လက်နှိပ်စက်စာလုံးနဲ့ ရိုက်ထားတဲ့ စာအိတ်ကြီးနဲ့ ကျွန်တော့်အိမ်က စားပွဲအံဆွဲထဲမှာ တွေ့ရတဲ့ စာတို့ဟာ ဘယ်လိုဆက်စပ်မှုရှိသလဲဆိုတာနဲ့ ပတ်သက်ပြီး ခင်ဗျား သိသလောက် ပြောပြဖို့ဖြစ်ပါတယ်၊ စာကိုတော့ ခင်ဗျား တစ်ကြိမ်မှ မမြင်ဖူးဘူးပေါ့နော်"

"မမြင်ဖူးပါဘူးခင်ဗျာ"

"မမြင်ဖူးရင် ဒီစာကိုကြည့်ပါ"

ကရောဖို့က လက်ထဲမှစာကို ရုံးမင်းစေသို့ပေးသည်။ ရုံးမင်းစေ ခါတိုင်းလိုပင် လိပ်သွားသွားပြီး ချားလ်စ်လက်ထဲသို့ထည့်သည်။

ချားလ်စ်က စိတ်ဝင်စားမှုအပြည့်ဖြင့် ဖတ်ပြီး ကရောဖို့ထံ မျက်လုံးလှန်၍ ကြည့်လိုက်သည်။

ကရောဖို့က သူ့စာရေးကြီးအား အချင်းချင်း စကားပြောသလို အေးအေးဆေးဆေးပင် မေးသည်။

"ဒီစာထဲမှာ ထူးထူးခြားခြား တစ်ခုခုများ သတိထားမိသလား၊ အနီရောင်စာလုံးနဲ့ လက်နှိပ်စက်ရိုက်ထားတာက လွဲပြီးတော့ပေါ့ဗျာ"





ချားလ်စ်က စာကို တစ်ခါပြန်၍ သေသေချာချာ ဖတ်ပြန်သည်။ သူက အလင်းရောင် ပို၍ရစေရန် စာရွက်ကို ဟိုဘက်ဒီဘက်ပြောင်း၍ ထောင်ကြည့်သေးသည်။

"ထူးထူးခြားခြားတော့ သတိမထားမိပါဘူးခင်ဗျာ၊ အဲ လက်မှတ်ထိုးတာကတော့ စာတတ်ပေတတ်လူမျိုး ထိုးလေ့ရှိတဲ့ လက်မှတ်မျိုးတော့ မဟုတ်ဘူး၊ ဒါလောက်ပဲတွေ့ပါတယ်"

"ဒါပေမယ့်လို့ လက်နှိပ်စက်စာလုံး အနီကြီးနဲ့ရိုက်ထားတာကိုက ထူးဆန်းနေတယ်လို့ မထင်မိဘူးလား"

"ဟုတ်တာပေါ့ခင်ဗျာ၊ ဒါကိုက ထူးဆန်းတဲ့ အချက်ပါပဲ"

ဒီတစ်ချိတော့ ကရောဖို့က သူ့အကွက်ထဲသို့ ချားလ်စ် ဝင်လာပြီမို့ အားရပါးရ တွယ်လိုက်သည်။

"ဟုတ်ပြီ... ဒါပေမယ့် အခုစာက အနီရောင်စာလုံးနဲ့ ရိုက်ထားတာမှ မဟုတ်ဘဲ၊ ရိုက်ထားတာတွေ့လို့လား၊ ပြန်ကြည့်ပါဦး"

"ဒါပေမယ့် ဆရာက ခုနကလေးကပဲပြော..."

"မစ္စတာချားလ်စ်..."

ကရောဖို့က အခုတော့ အချင်းချင်း ပြောနေသည့်ပုံ မဟုတ်တော့။ သူ၏ မျက်နှာထားမှာ မာကျောနေပေပြီ။ သူက သူ့ထံမှာရှိနေသည့် လက်နှိပ်စက် စာလုံးအနီဖြင့် ရိုက်ထားသည့်စာကို အများမြင်အောင် ထောင်ပြရင်းပြောသည်။

"မစ္စတာချားလ်စ်၊ အာမိတာ(ဂ်)ဆီက မူရင်းစာက လက်နှိပ်စက်စာလုံး အနီရောင်နဲ့ ရိုက်ထားတာမှန်တယ်၊ ကျွန်တော့်လက်ထဲက ဟောဒီစာပဲ၊ ခင်ဗျားလက်ထဲမှာ ရှိနေတဲ့စာက မိတ္တူကူးထားတဲ့စာ၊ ညတုန်းက ကျွန်တော့် အတိုင်ပင်ခံ ရှေ့နေရဲ့ရုံးမှာ ရိုက်လာတာ၊ အစိမ်းရောင် စာလုံးနဲ့ ရိုက်ထားတယ်၊ ခင်ဗျား မျက်စိက အနီရောင်နဲ့ အစိမ်းရောင်ကို ခွဲနိုင်ရဲ့လား"

ချားလ်စ်ကတော့ တစ်စုံတစ်ရာ လှုပ်ရှားမှုမပြ၊ ဣန္ဒြေမပျက်ပေ၊ အခြေအနေနှင့် လိုက်ရုံမျှ အံ့သြစိတ်ရုပ်ပုံသာ တွေ့ရသည်။ ဒါပေမယ့်

သူ့မျက်လုံးများကတော့ အရင်လို လူရိုးလူအေးကြီးတစ်ဦး၏ မျက်လုံးမျိုးမဟုတ်တော့၊ ရက်စက်ကောက်ကျစ်တတ်သည့် အသွင်ဆောင်သော မျက်လုံးများ ဖြစ်လာသည်။

"ဟုတ်ပါတယ်၊ တကယ်တော့ ကျွန်တော့် မျက်စိက အရောင်ကို မခွဲနိုင်ပါဘူး"

"ဒီအကြောင်းကို ခင်ဗျား အရင်က ဘာလို့မပြောခဲ့သလဲ"

"ကျွန်တော် စိတ်ကူးမရမိခဲ့ပါဘူး"

"ဒါမှမဟုတ်ရင်၊ တမင်တကာ ဖုံးကွယ်ခဲ့တာလား"

"မဟုတ်ပါဘူး ခင်ဗျား"

ချားလ်စ်က ငြင်းသည်မှာ ဘဝင်ကျသည်။

"ကျွန်တော့်အဖို့တော့ အရောင်ခွဲနိုင်တာ မခွဲနိုင်တာ အရေးမကြီးပါဘူး၊ ဒီလိုဒုက္ခကလေးမျိုးကို သည်းခံပြီး နေသွားရတာပါပဲ"

"အဲသလို အရောင်မခွဲနိုင်တာဟာ ခင်ဗျား တပ်ထဲမှာနေတုန်းက အနှောင့်အယှက် မဖြစ်ခဲ့ဘူးလား"

"ထူးထူးခြားခြားတော့ မဖြစ်ခဲ့ပါဘူး"

"ဟင်... အချက်ပြ ဆက်သွယ်ရေးတပ်မှာ မဖြစ်ခဲ့ဘူးလား၊ အစိမ်းအနီ အချက်ပြမီးတွေ၊ အလံတွေကို သုံးနေရတာပဲ"

"မဖြစ်ခဲ့ပါဘူးခင်ဗျား"

"ကောင်းပြီ၊ အချက်ပြ ဆက်သွယ်ရေးတပ်က ဘယ်တပ်ခွဲကမှ ခင်ဗျားကို မကြားဖူးကြဘူး၊ စစ်ရုံးချုပ်မှာလဲ ခင်ဗျားဟာ ကြည်းတပ်မှာ တစ်ကြိမ်မှ အမှုထမ်းဖူးတဲ့အကြောင်း မှတ်တမ်းမရှိဘူးလို့ဆိုရင် ခင်ဗျား အတွက် အံ့ဩစရာ ဖြစ်နေမလား"

ကရောဖို့ အနေဖြင့်မူကား မေးကတည်းက ချားလ်စ် မဖြေနိုင်မှန်း သိပြီးဖြစ်သည်။ သူကတော့ မညှာနိုင်တော့သောပုံဖြင့် ချားလ်စ်ကို စိုက်ကြည့်နေသည်။ ချားလ်စ်ကတော့ အားကစားသမားတစ်ဦး ရှေ့သို့ တာထွက်တော့မည်ပုံမျိုးဖြင့် ခြေကို ဖော့၍ထားသည်။





"ကျွန်တော် တောင်းပန်ပါတယ် ဆရာ၊ ဆရာ့ကို ကျွန်တော် လိမ်မိခဲ့ပါတယ်၊ အမှန်ပြောရရင် ဒီအကြောင်းကို ဆရာနဲ့ပြောဖို့ ကြုံလိမ့်မယ်လို့ ကျွန်တော် မထင်မိခဲ့ဘူး၊ ဟောဒီ ရှေ့နေချိန်ဘာမှာ အလုပ်လာလုပ်ကတည်းက ကျွန်တော်လဲ တပ်ထွက်ရဲဘော်ဟောင်းယောင်ဆောင်မိခဲ့ပါတယ်၊ ဒါပေမယ့် ဘယ်သူ့ကိုမှ မထိခိုက်တဲ့ အပြစ်မဲ့တဲ့ လိမ်လည်ခြင်းပါ ဆရာ"

"ဒီလို လိမ်လည်ခြင်းဟာ ဘယ်လိုသဘာဝရှိသလဲ၊ အပြစ်မဲ့သလား၊ အပြစ်ရှိသလား ဆိုတာကိုတော့ ရုံးတော်ကသာ ဆုံးဖြတ်ခွင့်ရှိပါလိမ့်မယ်"

"ခွင့်လွှတ်ပါခင်ဗျာ"

ချားလ်စ် စိတ်ပျက်အားလျှော့သံဖြင့် ပြောသည်မှာ သနားစရာကောင်းပေသည်။

"ကျွန်တော် အချက်ပြ ဆက်သွယ်ရေးတပ်မှာလဲ အမှုမထမ်းခဲ့ပါဘူး၊ အမှန်တော့ တပ်မတော်ထဲကို လုံးဝ မဝင်ခဲ့ဖူးပါဘူး"

"ဒါဖြင့်ရင် ဘာဖြစ်လို့ ဝင်ခဲ့တယ်လို့ ဟန်ဆောင်ခဲ့သလဲ"

ကရောဖို့၏ အသံမှာ ယခုတော့ စိန့်သွားသမျှ မာကျောလှသည်။

"ကျွန်တော် ရှေ့နေချိန်ဘာတွေရှိတဲ့ တင်ပဲ(လ်)ကြီးမှာ အလုပ်လုပ်ချင်လို့ပါခင်ဗျာ၊ ရဲဘော်ဟောင်းဆိုရင် အခွင့်အရေး ပိုရမလားလို့ ထင်မိခဲ့တာကြောင့်ပါ"

"တပ်ထဲမှာ မဟုတ်ဘူးဆိုရင် စစ်အတွင်းတုန်းက ဘာလုပ်နေသလဲ"

"စစ်ကြီးဖြစ်လာတော့ ကျွန်တော်က တပ်ထဲဝင်ဖို့ ဆေးအဆင့်မမီပါဘူး၊ ဒါကြောင့် ခဲယမ်းမီးကျောက်လုပ်တဲ့ စက်ရုံတစ်ရုံမှာ လုပ်နေပါတယ်"

"ဒီအတိုင်း ခင်ဗျားဟာ ကျွန်တော့်ကိုရော ရုံးတော်ကိုရော လိမ်ခဲ့တာပေါ့"

"တပ်ထဲဝင်ခဲ့တယ်ဆိုတဲ့ အချက်မှာတော့ လိမ်ခဲ့မိပါတယ်ခင်ဗျား"

"ခင်ဗျားရဲ့ သက်သေခံချက်ထဲက ကျန်တဲ့အပိုင်းတွေနဲ့ ပတ်သက်လို့တော့ ဒီလိုပဲ လိမ်ပြီးထွက်ခဲ့တာလို့ ယူဆရမှာလား"

ချားလ်စ်က မသဲကွဲသောအသံဖြင့် ဖြေသည်။

"ဒီကိစ္စကလေး တစ်ခုအတွက်သာ ကျွန်တော် အမှန်ကို မပြောခဲ့တာပါခင်ဗျာ"

"ပြောတယ် မပြောဘူးကို ဂျူရီလူကြီးတွေက ဘယ်လိုလုပ်ပြီး သိနိုင်မလဲ"

"ကျွန်တော့်စကားကို အမှန်ယူလိမ့်မယ်လို့ မျှော်လင့်ပါတယ် ခင်ဗျား"

ချားလ်စ်၏အသံက စောစောကအသံနှင့် မတူတော့၊ သူက လိမ္မာပါးနပ်စွာ တောင်းပန်နေသည်။

"ဆရာ... ဆရာ့ကို ကျွန်တော် စော်ကားမိတယ်ဆိုရင် ကျွန်တော် လေးနက်စွာ တောင်းပန်ပါတယ်ဆရာ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော် မိုက်မိခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်တော့်ကို ဘာလို့ဖိပြီးပြောနေသလဲဆိုတာ ကျွန်တော် မတွေးတတ်ဘူး၊ ဆရာ ဘာကိုရည်ရွယ်ပြီး ကျွန်တော့်ကို အခုလို ဖိပြီးပြောနေသလဲဆရာ"

"ကျွန်တော် ရည်ရွယ်တာက အမှန်တရားပေါ်လာဖို့ပဲ မစ္စတာ ချားလ်စ်"

ကရောဖို့ကတော့ ချားလ်စ်အပေါ် ထွက်ပေါက်မပေးဘဲ မညှာမတာ တိုက်ခိုက်တော့သည်။ သူ၏ စကားလုံးများမှာ ထိထိမိမိ ရှိလှသည်။

"မနေ့ကဆိုရင် ဟောဒီရုံးတော်မှာ ဗိုလ်မှူးမေ့(တ်)လင်းဟာ တရားလိုပြသက်သေအဖြစ် ထွက်ဆိုရာမှာ တရားလိုဘက်ကို ရန်လိုတဲ့ ဆန့်ကျင်ဘက်သက်သေ ဖြစ်ပါတယ်လို့ စွပ်စွဲခံခဲ့ရတယ်၊ ဒီနေ့တော့ ခင်ဗျားကို ကျွန်တော်က တရားခံဘက်ကို ရန်လိုတဲ့ ဆန့်ကျင်ဘက်သက်သေအဖြစ် စွပ်စွဲရလိမ့်မယ်"

"မဟုတ်ရပါဘူးခင်ဗျား"





"ခင်ဗျားနာမည် ဘယ်သူလဲ"

"ဟင်... ကျွန်တော့်နာမည်လား"

"ခင်ဗျားနာမည် လိုဂန် မဟုတ်ဘူးလား"

ချားလ်စ်၏ မျက်လုံးထဲတွင် ဝင်းကနဲ ဖြစ်သွားသည်မှာ မဆိုစလောက်မျှသာ ကြာသည်။ သူ ဖြေသည့်အချိန်တွင်တော့ ပုံမှန်ဖြစ်နေပေပြီ။ သူ့အသံမှာလည်း ခါတိုင်းလို အသံမျိုးပင်ဖြစ်သည်။

"မဟုတ်ပါဘူးခင်ဗျား"

"လိုဂန်ဟာ လွန်ခဲ့တဲ့ ၂၅ နှစ်က ဘဏ်ဓားပြတိုက်မှုနဲ့ ဟောဒီရုံးတော်ကလဲ အပြစ်ဒဏ်ချမှတ်လိုက်တဲ့လူပဲ"

"တရားသူကြီးမင်းခင်ဗျား၊ ဒီလို မေးပုံမျိုးကို ကျွန်တော် ကန့်ကွက်ရပါလိမ့်မယ်"

နေလာက မတ်တတ်ရပ်ကာ သူ့ရှေ့ရှိ စားပွဲကို လက်နှစ်ဖက်လုံးဖြင့်ပုတ်၍ ကန့်ကွက်သည်။

"ကျေးဇူးပြု၍ ထိုင်ပါ... မစ္စတာနေလာ"

တရားသူကြီးက နေလာကို ဂရုမစိုက်အား၊ ကရောဖို့မေးခွန်းလမ်းကြောင်း ပြောင်းသွားသည်ကို စိတ်ဝင်စားစွာ စောင့်ကြည့်လိုသောဆန္ဒက သူ့ကို လွှမ်းမိုးနေသည်။

ကရောဖို့က ချားလ်စ်ထံမှ မျက်လုံးများကို မခွာတော့ပေ။ သူက အနားမပေးဘဲ ဆက်၍မေးသည်။

"လိုဂန်ဟာ ထောင်တစ်သက် အပြစ်ရသွားတယ်"

ချားလ်စ်၏ပုံမှာ ခေါင်းရှုပ်သွားပြီး ဘာမှနားမလည်သလို တကယ်ပင် နားမလည်တာလည်း ဖြစ်နိုင်သည်။ အခုအထိ ချားလ်စ်ဟာ လိုဂန် ဖြစ်တယ်ဆိုတဲ့အချက်က မသေချာသေး။

"ကျွန်... ကျွန်တော်... ဘာမှနားမလည်ဘူးခင်ဗျာ၊ အဲဒါနဲ့ ကျွန်တော်နဲ့ ဘယ်လိုသက်ဆိုင်လို့လဲ"

"ကျွန်တော် ရှင်းပြမယ်၊ ရှင်းပြရမှာ အများကြီးပဲ၊ အဲဒီစီရင်ချက်

ချလိုက်တဲ့အချိန်မှာ လိုဂန်ဟာ တရားခွင်မှာထိုင်တဲ့ တရားသူကြီးရယ်၊ အစိုးရရှေ့နေရယ်ကို သတ်မယ်လို့ ကြိမ်းဝါးခဲ့တယ်၊ အဲဒီတုန်းက တရားသူကြီးဟာ မစ္စတာဂရယ်ဂေါ်ရီ၊ အစိုးရရှေ့နေက ကျွန်တော်ကိုယ်တိုင်ဖြစ်တယ်၊ တစ်ယောက်ကိုတော့ ခင်ဗျား သတ်ခဲ့ပြီးပြီ၊ မဟုတ်ဘူးလား လိုဂန်"

"တရားသူကြီးမင်းခင်ဗျား၊ ဒါကို ကျွန်တော် သဘောမတူနိုင်ပါဘူး"

နေလာကား သတိမထားနိုင်တော့ဘဲ တရားသူကြီးအား အော်၍ ပြောလိုက်သည်။ သူ့ကိုယ်လုံးကြီးမှာ အော်လိုက်သည့်အရှိန်ကြောင့် တုန်နေသည်ဟု ထင်ရသည်။

"ထိုင်စမ်းပါ မစ္စတာနေလာ"

တရားခံဘက်သို့ လုံးလုံးလျားလျား ပါသွားပြီဖြစ်သော တရားသူကြီးမှာ တရားလိုဘက်က ကြားဖြတ်ကန့်ကွက်သည်ကို လက်မခံနိုင်တော့။ သူ့ဆုံးဖြတ်ချက် မှားသွားရင်လည်း နောက်မှပြင်ယူတော့မည်ဟု သူက စိတ်ကူးထားသည်။

တရားသူကြီးက ကရောဖို့ဘက်သို့ လှည့်လိုက်စဉ်ပင် ချားလ်စ်က တရားသူကြီးထံမှ အကူအညီရလိုရငြား စမ်းကြည့်သည်။

"တရားသူကြီးမင်းခင်ဗျား၊ ကျွန်တော် တင်ပြပါရစေ၊ မစ္စတာကရောဖို့ဟာ ကျွန်တော့်ကို တစ်ဖက်သတ် စွပ်စွဲနေပါတယ်"

"မေးတာကိုသာဖြေပါ မစ္စတာချားလ်စ်၊ မေးခွန်းထဲမှာ မဆီလျော်မသက်ဆိုင်တာပါလာရင် မေးဖို့ ကျွန်တော် ခွင့်မပေးဘဲ တားပါ့မယ်"

တရားသူကြီး၏ အဖြေက ချားလ်စ်လိုသလို ဖြစ်မလာ၊ သူ ရှောင်ပြေးမည့်လမ်းကို ပိတ်ထားလိုက်သလို ဖြစ်သွားသည်။ ဒါကြောင့် သူက ကရောဖို့ကို မျက်နှာထား သုန်သုန်မှုန်မှုန်ဖြင့် ပြန်ကြည့်နေသည်။ အခု အမှုအရာနှင့် စောစောက အမှုအရာတို့မှာ ကွာလှဘိခြင်း။ စောစောက ကရောဖို့ တွေ့လိုက်ရသည့် ချားလ်စ် မျက်လုံးထဲမှ





ဝင်းကနဲအရောင်ကို ထပ်၍ တွေ့ရပြန်သည်။ အခုတော့ ထိုအရောင်မှာ တဖြည်းဖြည်း မျက်လုံးတစ်ခုလုံး ပြန့်လာသလို ထင်ရသည်။ မျက်လုံးကို ကြည့်၍ ဆုံးဖြတ်ရလျှင်တော့ ချားလ်စ်မှာ အတွင်းစိတ်အားဖြင့် စိတ်နှံ့ပုံ မရပေ။

ဒါကိုတွေ့လိုက်ရတဲ့ ကရောဖို့ကတော့ ကျေနပ်သွားသည်။ သူ မှန်နေပြီကို သိပြီ။ သူ၏တိုက်စစ်ကို အရှိန်မြှင့်လိုက်သည်။

"ဟောဒီဓာတ်ပုံတွေကို ကြည့်စမ်းပါ"

ကရောဖို့က မနေ့ညက လိုဂန်နှင့်ပတ်သက်သော ဖိုင်တွဲအတွင်းမှ တွေ့ခဲ့သည့် လိုဂန်၏ ဓာတ်ပုံနှစ်ပုံကို ရုံးမင်းစေလက်ထဲသို့ လှမ်းပေးလိုက်သည်။ ပေးရင်းနှင့် ချားလ်စ်၏ အမှုအရာ ဘယ်လိုများ ထူးခြားလာမလဲကို စောင့်ကြည့်နေသည်။ ချားလ်စ်၏ မျက်နှာပေါ်တွင် မထေ့တထေ့ အပြုံးကလွဲ၍ ထူးခြားသော အရိပ်အရောင် မတွေ့ရ။ ကရောဖို့က အေးဆေးသော အမှုအရာသို့ပြောင်း၍ ဆက်မေးသည်။

"ဒီဓာတ်ပုံတွေ ရိုက်ခဲ့တာ ခင်ဗျား မှတ်မိတယ် မဟုတ်လား"

"ဘာဖြစ်လို့ ကျွန်တော်က မှတ်မိရမှာလဲ"

အခုတော့ ချားလ်စ်၏ လေသံမှာ ခပ်မာမာဖြစ်လာပြီး ဘယ်သူ့ကိုမှ ထိမထင်သည့်အသွင် ပေါ်လာသည်။

"ဘာဖြစ်လို့လဲဆိုတော့ ဒါတွေက ခင်ဗျားရဲ့ပုံတွေမို့လို့ပေါ့"

"မဟုတ်ဘူး"

"ဒါပေမယ့် ခင်ဗျားရဲ့နာမည်ကို ပုံတွေအပေါ်မှာ ရေးထားတယ်၊ ကျောဘက်ကို လှန်ကြည့်ပါလား"

ချားလ်စ်က ပုံကိုလှန်ကြည့်ပြီးဖြေသည်။

"လိုဂန်ဆိုတဲ့နာမည် ရေးထားတာတွေ့ရတယ်"

"အဲဒါပြောတာပေါ့၊ ခင်ဗျားကို ထောင်ထဲမှာ ဓာတ်ပုံရိုက်တုန်းက ဓာတ်ပုံမှာ နာမည်ပါ ရေးထားတာပေါ့၊ ၁၉၄၃ ခုနှစ်ကလေ"

"ကျွန်တော့်နာမည်က လိုဂန်လဲမဟုတ်ဘူး၊ ဒီဓာတ်ပုံတွေကလဲ

ကျွန်တော့်ဓာတ်ပုံတွေ မဟုတ်ဘူး"

"မဟုတ်ကြောင်း သက်သေပြနိုင်ပါ့မလား"

"ပြဖို့မလိုပါဘူး"

"လိုလိမ့်မယ်..."

ကရောဖို့က စောစောကလို ပြုံးဖြဲဖြဲ ပြောမနေတော့၊ မေးပုံလမ်းကြောင်း ပြောင်းရမည်ဟု တွက်လိုက်သည်။ အခုနေ တအားဖိပြီး မေးနိုင်မှ သူလိုတာထွက်လာနိုင်မည်။ မမေးနိုင်ရင် ချားလ်စ်က ရှောင်သွားနိုင်သည်ဟု တွက်မိသည်။ ထို့ကြောင့် သူက ချားလ်စ်ဘက်သို့ ပို၍နီးအောင် ခါးကိုကုန်းပြီး ခပ်မြန်မြန်မေးသည်။ အခုနေအချိန်မှာ စဉ်းစားချိန် မပေးမှဖြစ်မည်။

"ကဲ... လိုဂန်၊ ပုံထဲက မျက်လုံးတွေကို ကြည့်လိုက်စမ်း၊ လူတစ်ယောက်ရဲ့ မျက်လုံးဟာ ဘယ်တော့မှ မပြောင်းဘူး၊ တခြားအစိတ်အပိုင်းတွေ ပြောင်းသွားနိုင်တယ်၊ မျက်လုံးကတော့ မပြောင်းဘူး၊ မင်းကို ဖော်တာကတော့ မင်းရဲ့ ဟောဒီမျက်လုံးတွေပဲကွ လိုဂန်ရ၊ ဟောဒီဓာတ်ပုံတွေကို တရားသူကြီးမင်းရော၊ ဂျူရီလူကြီးတွေရော၊ မစ္စတာနေလာရော ခဏကလေးနေရင် တွေ့ရပါလိမ့်မယ်၊ အဲ... သူတို့ကပါ ဒါဟာ မင်းရဲ့ပုံပါပဲလို့ဆိုရင် မောင်ရင် ဘယ်လိုပြန်ဖြေမလဲ၊ ကဲ... ပြောစမ်း မင်း ဘာပြန်ပြောလဲ"

"ကျွန်တော့်ကို လိုဂန်လို့ မခေါ်ပါနဲ့ဗျ"

"ပြောစမ်းပါဦး လိုဂန်၊ မင်း ဘယ်လိုပြန်ဖြေမလဲ"

"ကျွန်တော့်နာမည် လိုဂန်မဟုတ်ဘူးလို့ ပြောမှာပေါ့"

"ဒါပေမယ့် ထောင်မကျခင်တုန်းကတော့ လိုဂန် ဟုတ်တယ် မဟုတ်လား၊ မင်း ထောင်ကထွက်ပြေးလာပြီးတော့မှ ချားလ်စ်လို့ နာမည်ပြောင်းတယ်၊ ပြီးတော့ တရားသူကြီး မစ္စတာဂရယ်ဂေါ်ရီနဲ့ ငါ့ကို အပျောက်ရှင်းဖို့ စလုပ်တော့တာပဲ မဟုတ်လား"

"ကြံကြီးစည်ရာဗျာ၊ ကျွန်တော်..."





*"နေဦးကိုယ့်လူ၊ မင်းဟာ ငါ့ချိန်ဘာမှာ စာရေးကြီးအဖြစ်* ဝင်လုပ်တယ်၊ နှစ်ပေါင်းများစွာ အဲဒီမှာနေပြီး မစ္စတာဂရယ်ဂေါ်ရီနဲ့ ငါနဲ့ကို သေသေချာချာ လေ့လာခဲ့တယ်၊ ---ကွာ တို့နှစ်ယောက်ရဲ့ အကြောင်းကို မသိတာမရှိသလောက်အထိ စူးစမ်းလေ့လာတယ်၊ ပြီးတော့ မင်းက ငါ့သမီး သေတဲ့အခါကျတော့ ဒါ အခွင့်ကောင်းပဲလို့ ယူဆပြီး..."

"မဟုတ်ဘူး..."

"မင်းပဲလိုဂန်၊ မင်းဟာ အာမိတာ(ဂျ်)လို့ ဟန်ဆောင်ပြီး ငါ မကျူးလွန်ရတဲ့ လူသတ်မှုကို ငါ အပြစ်ခံရအောင် ချောက်ချတယ်၊ လက်စားချေလိုစိတ် ရူးမတတ် ပြင်းထန်နေတဲ့ မင်းက အပြစ်မဲ့တဲ့ အဘိုးကြီးတစ်ယောက်ကို ဟိုမှာ သက်သေခံပစ္စည်းအဖြစ် ပြထားတဲ့ ဓားနဲ့ ထိုးသတ်ခဲ့တာဟာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က မင်း ဝင်စီးတဲ့ဘဏ်က စာရေးကလေးကို သေနတ်နဲ့ ပစ်ခဲ့သလိုပါပဲ၊ လုံးဝ အသနားမဖက် ရက်ရက်စက်စက်ကို လုပ်ခဲ့တာ"

"မဟုတ်တာဗျာ"

"ဂရယ်ဂေါ်ရီကို မင်း သတ်လိုက်တာပဲ လိုဂန်"

"မဟုတ်ပါဘူး၊ မဟုတ်ပါဘူး"

"ဟုတ်ပါတယ်ကိုယ့်လူ၊ ဟို နှစ်ပေါင်းများစွာက ငါ အခုရပ်နေတဲ့နေရာကနေ မင်း ကြုံးဝါးခဲ့တဲ့အတိုင်း လုပ်ခဲ့တာပဲ မဟုတ်လား လိုဂန်ရယ်"

"ခင်ဗျား လုပ်ကြံပြောနေတာတွေ၊ အားလုံး လိမ်ပြောတာတွေချည်းပဲ၊ ကျွန်တော့်ကို ဘာဖြစ်လို့ လိုဂန်လို့ ခေါ်ခေါ်နေရတာတုံး"

"မင်းနာမည်က လိုဂန်မို့လို့ပေါ့၊ မင်းက လိုဂန်မို့လို့ပေါ့"

"ကျွန်တော် ဘယ့်နှယ် လိုဂန်ဖြစ်နိုင်မှာလဲဗျ၊ လိုဂန်က သေပြီပဲဥစ္စာ"

ဤကဲ့သို့ ပြောလိုက်ပြီးသည့်နောက် စိတ်ကောင်းကောင်း မငြိမ်သည့်ချားလ်စ်ပင် သူ့အမှားကို သူသိသွားသည်။ ထို့ကြောင့် ပါးစပ်

အဟောင်းသားနှင့် ဆက်မပြောနိုင်ဘဲ ရှိနေသည်။ မျက်နှာမှာလည်း သွေးမရှိတော့၊ ချွေးတွေလည်းရွှဲနေသည်။ ကရောဖို့ကို စိုက်ကြည့်နေသည့် သူ့မျက်လုံးများက အခုတော့ အရောင်မှဲ့ခြောက်ခြောက်ဖြင့် အောက်မေးပင် တွဲကျနေသယောင်ယောင် ဖြစ်နေပြီ။ စကားပြော၍ မထွက်အောင် ဖြစ်နေသည်။

ကရောဖို့က တိုးတိုးသက်သာ ပြန်မေးလိုက်သည်။

"ခင်ဗျား ဘာပြောလိုက်တယ်"

ချားလ်စ်က ပြန်မဖြေ။

အဲဒီတော့မှ ကရောဖို့က အတိအကျ မေးသည်။

"လိုဂန် သေတာကို ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

"ဖတ်လိုက်ရတာပဲ၊ ဘယ်မှာပါလိမ့်၊ အဲ... သတင်းစာထဲမှာ"

ချားလ်စ်၏ အဖြေမှာ အဆက်အစပ်မရှိလှ။

"ဖတ်လိုက်ရတာ မဟုတ်ပါဘူး၊ သေတဲ့အကြောင်းကို သတင်းစာထဲမှာမှ မထည့်ဘဲ၊ လိုဂန် သေတာ ဘယ်လိုလုပ်သိသလဲ"

စကားလုံးများက ချားလ်စ်၏ လည်ချောင်းမှ ထွက်မလာနိုင်။ တစ်ဆို့နေသည်။ ကရောဖို့က ဆိုင်းမနေတော့၊ သူ့အနေနဲ့တော့ ဒီနေရာမှာ မညှာနိုင်တော့ပေ။

"အဖြစ်အမှန်က သူ မသေသေးဘူး မဟုတ်လား လိုဂန်၊ သူဟာ အသက်ရှင်လျက်ရှိတယ်၊ မင်းဟာ သူပဲ"

"မဟုတ်ပါဘူး... မဟုတ်ပါဘူး"

ချားလ်စ်က သူ၏ လက်သီးနှစ်ဖက်ဖြင့် သူ၏ခေါင်းနှင့် မျက်နှာတို့ကို အရူးတစ်ယောက်လိုထုရင်း ပြန်အော်လိုက်သည်။

"ကောင်းပြီ၊ ငါ ပြန်မေးဦးမယ်၊ လိုဂန် သေတယ်ဆိုတာ မင်း ဘယ်လိုလုပ်ပြီး သိသလဲ၊ ဖြေကွာ"

ချားလ်စ်အဖို့ကား လမ်းဆုံးသို့ ရောက်နေလေပြီ။ သူ၏ ကိုယ်ကြီးကို ဝက်ခြံတန်းပေါ်တွင်သာ အားပြု၍မှီထားရသည်။ သူ့ဘာသာ





သူ ရပ်နိုင်ဖို့ ခွန်အားမရှိတော့။ သူ၏ ဆီရွှဲနေသော ဆံပင်များမှာ မျက်နှာပေါ်တွင် ဖွာ၍ကျနေသည်။ ကိုယ့်ကိုယ်ကို ထုရိုက်ထားသည့် ဒဏ်ချက်ကြောင့် အညိုအမည်းကွက်တွေလည်း ပေါ်နေသည်။ ဖွာကျနေသည့် ဆံပင်တွေကြားက ကရောဖို့ကို သတ်ချင်သည့် မျက်လုံးများဖြင့် မော်ကြည့်နေသေးသည်။ သူ၏ တွဲကျနေသော ပါးစပ်မှာ ပိတ်လိုက်ဖွင့်လိုက် ဖြစ်နေသော်လည်း စကားလုံးများကတော့ ထွက်မလာ။

ခဏမျှကြာသော် တရားသူကြီးက နှိုးဆော်လိုက်သည်။

"ခင်ဗျားရဲ့အဖြေကို ကျွန်တော်တို့ စောင့်နေတယ် မစ္စတာလိုဂန်"

ချားလ်စ်ဆီမှ ခြေထောက်ရွှေ့သံနှင့် လှုပ်ရှားသံများကို ကြားလိုက်ရသည်။ ချားလ်စ်၏ လက်တစ်ဖက်က ကုတ်အင်္ကျီ အိတ်ထဲသို့ ရုတ်တရက် နှိုက်လိုက်သည်။ လက်ပြန်ထုတ်တော့ လက်ထဲတွင် သေနတ်ပါလာသည်။

"တယ်တော်တဲ့ အမျိုးယုတ်"

ချားလ်စ်က တစ်ချက်ရေရွတ်ပြီး ကရောဖို့ကို အသေပစ်လိုက်သည်။ ကရောဖို့ကလည်း တစ်ချက်တည်းနှင့်ပင် လဲကျသွားသည်။

သေနတ်သံမှာ ရှီလာအဖို့ သူ့ခေါင်းထဲ လွှနဲ့တိုက်လိုက်သလို ခံစားလိုက်ရသည်။ သူလည်း ဟိုပြေးဒီပြေး ဖြစ်နေသည့် လူတွေကြားမှ ကရောဖို့ထံ အပြေးအလွှား သွားသည်။

ချားလ်စ်ကိုတော့ ရှေ့ဆက် ရန်မမူနိုင်အောင် ချုပ်ထားလိုက်သည်။ ရုံးမင်းစေကတော့ ငြိမ်ကြရန် ထိုင်ကြရန် အော်နေသည်။ ဒါတွေ ရှီလာက ဂရုမပြုနိုင်။

လဲကျရာမှ ကရောဖို့က ထလာသည့်အချိန်တွင် ရှီလာ ရောက်သွားသည်။ သူ့ ဝဲဘက်လက်မောင်းမှာ ဘေးသို့ တွဲကျနေပြီး ယာလက်ဖြင့် ဆုပ်ကိုင်ထားသည်ကို တွေ့ရသည်။ လက်ချောင်းကလေးတွေကြားမှ သွေးတွေက ယိုစီးကျနေသည်။ ကရောဖို့က တရားသူကြီးထံ လှည့်မကြည့်ခင် ရှီလာကို ပြုံးပြပြီး အားပေးလိုက်သေးသည်။ သူက

အသက်ကို ပြင်းပြင်းရှူသွင်းလိုက်ပြီး အဆုံးသတ်တော့မည့်အသွင်ဖြင့် တရားသူကြီးဘက်သို့ မျက်နှာမူ၍ ပြောလိုက်သည်။

"တရားသူကြီးမင်းခင်ဗျာ၊ တရားခံဘက်က တင်ပြစရာရှိတာကတော့ ဒီလောက်ပါပဲ"

ပြောပြီးမှ သူက သူ့အား မော်ကြည့်နေသော ရှီလာအား ငုံ့ကြည့်လိုက်သည်။ ငုံ့ကြည့်ရင်းနှင့် ရှီလာကို မိန်းကလေးတစ်ယောက်အဖြစ် စ၍ သတိထားမိသည့်အချိန်ကို ပြန်စဉ်းစားနေမိသည်။

သူက ရှီလာကို တိုးတိုးကလေး ပြောလိုက်သည်။

"ကဲ တို့နှစ်ယောက် ရှန်ပိန်ပုလင်းဖွင့်ပြီး တူတူသောက်ကြဖို့ အချိန်ရောက်လာပြီ၊ ဘယ်နှယ့်လဲ"

ရှီလာကတော့ မဖြေ။ ခေါင်းကိုသာ ညိတ်လိုက်သည်။ အခုနေတော့ ရှန်ပိန်မကလို့ ဘာအရက်ပဲဖြစ်ဖြစ် ရှီလာအဖို့ မထူးခြားပါ။ ဒုက္ခတွေအားလုံး ချုပ်ငြိမ်းသွားပြီ မဟုတ်လား။

သူတို့နှစ်ဦးလုံး တစ်ဦးကိုတစ်ဦး အကြာကြီး ကြည့်နေကြပြီးမှ မိခင်စိတ်ကို မလွန်ဆန်နိုင်သည့် ရှီလာက ကရောဖို့၏ လက်မောင်းမှ ဒဏ်ရာကို ဆေးကြောသုတ်သင်ဖို့ ပြင်ဆင်ရတော့သည်။

**မောင်ကိုယု**

**(တရားရုံးချုပ်ရှေ့နေ)**